www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၆၀/၂၀၀၃ (၁)
စာမူခွင့်ပြုချက်အမှတ်
၁၂/၂၀၀၃ (၁)

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
*ဒေါ်ခင်ခင်ဝင်း(မြဲ-၀၂၆၇၀)၊ ကလျာပုံနှိပ်တိုက်၊ အမှတ်*
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ) (၀၁၆၉၂)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀

မျက်နှာဖုံးပန်းချီ
နေမျိုးဆေး

ကွန်ပျူတာစာစီ ❖ ဝါဝါခိုင်

တန်ဖိုး ❖ (၁၁၀၀) ကျပ်

ဖြန့်ချိရေး
● ရန်ကုန် – နေလစာပေ
● မန္တလေး – ထွန်းဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ချစ်မိတဲ့ . . . အခါ

စိုးမြတ်သူဇာ

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း။

"အချစ်"ဟာ "အချစ်"ကို မွေးဖွားပေးသလို
ကမ္ဘာလောကကြီးတစ်ခုလုံးကိုလည်း
ဖန်ဆင်းပေးနိုင်တဲ့အစွမ်း ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊၁၊

'ညကလည်း အချိန်မတော်မှပြန်လာ၊ မနက်ကျတော့လည်း မနိုးမချင်း ထတော်မမူဘူး။ ထစမ်း… မောင်မောင်၊ ဘယ်အချိန်ရှိနေပြီလဲ။ နေက ဖင်တင်မကဘူး၊ တစ်ကိုယ်လုံးကို တောင် ကျော်သွားပြီ။ တကတည်း မပြောအား မဆိုအား…'

မနက်စောစော မျက်လုံးတောင်မဖွင့်ရသေး။ မေမေ၏ ပွက်လောရိုက်သံကြောင့် မောင်မောင်တစ်ယောက် မက်လက်စ အိပ်မက်ကလေးတွေတောင် အစအနရှာမရဘဲ ဖြစ်သွားရသည်။ မောင်မောင်သည် လျှောကျနေသောစောင်ကို ပခုံးပေါ်ရောက်အောင် မသိမသာပြန်ဆွဲတင်ခြုံရင်း-

'အာ… မေမေကလည်း မောင်မောင် အိပ်ချင်တာကိုး။ အိပ်ရေးတောင် မဝသေးဘူး။ အစောကြီးရှိပါသေးတယ်'

'ဟင်… ဘာ အစောကြီးလဲဟဲ့၊ မနက် ၁၀နာရီကျော်နေပြီ။ ထစမ်း… ထစမ်း… ငါ ဆယ့်တစ်နာရီ အပြင်သွားစရာရှိတယ်။ မင်းလိုက်ပို့မှ ရမယ်။ တစ်ပတ်မှာ စနေ၊ တနင်္ဂနွေလေးတော့ ငါခိုင်းတာလုပ်ပေးသင့်တယ်။ ဟဲ့… ထလို့ပြောနေတာ မရသေးဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'မေမေကလည်း ရွှေမှုန့်ကို လိုက်ပို့ခိုင်းလိုက်ပါလား။ ဒီနေ့ သူ ကျောင်းမှမရှိတာ'

'တဆိတ်ရှိ ဒီရွှေမှုန်၊ တစ်ခါလာလည်း ဒီရွှေမှုန်ပဲ။ ရွှေမှုန့်ကို ဒီလောက်တောင် အားကိုးနေရင်လည်း မင်း ယူထားလိုက်ပါလား'

'ဟာ… ဒီရုပ်ကြီး မယူချင်ပါဘူး မေမေရာ'

'စကားပိုတွေ ထပ်ပြောမနေနဲ့တော့။ ဟိုကလည်း နင်လိုချင်တောင် ယူမှာမဟုတ်ဘူး။ ကဲ… ထလို့ နောက်တစ်ကြိမ်ငါ ထပ်မပြောတော့ဘူး။ ပါးစပ်ညောင်းတယ်။ ၁၁ နာရီတိတိမှာ မင်းကို ကားနားမှာ အဆင်သင့်တွေ့ချင်တယ်။ ဒါပဲ'

မေမေသည် မောင်မောင် ဆွဲခြုံထားသောစောင်ကို ပြန်ခွာထုတ်ရင်း အခန်းတံခါးကို ဒိုင်းခနဲအသံမြည်အောင် ဆွဲပိတ်ကာ ထွက်ခွာသွားတော့သည်။ အခြေအနေ သိပ်မကောင်းတာ သေချာသည်မို့ အိပ်ရာမှ မထချင်သေးသော်လည်း ထရတော့မည်ဆိုတာကို မောင်မောင် လက်ခံလိုက်ရသည်။ နာရီကို ကြည့်လိုက်တော့ ခုမှ ဆယ်နာရီငါးမိနစ်။ နောက်ထပ် မိနစ်လေးဆယ်လောက် အသာလေးနပ်လို့ ရသေးတာပဲလို့။ ခေါင်းအုံးနှင့်မျက်နှာ ချက်ချင်းမခွာနိုင်သေးဘဲ ပျင်းပျင်းရိရိ တွေးနေမိပြန်သည်။ သို့ပေမယ့်လည်း အနုပ်လွန်သွားပြီး အချိန်မီ ပြန်မနိုးလာနိုင်ခဲ့ဘူးဆိုရင်တော့ ကိုမောင်မောင်တို့ အိမ်ပေါ်ကနေ ခေါင်းနဲ့ဆင်းရသည့်အခြေအနေသို့ လွယ်ကူစွာရောက်သွားနိုင်သည်။ ဒီလိုတော့လည်း မဖြစ်သေး။ မေမေ့အကြောင်း သူသာလျှင် အသိဆုံး မဟုတ်လား။



မောင်မောင်သည် ယိုင်တိယိုင်တိုင်ဖြင့် အိပ်ရာမှ ထလိုက်ရင်း ဝရန်တာဘေးမှ ပြတင်းပေါက်ခန်းဆီးရှည်ကြီးကို ဆွဲဖွင့်လိုက်သည်။ အားလားလား… အပြင်မှာ နေရောင်က တော်တော်ကြီးကို စူးရှတောက်ပလို့နေပါပေါ့လား။ ရုတ်တရက်မြင်လိုက်ရသော အလင်းရောင်စူးစူးကိုကြည့်ပြီး မျက်လုံးတောင် ကျိန်းသွားမိသည်။ ယိုင်တိယိုင်တိုင်ဖြင့် ဝရန်တာမှာရပ်ရင်း မျက်လုံးများကို အသာအယာပွတ်ကာ တစ်ဖက်ခြံကို အကြည့်ကရောက်တော့ အောင်မယ်… မိရွှေမှုန် မနက်နေပူပူထဲ ဒန်းကို တလွှားလွှားစီးနေပါလား။ ကြောင်တောင်တောင်နဲ့လို့ မနာတလိုဖြစ်သွားမိသည်။ တစ်ခုခုအော်ပြောဖို့ အကြံဖြစ်လာသောကြောင့် မောင်မောင်သည် လက်ရမ်းနား သွားရပ်လိုက်သည်။

အပြင်ထွက်လိုက်သည့်အခါမှာတော့ မောင်မောင့်အတွက် နေရောင်ခြည်က အနည်းငယ် ရင်းနှီးသွားပြီမို့ တညင်းပင်အကြီးကြီးအောက်မှ ဒန်းရှည်ရှည်လေးကို အရှိန်ပြင်းပြင်းစီးနေသော မိန်းကလေးတစ်ယောက်၏ရုပ်သွင်ကို ပီပီပြင်ပြင်မြင်လာရလေသည်။

ဟင်… ရွှေမှုန်လည်း မဟုတ်ပါလား။ ဘယ်ကကောင်မလေးပါလိမ့်။ မောင်မောင်လည်း တစ်ခါမှ မမြင်ဖူးပါဘူး။ ရွှေမှုန်ဆိုရင် သူ့ဆံပင်ရှည်ကြီး တယမ်းယမ်းနှင့် သိသာလှသည်။ ရွှေမှုန့်အစ်မ မမမြူမှုန်လည်း မဟုတ်။ ဒါဆို ဒီကောင်မလေးက ဘယ်ကဟာမလေးပါလိမ့်။ ပခုံးမထိသော ဆံပင်တိုစင်းစင်းလေးတွေ လွင့်နေအောင် တစ်လောကလုံးကို လစ်လျူရှုကာ ဒန်းစီးနေသည့် အသားဖြူဖြူကောင်မလေးကို မောင်

www.burmeseclassic.com

www.burmeseclassic.com



မောင် ချက်ချင်းလက်ငင်း စိတ်ဝင်စားသွားမိသည်။ ချစ်စရာလေးလို့ တစ်ဆက်တည်းတွေးမိပြန်တော့ မျက်နှာက ချက်ချင်းလိုပင် အပြုံးရိပ်တွေ ခိုဝင်သွားကာ လေတစ်ချက်ချွန်ပြီး ရေချိုးခန်းထဲ ခပ်မြန်မြန်လေး ပြေးဝင်လိုက်လေသည်။

ဖဖ

အခန်း ၊၂၊

'မှုန်စုတ်မ'

နားနားကပ်ပြီး ပါးစပ်ကလည်း ခပ်ကျယ်ကျယ်လေးအော်၊ လက်ကလည်း တယမ်းယမ်းရှိနေသော ဆံပင်ရှည်ကြီးကိုအရှူးမှ ဆတ်ခနဲဆွဲချလိုက်သောကြောင့် ရွှေမှုန့်ခမျာ ခေါင်းကနောက်သို့ ဆတ်ခနဲလန်သွားရကာ လန့်ဖျတ်သွားရလေသည်။ ရွှေမှုန်သည် သူ့လက်ထဲမှ ဇလုံကြီးကို လွတ်ကျမသွားအောင် တမန်းကတန်း ပြန်ထိန်းလိုက်ရင်း ပါးစပ်ကလည်း ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲလိုက်လေသည်။

'ဘာတွေလုပ်နေတာလဲ'

'ရှောက်သီးသုပ်နေတာပေါ့ဟဲ့။ လုပ်လိုက်ရင် အရမ်းကြီးပဲ။ အမြင်ကိုကတ်တယ်'

'ဟာ... မနက်စောစော ရှောက်သီးသုပ်တော့ မစားချင်ပါဘူးဟာ။ ချဉ်တယ်။ တခြားဟာ မရှိဘူးလား'

'အံမယ်လေး... နင့်ကိုကျွေးမယ်လို့ကော ဘယ်သူပြောသေးလို့လဲ။ ဒီနေ့ ငါတို့က ရှောက်သီးသုပ်ရယ် ကြာဇံဟင်းခါးပူပူလေးရယ်၊ ပြီးတော့ ရွှေတောင်ခေါက်ဆွဲလည်း လုပ်

www.burmeseclassic.com

www.burmeseclassic.com



ထားသေးတယ်။ တဝတဝပြဲ စားကြမှာ။ ရှောက်သီးသုပ်ကလည်း ချဉ်ချဉ်ငံငံစပ်စပ်ဆိုတော့ အရမ်း အရမ်းကိုကောင်းပဲ'

သူပြောမှ မောင်မောင့်ပါးစပ်ထဲ သွားရည်တွေပါ ယိုသွားရသည်။ ထွက်လာသော တံတွေးကို ဂလုခနဲ အသံမျိုချရင်း သိချင်နေသောကိစ္စကို မြန်မြန်အစပျိုးလိုက်သည်။

'ဟဲ့… နင့်ကို ငါမေးစရာရှိတယ်'

'ဘာတုန်း'

'ခြံထဲမှာလေ ငါတို့ဒန်းကိုစီးနေတဲ့ ကောင်မလေးတစ်ယောက်ကိုတွေ့လို့ အဲဒါ ဘယ်ကလဲ၊ ဘယ်သူလဲ။ နင်တို့အမျိုးလား၊ ဒါမှမဟုတ် မမမြူမှုန်မိတ်ဆွေလား'

ရွှေမှုန်က မောင်မောင့်မေးခွန်းကို မကြားသယောင် လုံးဝပြန်မဖြေဘဲ သူ့ရှောက်သီးသုပ်ကို မြည်းကြည့်ပြီး လက်ဆေးကန်မှာ လက်သွားဆေးနေလေတော့သည်။

'ဟာ… မေးတာလည်းမဖြေဘူး။ နားပင်းမ'

'ဟဲ့… ဒီအတိုင်း လွယ်လွယ်ကူကူ ရမတဲ့လား'

'ဈေးက ကိုင်ပြီ။ အဲဒါတွေ အမြင်ကပ်တာ'

'နင့်ကို အကြပ်ကိုင်ဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ။ ဟဲဟဲ… ခုတော့ ရွှေမှုန်တို့ ပွင်ထဲကို သူရမောင်မောင်တို့ ဇောက်ထိုးကျလာပါပေါ့လားကွယ်'

'ငါနဲ့ မိတ်ဆက်ပေးစမ်းပါ'

'မြင်းမြင်းချင်း သဘောကျတယ်ပေါ့'

'မြင်မြင်ချင်းပါဟာ'

'နင့်ရဲ့အရင်ရည်းစားတွေ၊ လက်ရှိရည်းစားတွေနဲ့



နောက် လာလတ္တံ့ ရည်းစားတွေကို ဘယ်လိုရှင်းမှာလဲ'

'ဒါ ငါ့ကိစ္စပါ။ မောင်မောင်တို့က မပိုင်ရင် ဘာမှ လုပ်ဘူး။ သဘောပေါက်'

'ဟိုနေ့က ငါဗိုလ်ချုပ်ဈေးထဲ သွားတော့ဟယ် ပိုက်ဆံအိတ်တစ်လုံး တွေ့ခဲ့တယ်။ အရမ်းလှတာပဲဟယ်။ အနက်ရောင်ဖန်ချောင်း၊ ဖန်စီတွေနဲ့ချည်း ထိုးထားတာ။ ငါ့မှာလေ အဲဒီပိုက်ဆံအိတ်တွေ့ခဲ့တဲ့နေ့ကစပြီး ညညဆို အိပ်လို့တောင် မပျော်ဘူး'

'သေပေါ့ဟာ။ အဲဒီရှေ့က ငံပြာရည်တွေ တစ်ခွက်လုံး သောက်ပြီး သေ'

'မသေပါဘူး။ နင့်ရဲ့ငယ်ကျိုးငယ်နာသတင်းတွေကို ဆာတ်သတင်းလုပ်ကြဲဓာတ်ခင်းပြီး နင်မိတ်ဆက်ချင်နေတဲ့ ငါ့သူငယ်ချင်းအသစ်ကလေးကိုပဲ အတင်းတုတ်မှာပေါ့ကွယ်… ဟဲဟဲ…'

'အစုတ်မ… ပြောပြော မြန်မြန်။ အဲဒီပိုက်ဆံအိတ် ဘယ်လောက်လဲ။ စေတနာကို မရှိချင်ဘူး'

'အံမယ်လေး… ဒီကလည်း စေတနာမလိုပါဘူး။ ငွေပြာပဲ လိုပါတယ်။ သုံးသောင်းတည်းပါ'

'တစ်သောင်းခွဲပဲ ရမယ်'

'နှစ်သောင်းကိုးထောင်ဆိုရင်တော့ စဉ်းစားမယ်။ ဒါ သူငယ်ချင်းအရင်းခေါက်ခေါက်မို့ တစ်ထောင်ကြီးများတောင် လျှော့ပေးထားတာ။ သဘောပေါက်'

'ဟာ… တော်ပြီဟာ နှစ်သောင်းခွဲပေးမယ်။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးဈေးပဲ'

'ကတိလား… ကတိနော်'

'ရွှေမှုန်…'

နှစ်ယောက်သား ဆုတ္တည်ည်ံနှင့် စကားနိုင်လုနေစဉ်မှာပင် ထမင်းစားခန်းအဝမှ ခပ်ရှူးရှူးအသံလေးတစ်သံ ထွက်လာခဲ့သည်။ မောင်မောင်လှည့်ကြည့်မိတော့ အသံရှူးရှူးနှင့် လိုက်ဖက်သော မျက်လုံးစူးရှရှတစ်စုံနှင့် ပက်ပင်းတိုးပါသည်။ သဘာဝအတိုင်းနီရဲနေသော နှုတ်ခမ်းပါးပါးတို့က သူမ၏ စိတ်သဏ္ဍာန်ကို အနည်းအကျဉ်း လှစ်ဟာပြနေသယောင်။

တော်တော်စွာမယ့်ကောင်မလေးပဲလို့ မောင်မောင်တစ်ယောက်တည်း တိတ်တဆိတ်တွေးရင်း မှတ်ချက်ချမိသည်။

'လာ… ထိုင်လေ သစ်သစ်။ ငါတောင် အခုပဲ နင့်ကိုလာခေါ်တော့မလို့။ ဗိုက်ဆာနေပြီလား'

ရွှေမှုန်ခေါ်လိုက်သော 'သစ်သစ်'ဆိုသည့် မှုန်တေတေမျက်နှာနှင့် ကောင်မလေးသည် မောင်မောင့်ကို ပေစောင်းစောင်းတစ်ချက်ကြည့်ရင်း ထမင်းစားပွဲဘေးမှ ခုံတစ်လုံးကို အသာဆွဲယူရင်း ထိုင်ပါသည်။

'သစ်သစ် ဒါ ရွှေမှုန်ရဲ့ ဟိုးသူငယ်တန်းကတည်းက သူငယ်ချင်း။ သူ့ရမောင်မောင်တဲ့။ ရွှေမှုန်တို့ကတော့ မောင်မောင်လို့ပဲ ခေါ်တယ်။ သူက ဟိုဘက်ခြံမှာ နေတာလေ။ အခု YIT မှာ တက်နေတယ်။ မောင်မောင် ဒါငါ့ရဲ့သူငယ်ချင်းအသစ် 'သင်းမင်းသစ်'တဲ့။ သစ်သစ်လို့ပဲ ခေါ်ပေါ့။ ငါနဲ့တစ်တန်းတည်းပဲ။ မှတ်ထားနော်။ နောက် ငါမပါလည်း လမ်းမှာတွေ့ရင် ခေါ်



ကြပေါ့'

ရွှေမှုန်က ပိုက်ဆံနှစ်သောင်းခွဲမျက်နှာနှင့် မောင်မောင်နှင့် သစ်သစ်ကို ပြည့်ပြည့်စုံစုံ မိတ်ဆက်ပေးရှာပါသည်။ 'သင်းမင်းသစ်'ဆိုသော ကိုးလို့ကန့်လန့်နာမည်နှင့် မိန်းကလေးက မောင်မောင့်ကို စူးစိုက်စွာဖြင့် မျက်လုံးတစ်ချက် လှန်ကြည့်သည်။ မောင်မောင်က အားတက်သရော ရယ်ပြတော့ မမက ပြန်မရယ်ပြတဲ့အပြင် အကြည့်ကိုပါ ဆတ်ခနဲ လွှဲသွားလေသည်။ အင်း… တော်တော်ပေါင်းရသင်းရလွယ်မယ့် မိန်းကလေးပဲလို့ တွေးရင်း သူက အနည်းငယ် ခပ်ရှက်ရှက်လေး ဖြစ်သွားရသည်။

'ကဲ… မောင်မောင် နင်လည်းခဏထိုင်ဦး။ စားပြီးမှ ပြန်။ ငါ ခေါက်ဆွဲသွားပြင်လိုက်ဦးမယ်'

ရွှေမှုန်က ချစ်စရာကောင်းလှစွာ အလိုက်တသိ ရှောင်ထွက်သွားပေမယ့် မောင်မောင့်မှာတော့ ကြောင်တောင်တောင်နှင့် စကားအစ ဘယ်လိုရှာရမလဲ စဉ်းစားရင်း ခုံတစ်လုံးမှာ အသာဝင်ထိုင်လိုက်မိသည်။ သစ်သစ်ကတော့ သူမမျက်စိရှေ့မှာ ရှိနေသော စားပွဲပေါ်မှ အလှထိုးထားသည့် ပန်းအိုးကို ခပ်ငေးငေးငေး ကြည့်နေသည်။ ဘာတွေများ အတွေးတွေ ဖြန့်ကျက်နေသလဲဆိုတာတော့ မပြောတတ်။

သစ်သစ်ကို သေချာအနီးကပ်ကြည့်တော့မှ သူမ၏ မျက်နှာလေးသည် ကလေးတစ်ယောက်၏ မျက်နှာလို ဖြူစင်သန့်ရှင်းကာ တော်တော့်ကို ချစ်စရာကောင်းလှပါသည်။ ထို့အတူလည်း သူမ၏ မျက်ခုံးနက်နက်လေးတွေကို မှုန်ကုတ်ထားရင်းသော်လည်းကောင်း၊ ဒါမှမဟုတ် သူမ၏ နှုတ်ခမ်းလေးများ

www.burmeseclassic.com

www.burmeseclassic.com



ကို ရွှေမှုန့်လို အစဉ်အမြဲ အပြုံးတွေ ဆောင်ထားရင်သော်လည်း ကောင်း သူမ၏မျက်နှာလေးသည် ယခုထက် အပြစ်ပြောစရာ မရှိဘဲ ပိုမို အဆင်ပြေနေပါလိမ့်မည်။

'သစ်သစ် ဒန်းစီးနေတုန်းက တွေ့လိုက်တယ်'

'ခင်ဗျာ…'

ငြိမ်သက်နေရာမှ အရင်းမရှိ အဖျားမရှိ ထပြောလိုက်သော သစ်သစ်စကားကြောင့် ဘာကိုဆိုလိုမှန်း ရုတ်တရက် မောင်မောင် နားမလည်ဖြစ်သွားရသည်။

'မောင်မောင် ခြံစည်းရိုးပေါက်ထဲကနေ တိုးဝင်လာတာကို တွေ့လိုက်တယ်လို့ ပြောတာပါ'

'ဩ…'

မောင်မောင်သည် ခုမှ သဘောပေါက်သွားရသလို တစ်ချက်ပြုံးလိုက်ရင်း သစ်သစ်က စကားပြန်ပြောဖော်ရသည့်အတွက် နည်းနည်းလည်း အားတက်သွားရသည်။

'ခြံစည်းရိုးမှာ တစ်ဖက်နဲ့တစ်ဖက် ကူးလို့ရတဲ့တံခါး သေးသေးလေး ရှိတာပဲ။ ဘာလို့ အဲဒီက မဝင်တာလဲ'

'အဟင်း… ဒီလိုပါ။ အဲဒီအပေါက်က ငယ်ငယ်လေးကတည်းက ကူးနေကျအပေါက်ဆိုတော့ အကျင့်က ပါနေလို့ပါ။ ပြီးတော့ တံခါးဖွင့်ရတာကလည်း ကြာတယ်လေ။ ရွှေမှုန်လည်း မောင်မောင်တို့ခြံဘက်လာရင် အဲဒီခွေးတိုးပေါက်ကပဲ အမြဲတိုးတာပဲ'

နှစ်အိမ်စလုံးမှာ ခွေးမရှိတာသေချာသည်မို့ ပြောပြီး ရွှေမှုန်ရော မောင်မောင်ပါ ခွေးတွေဖြစ်သွားလားလို့ တွေးလိုက်



မိသည်။

'ဟိုဟာလေ… ဒီနေ့မနက်စောစော အဲ… စောတော့ စောတော့ဘူးပေါ့လေ။ ဟို… ဆယ်နာရီလောက်ကပေါ့။ မောင် မောင်အိပ်ရာထတော့ ဝရန်တာကနေ သစ်သစ်ဒန်းစီးနေတာကို [illegible]တွေ့လိုက်တယ်။ အဲဒါနဲ့ပဲ မောင်မောင် ရေမြန်မြန်ချိုးပြီး ဒီဘက်ခြံကို ကူးလာခဲ့တာ။ သစ်သစ်ကို မောင်မောင်က ဒီဘက်ခြံမှာ တစ်ခါမှ မတွေ့ဖူးတော့ ဘယ်သူပါလဲဆိုပြီး… စိတ် ဝင်စားပြီး…'

'သစ်သစ်ကိုတွေ့လို့ လာခဲ့တာ'

မောင်မောင့်ရဲ့ ထစ်အအစကားလုံးတွေ အဆုံးမသတ်[illegible]ရသေးခင်မှာပင် သစ်သစ်က စကားကို ဖြတ်ပြောပါသည်။ [illegible]ကထက်စာရင် သစ်သစ်မျက်နှာလေးက အနည်းငယ် ကြည်လင်လာတာမို့ မောင်မောင်လည်း စကားပြောရတာကို နည်းနည်းအားတက်သွားမိသည်။

'အင်းပေါ့… မောင်မောင်တော့ သစ်သစ်ကို မြင်မြင် ချင်း ခင်သွားတာပဲ။ သစ်သစ်ကလည်း မောင်မောင့်လိုပဲ ပြန် ခင်ရမယ်နော်'

မောင်မောင်က ခပ်ကဲကဲလေး စကားကို ထပ်ကွန့် [illegible]တော့ သစ်သစ်မျက်နှာပေါ်မှာ အပြုံးရိပ်တွေသန်းသလို [illegible]ပါသည်။ ပိုင်တယ်လေ။ မောင်မောင်တို့က ဒါမျိုးဆို [illegible]ပော့တ်လား။

'သစ်သစ်မှာ သူငယ်ချင်းမရှိပါဘူး။ ကျောင်းမှာလည်း [illegible]ယောက်တည်းနဲ့ပဲ ခင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အခု မောင်မောင်တိုးလာပြီဆိုတော့ သစ်သစ်မှာ သူငယ်ချင်းနှစ်ယောက်ရှိသွားပြီပေါ့၊ မဟုတ်ဘူးလား'

'သစ်သစ် ဘယ်သူ့အိမ်မှ အလည်လည်း မသွားဖူးပါဘူး။ ရွှေမှုန့်ကိုချစ်လို့ ရွှေမှုန်တို့အိမ်ကို လိုက်လည်တာ ပထမဆုံးပါ။ ပြီးခဲ့တဲ့အပတ်တုန်းကလည်း သစ်သစ်လိုက်လာသေးတယ်။ အဲဒီတုန်းက ဟိုဘက်ခြံကို သစ်သစ်ကြည့်မိသေးတယ်။ မောင်မောင့်ကို မတွေ့မိပါဘူး'

သစ်သစ်က စိတ်လိုလက်ရလေး မောင်မောင့်ကို စကားတွေ ပြောနေရှာပါသည်။ မောင်မောင့်ရင်ထဲမှာလည်း သွေးကြောနီနီလေးများ ရေးရေးပေါ်နေသော သစ်သစ်ပါးပြင်လေးကို အသာခိုးကြည့်ရင်း ကြည်နူးနေမိသည်။

'မောင်မောင်က သိပ်လမ်းများတာ သစ်သစ်ရဲ့။ မေမေနဲ့ဆို အမြဲတကျက်ကျက်ပဲ။ အဲဒီအပတ်က သစ်သစ်လာမယ်မှန်းသိရင် မောင်မောင် ဘယ်မှမသွားပါဘူး။ ရွှေမှုန်ကလည်း သူ့မှာ ဒီလောက်ချစ်စရာကောင်းတဲ့ သူငယ်ချင်းတစ်ယောက် ရှိနေတာ မောင်မောင့်ကို တစ်ချက်လေး ပြောဖော်တောင်...'

'မောင်မောင်ရေ... သား'

အရှိန်လေးကောင်းလာကာ သစ်သစ်ကို အီစီကလီလုပ်နေသော မောင်မောင်သည် တယ်လီဖုန်းလေးကိုင်ကာ ထမင်းစားခန်းထဲ ဝင်လာသော ရွှေမှုန်တို့မေမေ အန်တီဖြူကြောင့် ပြောလက်စ စကားလှလှလေးများ ရပ်တန့်သွားရတော့သည်။ ပြိုင်တူလိုပင် ရွှေမှုန်သည်လည်း ခေါက်ဆွဲပန်းကန်များကိုင်ပြီး ဝင်လာပါသည်။



'သားမေမေ ဖုန်းဆက်နေပြီ။ ပြန်မလာသေးဘူးလားတဲ့'

အန်တီဖြူပြောမှ မေမေသွားစရာရှိတယ်ဆိုတာကို သတိရလိုက်ရင်း ဒီနေ့မှ ရှုပ်ကိုရှုပ်တယ်လို့ ရှုံ့မဲ့လိုက်မိရာ ရွှေမှုန်က အီးပိတ်သွားသော မောင်မောင့်မျက်နှာကို စပ်ဖြဲဖြဲလှမ်းကြည့်ရင်း-

'ဟဲ့... ဒါဆို နင်က စားမသွားတော့ဘူးလား။ ဒီမှာအားလုံး ပြင်ပြီးနေတဲ့ဟာကို'

'တော်ပါပြီဟာ။ ညနေမှပဲ လာခဲ့တော့မယ်။ မေမေကအပြင်သွားမလို့ ငါ့ကို ပြောထားတယ်။ ဘယ်သွားဦးမလို့လဲ မသိပါဘူး။ တစ်နေ့တစ်နေ့ သိပ်သွားနိုင်တာပဲ။ အိမ်မှာကိုနေတယ်မရှိဘူး။ အန်တီဖြူနဲ့များ တခြားစီ။ မလွယ်ဘူး အန်တီရေ။ မေမေတော့ နောက်ထပ် မောင်မောင့်အတွက် ဒယ်ဒီအသစ်ရှာနေပြီလား မပြောတတ်ပါဘူး။ အဟီးဟီး...'

'ဟယ်... ဒီကောင်လေး၊ အမေကို ပေါက်ပေါက်ရှာရှာ ပြောတော့မယ်။ ဟိုကကြားရင်တော့ မလွယ်ဘူး။ ငြိမ်းကအိမ်ထောင်ရှင်ကျောင်းသွားမလို့၊ အန်တီလည်းပါမှာ'

အန်တီဖြူစကားအဆုံးမှာ သစ်သစ်ကော ရွှေမှုန်ပါ အားကြီးဟက်ပက်ပက် ထရယ်ပါသည်။ မောင်မောင်လည်း သစ်သစ်ကလေးကိုတောင်မှ နှုတ်မဆက်နိုင်တော့ဘဲ အိမ်ဘက်ကို အမြန်ဆုံး ပြန်လစ်လာလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊၃၊

'ကိုရဲ့အတွက် ရွှေမှုန်က ရှောက်သီးသုပ်နဲ့ ကြာဇံ ဟင်းခါး ထည့်ပေးလိုက်တယ်'

ခပ်ပြုံးပြုံးနှင့် ကြည်လင်နေသော သစ်သစ်မျက်နှာကို ကြည့်ပြီး 'ရဲမြတ်' စိတ်ချမ်းသာသွားမိသည်။ အမြဲတစေ လောကကြီးကို အလိုမကျ စိတ်တိုနှုတ်ဆိတ်နေလေ့ရှိသော ညီမ ဖြစ်သူသည် 'ရွှေမှုန်'ဆိုသော မိန်းကလေးနှင့်တွေ့မှ စကားလေး တပြောပြောနှင့် ကြည်ကြည်လင်လင် ဖြစ်လာခဲ့သည်။ ထို့ အတွက် ရွှေမှုန့်အား ရဲမြတ် အမြဲကျေးဇူးတင်နေမိခဲ့ပါသည်။

'ကိုရဲက ဘာလို့ လိုက်မလာတာလဲ။ တစ်ချိန်လုံး ဒီ စာတွေပဲ ထိုင်ကျက်နေတယ်။ ဟင်း... ဒီပုံအတိုင်းဆို ရွှေမှုန့် အာရုံထဲကို ကိုရဲ ဘယ်တော့မှရောက်လာမှာမဟုတ်ဘူး သိလား။ ဒေါ်ဒေါ်လှိုင်ရေ... ကိုရဲကို ရှောက်သီးသုပ် ပြင်ကျွေးလိုက်ပါ။ ဟင်းခါးလည်း နွေးလိုက်ဦး'

ရဲမြတ်ကို သူပြောချင်တာပြောပြီး ဒေါ်ဒေါ်လှိုင်ကို လည်း စီစဉ်မှာကြားကာ သစ်သစ်က သူ့ခန္ဓာကိုယ်လေးကို ခုန်ဆွခုန်ဆွလုပ်ရင်း အိမ်ပေါ်ထပ်သို့ တက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲမြတ်ကတော့ ဒီလောကကြီးထဲမှာ ပြေးကြည့်မှ ဒီ တစ်ဦးတည်းသာရှိသော ညီမငယ်လေးကို အစဉ်အမြဲ ဒီလိုတက်ကြွနေတာပဲ မြင်ချင်ပါသည်။ ရဲမြတ်တို့မောင်နှမတွေ ရန်ကုန်ကို ပြောင်းမလာခင်ထိ သစ်သစ်လှုပ်ရှားမှုတွေက ဟိုးငယ်စဉ်ကလို ဘာမှထူးခြားပြောင်းလဲမှု မရှိခဲ့ပါ။ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းစတက်ပြီး တစ်လလောက်ကြာတော့မှ 'သစ်သစ်မှာ သူငယ်ချင်းတစ်ယောက်ရပြီ။ သူ့နာမည်က ရွှေမှုန်' တဲ့ဟု အစချီကာ ရွှေမှုန်ဆိုသည့် ကောင်မလေးတစ်ယောက်အကြောင်းကို မဆုံးနိုင်အောင် ပြောတော့သည်။ ရွှေမှုန်က ချောလည်းချောကြောင်း၊ သဘောလည်းကောင်းကြောင်း၊ သစ်သစ်ကိုလည်း ကြင်ကြင်နာနာဆက်ဆံကြောင်း… အစုံအလင်ပင်။

အဲဒီနောက်တော့ သစ်သစ်ကို ကျောင်းသွားကြိုသည့် တစ်နေ့မှာ သစ်သစ်က ရွှေမှုန်နှင့် မိတ်ဆက်ပေးခဲ့ပါသည်။

အစဉ် လှုပ်ရှားတက်ကြွနေသော ကိုယ်နေဟန်ထားနှင့် အမြဲ ပြုံးရယ်နေတတ်သော မျက်နှာထားပိုင်ရှင် ရွှေမှုန်ဆိုသော မိန်းကလေးသည် ထိုနေ့ထိုရက်မှာပင် ရဲမြတ်နှလုံးသားထဲ စွဲစွဲထင်ထင် ကျန်ရှိနေစေခဲ့တော့သည်။ အရာရာကို ခပ်ရိုးရိုးရှင်းရှင်း အမြဲတွေးတတ်ပြီး မြတ်နိုးဖွယ်ရာကောင်းသော ဆံပင်ရှည်ကြီးတို့ကို အနောက်ဘက်မှ ပုံရိုးရိုးကလစ်တစ်ခုနှင့် အမြဲညှပ်ထားတတ်ကာ သွက်သွက်လက်လက် စကားပြောတတ်ခဲ့သော ရွှေမှုန်သည် ရဲမြတ်ကို အစ်ကိုတစ်ယောက်သဖွယ် ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ပါသည်။

အဲဒီနောက်ပိုင်း အမြဲလိုလို တစ်ယောက်တည်း နေထိုင်



တတ်ခဲ့သော သစ်သစ်သည် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များမှာ ရွှေမှုန်ဆီသို့ သွားလာလည်ပတ်တတ်သည့်အထိ အခြေအနေက တိုးတက်လာပါသည်။

လွန်ခဲ့သောနှစ်ပတ်လောက်က ရဲမြတ်အတွက် သစ်သစ်က မွေးနေ့တစ်ခုလုပ်ပေးစဉ် တစ်ဦးတည်းသော ဧည့်သည်အဖြစ် ရွှေမှုန် တက်ရောက်ခဲ့ပါသည်။ အဲဒီနေ့တွေတုန်းကတော့ သစ်သစ်အလစ်မှာ သစ်သစ်အကြောင်း ရွှေမှုန် သိသင့်သိထိုက်တာလေးတွေကို ရဲမြတ် ရွှေမှုန်ကို ပြောပြခဲ့လိုက်သည်။ ရွှေမှုန်သည် လေးလေးနက်နက် ဂရုတစိုက်နားထောင်ပေးခဲ့ပါသည်။ ထိုရက်တွေ ကျော်လွန်ပြီးသည့်အချိန်မှာတော့ ရွှေမှုန်နှင့်သစ်သစ်သည် ပိုမိုရင်းနှီးလာခဲ့ကာ သစ်သစ်သည်လည်း ရွှေမှုန်နှင့်အတူ အတွဲတွဲရှိလာခဲ့ပါတော့သည်။

စိတ်ဓာတ်အင်အား လျော့နည်းနေသော ညီမဖြစ်သူကို အနည်းငယ် လန်းဆန်းတက်ကြွလာအောင် ဖန်တီးပေးနိုင်ခဲ့သော ရွှေမှုန်ကို ရဲမြတ် အားကိုးလေးစားမိသလို ပိုလို့လည်း မြတ်နိုးမိသည်။ ဒါကို သစ်သစ်ကလည်း ရိပ်မိသည်။ မသိတာကတော့ ကိုယ့်အပေါ် ရိုးသားသည့် ရွှေမှုန်ပင်ဖြစ်သည်။ ဒါကိုတော့ ရဲမြတ်လည်း မဖျက်ဆီးချင်ပါ။ သို့သော်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ဖြင့် ရဲမြတ်အတွက် ပျော်ရွှင်ကြည်နူးစရာ အခွင့်အရေးလေးတစ်ခု ပိုင်ဆိုင်နိုင်လိမ့်မည်လို့ ရဲမြတ် မျှော်လင့်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊၄၊

'ဟင်… ကိုရဲလည်း ရောက်မလာသေးဘူး'

စာသင်ခန်းထဲက ထွက်လာကြပြီး ခါတိုင်း ကိုရဲ လာကြိုနေကျနေရာတွင် ကိုရဲ့ကားကို အဆင်သင့်မတွေ့လိုက်ရသဖြင့် သစ်သစ်မျက်နှာက အနည်းငယ်ညှိုးချင်ချင် ဖြစ်သွားရသည်။

'ဒီအချိန် မြို့ထဲကနေ လာရတာဆိုတော့ ကားကျပ်နေလို့ ဖြစ်မှာပေါ့ သစ်သစ်ရယ်။ လာ… ဟို အုတ်ခုံလေးမှာထိုင်ပြီး သွားစောင့်ရအောင်။ ကိုရဲလာမှ ရွှေမှုန်ပြန်မယ်။ နှုတ်ခမ်းစူမနေနဲ့'

ရွှေမှုန်က သွက်သွက်လက်လက်ပင် သစ်သစ်လက်ကိုဆွဲခေါ်လာတော့ သစ်သစ်သည် ပေကပ်ကပ်နှင့်ပါလာပါသည်။ မိန်းလမ်းနံဘေး အုတ်ခုံမြင့်မြင့်လေးပေါ်တွင် နှစ်ယောက်သားနေရာယူအပြီးမှာတော့ အနက်ရောင် Celica ကားပြားပြားလေးက အုတ်ခုံနံဘေးသို့ လျှောခနဲ ဆိုက်ကပ်လို့လာသည်။ ရွှေမှုန်သည် ကားအနက်လေးကို တစ်ချက်ကြည့်ရင်း သစ်သစ်မျက်နှာကိုလည်း ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်ကာ မျက်နှာကလည်း ပြုံးစိစိ ဖြစ်လာရသည်။ ကားပေါ်မှ ဆင်းလာသူမှာ ရွှေမှုန်တို့

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေသော ကိုရဲတော့ မဟုတ်ပါ။ မျက်နှာပြောင်ပြောင်နှင့် မောင်မောင် ဖြစ်နေပါသည်။

'ဘယ် လာတာလဲ'

'သစ်သစ်ဆီလာတာပေါ့'

ပေါ်ပေါ်ထင်ထင်ပြောပြီး အနားရောက်လာသော မောင်မောင့်မျက်နှာချောချောကိုကြည့်ရင်း သစ်သစ်က ပြုံးနေပါသည်။ အဖြူရောင် တီရှပ်ကပ်ကပ်လေးနှင့် ဂျင်းဘောင်းဘီ အပြာရောင်ကို ခပ်ရှင်းရှင်းတွဲဝတ်ထားသည့် မောင်မောင်က ဒီနေ့တော့လည်း ကြည့်လို့ကောင်းနေပါလားလို့ ရွှေမှုန်က တွေးလိုက်မိသည်။

'သစ်သစ် ကားစောင့်နေတာလား'

'ကိုရဲ လာကြိုမှာပါ။ ဒီနေ့ သစ်သစ် ကားမမောင်းချင်လို့ မနက်ကတည်းက ကိုရဲ လာပို့ပေးခဲ့တာ။ အဲဒါ ခုထိ ကိုရဲက မလာသေးလို့'

'ဆယ်မိနစ်လောက် စောင့်ကြည့်လိုက်ဦးပေါ့ သစ်သစ်ရဲ့။ အဲဒါမှ ရောက်မလာသေးရင် မောင်မောင် လိုက်ပို့ပေးမှာပေါ့'

စေတနာဗလပွနှင့် စကားရောဖောရောလုပ်ရင်း မောင်မောင်က သစ်သစ်နံဘေး တစ်ထွာလောက်ခွာပြီး ခပ်တည်တည် ဝင်ထိုင်သည်။

'သစ်သစ် နေ့လယ်က ဘာစားလဲ။ ခုကော ဗိုက်ဆာနေလား။ မောင်မောင် တစ်ခုခုကျွေးမယ်လေ'

'အင်း…'



တစ်ယောက်ကလည်း မျက်နှာပြောင်နဲ့ကို အတင်း ပြော၊ တစ်ယောက်ကလည်း မျက်လုံးကလေးစင်းပြီး စဉ်းစား သလိုလုပ်နေတာမို့ ကြားထဲက ရွှေမှုန့်မှာ လည်ချောင်းထဲက တောင် ယားကျိကျိဖြစ်လာရသည်။ အူယားလွန်းလို့ပါ။ တစ်ခုခု ဘာဝင်ပြောရင်ကောင်းမလဲလို့ အပြေးအလွှား စဉ်းစားလိုက်စဉ်မှာပင် အဖြေကလည်း အပြေးအလွှား မြန်မြန်ပင်ရလိုက်ပါသည်။ တခြားတော့မဟုတ်ပါ။ ကိုရဲရဲ့အဖြူရောင် Mark II လေးက ရွှေမှုန်တို့နား ရောက်လာခြင်းပင်။ မောင်မောင်ရဲ့ ထွင်လုံးတွေနှင့် သစ်သစ်ရဲ့ အိုက်တင်ခံမှုလေးတွေ တစ်မိနစ်တောင် မကြာလိုက်ရပါ။

ကိုရဲ ကားပေါ်ကဆင်းလာတော့ ရွှေမှုန်ကပဲ အရင် ထရပ်လိုက်သည်။ သပ်သပ်ရပ်ရပ် ဖြီးသင်ထားသော ဆံပင်တိုတို၊ မျက်နှာကြည်ကြည်လေးနှင့် ကိုရဲရုပ်သွင်သည် မြင်ရသည်မှာ အေးအေးချမ်းချမ်း ရှိလေသည်။ ရှပ်အင်္ကျီအဖြူလက်ရှည်လေးကို ကြယ်သီးတပ်ဝတ်ကာ ရိုးရိုးချည်ပုဆိုးလေးနှင့် ရွှေမှုန်တို့ကို ပြုံးကြည့်နေပုံက စိတ်သဘောထား ကြင်နာယုယတတ်ပုံကို ပေါ်လွင်နေစေသည်။

'ကိုရဲလာကြိုတာ နည်းနည်းနောက်ကျလို့ သစ်သစ်က စိတ်ကောက်ချင်နေတယ်'

'အင်း… သူက ခုထိ ကလေးစိတ်မပျောက်သေးဘူး'

'ကိုရဲနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒါ ရွှေမှုန့်သူငယ်ချင်း မောင်မောင်တဲ့။ ရွှေမှုန်တို့နဲ့ အိမ်ချင်းကပ်လျက်မှာနေတယ်။ မောင်မောင်… ဒါ သစ်သစ်ရဲ့အစ်ကို 'ကိုရဲမြတ်'တဲ့။ ငါတို့က

www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုရဲလို့ပဲခေါ်တယ်။ မှတ်ထားနော်'

ရွှေမှုန်က သွက်သွက်လက်လက်ပင် မောင်မောင်နှင့် ကိုရဲကို ရင်းနှီးအောင် မိတ်ဆက်ပေးလိုက်ပါသည်။ မောင်မောင်နှင့်ကိုရဲက တစ်ဦးကိုတစ်ဦး လက်ဆွဲနှုတ်ဆက်ရင်း ဝမ်းသာကြောင်း ပြောကြသည်။ အထူးသဖြင့် မောင်မောင်ကတော့ ရှေ့ရေးကို ကြိုမြင်စွာ ကိုရဲကို လိုအပ်တာထက်ပိုပြီး ကျိုးနွံပြနေလေသည်။ တတ်နိုင်တယ်လို့တွေးရင်း ရွှေမှုန်မှာ သေးနားကနေ သွားဖြဲပြီးရပ်နေရသည်။ အာလာပသလ္လာပ စကားပြောအပြီးတော့ ကိုရဲနှင့်သစ်သစ်က ပြန်ဖို့ ကားပေါ်တက်ကြသည်။ မောင်မောင်ကတော့ အစ်ကို့ရှေ့တောင် ဟန်မဆောင်နိုင်ဘဲ သစ်သစ်အတွက် ကားတံခါးတောင် ပြေးဖွင့်ပေးလိုက်သေးသည်။ ကားထွက်ခါနီးမှာတော့ သစ်သစ်က နှစ်ယောက်တည်းကျန်ခဲ့သော မောင်မောင်နှင့် ရွှေမှုန်ကို မျက်လုံးဝိုင်းကြီးဖြင့်ကြည့်ရင်း စက်ကလေးလိမ်ကာ ပါသွားတော့သည်။

'ကဲ... သွားမယ်၊ သွားမယ်၊ ပိုမနေနဲ့။ ဟိုက နင့်ကို မြင်ရတော့တာတောင် မဟုတ်ဘူး'

'အောင်မယ်... ဒါက ဘယ်သွားမလို့လဲ'

'နင့်ကားပေါ် တက်မလို့ပေါ့။ အတော်ပဲ၊ ဒီနေ့ ခြေထောက်တွေ ညောင်းနေတာနဲ့'

'နင့်ကို ဘယ်သူကခေါ်မယ် ပြောလို့လဲ'

'မခေါ်ကြည့်ပါလား၊ နင့်ကား အုတ်ခဲစာမိသွားမှာပေါ့'

ပြောပြောဆိုဆို ရွှေမှုန်က ရှေ့မှာ အဆင်သင့်ရှိနေသော



အုတ်ခဲကြိုးတစ်ခုကို ကောက်ကိုင်လိုက်သည်။

'ဟာ... ခဲလုံးကြီးကို လျှောက်ကိုင်နေပြန်ပြီ။ အဲဒီမှာ သဲတွေနဲ့ သုတ်၊ သုတ်၊ နင့်လက်တွေကို လုံချည်နဲ့ ပြောင်အောင်သုတ်။ ပြီးရင် ငါ့ကားပေါ်တက်ပြီး ကက်ဆက်တွေဘာတွေ လျှောက်ကိုင်ဦးမယ်။ နင်ဟာလေ ညစ်ကို ညစ်ပတ်ပါတယ်'

မောင်မောင်က သူ့ကားကို ဥစ္စာခြောက်စွာ ကြီးကြီးကျယ်ကျယ်တွေလှမ်းပြောတော့ ရွှေမှုန်သည် တဟင်းဟင်းနှင့် ဟန်ပါပါရယ်ရင်း ခဲလုံးကို ပစ်ချလိုက်ကာ သူ့ကားပေါ် ဇွတ်ခန့် ဝင်ထိုင်လိုက်ပါသည်။ ကျောင်းနှင့်အိမ်က ငါးမိနစ်တောင် မဝေးရပါ။ ရွှေမှုန်တို့အိမ်တွေက ကျောင်းဘေး ပြည်လမ်းပေါ်ရှိ မာလာမြိုင်လမ်းသွယ်ထဲမှာမို့ မိန်းထဲပြောင်းကတည်းက ကားမယူတော့ဘဲ ရွှေမှုန် လမ်းလျှောက်သွားနေခဲ့သည်မှာ ကြာပြီဖြစ်သည်။ တစ်ခါတစ်ရံ မောင်မောင်တို့ ယခုလို ကောင်မလေးတွေကြုံဖို့ မိန်းထဲရောက်လာခဲ့ရင်တော့ ရွှေမှုန်ကလည်း ဒင်းကားကို (မခေါ်ချင်မှန်းသိရက်နှင့်) အတင်းကပ်စီးပြီး အိမ်ပြန်တတ်ပါသည်။

'ဖုန်းနံ့ပါတ်ပေး၊ ဖုန်းနံ့ပါတ်...'

'ရင်ခွဲရုံဖုန်းနံ့ပါတ်တော့ ငါလည်း ဘယ်လိုလုပ်သိမှာလဲ'

'အဲဒီကို နင်ပဲဆက်၊ အစုတ်မရေ'

'ဟယ်... ဟုတ်တယ်လေ။ နင်က အရင်းမရှိ အပျြားမရှိ ဖုန်းနံ့ပါတ်ပေးဆိုတော့ ငါက ဘယ်နံ့ပါတ်ပေးရမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



မသိတဲ့ဖုန်းနံပါတ်ကိုပဲ မသိဘူးလို့ အရင်ပြောရတာပေါ့'

'သစ်သစ်ဖုန်းနံပါတ်ကို ပြောတာပေါ့ဟ။ နားကလည်း ဝေးလိုက်တာ။ အဲဒါကြောင့် နင့်ကို ခုထိ ကြိုက်မယ့်ကောင် မရှိသေးတာ'

'ကိစ္စမရှိပေါင်။ ရင်တောင်အေးသေးတယ်။ ဒီမှာ ဖုန်းနံပါတ်ပေးဖို့ကိစ္စက ပိုက်ဆံနှစ်သောင်းခွဲ မလာသေးဘူးလေ။ အရင် လာထားဦးပေါ့'

ပြောရင်းဆိုရင်း မောင်မောင့်ကားက ကျောင်းထဲက ထွက်လာပြီး ရွှေမှုန်တို့လမ်းထဲ ချိုးဝင်ခါနီးမှာတော့ ရွှေမှုန်က လည်း လက်မြန်ခြေမြန် နောက်ခန်းထဲရှိ မောင်မောင့်ကျောပိုး အိတ်ထဲမှ ပိုက်ဆံအိတ်ကို လှမ်းနှိုက်လိုက်သည်။ ဒါမျိုးကလည်း မြန်နိုင်မှတော်ကာကျမှာ မဟုတ်လား။

'ရွှေမှုန်… နှစ်သောင်းခွဲပဲနော်၊ နင် ပိုမယူနဲ့။ သရဲမ သူများပိုက်ဆံ အလကားရမယ်ဆိုရင် မျက်နှာကိုက ဖြီးနေတာပဲ'

'ဒါပေါ့၊ ဒါပေါ့။ အထူးသဖြင့် နင့်ပိုက်ဆံမို့ ပိုလို့ တောင် ပျော်သေး။ မနက်ဖြန် ချက်ချင်းကိုသွားဝယ်မယ်။ ပိုက်ဆံအိတ်က ရှိတောင်ရှိသေးရဲ့လားလည်း မသိပါဘူး။ သူများ ဝယ်သွားရင်တော့ ပြဿနာပဲ'

'ကဲ… ရောက်ပြီ၊ ဆင်းတော့ မြန်မြန်၊ အဲ… ဖုန်းနံပါတ်ပြောဦးလေ'

'ဖဖဖ၄---ဟော့၊ သဲမနေနဲ့။ ငါ့ကို ခြံထဲတောင် ဝင် မပို့ဘူး၊ သေနာ…'



ရွှေမှုန်က ဦးအောင်ကျိန်ဆဲရင်း ဒင်းပိုက်ဆံအိတ်ထဲမှ ပိုက်ဆံအထပ်လိုက်ကို ဆွဲထုတ်ပြီး ကိုယ့်လွယ်အိတ်ထဲ ခပ်မြန်မြန် ထိုးသိပ်ထည့်လိုက်သည်။ ကားပေါ်ကဆင်းပြီး ပွစိပွစိတောင် မလုပ်ရသေး။ မောင်မောင်က သူ့ကားကို ဝူးခနဲနေအောင် မောင်း ထွက်သွားလေသည်။ သူ့ခြံထဲဝင်သွားသော မောင်မောင့်ကား ခင်မြီးကိုကြည့်ပြီး ပါးစပ်မှ အသံထွက်အောင်ရယ်လိုက်ရင်း ခြံထဲဝင်လာခဲ့သည်။ လွယ်အိတ်ထဲမှ ပိုက်ဆံတွေကို ထုတ်ရေ ကြည့်လိုက်တော့ သုံးသောင်းအတိဖြစ်နေသည်။ မောင်မောင် တစ်ကောင်တော့ သူ့ပိုက်ဆံအိတ်ကိုကြည့်ပြီး ဆွေ့ဆွေ့ခုန်နေမှာ မြင်ယောင်သေး။ တမင်ကို အမြင်ကပ်လို့ အကုန်လုံးကို ယူလာ လိုက်တာ။ ဟိဟိ… ကောင်းတယ်။

ဘယ်နဲ့ သူငယ်ချင်းလေး ဒီတစ်ယောက်ပဲ ရှိပါတယ်။ တစ်ခါမှ သဒ္ဓါတရားထက်သန်စွာနဲ့ ဟိုဟာဒီဟာ ဝယ်ပေးတယ် ဆိုတာ လုံးလုံးမှ ထုံးစံမရှိခဲ့။ သူ့ဟာမတွေကျတော့ တစ်ချိန် လုံးဖိုနေရတာ မသိတာကျလို့။

ခုတော့ သိပြီ။

ဒင်း ဒီလောက်ချမ်းသာတာ အဲဒါမှလာပြောရင်တော့ မြန်မြန်သာသေလို့။

ကဲ… မှတ်ပြီလား။

❀

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊၅၊

သစ်သစ် ဖုန်းချအသွားမှာတော့ ရွှေမှုန်က မောင်မောင့် ဖုန်းကို ကောက်လှည့်လိုက်သည်။ ဖုန်းက တစ်ခါပဲ မြည်ရသေးသည်။ ကိုယ်တော်က ချက်ချင်းပင် ကောက်ကိုင်ပါသည်။ ဘယ်သူများ ထင်နေသလဲတော့ မပြောတတ်။

'အားအားယားယား သူများတကာတွေဆီ အချိန်မတော် ဖုန်းလိုက်ဆက်မနေနဲ့။ ငါက ကြားထဲက အလုပ်ရှုပ်တယ်။ သစ်သစ် ဆက်တယ်။ မောင်မောင့်ကို ပြောပေးပါတဲ့။ သူ့ဆီ ဖုန်းထပ်မဆက်နဲ့တော့တဲ့၊ အိပ်တော့မယ်တဲ့။ အဲဒါ လှမ်းပြောတာ၊ ဒါပဲဟေ့'

'ဟာ… ဟာ… နေပါဦး မှုန်ရ၊ ငါလည်း ခုပဲ နင့်ဖုန်းကိုခေါ်နေတာ အင်ဂေ့ချ်ဖြစ်နေလို့'

'နင့်ချစ်ချစ် ဆက်နေတာလေ။ ဘာဖြစ်နေတာလဲ။ ဟိုက မဆက်နဲ့ဆို မဆက်နဲ့တော့ပေါ့။ တစ်ခါတည်း အရှက်ကိုမရှိဘူး။ ခုတော့ ဟိုက ငါ့ကို ပြောခိုင်းရတယ်။ ကောင်းသလား၊ နင်ဟာလေ အားကိုမနာတတ်ဘူး'

'အလကား မူနေတာပါဟာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟမ်... ဘာမှုနေတာလဲ၊ ဘယ်သူလဲ၊ ဘယ်သူ့ကို ပြောတာလဲ'

'သစ်သစ်ကိုပြောတာပါဟာ၊ ဒီမှာ အဲဒါ အသာထား၊ သစ်သစ်အကြောင်း နင်သိသလောက် ငါ့ကိုပြောပြစမ်းပါ။ ငါ သိချင်လို့'

'အံမယ်လေး... နင် ငါ့ကို အားနေတယ်များ ထင်နေလား။ ဒီမှာ ငါ မအားဘူး။ ည ဆယ်နာရီကျော်နေပြီ။ အိပ်စရာရှိသေးတယ်'

'လိမ္မာစမ်းပါ ရွှေမှုန်ရာ၊ ငါ သိချင်လို့ပါ။ နင် ငါ့အိတ်ထဲက ပိုက်ဆံတွေ ပိုယူသွားတာ ငါ ပြန်မတောင်းတော့ပါဘူး။ အရှုံးမတစ်ယောက်ကို လှူလိုက်တယ်လို့ပဲ သဘောထားလိုက်ပါ့မယ်။ ကဲ... ပြောစမ်းပါဟာ'

'အကောင်စုတ်... အကောင်ပြွတ်...'

ပိုက်ဆံကိစ္စကို မောင်မောင်က အစဖော်ပေးပြီး အလျှော့ပေးသောစကားကို စတင်ဆိုလာတော့ ရွှေမှုန့်မှာလည်း ဒင်းကို လိုက်လျောရတော့မည့် အနေအထားသို့ ရောက်ရှိသွားသည်။ ဘယ်ဘဝက ဝဋ်ကြွေးပါလာသလဲလို့ မသက်မသာ တွေးလိုက်ရင်း စိတ်မရှည်လက်မရှည် စကားစလိုက်ရတော့သည်။

'ကဲ... ပြော... ပြော... ကျေးဇူးရှင် ကျွန်မ ဘယ်ကနေ စတင်ရမလဲ'

'သူနဲ့ ဘယ်လိုလုပ်သိလဲ။ အဲဒီကနေစပေါ့ဟာ'

'သိတာကတော့ ကျောင်းမှာပဲ စသိတာပေါ့ဟ့ာ။ သူက



မန္တလေးတက္ကသိုလ်ကနေ ပြောင်းလာတာ။ နေတာကတော့ မိုးကုတ်မှာနေတယ် ပြောတယ်။ နောက် သူ့ကြီးဒေါ်ကြီး ဆုံးသွားလို့ ရန်ကုန်ကိုရွှေ့လာတယ် ပြောတာပဲ'

'သူ့အစ်ကိုနဲ့နင်နဲ့က အစကတည်းက သိနေတာလား'

'ဟုတ်ပါဘူး၊ သူ့ကို ကျောင်းလာကြိုရင်းနဲ့မှ သူ မိတ်ဆက်ပေးလို့သိတာ။ နင်လည်း တွေ့တဲ့အတိုင်းပဲ။ ကိုရဲက nice ဖြစ်ပါတယ်။ သစ်သစ်နဲ့တောင် မတူဘူး'

'နင်နဲ့သိတာ ဘယ်လောက်ကြာပြီလဲ'

'ဒီနှစ် အတန်းတက်မှဆိုတော့ နှစ်လကျော်ကျော်လောက်ပဲ ရှိဦးမှာပေါ့။ သစ်သစ်က တစ်မျိုး မောင်မောင်ရဲ့။ နင် တကယ်စိတ်ဝင်စားတယ်ဆိုရင်တော့ သူ့အကြောင်း အရင်လေ့လာကြည့်ဦး။ ဘာလို့လဲဆိုတော့ အတန်းထဲမှာ သူ စကားပြောတဲ့လူဆိုလို့ ငါတစ်ယောက်တည်းပဲ ရှိတယ်။ တခြား သူငယ်ချင်းအပေါင်းအသင်း တစ်ယောက်မှမရှိဘူး'

'ဘယ်လိုဖြစ်လို့လဲ'

'အေး... ငါလည်း သူ့ကို သတိထားမိတာ။ အဲဒါက စတာပဲ။ အတန်းထဲမှာဆိုရင်ဟာ အားလုံးက သူ့အုပ်စုနဲ့သူ ပျော်ပျော်ရွှင်ရွှင်နေကြတာ။ သူတစ်ယောက်တည်းပဲ သီးသန့် ဘယ်သူနဲ့မှ လာမပေါင်းဘူး။ စကားလည်း မပြောဘူး။ အစကတော့ တခြားလူတွေကလည်း ကျောင်းသူအသစ်မှန်းသိလို့ ခေါ်ခေါ်ပြောပြော လုပ်ကြပါတယ်။ နောက်တော့လည်း သူကိုယ်တိုင်ကိုက တုံးကဘာဝ လုပ်နေတော့ အားလုံးက ချဉ်သလိုဖြစ်သွားကြတာ။ သူကတော့ သိတဲ့အတိုင်း ဘယ်သူ့မှ ဂရုမစိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ သူ့ပုံစံကလည်း မသိရင် တကယ့်ကို ဘဝင်ပဲလေဟာပ် နေသလိုလို၊ အသားလွတ် မာနတွေပဲကြီးနေသလိုလိုနဲ့ တကယ့်ကို ရိုက်ပေါက်ပဲ။ ငါလည်း ပထမတော့ သူ့ပုံကြည့်ပြီး မခေါ်ရဲပါဘူး။ တစ်ရက်ကျတော့မှ ငါ အတန်းနောက်ကျတော့ ခုံနေရာက မရှိတော့ဘူး။ သူ့ဘေးမှာပဲရှိတယ်။ ဒါနဲ့ ငါလည်း သူ့ကို အဟီးလို့ ရယ်ပြလိုက်ပြီး သူ့ဘေးမှာပဲ ဝင်ထိုင်လိုက်တာပေါ့'

'ဒီတော့ သူက နင့်ကို ပြန်ရယ်ပြလား'

'ဟာ့အေး... မရယ်ပြပါဘူး။ ငါတောင် ငပေါမ ဖြစ်သွားတယ်။ ဒါပေမယ့်လည်း အဲဒီနေ့က သူ ငါ့ကို စကားစ ပြောပါတယ်။ ဒါနဲ့ပဲ ငါတို့နှစ်ယောက် သိသွားကြတယ် ဆိုပါတော့ဟာ...'

'အေး... ငါနဲ့စတွေ့တုန်းကလည်း ငါ ရယ်ပြတာကို ပြန်မရယ်ပြဘူးဟ။ ပြီးမှ စကားထပြောတာ တစ်မျိုးပဲ'

'တကယ်တော့လည်း သူ့မှာက သူ့အကြောင်းနဲ့သူဟ။ နင် သူ့ကိုတော့ ရှည်ပြီး ဘာမှသွားမမေးနဲ့နော်။ တော်ကြာ ဒီအကြောင်းတွေ ဘယ်ကဘယ်လိုသိလဲ။ ငါ့ဆီကဆိုရင် ငါ မကောင်းဘူးဖြစ်မယ်'

'အေးပါဟ၊ ပြောပါဘူး'

'သစ်သစ်တို့ကြည့်ရတာ ချမ်းတော့ချမ်းသာတဲ့ပုံပါပဲ။ ခု သူတို့က စမိုင်ခွဲမှာနေတယ်။ သူ့အစ်ကို မွေးနေ့တုန်းက သူ အတင်းခေါ်သွားတာနဲ့ သူတို့အိမ်ကို ငါတစ်ခေါက် ရောက်ဖူးတယ်။ ခြံကလည်း အကျယ်ကြီး။ အိမ်ကလည်း အသစ်စက်စက်ပဲ၊ လှလည်းလှတယ်။ လူကတော့ နေတာ စုစုပေါင်းမှ



...ယောက်လားပဲတွေ့တယ်။ သစ်သစ်က ခေါင်းအရမ်းမာ...ယ်ဟဲ့။ ပြီးတော့ တခွတ်ထိုး စိတ်လည်းကြီးပုံရတယ်။ ကိုရဲ...တော့ သူ့ညီမကို အရိပ်တကြည့်ကြည့်ပါပဲ။ တော်တော်လည်း ချစ်ပုံပါ'

'ကိုရဲအကြောင်း နားမထောင်ချင်ပါဘူး'

'ဩော်... ကောင်စုတ်ကလည်း စိတ်မရှည်ပြန်ဘူး။ အဲဒီနေ့က ကိုရဲက သစ်သစ်အနားမှာမရှိတဲ့အချိန် သစ်သစ်အကြောင်း တချို့တလေ ငါ့ကို ပြောပြလိုက်တယ်။ သူ့ညီမအပေါ် ငါ နားလည်အောင်ဆိုလားပဲ'

'ဘာတွေလဲ'

'အင်း... သစ်သစ်အမေက သူ ၁၃နှစ်သမီးလောက်မှာပဲ ဆုံးသွားတာတဲ့။ ကိုရဲကတော့ ၁၆နှစ်လောက်တော့ ရှိပြီ။ အဲဒီတုန်းက မိုးကုတ်မှာလို့ပြောတာပဲ။ ကိုရဲအဖေနဲ့ အမေဟာ သိတတ်တဲ့အရွယ်လောက်ထဲကစပြီး တစ်ခါမှ အဆင်ပြေပြေ ...တာ မတွေ့ခဲ့ဖူးဘူးတဲ့။ တစ်ချိန်လုံး ကွာမယ်ရှင်းမယ်နဲ့ နောက်ဆုံးမကွာရသေးခင်မှာ သူ့အမေ ဆုံးသွားခဲ့တယ်။ သူ့အမေက သစ်သစ်ကို သိပ်ချစ်တာတဲ့။ သစ်သစ်ကလည်း အဖေကို လှည့်တောင်မကြည့်ဘဲ အမေမှအမေတဲ့။ သူ့အမေဆုံးတော့ သစ်သစ်ကို တစ်လလောက် အစာကျွေးလို့မရလို့ ဆရာဝန်နဲ့ မနည်းကို ထုခဲ့ရတယ်တဲ့။ ပြီးတော့ သူ့အဖေကိုလည်း လုံးဝအတွေ့မခံဘဲ တော်တော်မုန်းသွားခဲ့တယ်တဲ့'

ပြောနေတဲ့သူကတော့ မပြောတတ်။

နားထောင်နေရသူ မောင်မောင်မှာတော့ သစ်သစ်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ကြားရသည်မှာ ရင်မောစရာမို့ ဘေးနားမှ ရေပုလင်းကို ကောက်မော့လိုက်ရသည်။

‘ကိုရဲပြောစကားအရဆိုရင်တော့ သူတို့အဖေနဲ့ကိုရဲ့က အဆက်အသွယ်ရှိပုံတော့ ရပါတယ်။ သစ်သစ်ကတော့ ခုချိန်ထိ ခါးခါးသီးသီးဖြစ်နေတဲ့ပုံပဲ။ သူ့အမေသေရတာ သူ့အဖေကြောင့်လို့ စိတ်ထဲစွဲနေပုံရတယ်။ သူတို့အမေသေတော့ သူတို့အဖေက သပ်သပ်အိမ်ခွဲသွားပြီး သူတို့မောင်နှမနှစ်ယောက်က သူတို့ကြီးတော် သူ့အမေရဲ့အစ်မဝမ်းကွဲနဲ့ အတူတူနေကြတယ်တဲ့။ ပြီးတော့ မိုးကုတ်ကနေ မန္တလေးမှာ အိမ်တစ်လုံးဝယ်ပြီး တက္ကသိုလ်တက်ကြတယ်။ အဲဒီကနေမှ ကြီးတော်ကြီးဆုံးတော့ ရန်ကုန်ကို သူ့အဖေရဲ့အစီအစဉ်နဲ့ ရွှေ့ခဲ့ကြတာတဲ့။ အဲလို သူ့အဖေအစီအစဉ်နဲ့ ရွှေ့ခဲ့ရတာကိုတော့ သစ်သစ် လုံးဝမသိအောင် ဖုံးထားတယ်ပြောတာပဲ’

‘ကိုရဲက ဘာတက်နေတာလဲ’

‘လမ်းမတော် ဆေးကျောင်းမှာလေ။ ဒီနှစ် နောက်ဆုံးနှစ်ပဲ’

‘သူ့ကြည့်ရတာ နင့်ကိုများ ကြိုက်နေသလား မသိဘူး’

‘နင်နော်… ပေါက်ကရတွေ ပြောမနေနဲ့။ ငါတို့က ရိုးရိုးသားသားခင်တာ။ ငါဟာ သူ့ညီမရဲ့ ပထမဆုံးသော သူငယ်ချင်းဖြစ်လို့ အုံ့သြပြီးပိုခင်တာလည်း ပါတယ်။ ပြီးတော့ သူ့ညီမလေး ငါ့နားမှာရှိနေတဲ့အတွက် သူ စိတ်ချမ်းသာရတယ်တဲ့။ ဒါပဲ’



‘အမ်း… အဲဒီကနေတစ်ဆင့် ရဲရဲလည်း မှုန့်မှုန့်အနားကွာနေရရင် သိပ်ကို စိတ်ချမ်းသာမှာပဲ မှုန်မှုန်ရယ်လို့ ပြောလာရင် ဘယ်နှယ့်လုပ်မလဲ’

‘မောင်မောင်နော်၊ နင် သိချင်တာတွေလည်း သိပြီးရော အချိုးကိုက ပြောင်းလာပြီ။ အကျင့်ကိုယုတ်တယ်’

‘ဟီး… ဟီး… ကိုရဲက ထောင်ထောင်မောင်းမောင်း ကြည့်ကောင်းက ကောင်းနဲ့။ နင့်လို ပိန်ညှောင်ညှက် ပုံမလာကို စိတ်ဝင်စားတယ်ဆိုရင်တော့ နင်တော့ ထီပေါက်ပြီသာမှတ်။ လုံးဝ စဉ်းစားမနေနဲ့၊ တစ်ခါတည်းသာ လိုက်သွားတော့။ အန်တီရဲ့ မမမြူမှုန်ကို ငါ တာဝန်ယူဖြေရှင်းထားလိုက်မယ်’

ရွှေမှုန်သည် ဒေါသထွက်ပြီး ဖုန်းကို ဂွပ်ခနဲနေအောင် ပစ်ချလိုက်လေသည်။ စိတ်ထဲမှလည်း နည်းမျိုးစုံဖြင့် ထိုင်ပြီး ကျိန်ဆဲနေမိသည်။ သို့ပေမယ့်လည်း ဒင်းက မမှတ်ပါ။ ဖုန်းကို ကောက်ချင်းပြန်ခေါ်သည်။ မကိုင်မချင်း ညဥ့်နက်သန်းခေါင် ဖုန်းသံမြည်နေမှာစိုးသဖြင့် ရွှေမှုန့်မှာ ဖုန်းကို ပြန်ကိုင်လိုက်ရသည်။

‘သူငယ်ချင်းအကောင်းစားလေးရယ် ဖုန်းမချပါနဲ့ဦး။ ပြောစရာကျန်သေးလို့ပါ’

‘နင်နော် စကားကိုကောင်းကောင်းပြော’

‘အေးပါ၊ ဒီတစ်ခါ ကောင်းကောင်းပြောပါ့မယ်။ နင်ပြောမှ သစ်သစ်အကြောင်းသိရတဲ့အတွက် ကျေးဇူးတင်တယ်။ အစက သူနဲ့ဖုန်းပြောတော့ အလကားနေရင်း ပဲများနေတယ်လို့ ထင်ခဲ့မိတယ်။ အခုတော့ ငါ စိတ်မကောင်းဘူး။ သူ့ကို သနားတယ်။ ပြီးတော့ ချစ်တယ်ဟာ၊ ဒီတော့ ငါ သူ့ကို propose

www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ်။ နင် အလကားနေရင်း သူ့နားကပ်မနေနဲ့။ ရှောင်ပေးပါလို့ ကြိုပြောတာ၊ ဟဲ… ဟဲ… ဟဲ…'

'ငါက နင့်လို အလိုက်မသိတတ်တဲ့သတ္တဝါ မဟုတ်ဘူး။ ငါ့ဆီက နောက်ထပ်သတင်းတစ်ခုကြားရင် နင် ဝမ်းသာလုံးဆို့ပြီး တက်တောင်သေသွားဦးမယ်'

'ဟင်… ဟုတ်လား၊ ဘာလဲ၊ ဘာလဲ'

'တနင်္လာနေ့ကျရင် မမမြှုမှုန် ပြင်ဦးလွင်ကို ကားရိုက်သွားဖို့ရှိတယ်။ အဲဒါ အန်တီနီ သိပ်နေမကောင်းလို့ ငါ အဖော်လိုက်သွားပေးရမယ်။ ဒီတော့ တစ်ပတ်လုံး ငါ ကျောင်းမတက်တဲ့အချိန်မှာ ကိုယ့်စီမံကိန်းကိုသာ အောင်မြင်အောင် အကောင်အထည်ဖော်ပေတော့ပေါ့'

'ဟာ… ကောင်းလိုက်တဲ့ အစီအစဉ်ပါလား။ ဩော် နေဦး၊ နင် ပြင်ဦးလွင်က ပြန်လာရင်လေ ဆွယ်တာလှလှလေး တစ်ထည် ဝယ်ခဲ့ပေးစမ်းပါဟာ။ ငါ သစ်သစ်ကို လက်ဆောင်ပေးချင်လို့ပါ'

'ဝေးသေးတယ်ဟေ့၊ ရှာသားအလူ သူကြီးကောင်းမှုကို ရွှေမှုန်တို့က လုံးဝအားမပေးဘဲ'

'ဒါဆိုလည်း ရတယ်ဟေ့၊ ငါ့ဘာသာငါ မမမြှုမှုန်ကို ဖုန်းဆက်ပြီး မှာမှာပေါ့။ ဘာဖြစ်သေးလဲ၊ ဒါပဲဟေ့… ငှဲ… ငှဲ… ငှဲ…'

ဒီတစ်ခါတော့ ဒင်းက အရင်ဦးအောင် ဖုန်းချသွားလေသည်။ ကျက်သရေကိုတုံးတယ်လို့တွေးရင်း နာရီကိုကြည့်မိတော့ ည ၁၁နာရီကျော်နေပြီ ဖြစ်သည်။ အိပ်ရေးမက်သော ရွှေမှုန်



အဖို့ ထပ်မံ စိတ်ညစ်သွားရလေသည်။ မနက်ဖြန်မနက် အတန်းက အစောကြီးသွားဖို့ ရှိသေးသည်လေ။

၆

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊၆၊

သစ်သစ်က ဒီရက်ပိုင်း ကားမမောင်းချင်ပြန်ဟုဆိုကာ ကျောင်းကို ကားမယူလာပါ။ ထုံးစံအတိုင်း ကိုရဲကပဲ အသွားအပြန် တာဝန်ယူရပါသည်။ ထိုအခါ မောင်မောင်ကလည်း ရသည့်အခွင့်အရေးကို အမိအရအသုံးချကာ ကိုယ့်ကျောင်းတောင် ဖြောင့်ဖြောင့်မတက်နိုင်ဘဲ သစ်သစ် နောက်ဆုံးအတန်းချိန် မပြီးခင်လေးမှာ ကျောင်းသို့ အဆင်သင့်ရောက်လို့နေရသည်။ ရွှေမှုန်ကျောင်းမတက်သည့်အချိန်မှာ မောင်မောင်၏ အကြောင်းပြချက်ကတော့ သစ်သစ်တစ်ယောက်တည်း ဖြစ်နေမှာစိုးလို့ အဖော်အဖြစ် ကိုရဲကို ထိုင်စောင့်ပေးခြင်းဆိုတာနဲ့ စတင်ပါသည်။

'ရွှေမှုန့်အစ်မက ရုပ်ရှင်မင်းသမီးနော်၊ သိပ်လှတာပဲ'

'အင်း… ရွှေမှုန်နဲ့က ညီအစ်မသာဆိုတယ်၊ ရုပ်ချင်းက တခြားစီ'

'ရွှေမှုန်လည်း လှပါတယ်'

'သစ်သစ်လောက်တော့ မလှပါဘူးကွာ'

မောင်မောင့်၏ ညုတုတုစကားကြောင့် သစ်သစ်က

www.burmeseclassic.com

www.burmeseclassic.com



အသံလေးထွက်ပြီး တစ်ချက်ရယ်ပါသည်။

'ရွှေမှုန်ကတော့ ပြောတယ်။ နောက်တစ်ခါ သူ့အစ်မ ရန်ကုန်မှာ ရုပ်ရှင်ရိုက်ရင် ခေါ်သွားမယ်တဲ့။ မြင်ဖူးအောင်တဲ့'

'ကောင်းသားပဲ၊ ရိုက်ကွင်းပေါ်မှာ သိပ်ပျော်စရာကောင်းတာ။ မောင်မောင်လည်း လိုက်ခဲ့မယ်'

'မောင်မောင်ရောက်ဖူးလား'

'ရောက်ဖူးတာပေါ့။ မမမြူမှုန်တို့ ရုပ်ရှင်ရိုက်ကွင်းက ထမင်းက အရမ်းစားလို့ကောင်းတာ။ မောင်မောင်တော့ ခဏခဏ သွားစားတာပဲ'

အမှန်တော့ ရုပ်ရှင်ထဲမှ မမမြူမှုန်နဲ့ တွဲရိုက်ရသည့် မင်းသမီးသစ်လေးတွေကို မောင်မောင် သွားအီနေခြင်း ဖြစ်ပါသည်။ ဒါကို ရွှေမှုန်ကသိတော့ ဟားလို့မဆုံး။ အခုတော့ သစ်သစ် သိလို့မဖြစ်။ ဟို ရွှေမှုန်ကိုလည်း ပိတ်စရာရှိတာတွေ ကြိုတင်ပိတ်ဦးမှလို့ ကြံစည်နေမိသည်။

'သစ်သစ်ကတော့ မသွားချင်ပါဘူး'

'ဟင်... ဘာဖြစ်လို့လဲ'

'သစ်သစ်မှ ရုပ်ရှင်ဝါသနာမပါတာ။ အပြင်မှာလည်း ရုပ်ရှင်တစ်ခါမှ မကြည့်ဘူး။ တီဗွီတောင် တစ်ခါတလေ ဖြတ်သွားဖြတ်လာလောက်ပဲ ကြည့်မိတာ'

'နိုင်ငံခြားရုပ်ရှင်တွေကော မကြည့်ဘူးလား'

'ဟင့်အင်း...'

'သီချင်းတွေဘာတွေကော နားထောင်လား'

'သစ်သစ်မှာ ကက်ဆက်တောင် မရှိဘူး'



'အမ်... ဟို... ဒါဆို... စာအုပ်တွေဘာတွေကော ဖတ်ဘူးလား'

'ကျောင်းစာတော့ ဖတ်နေတာပဲ'

မလှုပ်တလှုပ်ပြောနေသော သစ်သစ်၏ ဘေးတစောင်း မျက်နှာလေးကိုကြည့်ရင်း မောင်မောင့်စိတ်ထဲ အားမလိုအားမရ ဖြစ်လာရသည်။ သူမ၏ အကြောင်းတရားလေးတွေကိုသာ ကြိုသိမထားခဲ့လျှင် သစ်သစ်ကို စိတ်ရှည်ဖို့အတွက် မောင်မောင် တော်တော်လေး ကြိုးစားယူရမည်ဖြစ်သည်။ သို့သော်လည်း ယခု အချိန်တွင် သစ်သစ်သည် (မောင်မောင်တို့မသိနိုင်သည့်) ပြင်းထန်သော ခံစားချက် တစ်ပုံတပင်နှင့် မိန်းကလေးမို့ မောင်မောင့်မှာ အသနားတွေပိုပြီး နားလည်ပေးနေခဲ့ပါသည်။

'ရွှေမှုန်ရော၊ မောင်မောင့်မှာပါ အဖေတွေ မရှိတော့ဘူးဆို'

'ဟုတ်တယ်'

'ကောင်းတာပေါ့'

'အမ်...'

သူများတကာတွေမှာ အဖေမရှိတော့တာကို ကောင်းတယ်လို့ပြောလိုက်တဲ့အတွက် မောင်မောင့်မှာ အိလည်လည်ကြီးဆောင် ဖြစ်သွားရသည်။ ဘယ်လိုတွေးပြီး ပြောလိုက်တာပါလိမ့်။ အင်းလေ... သူက အဖေကို မုန်းနေတာဆိုတော့ ပြောမှာပေါ့လို့ ဖြေတွေးရင်း ငြိမ်နေလိုက်ရသည်။

'ရွှေမှုန့်ကို အားကျတယ်။ သူ့ကိုဆို သူ့အမေရော၊ သူ့အစ်မကရော၊ သူ့အဒေါ်ကရော၊ မောင်မောင့်အမေကရော၊

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကရော သိပ်ချစ်ကြတယ်နော်'

'အမ်... မေမေကပဲ ချစ်တာပါ။ မောင်မောင်ကတော့ မချစ်ပါဘူး။ သူနဲ့က တည့်မှမတည့်တာ။ ခဏခဏရန်ဖြစ်လို့ သူတို့အိမ်တောင် မသွားဘူး။ သစ်သစ်ကို စတွေ့တဲ့နေ့ကျမှ အဲဒီအိမ်ရောက်သွားတာ'

သစ်သစ်ကြိုက်နှစ်သက်နိုင်မည့် စကားလုံးလေးတွေကို မောင်မောင်က ရွေးချယ်ပြောလိုက်တော့ သစ်သစ်က ပြုံးပြီး မောင်မောင့်ကို မော့ကြည့်ပါသည်။

'တည်ငင်းပင်ကြီးအောက်မှာ ဒန်းလေးနှစ်ခုရှိတယ်နော်'

'ဟုတ်တယ်။ ငယ်ငယ်တုန်းက အဲဒီဒန်းကို ရွှေမှုန်နဲ့ နှစ်ယောက်လုရလွန်းလို့ ရွှေမှုန်တို့အဖေက မောင်မောင့်အတွက်ပါ တစ်ခုထပ်လုပ်ပေးထားတာ'

'မောင်မောင် ခုထိ စီးသေးလားဟင်'

'မစီးဖြစ်တော့တာ ကြာပါပြီ'

အမှန်တော့ ညနေတိုင်းလိုလို ရွှေမှုန်ဒန်းစီးနေတိုင်း မောင်မောင်မြင်လျှင် ကိုယ်လည်းအပြေးအလွှားသွားစီးပြီး ရွှေမှုန်နဲ့ စကားတွေပြော၊ စကားနိုင်တွေလု၊ ရန်တွေဖြစ်နှင့် ထိုနေရာလေးသည် မောင်မောင်သဘောကျသောနေရာလေးတစ်ခု ဖြစ်ပါသည်။ သို့သော်လည်း ဒါတွေကို သစ်သစ်အား မောင်မောင် မပြောချင်တော့။ ပြောဖို့လည်း မလိုဟု မောင်မောင်သတ်မှတ်လိုက်သည်။

'အိမ်မှာလည်း ကိုရဲကို ဒန်းတစ်ခုလောက် လုပ်ခိုင်းရင်ကောင်းမယ်။ ဒါပေမယ့်လည်း သစ်သစ်တို့အိမ်ရှေ့မှာ အဲလို



သစ်ပင်အကြီးကြီးတော့ မရှိဘူး'

'မရှိလည်း ဘာဖြစ်လဲ။ ဘေးမှာသစ်သားတိုင်နဲ့လုပ်ပေါ့။ ပိုတောင် လှလှလေး လုပ်လို့ရသေးတယ်'

'ကိုရဲကလည်း လုပ်ပေးပါ့မလား မသိပါဘူး။ တစ်နေ့တစ်နေ့ သူ့စာကြည့်ခန်းထဲက ထွက်တယ်လို့မှ မရှိတာ။ ကိုရဲလည်း အလကားပဲ။ သူလည်း သစ်သစ်ကို မချစ်ပါဘူး'

'မဟုတ်တာ သစ်သစ်ရယ်။ ကိုရဲက သစ်သစ်ကို ဒီလောက်ဂရုစိုက်တာ မချစ်ဘဲနေပါ့မလား။ ရွှေမှုန်ဆိုလည်း သစ်သစ်ကို ချစ်တာပဲ။ မောင်မောင်လည်း သစ်သစ်ကို ချစ်တာပဲ'

'မောင်မောင်က သစ်သစ်ကိုချစ်တယ် ဟုတ်လား။ ဘယ်လိုချစ်တာလဲ'

'ခင်ဗျာ...'

တည့်တည့်ကြီးမေးလိုက်သော သစ်သစ်မေးခွန်းကို မောင်မောင်တစ်ယောက် ချက်ချင်းပြန်မဖြေနိုင်လိုက်ပါ။ ဒီမေးခွန်းကို သစ်သစ် ဘာသဘောနှင့်မေးတာလဲ၊ ဘာအဓိပ္ပာယ်လဲ၊ ဘယ်လိုဖြေရင်ရော ကောင်းမလဲ၊ သစ်သစ်ကကော ဘယ်လိုစကားကိုရွေးချယ်သဘောကျနိုင်သလဲ စသည့်လဲပေါင်းများစွာနှင့် မောင်မောင်တစ်ယောက်တည်းလည်ရင်း စဉ်းစားရကြပ်သွားရသည်။

'အင်း... ကိုရဲကားတောင် လာနေပြီ။ မောင်မောင် ညကျရင် သစ်သစ်ဆီ ဖုန်းဆက်လေ'

သစ်သစ်သည် သူပြောချင်သောစကားကို ပြောပြီးသည့်အခါမှာတော့ မောင်မောင့်စကားကိုတောင် စောင့်မနေတော့ဘဲ အနားမှ လျှင်မြန်စွာ ထထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊၇၊

မမမြူမှုန် ကားရိုက်စောစောပြီး၍ ရွှေမှုန်လည်း ငါးကော်ပဲကြာကာ ရန်ကုန်ပြန်ရောက်လာပါသည်။ ရွှေမှုန်ကျောင်းတက်တော့ သစ်သစ်နှင့် တွေ့ပါသည်။

'ရွှေမှုန်ကလည်း ပြန်မရောက်သေးဘူး၊ ကြာလိုက်တာဗျို့ သစ်သစ်က တွေးနေတာ'

သစ်သစ်မျက်နှာလေးက ထိုနေ့တစ်နေ့လုံး ခပ်ပြုံးပြုံးနှင့် စကားတွေလည်း တော်တော်ပြောလှသည်။ ထို့အပြင် ရွှေမှုန့်ကိုလည်း တစ်စုံတစ်ခုကိုပြောဖို့ ကြိုးစားနေမှန်းလည်း သိသာလှသည်။ ရွှေမှုန်ကတော့ မသိချင်ယောင်ဆောင်ရင်း သစ်သစ်ပြောသမျှစကားတွေကို နားထောင်ပေးနေကာ လွတ်သွားသော ကျောင်းစာများကို ပြန်ကူးနေမိသည်။

ညနေပိုင်း အတန်းပြီးသည့်အချိန် နှစ်ယောက်သား ကျောင်းပြင်ကိုထွက်လာကြသည့်အခါမှာတော့ သစ်သစ်ကိုလာကြိုနေသူ ကိုကိုရဲ့ကိုယ်စား မောင်မောင့်ကို ခပ်လှမ်းလှမ်းတွင် သွားတွေကို အတိုင်ပါပါနှင့် ရပ်နေတာ တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေမှုန်က အံ့မယ်… အံ့မယ်လို့ မျက်ခုံးလေးပင့်ကာ ခပ်ပြောင်ပြောင်ပြုံးရင်းပြောတော့ သစ်သစ်က သူ့လက် အေး စက်စက်လေးများနှင့် ရွှေမှုန့်လက်ကို ခပ်တင်းတင်းဆုပ်ကိုင် လိုက်ရင်း ခြေလှမ်းများကို ရပ်တန့်လိုက်ပါသည်။

'ရွှေမှုန်… မောင်မောင်ကလေ သစ်သစ်ကို ချစ်တယ် တဲ့'

ကလေးတစ်ယောက်လို အပြစ်ကင်းစွာပြောလိုက်သော သစ်သစ်မျက်နှာကို ရွှေမှုန်သည် ခပ်ပြုံးပြုံးလေး ပြန်ကြည့်လိုက် သည်။ အမှန်တော့ ဒီကိစ္စကို မနေ့ညကတည်းက မောင်မောင် ပြောပြထား၍ ရွှေမှုန် ကြိုတင်သိပြီးသားဖြစ်သည်။ မောင်မောင် က မသိချင်ယောင်ဆောင်နေနော်လို့ ပြောထားလို့သာ ရွှေမှုန်မှာ ရယ်ချင်ပက်ကျိ မျက်နှာနှင့် ပါးစပ်ပိတ်နေရခြင်း ဖြစ်သည်။

'အဲဒါနဲ့ သစ်သစ်က ဘာပြန်ဖြေလိုက်လဲ'

'သစ်သစ် သူ့ကို ပြန်ချစ်လိုက်ပါတယ်။ ကိုရဲကလည်း ပြောတယ်လေ။ မောင်မောင်က လူကောင်းတစ်ယောက်ပါတဲ့'

စကားကို အထစ်အငေါ့မရှိသော်လည်း ခပ်တိုးတိုး ခေါင်းငုံ့ပြီး ပြောနေသော သစ်သစ်ပခုံးလေးကို ရွှေမှုန်သည် ကြင်နာစွာ ဆွဲဖက်လိုက်ရင်း 'ရွှေမှုန့်ကိုတော့ တစ်ခုခုကျွေးရမယ် နော်' လို့ ရယ်ရယ်မောမောလေးပြောကာ မောင်မောင်စောင့်နေ သော နေရာဘက်သို့ ဆွဲခေါ်လာခဲ့သည်။ မောင်မောင် ညက ပြောခဲ့သလိုပင် သစ်သစ်ဟာ တစ်ခါတလေ တကယ့်ကို သနား စရာကောင်းတာပါပဲလား။



အခန်း ၊၈၊

'ကိုရဲကတော့ သိသွားပြီပေါ့'

'သစ်သစ်က သူ့အစ်ကိုကို ပေါ်တင်ပဲ သွားပြောတယ် ထင်တယ်။ အဲဒီညက ငါ သစ်သစ်နဲ့ဖုန်းပြောပြီး နောက်တစ်နေ့ ကျတော့ ကိုရဲ ငါ့ဆီကို ချက်ချင်း ဖုန်းဆက်လာတယ်။ ဘာမှတော့ ရှည်ရှည်ဝေးဝေး ပြောမသွားပါဘူး။ လိုရင်းတိုရှင်းပဲ။ ငါနဲ့ဆိုရင် စိတ်ချတယ်ဆိုတဲ့အကြောင်းနဲ့ သစ်သစ်ကို နားလည်ခွင့်လွှတ်ပေး ပါပဲ'

နှစ်ယောက်သား ခြံထဲရှိ တညင်းပင်ကြီးအောက်မှ ခုံကို အပြိုင်လွဲစီးရင်း စကားပြောနေကြခြင်း ဖြစ်သည်။

'နင်တို့ ရည်းစားဖြစ်တာကလည်းဟာယ် မြန်ဆန်လိုက် တာ'

'အေး… ငါတောင် မထင်ဘူး'

'နင်က ဘာကိုမထင်တာလဲ'

'ဩော်… သစ်သစ်က ဒီလောက်နားလည်ရခက်တာ။ ငါ့ကို စဉ်းစားဖို့အချိန်တွေဘာတွေတောင် မယူဘဲ ပြန်မြန်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ချစ်လိမ့်မယ်လို့ ငါလည်း ဘယ်ထင်မှာလဲ'

'အေးနော်၊ အံ့သြစရာကြီး'

ရွှေမှုန်က ပြောရင်း ဒန်းကို အသာအရှိန်လျှော့လိုက်တော့ မောင်မောင်ကလည်း သူ့ဒန်းကို အရှိန်ပြန်လျှော့ရင်း-

'သစ်သစ်ကြည့်ရတာ ငါ့ကိုလည်း တော်တော်ချစ်နေတဲ့ပုံပဲ။ အရင်တုန်းကလည်း ရည်းစားတွေဘာတွေ မရှိခဲ့ဖူးတော့ ငါ့အချစ်တွေကို သူပဲ လောဘတကြီး ပိုင်ဆိုင်ချင်တဲ့အနေအထားမျိုးမှာ ရှိနေတယ်။ သူနဲ့ စကားပြောနေတဲ့အချိန်မှာ တခြားမိန်းကလေးအကြောင်း မပြောနဲ့။ နင့်အကြောင်း၊ မေမေ့အကြောင်းပါလာရင်တောင် သူ့မျက်နှာ၊ သူ့လေသံက ချက်ချင်းပြောင်းသွားတာ။ အရမ်းလည်း သဝန်တိုတတ်မယ့်ပုံပဲ'

'အေး... မတော်တဆများ နင့်ရည်းစားဟောင်းတွေနဲ့ လမ်းမှာတွေ့ရင်တောင် ယောင်လို့မကြည့်မိစေနဲ့ပေါ့ဟာ။ နင့်ဟို သစ်သစ်အရင် ကောင်မလေးတစ်ယောက် ရှိပါတယ်။ ဘယ်သူ ဇီရာဆိုလား'

'ဇီဇဝါပါဟာ၊ ကြာပြီ ပြတ်တာ။ ဇာတ်ဟောင်းတွေ ပြန်တူးမနေနဲ့'

'အေးပါ၊ နင့်ဟာနင် ပြေလည်တယ်ဆိုလည်း ပြီးတာပဲ။ သစ်သစ်က သဝန်တိုတတ်တယ်ဆိုလို့ နင် ပြဿနာတက်မှာစိုးလို့ ကြိုတင်သတိပေးနေတာ'

မောင်မောင်က သူ့ဒန်းလေးကို တဖြည်းဖြည်း အရှိန်လျှော့သွားအောင် ရပ်လိုက်တော့ ရွှေမှုန်ကလည်း ကိုယ့်ဒန်းကို ငြိမ်သက်သွားအောင် မြေပြင်ကို ခြေထောက်နှင့် ထောက်ထား



လိုက်သည်။

'ငါ သစ်သစ်ကိုတော့ တကယ်ချစ်တာပါ။ သူ့ကို လက်ထပ်ဖို့အထိတောင် ငါ စဉ်းစားထားတယ်'

'ကောင်းတာပေါ့၊ ဒီကြားထဲမှာ သူ့ကို နင် လိုချင်တဲ့ပုံစံရောက်အောင် ပြုပြင်ယူပေါ့ဟာ။ အချိန်တွေ ရှိသေးတာပဲ'

'ဟဲ့... ရွှေမှုန်'

'ဘာလဲ'

'သစ်သစ်ကို မေမေ သဘောကျမယ် ထင်သလား'

'အန်တီက နင့်ကိုချစ်တာပဲ။ ဘာ အဆင်မပြေစရာရှိလဲ။ အိုကေမှာပါ'

'အင်း... ဒါဆို နင်နဲ့ငါ အမျိုးစပ်ရင် ဘယ်လိုတော်လဲ မသိဘူးနော်'

'ဘာကိုလဲ'

'သြော်... နင်လည်း နောက်ဆို ငါ့မိန်းမရဲ့အစ်ကိုရဲ့ မိန်းမဖြစ်လာမှာဆိုတော့ နင်နဲ့ငါနဲ့က ဘယ်လို အမျိုးတော်သွားသလဲဆိုတော့က...'

'မသာစုတ်... ကိုယ့်ကိစ္စကိုယ်မပြောဘူး။ ငါ့လာချဲ့ထည့်နေတယ်၊ ကဲဟယ်...'

ရွှေမှုန်က လက်သံပြောင်ပြောင်ပင် မောင်မောင့်ကျောပြင်ကို ဗျောတင်လိုက်ပါသည်။ မောင်မောင်က အားခနဲ သူ့ကျောကို ရှုံ့ရှုံ့မဲ့မဲ့ ပွတ်သပ်နေစဉ်မှာပင်-

'မမကို နင့်ရည်းစားအတွက်မှာလိုက်တဲ့ ဆွယ်တာ ကပ်ကြေးနဲ့ကို ညှပ်ပစ်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး အိမ်ထဲ ပြေးဝင်သွားပါသည်။ မောင်မောင်သည် ကျောပြင်မှ စပ်ဖျဉ်းဖျဉ်းဝေဒနာကို ခဏအသာထားပြီး အိမ်ထဲ ကမန်းကတန်း ပြေးလိုက်သွားရလေသည်။

ဖွ

အခန်း ၊၉၊

ည ၉နာရီလောက် ရွှေမှုန် စာကျက်နေစဉ် ဖုန်းသံမြည်လာသောကြောင့် မောင်မောင်ထင်ပြီး ကောက်အကိုင်မှာ ကိုရဲဆီက ဖြစ်နေခဲ့သည်။

'ကိစ္စရှိလို့လား ကိုရဲ'

'ရွှေမှုန် အားရဲ့လား၊ ကျွန်တော် စကားနည်းနည်းပြောချင်လို့ပါ'

'ရပါတယ် ကိုရဲရဲ့၊ ပြောလေ'

'ဟိုတစ်လောက ရွှေမှုန် ခရီးသွားတယ်ဆို'

'ဟုတ်တယ်၊ မမနဲ့ ပြင်ဦးလွင် ခဏလိုက်သွားတာ ခါရက်ပဲ ကြာပါတယ်'

'ပြန်လာတော့ ဘာတွေထူးလဲ'

ကိုရဲအသံက ခပ်ချိုချိုလေးဖြစ်နေသည်မို့ ရွှေမှုန်က ဘက်ခနဲ တစ်ချက်ရယ်လိုက်သည်။

'ကိုရဲလည်း သိပါတယ်နော်'

'ကျွန်တော်က မိန်းကလေးဘက်ကပါ။ ဘာပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ညီမကို စိတ်ချမ်းသာစေချင်တယ်။ ပျော်စေချင်တယ်။ လူ့လောကအသိုင်းအဝိုင်းထဲမှာ ဝင်ဆန့်စေချင်တယ်။ ဒါ ကျွန်တော့်ဆန္ဒပါ။ မောင်မောင့်ကိုလည်း ကျွန်တော် ကန့်ကွက်စရာ မရှိပါဘူး။ သူဟာ မိကောင်းဖခင်သားသမီးတစ်ယောက်၊ ယဉ်ကျေးတဲ့ ပညာတတ်ခေတ်လူငယ်တစ်ယောက်။ ကျွန်တော့်ညီမကို တကယ် မြတ်မြတ်နိုးနိုးချစ်တယ်ဆိုရင်ကိုပဲ ကျွန်တော် ကျေနပ်နိုင်ပါတယ်။ ပြီးတော့ နောက်တစ်ခု ကျန်သေးတယ်'

'ဘာလဲ'

'မောင်မောင်ဟာ ရွှေမှုန့်သူငယ်ချင်းတစ်ယောက် ဖြစ်နေတာကိုပါ'

'ဟင်… ဆိုင်လို့လား ကိုရဲရဲ'

'ရွှေမှုန်နဲ့ဆို ကျွန်တော့်ညီမကို စိတ်ချသလို မောင်မောင့်ကိုလည်း စိတ်ချသွားမိလို့ပါ။ ရွှေမှုန် နားလည်တယ် မဟုတ်လား'

'အံမယ်…'

ကိုရဲ၏အပြောကြောင့် နှစ်ယောက်သား ခပ်တိုးတိုး ရယ်လိုက်ကြသည်။

'ရွှေမှုန်'

'ရှင့်…'

ကိုယ့်နာမည်ခေါ်လို့ ပြန်ထူးလိုက်ပြီးမှ ခေါ်သံက ကိုရဲ့အသံမဟုတ်ဘဲ သစ်သစ်အသံဆိုတာကို ရွှေမှုန် သိလိုက်သည်။

'သစ်သစ် အပေါ်ကဖုန်းကိုင်ထားလား။ ဒီမှာ ကိုရဲ ပြောနေတယ်'



'သစ်သစ် ခဏလေးပဲပြောမလို့ပါ။ ကိုရဲ ဖုန်းမချပါနဲ့'

'ဘာပြောမလို့လဲ သစ်သစ်'

ရွှေမှုန်က အလိုက်တသိပင် ကြိုမေးလိုက်ပါသည်။ ဘယ်အချိန်ထဲက ရွှေမှုန်တို့ ဖုန်းပြောနေတာကို နားထောင်နေလဲ မသိလိုက်ပါ။

'ရွှေမှုန့်ကို ကိုရဲက ချစ်နေတယ်။ အဲဒါကို သူ ဖွင့်ပြောရဲဘူးဖြစ်နေတယ်'

'ဟင်…'

'သစ်သစ် ဘာတွေပြောနေတာလဲ။ အခု ဖုန်းချလိုက်'

'သစ်သစ်လည်း ရွှေမှုန့်သူငယ်ချင်း မောင်မောင့်ကို ပြန်ချစ်ထားတာပဲ။ ရွှေမှုန်လည်း ကိုရဲကို ပြန်ချစ်လိုက်ပါနော်'

သစ်သစ်က သူ့စကားလည်းဆုံးရော ဖုန်းကိုဂလောက် ခနဲနေအောင် ချသွားတော့ ကြောင်တောင်တောင်ဖြစ်ပြီး ကျန်နေခဲ့သူနှစ်ဦးက ကိုရဲနှင့်ရွှေမှုန်ပင် ဖြစ်ပါသည်။ နှစ်ယောက်စလုံး စကားလည်း ဆက်မပြော၊ ဖုန်းကိုလည်း မချဖြစ်ဘဲ အချိန်အတော်ကြာကြာ ငြိမ်သက်သွားကြသည်။ ခဏနေတော့မှ-

'သစ်သစ်က သူပြောချင်တာ စွတ်ပြောသွားတာပါ ရွှေမှုန်၊ စိတ်မဆိုးပါနဲ့နော်။ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်'

တွေ့ခါစထက်စာရင် အများကြီးသွက်လက်လာသော သစ်သစ်အတွက် ရွှေမှုန် အများကြီး ကျေနပ်ပေးခဲ့ပါသည်။ သို့သော် ယခု သစ်သစ်၏လုပ်ရပ်ကတော့ ရွှေမှုန့်ရင်ထဲကို အောင့်သက်သက်ဖြစ်စေကာ မကျေနပ်ချင်စရာကြီး ဖြစ်သွားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၃၀။

တစ်ခါတလေမှာ
"အချစ်"ဆိုတဲ့အရာဟာ
တစ်ခါလေး ကြည့်ရုံလောက်နဲ့ကို
စွဲလမ်းဖြစ်တည်သွားတတ်တယ်တဲ့...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၁၀ ၊

ဒီနေ့မနက် အတန်းကစောသည်မို့ ရွှေမှုန် အိမ်ကထွက်
တော့ မနက် ဂုဏ်ရီပဲ ရှိသေးသည်။ မနက်ပိုင်း စောသေးတာ
ရွှေမှုန်တို့ လမ်းသွယ်လေးထဲမှာ ရွှေမှုန်တစ်ယောက်တည်း
မ်းလျှောက်လျက်ရှိကာ လူရောကားပါ ရှင်းနေပါသည်။ မိုး
ကုန် ဆောင်းဝင်ခါစမို့ မနက်စောစောတိုက်ခတ်နေသော နှင်း
ဆင်းသည့် လေငွေ့တို့ကို ကြည်ကြည်လင်လင် ရှူရှိုက်ရင်း
အေးလူလူ လမ်းလျှောက်လာခဲ့သည်။ ညက မိုးများ နည်း
ည်းရွာသွားလား မပြောတတ်။ ကားဘီးရာနှစ်ခုထဲအတွက်သာ
င်းထားသော သက်သာချောင်ချိရေးကွန်ကရစ်လမ်းနှစ်သွယ်၏
ားဘက်များတွင် ရေလေးတွေ စိုနေတာကို တွေ့နေရသည်။
ခုနေ ကားတစ်စီးစီးကများ အရှိန်ပြင်းပြင်းနှင့် ဘီးချော်ပြီး
အိုင်လေးတွေအား ထိခတ်သွားခဲ့လျှင် ဖွက်ရေတွေက ရွှေမှုန်ကို
နည်းအကျဉ်း အန္တရာယ်ပေးနိုင်တာကို တွေးမိလိုက်သော
ကြောင့် လမ်းထိပ်ကားလမ်းမပေါ် မြန်မြန်ရောက်အောင် ခြေလှမ်း
တွေကို ခပ်သွက်သွက်လေး လှမ်းလိုက်မိသည်။

ကျောင်းရောက်ရင်တော့ သစ်သစ်၏ မ[illegible]တက်တေး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနှင့် ရင်ဆိုင်ရဦးမည်။ မနေ့ညက သစ်သစ်လုပ်ပုံက တကယ့်ကို စိတ်ဆိုးရအခက်၊ ဒေါသထွက်ရအခက်ပုံစံ။ သူ့အတွေးအခေါ်တွေက တော်တော့်ကို နားလည်ရခက်လှသည်။ မောင်မောင်တစ်ယောက်တော့ ဘယ်လိုစခန်းသွားနေလဲ မပြောတတ်။ နောက်မှ ဒီကိစ္စ မောင်မောင့်ကို ပြောပြရမည်။ ကြည့်ကျက် ဆုံးမထားပေးဖို့ပေါ့။ ဘယ်နဲ့ သူ့ဟာသူ မောင်မောင့်ပြန်ကြိုက်တာနဲ့ ရွှေမှုန်ကလည်း ကိုရဲကို မြန်မြန်ပြန်ကြိုက်ရမယ်လို့။ ကွယ်ရာပြောလည်း တော်သေး။ နောက်တာပဲလို့ ဖြေတွေးလို့ရသေးသည်။ အခုတော့ ရွှေမှုန့်မှာ ကိုရဲကို တော်တော်မျက်နှာပူသွားမိသည်။ လုပ်ပုံကိုက လုံးဝမဟုတ်။ ကိုရဲလည်း စိတ်ညစ်သွားမှာ သေချာသည်။ 'ဦးနောက်မှ ကောင်းသေးရဲ့လား သစ်သစ်ရယ်'လို့သာ အော်ပြောလိုက်ချင်သည်။

'အောင်မယ်လေး…'

ကိုယ့်အတွေးနဲ့ကိုယ် လမ်းလျှောက်လာသော ရွှေမှုန်သည် နောက်နားဆီမှ ကားတစ်စီးဖြတ်မောင်းသွားသည်ကို မသိလိုက်ဘဲ ကားဘီးအရှိန်ကြောင့် ဗွက်ရည်များ လုံချည်ကို အေးခနဲလာထိတွေ့မှ လန့်ဖြန့်ပြီး အော်လိုက်မိသည်။

အပြာနုရောင်လုံချည်တစ်ထည်လုံးသည် နီဝါဝါဗွက်ရည်တို့ဖြင့် ဒီဇိုင်းတစ်မျိုးဆန်းကာ တော်တော်လေးကို လှပသွားပါသည်။ ဩော်… ငါ့နှယ် သတိထားနေပါလျက်နဲ့လို့ ကိုယ့်ဟာကိုယ် အပြစ်တင်ရင်း ကျောင်းပဲ ဒီပုံအတိုင်းဆက်သွားရင်ကောင်းမလား၊ အိမ်ပြန်ပြီးပဲ အဝတ်အစားပြန်လဲရင် ကောင်းမလားနှင့် ချီတုံချတုံ ဖြစ်နေမိသည်။ ဗွက်စင်အောင် လုပ်သွား



[…]သောတရားခံကားကတော့ ခပ်လှမ်းလှမ်း လမ်းထိပ်နားသို့ပင် [ရော]က်သွားပြီဖြစ်သည်။ သေချာကြည့်မိတော့ ကားက BMW [အမျိုး]အစား အနက်ရောင် ကားအကောင်းစားကြီးတစ်စီး ဖြစ်နေ[သ]ည်။ အင်းပေါ့လေ… ကားက ကောင်းလွန်းနေတော့လည်း [နော]က်သံကို ရုတ်တရက် ဘယ်ကြားမိမလဲလို့ ကိုယ့်ဟာကိုယ် [ဖြေ]တွေးတွေးလိုက်ရင်း ခြေလှမ်းတွေကို အိမ်ဘက်သို့သာ ပြန်[လှ]ည့်လိုက်တော့သည်။ ဒီနေ့မနက် အတန်းကတော့ မီမှာ မဟုတ်[ဆို]တာ သေချာပါသည်။

လုံချည်လေးမပြီး အိမ်ဘက်ပြန်လှည့်လာသော ရွှေမှုန့်[ခြေ]ထဲတွင် နောက်ဘက်ဆီမှ ကားတစ်စီးလာနေသောအသံကို [ကြ]ားလိုက်ရတာမို့ ဒီတစ်ခါတော့ ခုနကလို ထပ်မဖြစ်အောင် [ကြို]ကြိုတင်တင် လမ်းဘေးဆင်းပေးလိုက်ပါသည်။ နို့မို့လို့ကတော့ အိမ်ပြန်ရောက်ရင် အဝတ်အစားပြန်လဲရုံတင်မကဘဲ ခေါင်း[လျှော်]ပြီး ရေချိုးပစ်ရမည့်ကိန်းသို့ ဆိုက်သွားနိုင်သည်လေ။

ကားက ရွှေမှုန့်အနားကို အရောက်မှာတော့ နည်းနည်း[လေး]ကျော်ပြီး တိခနဲရပ်သွားလေသည်။ ဟင်… ကားခေါင်းက [ဒီ]ဘက်မလှည့်ဘဲ ရွှေမှုန်နဲ့မျက်နှာချင်းဆိုင်ကြီးဆိုတော့ နောက်[ပြန်]ဆုတ်လာတဲ့ကားပေါ့။ ဒါဆိုရင် အယ်… လက်စသပ်တော့ [ခုန]က BMW ကားကြီးပါလား။ ဗွက်ပေအောင် လုပ်သွားသော [တ]ရားခံကားကြီး ဖြစ်နေပါသည်။ ကားအနက်ကြီးသည် ခပ်မှိုင်း[မှိုင်း] မှန်ညိုညိုများ ပတ်ပတ်လည်ကာရံထားသည်မို့ အထဲမှလူ[ကို] သဲသဲကွဲကွဲ ရွှေမှုန်မမြင်ရပါ။ ထိုစဉ်မှာပင် ကားကို စက်[မ]သတ်ဘဲ ရှေ့ခန်းတံခါးက ချပ်ခနဲပွင့်လာပြီး လူတစ်ယောက် ဆင်း

www.burmeseclassic.com

www.burmeseclassic.com



လာပါသည်။

ရွှေမှုန်သည် မျက်နှာချင်းဆိုင်မှ အရပ်မြင့်မြင့်၊ အသား ညိုညိုနှင့် ယောကျ်ားတစ်ယောက်ကို ရုတ်တရက်မို့ ငေးနေအောင်ကို ကြည့်သွားမိပါသည်။

အဖြူရောင် ရှပ်အင်္ကျီလည်ကတုံးနှင့် အနက်ရောင် ယောပုဆိုးလုံချည်တို့ကို ယှဉ်တွဲဝတ်ထားသော ယောကျ်ားပီသသည့် အသွင်အပြင်နှင့် ထိုယောကျ်ားသည် ရွှေမှုန် တွေ့ဖူးသော ယောကျ်ားတွေထဲတွင် အခန့်ညားဆုံးနှင့် ကြည့်လို့အကောင်းဆုံး ယောကျ်ားတစ်ယောက်ပဲလို့ တိတ်တဆိတ် သတ်မှတ်လိုက်ရင်း လက်ထဲမှာ ကိုင်ထားသော လုံချည်စကိုလည်း မသိမသာလေး ဖြည်ချလိုက်မိသည်။

'ကျွန်တော့်ကြောင့် အဝတ်အစားတွေ ညစ်ပတ်ကုန် တာ တောင်းပန်ချင်လို့ပါ ခင်ဗျာ။ ကျွန်တော် ဘာလုပ်ပေးရ မလဲ'

ယဉ်ကျေးသိမ်မွေ့စွာပြောလာသော သူ့စကားအဆုံး မှာတော့ ရွှေမှုန့်မျက်နှာလေးက ပြုံးပြုံးကြီး ဖြစ်သွားရတော့ သည်။

'ဘာမှမဖြစ်ပါဘူး။ မတော်တဆပဲဟာ။ ရွှေမှုန်တို့အိမ် က ဟိုနားမှာ နီးနီးလေး။ အဝတ်က ပြန်လဲလို့ရပါတယ်'

'ကျွန်တော် အနောက်ကနေမြင်တယ်။ ရွှေမှုန်နော် ဟုတ်လား။ အင်း... ရွှေမှုန်က ကျွန်တော့်ကားသံကို မကြား ဘူး။ ဟွန်းတီးလိုက်ရင် လန့်သွားမှာစိုးလို့ ဘေးကိုချမောင်းလိုက် တာ ပိုဆိုးသွားတယ်'

'အဟီး... ဟုတ်လား။ ဟို... ရွှေမှုန်လေ စာ... ...... အဲ... ကျောင်းမှာ... အဲ... သင်ရမယ့်စာတွေကို ...နေမိလို့ပါ'

'ကျောင်းသွားမလို့လား'

'ဟုတ်'

'ကျွန်တော့်နာမည် 'စဝ်နိုင်' ပါ။ ခုလိုဖြစ်ရတဲ့အတွက် ...ကောင်းဘူး။ ကျွန်တော် တောင်းပန်ပါတယ်နော်'

'အဟင်း... ရပါတယ်။ ဟို... ရွှေမှုန် သွားဦးမယ် နော်'

လူကြီးမင်းကြီး ကားပေါ်မတက်ခင်မှာပင် ရွှေမှုန် သူ့ ...မှ ခပ်သုတ်သုတ် လစ်ထွက်လာခဲ့တော့သည်။ ငါ့နှယ်... ...လိုက်တာ ကားတစ်စီးလုံး နောက်ကပါလာတာတောင် မသိ ...ရယ်လို့။ အဲဒီလူကြီးကတော့ ဒီကောင်မလေး မနက်စော ...စီးစီး ဘယ်ရည်းစားအကြောင်း တွေးနေလဲမသိဘူးလို့ ထင် သွားမှာပဲ။ မှားပါတယ်။

ရွှေမှုန့်မှာ ခပ်သွက်သွက်လမ်းလျှောက်ရင်း နောက်ကို ပြန်လှည့်ကြည့်ချင်သော်လည်း လုံးဝပြန်မကြည့်ရဲပါ။မတော်တဆ သူက ကြည့်နေပါရင် ရွှေမှုန် ခလုတ်တိုက်သွားနိုင်သည်။ နောက် ကျောမလုံစွာ အိမ်ရှေ့မြန်မြန်ရောက်အောင် လမ်းလျှောက်ရင်း လုံချည်တွေတုတ်ပြီး မှောက်လျှားထိုးလဲမကျအောင် ကိုယ့်ခြေ လှမ်းတွေကို မနည်း သတိထားပြီး လှမ်းနေရသည်။

မျက်လုံးထဲမှာတော့ ချောမောခန့်ညားသည့် ယောကျ်ား တစ်ယောက်၏မျက်နှာကိုမြင်ယောင်ရင်း ရင်ထဲမှာလည်း ကတုန်

www.burmeseclassic.com

www.burmeseclassic.com



ကယင် ဖြစ်နေရသည်။ နာမည်က စဝ်နိုင်တဲ့။ ခပ်ရိုးရိုးပေမယ့် ယောက်ျားဆန်သည့် နာမည်တစ်ခု။ ပုံစံကတော့ ရွှေမှုန့်ထက် နည်းနည်းတော့ကြီးလိမ့်မည်။ အဟဲ… ဒါဆိုရင် ကိုကိုစဝ်နိုင် ဒါမှမဟုတ် ဦးဦးစဝ်နိုင်ပေါ့လို့ ကိုယ့်ဟာကိုယ် သဘောတကျ တွေးရင်း ခြံပေါက်ဝရောက်လာတော့ မျက်လုံးက မနေနိုင်မထိုင်နိုင် နောက်သို့လှည့်ကြည့်မိသည်။ ကြည့်တာမှ တကယ့်ကို ပြုံးပြုံးကြီး ကြည့်လိုက်မိခြင်းပါ။

ဟယ်…

သူသည် ထိုနေရာမှာပင်ရပ်နေကာ ထွက်မသွားသေး ဘဲ ရွှေမှုန့်ကို လှမ်းကြည့်နေတုန်းပါပဲလား။

ရွှေမှုန့်သည် မျက်နှာတစ်ပြင်လုံး နီရဲသွားအောင် ရှက် သွားကာ ရင်တဒုတ်ဒုတ်ခုန်ရင်း ခြံတံခါးကို အတင်းတွန်းဖွင့်ပြီး ခြံထဲကို ခုန်ပေါက်ဝင်သွားမိလေသည်။

၀၃

အခန်း ၊၁၁၊

ညနေဘက် မောင်မောင်တို့ခြံထဲတွင် မေမေနှင့်အန်တီ ငြိမ်းက သစ္စင်တိုင်တွေမှာ သဇင်ဥတွေစိုက်နေကြသည်မို့ ရွှေမှုန့် မှာ လူကြီးနှစ်ယောက်အနားတွင် လက်တိုလက်တောင်းခိုင်းတာ လုပ်ပေးနေရလေသည်။

မေမေနှင့် အန်တီငြိမ်းမှာ လိုက်လဲလိုက်သည့် အိမ်နီး ချင်းမိတ်ဆွေကောင်းများပင် ဖြစ်သည်။ တစ်နေ့ တစ်နေ့ သူတို့ အလုပ်မှာ ဘုန်းကြီးကျောင်းသွားလိုက်၊ သီလရှင်ကျောင်းသွား လိုက်၊ သစ်ပင်တွေစိုက်လိုက်ကြနှင့် ညီအစ်မအရင်းတွေလို တော် တော်ပင် တည့်ကြသည်။ မေမေသည် နိုင်ငံကျော်ရုပ်ရှင်မင်းသမီး တစ်ယောက်၏အမေဖြစ်သော်လည်း မမ၏အလုပ်ကို တစ်ချက် လေးမှ ဝင်ရောက်စွက်ဖက်ခြင်းမရှိသလို မမနောက်သို့လည်း အခြားမင်းသမီးတွေ၏အမေလို တကောက်ကောက်လိုက်ခြင်းမျိုး ဘယ်တုန်းကမှ မရှိခဲ့ပါ။ မေမေ့ညီမအငယ်ဆုံး အဖျိုကြီးအန်တီနီ နှင့်သာ မမကို စိတ်ချလက်ချ လွှဲအပ်ထားတော့သည်။ အန်တီ ငြိမ်းကကော ဘာထူးလဲ။ မောင်မောင်တို့အဖေ ဆုံးကတည်းက မေမေနှင့် ပိုခင်တွယ်လာသည်မှာ ခုထိ စားအတူ လာအတူ။

www.burmeseclassic.com

www.burmeseclassic.com



တော်ကြာနေ ရိပ်သာတွေဝင်လိုက်ကြ၊ နယ်ကို ဘုရားဖူးထွက်လိုက်ကြ၊ တစ်ခါတစ်ရံ ဗုဒ္ဓဂယာသို့ပင် ခြေစကြာက ဖြန့်လိုက်ကြသေးသည်။ နှစ်ယောက်စလုံးက မုဆိုးမကြီးတွေမို့ ပိုလို့ပင် အဖော်ရကာ တွဲမိနေကြခြင်းဖြစ်သည်။

ရွှေမှုန်က သဖင်ပန်းဥတွေကိုထိုးဖို့ သွားကြားထိုးတံလေးတွေကို ထုတ်ပေးနေစဉ်မှာပင် ခြံထဲသို့ မောင်မောင့်ကားလေးက အရှိန်ပြင်းပြင်းနှင့်ဝင်လာသည်။ အန်တီငြိမ်းက ကားပေါ်ကဆင်းလာသော သူ့သားကို မျက်မှောင်တစ်ချက်တွန့်ကြည့်ရင်း သူ့အလုပ်သူ စိတ်ပါဝင်စားစွာ ဆက်လုပ်နေသည်။

မောင်မောင်က လူကြီးနှစ်ယောက်နား ကုန်းကွကွလုပ်နေသော ရွှေမှုန့်ကိုလှမ်းကြည့်ရင်း 'လာဦး'ဟုဆိုကာ လက်ယပ်ပြသည်။ ရွှေမှုန်က 'ဘာတုန်း'လို့ ပြန်အော်တော့ 'ခဏလာဦး'ဟုဆိုတာ ခြေထောက်ကို စိတ်မရှည်သလို ဆောင့်ပြသည်။ ရွှေမှုန်သည် မောင်မောင့်အမူအယာကြောင့် အနည်းငယ် ရယ်ချင်သွားကာ လူကြီးနှစ်ယောက်နားမှ ထထွက်လာခဲ့သည်။ ကိုရွှေမောင့်မျက်နှာက မှုန်ကုတ်ကုတ်နှင့် ဘာဖြစ်လာပြန်လဲ မသိ။

'ဒန်းစီးရင်း စကားသွားပြောမယ်'လို့ မောင်မောင်က ပြောတော့ ရွှေမှုန်ကလည်း မငြင်းဘဲ ခြံစည်းရိုးဘေး ခွေးတိုးပေါက်မှ တစ်ဖက်ခြံကိုကူးဖို့ နှစ်ယောက်သား ပြင်ကြတော့သည်။ ခြံစည်းရိုးဘေးမှာ ကုန်းကုန်းကွကွနှင့် တိုးဖို့ပြင်ဆင်နေသော ရွှေမှုန့်ကို မေမေက-

'ပြန်လာဦးမှာလား ရွှေမှုန်၊ မေမေ မပြီးသေးဘူးနော်'

'သန်းကြည်ကို လွှတ်လိုက်မယ် မေမေ၊ မောင်မောင် ဒန်းသွားစီးမလို့'

မေမေ စကားမရှည်ခင် မြန်မြန်လစ်ရမှာမို့ ရှေ့ခြံစည်းပေါက်မှာ တစ်ဆို့ဆို့ဖြစ်နေသော မောင်မောင့်ဖင်ကို အတင်းတွန်းထည့်လိုက်ရင်း ရွှေမှုန့်မှာ ခပ်မြန်မြန်လေးကူးလိုက်ရသည်။ ခြံထဲကိုရောက်တော့ မောင်မောင်က သူ့ကျောပိုးအိတ်ကိုမြက်ခင်းပေါ် ပစ်တင်လိုက်ပြီး ဒန်းကို အရှိန်ပြင်းပြင်းနှင့် စီးတော့သည်။

ရွှေမှုန်က သန်းကြည်ကို မေမေ့ဆီသွားဖို့အော်ပြောရင်း မောင်မောင်စီးနေသောအရှိန်က ကိုယ့်လာထိမှာစိုးတာမို့ ဒန်းမစီးဘဲ ဒင်းနဲ့လွတ်ရာကျွတ်ရာ မြက်ခင်းပေါ်မှာ အသာထိုင်လိုက်ရသည်။ မောင်မောင် ဒန်းစီးနေတာကိုကြည့်မိတော့ ဖေဖေ့ကို လွမ်းမိသည်။ ရွှေမှုန် ၃နှစ်အရွယ်လောက်ကတည်းက ဒီဒန်းလေးတွေကို ဖေဖေလုပ်ပေးခဲ့ခြင်း ဖြစ်သည်။ ဖေဖေ စလုပ်ပေးခဲ့တုန်းကတော့ တစ်ခုတည်းပင်။ မမက ဒန်းစီးတာ ခေါင်းမူးတယ်ဆိုပြီး ဘယ်တော့မှမစီး။ မောင်မောင်တို့ ဟိုဘက်ခြံရောက်လာတော့ ဒင်းက ရွှေမှုန့်ဒန်းကို လာလာပြီး လုစီးတော့သည်။ ရွှေမှုန်မှာ နေ့တိုင်း အာပြဲအောင် အော်ငိုရသည်မှာ အလုပ်တစ်ခု။ မောင်မောင်ကလည်း အလျှော့မပေး။ နောက်တော့ ဖေဖေက မောင်မောင့်အတွက် ဒန်းအသစ်တစ်ခု ခပ်မြန်မြန်ဆင်ပေးလိုက်မှ ပြဿနာက အေးတော့သည်။

ခုတော့ ဒီဒန်းလေးနှစ်ခုက ရွှေမှုန့်တို့တစ်သက်နီးပါးပင်။ ကြိုးနှင့်ခုံလေးတွေကိုတော့ တစ်နှစ်တစ်ခါမှန်မှန်လဲပေးရပါသည်။ ဖေဖေသည်လည်း မရှိတော့။ သို့သော် ရွှေမှုန့်တို့နှစ်ယောက်ကတော့ ဒီဒန်းလေးတွေကို နှစ်ခြိုက်စွာ စီးနေကြတုန်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တညင်းပင်ကြီးကို လှမ်းကြည့်မိတော့ အပင်ကြီးသည် အိုလှပြီ ဖြစ်သော်လည်း အကိုင်းအခက်၊ အရွက်အလက်တွေက အရင်ကထက်တောင် ကြံ့ခိုင်လတ်ဆတ်လို့ပင် နေသေးသည်လို့ ထင်ရပါသည်။ အသီးတွေကတော့ မသီးတော့တာ ကြာပြီဖြစ်သည်။

ရွှေမှုန်တို့ခြံက မောင်မောင်တို့ခြံထက် ပိုကျယ်ပြီး မြက်ခင်းပြင်ပြန့်ပြန့်ကြီးကလည်း ခပ်ကျယ်ကျယ်နှင့် လှလှပပရှိသည်မို့ ယခုလို ညနေစောင်းအချိန်မျိုးတွင် သာသာယာယာနှင့် ထိုင်လို့ကောင်းလှသည်။ ဒီလို သာယာမှုလေးမျိုးကို ကြည်ကြည်နူးနူး ခံစားရသည့်အချိန်မှာတော့ တစ်ခါတည်းသာ ဆုံဖူးလိုက်သည့် စဝ်နိုင်ဆိုသော ယောကျ်ားတစ်ယောက်ကို သတိရမိပြန်သည်။ အဲဒီနေ့က ကြည်နူးစွာခံစားခဲ့ရသော ရင်ခုန်သံတွေက အခုအချိန်ထိ အရှိန်ကမပြယ်ချင်သေး။

'ရွှေမှုန်'

လာပြီ၊ အသံပြဲကြီးနှင့် အရေးကောင်း ဒိန်းဒေါင်းဖျက်ပြီလို့ တွေးလိုက်မိသည်။

'နှင် မနက်ဖြန် အတန်း ဘယ်အချိန်ပြီးမှာလဲ'

အသံက သိပ်ချိုသာနေသည်မို့ မောင်မောင်တို့ တစ်ခုခုခိုင်းချင်ရင် သိသာလွန်းလှသည်။

'ဘာလုပ်မလို့လဲ'

'သစ်သစ်ကွာ၊ ပြဿနာရှာနေလို့'

'ဖြစ်ပြီ၊ ရည်းစားဖြစ်တာ မကြာသေးဘူး။ အသံကကြားရပြီ'



'ငါက သူ့ကို အလိုလိုက်ပါတယ်။ တစ်ခါတလေ ဆိုပ်ဂျီကျလာရင်တော့ စိတ်ညစ်ဖို့ကောင်းတယ်။ ဒီမှာ နှင့်ကို ငါ တစ်ခုမေးရဦးမယ်။ နှင်နဲ့ ယောက်ဖလောင်းနဲ့က ရည်းစားတွေဖြစ်ကြတော့မှာဆို'

ပြောရင်း မောင်မောင်က ဒန်းပေါ်မှဆင်းပြီး ရွှေမှုန့်အနား လာထိုင်ပါသည်။ ရွှေမှုန့်မှာတော့ မောင်မောင့်စကားကြောင့် အလန့်တကြားဖြစ်သွားရရင်း-

'နှင့်ကို ဘယ်သူပြောလဲ'

'သစ်သစ်ပဲ ပြောတာပေါ့။ အခု နှင်က စဉ်းစားနေပြီ အဖြေပေးဖို့ပဲ ကျန်တော့တယ်တဲ့'

'အာ… ပေါက်ပေါက်ရှာရှာ၊ သစ်သစ်ကတော့ သူဖြစ်စေချင်တာတွေ လုပ်ကြံပြီး ပြောနေပြန်ပြီ'

ရွှေမှုန်သည် ရှုံ့ရှုံ့မဲ့မဲ့လေးညည်းရင်း ကိုရဲ ဖုန်းဆက်တုန်းက သစ်သစ်ကြားဝင်ပြောလိုက်သည့် အကြောင်းအရာကိုပါ တစ်ဆက်တည်း ပြောပြလိုက်သည်။ မောင်မောင်က ရွှေမှုန့်စကားတွေကို လူက ငြိမ်ငြိမ်သက်သက် နားထောင်နေပေမယ့် လက်ကမငြိမ်သက်ဘဲ မြက်ပင်တွေကိုဆွဲနုတ်နေသည်မို့ ပြောရင်းမှ မြက်တွေကိုမနုတ်ဖို့ ဒင်းလက်ကို လှမ်းရိုက်လိုက်ရသေးသည်။

'အေးဟာ… ခက်တော့ခက်သား။ သူ့အတွေး၊ သူ့ဦးနှောက်တွေထဲမှာ ဘယ်လို အသိတရားတွေ ခိုအောင်းနေသလဲဆိုတာ ငါ သေချာလေ့လာပါဦးမယ်။ အဲဒါကို ခဏထားလိုက်ဦး။ ဒီမှာ မနက်ဖြန် သစ်သစ်က မနက်ပိုင်း ဘုရားသွားချင်တယ် ဂျီကျနေတယ်။ မေမေကလည်း သူ့ကို ဘဏ်ပို့ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသွားလို့ပြောထားတယ်။ အဲဒါ လုပ်စမ်းပါဦး'

'အမ်… လာပြီ၊ ငါက ဘာကိုလုပ်ရမှာလဲ'

'ကူညီရမယ်လေဟာ၊ နင်ကူညီရင် ပြေလည်မှာပါ'

'ဘယ်လိုကူညီရမှာလဲ၊ ရှုပ်ကိုရှုပ်တယ်'

'လိမ္မာပါတယ်ဟာ၊ မေမေ့ကို နင်ပဲ ဘဏ်လိုက်ပို့ပေး လိုက်ပါနော်။ မေမေက နင်နဲ့ဆို ပြေလည်ပါတယ်။ ငါက ဟို ဘက်မှာ ပြဿနာကြီးသွားနိုင်လို့ပါ။ နော်ပါဟာ… နော်… နော်…'

သူ ခိုင်းချင်တော့ တနော်နော်နှင့် နော်နေသော မောင် မောင့်မျက်ခွက်ကိုကြည့်ရင်း ရွှေမှုန် မျက်စောင်းထိုးရင်း ပြုံးလိုက် သည်။

'မနက်ဖြန်နေ့လယ်မှ ငါ ကျောင်းသွားရမယ်။ အန်တီ ကိစ္စကို ငါပဲ တာဝန်ယူလိုက်ပါ့မယ်။ နင့်ဘာသာနင် စိတ်ဖြောင့် ဖြောင့်သွား၊ ဟုတ်ပြီလား'

'ငါ့သူငယ်ချင်း တော်တော်ချစ်ဖို့ကောင်းတာပဲ ကျေးဇူး… ကျေးဇူး…'

ပြောပြီး မောင်မောင်က ရွှေမှုန့်ဆံပင်တွေကိုဆွဲဖွ ကျောပိုးအိတ်ကို တရွတ်တိုက်ဆွဲရင်း သူ့ခြံဘက်ကို ပြေးထွက် သွားပါတော့သည်။ ငယ်ငယ်ကတည်းက တွယ်တာလာရသော သံယောဇဉ် ဗရပွနှင့် သူငယ်ချင်းမို့ မောင်မောင်ပျော်ရင် ရွှေမှုန် ပျော်သလို မောင်မောင် စိတ်ချမ်းသာရင် ရွှေမှုန်လည်း စိတ် ချမ်းသာပါသည်။



အခန်း ၊၁၂၊

'ရွှေမှုန့်ကို မောင်မောင် အနိုင်ယူနေကျဆိုတာ အန်တီ သိတယ်။ ကောင်းပါတယ်၊ အခုတော့လည်း ဒင်းဝဋ်က လည်နေ ပြီပဲ'

မနက်ပိုင်း အန်တီငြိမ်းကို ဘဏ်ကို ရွှေမှုန်ပဲ လိုက်ပို့ ပေးမယ်ဆိုပြီး သွားခေါ်တော့ အန်တီက မျက်လုံးပြူးပြီး သူ့သား ကို လှမ်းကြည့်တော့သည်။ မောင်မောင်ကလည်း ရွှေမှုန်ရောက် လာတာနှင့် သူ့အမေခါးကိုဖက်၊ ပါးနစ်ဖက်ကို အားရပါးရနမ်း ပြီး အမြန်ဆုံး သုတ်ခြေတင်တော့သည်။ အန်တီငြိမ်းမှာ ပါးစပ် က 'ဟဲ့…'တစ်ခွန်းပဲ ပြောခွင့်ရလိုက်ပါသည်။ ဒီတော့လည်း အားပေါ်ရောက်တာနှင့် အန်တီငြိမ်း၏ မကြည်လင်သော စကား တွေကို ရွှေမှုန် စတင်ပြီး ကြားရတော့သည်ပေါ့။

'ဒီနေ့မနက်ပိုင်း ရွှေမှုန် အတန်းမရှိပါဘူး အန်တီရဲ့။ မောင်မောင်က မနက်ပိုင်းတစ်ချိန်ရှိနေလို့ ရွှေမှုန့်ကို ပို့ခိုင်းတာ ပါ။ မပို့လည်း ရွှေမှုန် အားနေတာပဲ'

'အန်တီ မသိတာလိုက်လို့ သမီးရယ်။ ဒီကောင့်ဘက် က ကာပေးမနေနဲ့။ ဟင်း… ခုနေများ ဒင်းတွားနောက်က

www.burmeseclassic.com

www.burmeseclassic.com



လိုက်ချောင်းကြည့်စမ်း၊ သူ့မိန်းကလေးအိမ်ရှေ့ ရောက်မနေဘူး ဆိုရင် အန်တီ ခေါင်းဖြတ်ခံတယ်'

အန်တီငြိမ်းက အားလုံးကိုသိနေကာ ဒေါသသံလေးနှင့် ပြောတော့ ရွှေမှုန်မှာ ဇက်ကလေးပုပြီး ပါးစပ်ပိတ်ထားရသည်။

'အဲဒီ သစ်သစ်ဆိုတဲ့ကောင်မလေးကို သူ့မှာ အောက်ကျခံပြီး ပြောနေလိုက်တာ။ ဟိုက ပြန်ပြောတာများ တင်းနေတာပဲ။ ဒင်း တုတ်တုတ်တောင် မလှုပ်ရဲဘူး။ အန်တီကလည်း ဖုန်းကို တမင်ခိုးနားထောင်တာမဟုတ်ဘူး။ ကိုယ့်ဟာကိုယ် တစ်နေရာဆက်မလို့ ကိုင်မိတာပါ။ အဲဒီခဏလေးမှာတောင် ကြားနေရတဲ့ စကားလုံးတွေက အန်တီ့စိတ်ထဲ မခံချိမခံသာ ဖြစ်ရလွန်းလို့ ဖုန်းကို ပြန်ချလိုက်ရတယ်'

မောင်မောင်နဲ့သစ်သစ် ဘယ်လိုစခန်းသွားနေကြလဲ ရွှေမှုန်လည်း မခန့်မှန်းတတ်တော့။ ကျောင်းမှာတွေ့တော့လည်း သစ်သစ်က အေးအေးဆေးဆေးမို့ နားလည်ရခက်လှသည်။

'အဲဒီမိန်းကလေး ဖြူသလား၊ မည်းသလား အန်တီ မမြင်ဖူးပါဘူး။ ဒါပေမယ့်လည်း အသံကိုနားထောင်တာနဲ့တင် ဒီမိန်းကလေးရဲ့ စိတ်အတွင်းသဏ္ဍာန်ကို အန်တီ ခန့်မှန်းနိုင်ပါတယ်။ သူ့ကို ဒီကိစ္စနဲ့ပတ်သက်ပြီး အန်တီ ဘာမှမပြောသေးတာက စောင့်ကြည့်နေတဲ့သဘော။ သူ ဘယ်လောက်ကြာကြာ တွဲမလဲ အန်တီ ခဏစောင့်ပေးနေတာ'

သစ်သစ်ဟာ ရွှေမှုန့်သူငယ်ချင်းပါ။ မောင်မောင်နဲ့လည်း ရွှေမှုန်ပဲမိတ်ဆက်ပေးလိုက်တာပါ။ သစ်သစ်ဟာ အတိတ်ခံစားချက်တွေရှိတဲ့ မိန်းကလေးမို့ ရွှေမှုန်တို့တောင် လစ်လျူရှုပြီး ခွင့်လွှတ်နေခဲ့ရတာပါ။ အကြောင်းမသိတဲ့သူတွေအတွက်ကတော့ မျက်စိထဲ ကန့်လန့်ဖြစ်ကာ မုန်းတီးချင်စရာ ဖြစ်နေရတာပေါ့ အစရှိသည်ဆိုတာတွေကို ပါးစပ်ကနေတော့ ထုတ်ဖော်မပြောဖြစ်ဘဲ စိတ်ထဲကနေသာ ကျိတ်ပြီး ရှင်းပြနေမိသည်။

'ရွှေမှုန်...'

'ရှင်... အန်တီ...'

'သမီး မောင်မောင့်ကို မချစ်ဘူးလား'

'ချစ်ပါတယ် အန်တီ'

'မဟုတ်သေးဘူး၊ အန်တီမေးတာက လက်ထပ်ဖို့အထိ ရည်ရွယ်တဲ့ ရွှေမှုန့်ရဲ့ အိမ်ထောင်ဖက်တစ်ယောက်အဖြစ် မချစ်ဘူးလားလို့ မေးတာ'

ရှည်ရှည်ဝေးဝေးမေးလိုက်သော အန်တီငြိမ်း၏မေးခွန်းကြောင့် ရွှေမှုန်သည် အနည်းငယ် ပြုံးစိစိဖြစ်သွားရင်း-

'အန်တီရယ်... မောင်မောင်နဲ့သမီးက ဟိုးပီစီကွေးကတည်းက သူငယ်ချင်းတွေပါ။ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်တွေကလည်း ကြီးပါတယ်။ အပြန်အလှန်လည်း နားလည်မှုတွေ ရှိကြပါတယ်။ ပြီးတော့ ဘယ်တော့မှလည်း လက်တွဲဖြုတ်ကြမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒါတွေအားလုံးဟာ အဖြူရောင်တွေချည်းပါ။ အဲဒီ သန့်ရှင်းတဲ့အဖြူရောင်နဲ့ပဲ သမီးတို့နှစ်ယောက်ဟာ တစ်သက်လုံးချစ်သွားချင်ပါတယ်'

ရွှေမှုန်၏ အလျှောက်ကောင်းမှုကြောင့် အန်တီငြိမ်းသည် ဘာမှ ပြန်မပြောနိုင်ဘဲ သက်ပြင်းရှည်ကြီးတစ်ချက်သာ ချလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ–

ခပ်တိုးတိုး မှတ်ချက်တစ်ခုချသည်။

အန်တီငြိမ်း၏ မှတ်ချက်ချသံ၏ကိုကြားအပြီးမှာတော့ ရွှေမှုန်သည် အသံလေးထွက်အောင်ပင် သဘောကျကာ ရယ် လိုက်မိသည်။

အန်တီငြိမ်းပြောသော စကားမှာ–

'ဟိုအကောင်ကလည်း ဒီအတိုင်းပဲ ပြောတာပဲ' တဲ့။

၄၅

အခန်း ၊၁၃၊

ဘဏ်ရောက်တော့ ကားရပ်ဖို့က တော်တော်ခက်ခဲ သည်မို့ အန်တီငြိမ်းကို အရင်ဆင်းခိုင်းပြီး ရွှေမှုန်မှာတော့ ပြန်သွားအောင် Parking ကို ခက်ခက်ခဲခဲရှာဖွေလိုက်ရသည်။ ဘဏ်က အခုမှဖွင့်သောအသစ်ဆိုပေမယ့် လူတွေက တော်တော် များလှသည်။ အန်တီငြိမ်းတို့များ ဘယ်အချိန်က သူ့ပိုက်ဆံတွေ ကို ဘဏ်အသစ်ထဲ ပြောင်းရွှေ့ထည့်လိုက်လဲ မသိ။ အတိုးများ များရလို့ပဲနေမှာလို့တွေးရင်း ကားပေါ်မှ ဆင်းလာခဲ့လိုက်သည်။

ရွှေမှုန် ဘဏ်ရှေ့တံခါးဝသို့မရောက်ခင် ခပ်ပြေပြေ ဆည်ဆောက်ထားသော လှေကားထစ်များကို လျှောက်လှမ်းလာ ချိန်မှာပင် ဘဏ်ရှေ့မှန်တံခါးကြီးက အချပ်လိုက်ပွင့်သွားခဲ့သည်။ ရွှေမှုန့်နားထဲတွင်လည်း Security Guard ၏ 'ဘော့စ် လာနေ တယ်' ဆိုသော စကားသံခပ်တိုးတိုးကိုပါ ကြားလိုက်ရသည်။ ဘော့စ်ဆိုတော့လည်း ဒီဘဏ်ရဲ့သူဌေးပဲဖြစ်မှာပေါ့လို့တွေးရင်း သို့ယ်နောက်က ဖြတ်ကျော်မှာသေချာသည်မို့ ကဲ… သူဌေးအရင် ရင်သွားပါစေဆိုပြီး ခြေလှမ်းကိုလျှော့ကာ ဘေးသို့ မခင်မသာ ယ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တပြိုင်တည်းမှာပင် နောက်ဘက်မှ တဒေါက်ဒေါက် ဖိနပ်သံနှင့်အတူ လူတစ်ယောက်သည် ရွှေမှုန့်ဘေးမှ ဖြတ်တက်လာပါသည်။ ခါးသက်သက်ရေမွှေးနံ့ကြောင့် ရွှေမှုန်သည် အနီးပါ ဘော့စ်လို့ယူဆရသော လူတစ်ယောက်ကို ကြည့်လိုက်မိပါသည်။

ရွှေမှုန်သည် လူတစ်ကိုယ်လုံး လှေကားမှ လွင့်သွားမလားထင်ရလောက်အောင် ရင်တွေအဆမတန်ခုန်ကုန်ကာ ခြေလှမ်းတွေတောင် ရပ်သွားမိသည်။

ဦးစဝ်နိုင်ပါလား။

ဦးစဝ်နိုင်သည် ရွှေမှုန့်ကိုကျော်တက်သွားပြီးမှ ပြန်လှည့်ကြည့်ပါသည်။ မျက်မှန်အနက်ရောင် တပ်ထားသောကြောင့် သူ့မျက်လုံးတွေကို ရွှေမှုန် မြင်ခွင့်မရသော်လည်း သူ ရွှေမှုန့်ကို စူးစူးစိုက်စိုက်ကြည့်နေမှန်း ရွှေမှုန် သိနေပါသည်။ နှစ်ခြိုက်ကြည်လင်စွာ ပြုံးပြလိုက်သော သူ့အပြုံးကို ရွှေမှုန် ဘာမှ မတုံ့ပြန်လိုက်ရသေးခင်မှာပင် သူသည် လှေကားထစ်များကို ပေါ့ပါးစွာဖြတ်ကျော်ပြီး အဆင်သင့်ဖွင့်ထားသော တံခါးမှ ဘဏ်ထဲကို ဝင်သွားပါတော့သည်။ ရွှေမှုန်သည် စိတ်တွေ ဂယောက်ဂယက်နှင့် အန်တီငြိမ်းကိုတောင် ဘယ်လိုရှာဖွေတွေ့ရှိလိုက်မှန်း မသိလိုက်ဘဲ အန်တီ့အနားမှာ ရင်မောစွာ ထိုင်ချလိုက်မိသည်။

'ခဏတော့ စောင့်ရဦးမယ် သမီး၊ လူက နည်းနည်းများနေလို့။ ဒီမှာ အန်တီ တိုကင်ယူထားပြီးပြီ'

အန်တီငြိမ်းစကားကို 'ဟုတ်'တစ်လုံးတည်း တိုးတိတ်စွာ အဖြေပြန်ပေးရင်း မျက်လုံးကတော့ မျက်စိရှေ့မှာ မြင်တွေ့



ရနေသည့် ဘဏ်အတွင်းပိုင်း အပြင်အဆင်များကို ဝေ့ဝိုက်ကာ ကြည့်လိုက်မိသည်။ ထိုင်သူထိုင်၊ ထသူထနှင့် ဝန်ထမ်းတွေရော အပြင်လူတွေပါ ရှုပ်ထွေးနေသည့် ပတ်ဝန်းကျင်တစ်ခုလုံးတွင် ဦးစဝ်နိုင်နှင့်တူသော လူတစ်ယောက်၏ အရိပ်အစအနလေးကို တောင်မှ မတွေ့ရပါ။

ရွှေမှုန့်ကို စတွေ့ကတည်းက စိတ်လှုပ်ရှားရင်ခုန်နိုင်လောက်အောင် စွဲဆောင်မှုရှိခဲ့သော ယောကျ်ားတစ်ယောက်၊ ယုံကြည်အားကိုးလောက်သော ပုံပန်းသဏ္ဌာန်နှင့် ရွှေမှုန့်အသည်းနှလုံးကို နိုးကြားတက်ကြွ ရှင်သန်လာအောင် ဖန်တီးပေးနိုင်ခဲ့သော ယောကျ်ားတစ်ယောက်။ ထိုသို့သော အရည်အချင်းတွေနှင့် ပြည့်စုံကြွယ်ဝနေသော ဦးစဝ်နိုင်ဆိုသော ယောကျ်ားတစ်ယောက်သည် အင်မတန် အင်မတန်မှ ချမ်းသာကြွယ်ဝသော ဘဏ်ပိုင်ရှင်သူဌေးတစ်ယောက်ဟူသည့် ဂုဏ်ပုဒ်ကိုပါ ထပ်မံဆောင်းစပ်လိုက်သောအခါမှာတော့ ရွှေမှုန်သည် သူနှင့်ကိုယ့်ကို ယှဉ်တွဲကြည့်ရင်း ကိုယ့်ကိုယ်ကို နာမည်နှင့်လိုက်အောင် အမှုန်လေးတစ်မှုန်ဖြစ်သွားသလို ခံစားလိုက်ရသည်။

သက်ပြင်းလေးတစ်ချက် ခိုးချကာ မျက်လုံးများကို မှိတ်ခတ်ပုတ်ခတ်နှင့် မျက်လွှာလေး အသာချလိုက်သည့်အချိန်မှာတော့ မျက်လုံးထဲကိုဝင်လာသည့် ရှူးဖိနပ်တစ်စုံနှင့် ခြေထောက်တစ်စုံကြောင့် ရွှေမှုန် လန့်ပြီးမော့ကြည့်လိုက်မိသည်။ နက်ကတိုင်နှင့် စတိုင်လ်ဘောင်းဘီအနက်နှင့် လူတစ်ယောက်က ရွှေမှုန့်ရှေ့မှာ ပြုံးသောမျက်နှာနှင့် ရပ်နေပါသည်။ ရွှေမှုန် ထိုလူကို တစ်ခါမှ မမြင်ဖူးပါ။ သိလည်းမသိပါ။

www.burmeseclassic.com

www.burmeseclassic.com



'မရွှေမှုန် ထင်တယ်။ အတွင်းဧည့်ခန်းကို ကြွပါ ခင်ဗျာ။ ဆောင်ရွက်စရာရှိတာကို အဆင်ပြေအောင်ဆောင်ရွက်ပေးဖို့ ဘော့စ်က စီစဉ်ခိုင်းလိုက်လို့ပါ'

ရွှေမှုန်သည် ရုတ်တရက်ကြီးမို့ ထိုလူကို ကြောင်ပြီး ကြည့်နေစဉ်မှာပင် အန်တီငြိမ်းက-

'သမီးမိတ်ဆွေလား၊ အေးကွယ်၊ အတော်ပဲ။ အန်တီက ပိုက်ဆံလာထုတ်တာပါ။ သိပ်လည်း မများပါဘူး။ လူများနေသေးလို့ ခဏစောင့်နေကြတာပါ။ တိုကင်လည်း ယူထားပြီးပါပြီ'

'ဟုတ်ကဲ့ပါ ခင်ဗျ။ ကျွန်တော် အားလုံးကို အဆင်ပြေအောင် အမြန်ဆုံးဆောင်ရွက်ပေးပါ့မယ်။ တစ်ခုခု သုံးဆောင်ရင်း အတွင်းဧည့်ခန်းထဲမှာ ခဏလေးစောင့်ပေးပါ ခင်ဗျာ'

ယဉ်ကျေးရှိသေစွာ ပြောလာသော ထိုလူ့စကားအဆုံးမှာ အန်တီငြိမ်းက ခပ်ပြုံးပြုံးမျက်နှာနှင့် သွက်သွက်လက်လက် ထရပ်လိုက်တော့ ရွှေမှုန့်မှာလည်း ကယောင်ကတမ်းနှင့် ထရပ်လိုက်ရသည်။ အန်တီငြိမ်းက ထိုလူခေါ်ဆောင်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားတော့ ရွှေမှုန့်မှာလည်း အန်တီငြိမ်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်ရလေတော့သည်။



အခန်း ၊၁၄၊

ရွှေမှုန်သည် စာကြည့်စားပွဲပေါ်မှာ စာမကျက်နိုင်ဘဲ ငုတ်တုတ်ထိုင်နေရင်း မနက်ကအကြောင်းအရာတွေကို ပြန်မြင်ယောင်နေမိသည်။ ရွှေမှုန်တို့ကို လာကူညီသော လူနာမည်က ကိုဝဏ္ဏလို့တော့ ပြောပါသည်။ သားနားမွေးကြိုင်နေသော ဧည့်ခန်းကြီးထဲမှာ အဆင်သင့်ပြင်ဆင်ထားသော အချိုရည်နှင့် သစ်သီးတို့ကို အန်တီငြိမ်းက အေးအေးဆေးဆေးနှင့် သဘောကျကာ စားသောက်နေသည့် အချိန်မှာတော့ အေးစက်နေသောအခန်းထဲတွင် ရွှေမှုန်တစ်ယောက်တည်း ချွေးပြန်နေခဲ့သည်။

ဦးစဝ်နိုင်ဆိုတဲ့လူကိုတွေ့ရင် ငါ ဘယ်နှယ့်စကားတွေ ပြောရပါ့မလဲဆိုသောအတွေးက ဘာမှမဟုတ်ဘဲနဲ့ ရွှေမှုန့်ကို တုန်လှုပ်ချောက်ချားနေစေခဲ့သည်။ သို့ပေမယ့်လည်း ရွှေမှုန့်စိတ်တွေက ပူပန်လွန်းသောကြောင့်သာ ဖြစ်ပါသည်။ အန်တီငြိမ်းပိုက်ဆံကို ကိုဝဏ္ဏက အဆင်သင့်ထုတ်ယူလာပြီး ဧည့်ခန်းထဲကနေ ဘဏ်အပြင် ကားပေါ်ရောက်တဲ့အထိ ဦးစဝ်နိုင်ကို ရွှေမှုန် ထပ်မတွေ့ခဲ့တော့ပါ။

ကားပေါ်မှာ အန်တီငြိမ်းက သမီးမိတ်ဆွေက တော်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ သူ ကူညီလို့ ခုလောက်မြန်တာ။ နောက်တစ်ခါသွားရင်လည်း သူ့ကို အရင်ရှာကြည့်ရမယ်။ သမီးသူငယ်ချင်းလား၊ ဘော့စ်ဆိုတာ ဘယ်သူ့ကိုပြောတာလဲ အစရှိသဖြင့် စကားမေးခွန်းပေါင်းများစွာကို ရွှေမှုန်မှာ မနည်းလိပ်ပတ်လည်အောင် လျှာထွက်မတတ် ဖြေကြားလိုက်ရသည်။ နောက်ဆုံးတော့ 'ရွှေမှုန်ကို မမမြူမှုန်ညီမမှန်းသိလို့ ဖြစ်ပါလိမ့်မယ်' ဆိုသော စကားနှင့် အဆုံးသတ်ကာ မြန်မြန်အိမ်ရောက်အောင် မောင်းလာခဲ့ရသည်။

နေ့လယ်ဘက်ကျောင်းသွားတော့ လူက လှုပ်တောင်မလှုပ်ချင်တော့။ ဒီကြားထဲ သစ်သစ်မျက်နှာ ပုတ်သိုးသိုးဖြစ်နေသည်မို့ ရွှေမှုန်မှာ ဘေးနားကနေထိုင်ပြီး စိတ်ညစ်နေရသေးသည်။ 'မောင်မောင်နဲ့ ရန်ဖြစ်ထားပါသတဲ့'။ ကျောင်းပြီးသွားတော့လည်း သူ့ကားကို 'ဆောင့်ဆောင့်အောင့်အောင့် ဝုန်းဒိုင်းကျဲပြီး မောင်းသွားတာကြောင့် ရွှေမှုန်မှာ ရင်ဘတ်ဖိပြီး ကျန်ခဲ့ရပြန်သည်။ သြော်… ဒင်းတို့နှစ်ယောက်ကလည်း တစ်မျိုးလို့ အတွေးတွေမဆုံးခင်မှာပင် ဖုန်းသံကြီးက ကလင်ခနဲမြည်လာတာမို့ ရွှေမှုန်မှာ လန့်သွားရင်း ဖုန်းကိုကောက်ကိုင်လိုက်ရသည်။

'ရွှေမှုန်လား'

'ဘာဖြစ်နေရပြန်တာလဲ။ အသံကလည်း ညှောင်နာနာနဲ့။ ဟိုတစ်ယောက်ကလည်း ညနေက ကားကိုမောင်းသွားလိုက်တာ အရမ်းကာရော၊ ဘယ်နေ့ ဘာဖြစ်တယ်ကြားရမလဲ မသိဘူး။ နင်တို့ ရန်ဖြစ်ထားတယ်ဆို'

'သူ့ဟာသူဖြစ်တာပါ၊ ငါက အေးဆေးပဲ'



'ဘာတွေလဲဟယ်၊ နင်တို့ဟာက ရည်းစားဖြစ်တာ ခြောက်လမပြည့်သေးဘူး။ သတ်နေဖြတ်နေကြတာချည်းပဲ။ ဒါနဲ့ပဲ ချစ်ကြတယ်ဆို'

'အေးဟေ့… အဲလိုချစ်ကြလို့လည်း တစ်နေ့တစ်နေ့ ကျိုင်ပွနေတာ'

'သစ်သစ်က ဆိုးလို့လားဟယ်'

'သူလိုချင်တာ သူဖြစ်ချင်တာပဲ သိတယ်။ ဟာ… ချောလည်းမရ၊ ခြောက်လည်းမရပဲ၊ အခုလည်း မေမေနဲ့တွေ့ချင်သို့တဲ့'

'အန်တီနဲ့… ဘာလုပ်ဖို့လဲ'

'ငါ့မှာ တရားဝင် လက်ထပ်ရမယ့်ချစ်သူတစ်ယောက် ရှိနေပြီဆိုတာကို မေမေ့ကို အသိပေးဖို့ လိုအပ်တယ်တဲ့။ အဲဒါ မေမေနဲ့တွေ့မယ်ဆိုပြီး တစ်ချိန်လုံး နားပူနေတာပဲ'

ရွှေမှုန်သည် မောင်မောင့်စကားကြောင့် သက်ပြင်းမောအလေး ချလိုက်မိသည်။ သစ်သစ်ကလည်း ပြဿနာ။ အန်တီကြီး၏ သစ်သစ်အပေါ် သဘောထားကို မောင်မောင်လည်း သေချာသိပုံမရ။ ပြောပြရင် ကောင်းမလား၊ စကားတွေရှုပ်သလိုများ ဖြစ်သွားမလားနှင့် တစ်ယောက်တည်း ဝေခွဲမရဖြစ်နေရပြန်သည်။

'ငါ သူ့ကို လက်ထပ်ပါ့မယ် ပြောပြီးပြီပဲ။ မေမေနဲ့ တွေ့ဖို့ဆိုတာကလည်း စောသေးလို့ပါဟာ။ ငါကလည်း ကျောင်းပြီးသေးတာ မဟုတ်ဘူး။ ပြီးတော့ မေမေ့ကိုလည်း ဒီကိစ္စနဲ့ စိတ်အနှောက်အယှက် မဖြစ်စေချင်ဘူး။ အဲဒါကြောင့်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'နင် သူ့ကို နားလည်အောင် ပြောပြလေ'

'ပြောတာပဲ၊ အတောင်ပေါက်တယ်။ တစ်ခါတစ်ခါ ငါ တော်တော်စိတ်ညစ်တယ်ဟာ'

'အေး… ငါလည်း ဘယ်လိုအကြံပေးရမှန်းတောင် မသိတော့ဘူး။ တစ်ခုတော့ရှိတယ်ဟ၊ နင် သစ်သစ်ကို ညှိကြည့်ပါလား'

'ဘယ်လိုညှိရမှာလဲ၊ ကော်ပတ်စားပြီးတော့လား'

'ဟယ်… အကောင်းပြောနေကို လာရွှဲ့မနေနဲ့။ ဒီလိုလေ၊ ငါပြောတာက အန်တီနဲ့သစ်သစ်ကို မိတ်ဆက်ပေးတဲ့ သဘောမျိုး နင်ခေါ်ရင်လည်းခေါ်သွားပေါ့။ ဟိုကျရင်သာ အန်တီကို ပေါက်ကရတွေထမပြောဘဲ အလိုက်အထိုက် ပြေလည်အောင် ဆက်ဆံဖို့ ညှိပေါ့။ လက်ထပ်ဖို့ကိစ္စတွေဘာတွေ မပြောနဲ့ဦးပေါ့။ သစ်သစ်ဘက်က ကောင်းကောင်းမွန်မွန် ဆက်ဆံရင် အန်တီကလည်း အိုကေမှာပါ'

'ဖြစ်ပါ့မလားဟာ'

'အဲဒါတော့ ငါလည်း သေချာမသိဘူးလေ။ အားလုံး အဆင်ပြေအောင် ငါလည်း တတ်သလောက်မှတ်သလောက် စဉ်းစားပြီးပြောရတာပဲ'

'သစ်သစ်ကလည်းဟာ တစ်ခါတလေ အရမ်းဆိုးတာပဲ။ ငါ့ကို မချစ်တာလည်း မဟုတ်ဘူး။ ငါ မျက်နှာမကောင်းရင်လည်း မျက်ရည်က တွေတွေကျသေးတာ။ ငါလည်း အဲဒါနဲ့ ခေါင်းမှာ ဆံပင်တောင်ဖြူလာပြီ'

'အဟဲ… ကောင်းတယ်၊ နင်က မိန်းမလိုချင်နေတာဆိုတော့ အဲလောက်တော့ ခံပေါ့'

'မကောင်းနဲ့၊ နောက်ဆို နင် ငါ့ကိုပြောလို့ ဝင့်လည်ချင် ညည်နေမှာ။ ကဲ… ဘယ်လိုလဲ၊ ယောက်ဖနဲ့က အခြေအနေ'

'ပြောရင်းနဲ့က ဖောက်မလာနဲ့။ အကောင်းစား အကြံဉာဏ်တွေလည်း ပေးထားရသေးတယ်။ နင်ဟာလေ အရောဝင်လိုက်တို မကောင်းဘူး။ ကိုရဲနဲ့ငါလည်း နင်တို့ ရည်းစားဖြစ်ကတည်းက တစ်ခါမှတောင် မတွေ့တော့ဘူး။ သဘောပေါက်၊ ပါပဲ၊ နားညည်းတယ်'

ရွှေမှုန်က ပြောပြီး ဖုန်းကိုချလိုက်ပါသည်။ ဒီနေ့ညတော့ ဘယ်လိုမှ စာကျက်လို့မရမှာ သေချာပါသည်။ ကိုယ့်ဟာကိုယ်တောင် မပူရသေး မောင်မောင်တို့အပူတွေ များကြီးလိုက်တာလို့ နှာခေါင်းရှုံ့ရင်း တွေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊၁၅၊

ရွှေမှုန် စာသင်ခန်းထဲမှ အပြင်ထွက်လာတော့ ခပ်လှမ်းလှမ်းမှာ ရပ်နေသည့် ကိုရဲကို တွေ့လိုက်ရသည်။ ကိုရဲသည် ရွှေမှုန်ကိုအတွေ့မှာတော့ ကားကိုမှီထားသော သူ့ခန္ဓာကိုယ်ကို မတ်မတ်ကလေး ပြန်ရပ်လိုက်သည်။ ကိုရဲ ဘာလာလုပ်တာပါလိမ့်။ ဒီနေ့ သစ်သစ်ကလည်း ကျောင်းမလာဘူးဆိုတော့ ဘာတွေများဖြစ်ကြလဲ၊ နေမကောင်းတာလောက်ပဲ ဖြစ်ပါစေလို့ ဆုတောင်းရင်း ကိုရဲအနားသို့ လျှောက်လာခဲ့သည်။

'သစ်သစ် ဘာလို့ ကျောင်းမတက်လဲ ကိုရဲ၊ နေမကောင်းလို့လား'

ကိုရဲက မျက်နှာခပ်နွမ်းနွမ်းနှင့် သက်ပြင်းအသာချသည်။

'ညက တစ်ညလုံးမအိပ်ဘူး ရွှေမှုန်ရယ်။ ဘာမှလည်း စားလို့မရဘဲ ငိုနေတယ်။ အဲလိုမြင်ရတော့ ကျွန်တော်လည်း စိတ်မချမ်းသာဘူးဗျာ။ မောင်မောင့်ဆီကို ဖုန်းဆက်လိုက်၊ ဗိုးဗိုးဝါးဝါးတွေပြောလိုက်၊ ပြန်ချလိုက် ပြန်ခေါ်လိုက်နဲ့ မောင်မောင်လည်း ညက ကောင်းကောင်းအိပ်ရမယ့်ပုံ မပေါ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



မနက် ၅နာရီလောက်ကမှ အတင်းဆေးတိုက်ပြီး အိပ်ခိုင်းလိုက်
ရတယ်'

'သစ်သစ် ဘာဖြစ်သွားတာလဲဟင်။ ရွှေမှုန်နဲ့ ...
တုန်းကတောင် အဲလိုပုံစံ မဟုတ်ပါဘူး။ အခု သူ အရမ်းပြောင်း
လဲသွားလို့ ရွှေမှုန်တောင် အံ့ဩနေရတာ'

'သူ့စိတ်ကပဲ သူ့ကိုပြန်ပြီး ဒုက္ခပေးနေတာ ရွှေမှုန်
သစ်သစ်ဟာ ကြာလေ မေမေနဲ့သိပ်ကိုတူလာလေပဲ။ မေမေဟာ
သစ်သစ် ကလေးဘဝမှာ နုနယ်သေးတဲ့ ဦးနှောက်လေးထဲ
ဘယ်လိုအသိဉာဏ်တွေ အတင်းရိုက်သွင်းပေးသွားခဲ့တဲ့ မ...
တတ်ပါဘူးဗျာ။ သစ်သစ်ကို မေမေ့လို အဖြစ်ဆိုးမျိုးနဲ့တော
ကျွန်တော် မကြုံစေချင်ဘူး'

မေမေ့လို အဖြစ်ဆိုးတဲ့။ စိတ်ထိခိုက်စွာ ပြောနေသော
ကိုရဲမျက်နှာက တကယ့်ကို သနားစရာပါ။ သူတို့မိသားစု
အတွင်းရေးတွေကို ရွှေမှုန်လည်း သေချာမသိတော့ ဘယ်...
အကြံဉာဏ်မျိုး ရွှေမှုန်က ပေးတတ်မှာလဲ။

'ရွှေမှုန်လည်း ကြားထဲကနေ စိတ်ညစ်သွားပြီ ထင်
တယ်။ ဆောရီးဗျာ၊ ကျွန်တော်လည်း ကိုယ့်အပူ သူများကို
ဝေငှလိုက်သလိုဖြစ်သွားတယ်။ သစ်သစ် ကျောင်းမတက်နိုင်တဲ့
အကြောင်း ရွှေမှုန့်ကို လာပြောပြတာပါ။ ရွှေမှုန်အားရင် သစ်သစ်
ဆီ ဖုန်းလေးတစ်ချက်တော့ ဆက်ပေးပါဦးနော်။ ကျွန်တော်
သွားပါဦးမယ်'

ကိုရဲကားလေး ထွက်သွားတဲ့အထိ ရွှေမှုန်သည် ကား
ဖြူလေး၏နောက်မှီးလေးကို ကြည့်ရင်း ထိုနေရာမှာပင် အတော်

...ကြာကြာ ရပ်နေမိသည်။

စိတ်ညစ်စရာတွေကြားရတော့ ခေါင်းရှုပ်ရသည်။

သစ်သစ်၊ မောင်မောင်နှင့် အန်တီငြိမ်းတို့၏ပြဿနာ
သည် ဒီလောက်နဲ့ပြီးပြီး ဒီ့ထက်ပိုမိုကြီးထွားမလာပါစေနဲ့လို့
...တောင်းပေးနေရုံမှတစ်ပါး ရွှေမှုန်လည်း ဘာမှတော့ မတတ်နိုင်
ပါ။

ဖဖ

www.burmeseclassic.com

www.burmeseclassic.com

န်း ၊၁၆၊

ညက သစ်သစ်ဆီ ရွှေမှုန် ဖုန်းဆက်ကြည့်လိုက်တော့ သစ်၏အသံသည် တကယ့်ကို ဘာမှမဖြစ်သယောင် ကြည် ည်လင်လင် ရှိလှသည်။ ဒါနဲ့ ရွှေမှုန်လည်း ဘာမှလျှောက် နေတော့ဘဲ မနက်ဖြန် ကျောင်းလာမှာလား၊ ဘာညာနှင့် းရောဖောရောတွေ လုပ်ရတော့သည်။ သစ်သစ်ကလည်း ခေါင်းကိုက်လို့ ကျောင်းမလာနိုင်တာပါ။ အခုတော့ သက် သွားပြီ ဘာညာနှင့် အေးအေးဆေးဆေး စကားပြောနေတော့ ည်။ ရွှေမှုန်သည် သစ်သစ်နှင့် စကားပြောနေစဉ်အချိန်တွင်း င်မောင့်အကြောင်း၊ ကိုရဲအကြောင်း တစ်လုံးတလေတောင် ည့်မပြောဘဲ ကျောင်းကအကြောင်းတွေကိုသာ လှည့်ပတ် ပြော သည်။ အဲဒီကနေမှတစ်ဆင့် အစားအသောက်အကြောင်း က်သွားတော့ သစ်သစ်က "ရွှေမှုန် မနက်ဖြန် ကျောင်းစော လာလေ၊ သစ်သစ်နဲ့အတူတူ အင်းလျားလမ်းက မုန့်ဟင်းခါး းစားရအောင်" ဟုဆိုတော့ ရွှေမှုန့်မှာ တအင်းအင်းနှင့် ကတိ တာ ဖုန်းချခွင့်ရလိုက်သည်။

ရွှေမှုန် ကျောင်းသွားဖို့ အိမ်ပေါ်ကဆင်းလာတော့

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲမှာ မမ၏မိတ်ကပ်ဆရာက ထမင်းကြော်ကျွေ
စားရင်း ကျောင်းသွားတော့မလို့လားလို့ လှမ်းနှုတ်ဆက်သည်
နာရီကိုကြည့်လိုက်တော့ မနက် ၇နာရီပဲ ရှိသေးသည်။ ဟုတ်
လို့ အဖြေပြန်ပေးလိုက်ရင်း အိမ်ပြင်ရောက်တော့ အပြင်မှာ ရာသီ
ဥတုက အေးမြမြလေးမို့ ရွှေမှုန့်စိတ်တွေ လန်းဆန်းသွားရသည်

ခြံတံခါးကို တွန်းဖွင့်ပြီး လမ်းသွယ်လေးပေါ်သို့
အရောက်မှာတော့ ရွှေမှုန့်ရှေ့ ခပ်လှမ်းလှမ်းမှာ မြင်တွေ့လိုက်
သော အရာတစ်ခုကြောင့် ရွှေမှုန့် အရမ်းအံ့သြသွားရသည်
လမ်းသွယ်လေးပေါ်မှာ ဘယ်ဘက်သို့ ကပ်ရပ်ထားသော BM
ကားအနက်တစ်စီး ကားခေါင်းကတော့ လမ်းမဘက်ကို လှည့်
ထားပါသည်။ ပါးလွှာသော မြူဝေဝေကြားမှာ မြင်တွေ့လိုက်
သော ကားအနက်ကြီးကိုကြည့်ပြီး ရွှေမှုန့် ရင်ခုန်စွာဖြင့်
တစ်လှမ်းချင်း ရှေ့သို့ လျှောက်လာခဲ့လိုက်သည်။ ဦးစဝ်နိုင်ကား
ပဲ ဖြစ်မှာပါဆိုသော အတွေးတစ်ခုက တစ်ချက်တစ်ချက် ရွှေမှုန့်
ကို အသက်ရှုဖို့ မေ့လျော့သွားစေသည်။

အဖြူရောင်ပွင့်ဖတ်များကို ပန်းနုရောင်ဖျော့ဖျော့လေး
များဖြင့် အနားကွပ်ထားသော နှင်းဆီပန်းများ၏ ရနံ့သင်းသင်း
လေးက လေတစ်ချက်အဝှေ့မှာ ရွှေမှုန့်ကို ကြည်နူးသွားစေ
သည်။

'ဒီနေ့မနက် ရွှေမှုန့် ကျောင်းသွားဦးမှာပဲဆိုတဲ့ မျှော်
လင့်ချက်နဲ့ မနက်စောစောကတည်းက ကျွန်တော် လာစောင့်
မိတယ်။ ဒီပန်းလေးတွေကိုလည်း ပေးချင်လို့ပါ။ ဘာလို့ မေး
တာလဲလို့တော့ မမေးပါနဲ့ဦး ရွှေမှုန့်။ နောက်တော့ ကျွန်တော်

ပြောပါ့မယ်။ ကျွန်တော့်ကိုကျွန်တော် အကြိမ်ကြိမ် စဉ်းစားစိစစ်
ပြီးမှ ဒီနေရာကို ကျွန်တော် ရောက်လာခဲ့တာပါ။ ကျွန်တော့်ပန်း
တွေကို လက်ခံပါနော် ရွှေမှုန့်'

သူက ပြောပြောဆိုဆို ပန်းစည်းလေးကို အတင်းထိုး
ပေးတော့ ရွှေမှုန့်မှာ တွေဝေမိန်းမောဖို့အချိန်တောင် မရလိုက်ဘဲ
ယောင်ယောင်အမှားမှားနဲ့ပင် လှမ်းယူလိုက်မိသည်။ သူ့မျက်
နှာကိုကြည့်လိုက်မိတော့ ဦးစဝ်နိုင်သည် အချိုဆုံးအပြုံးနှင့် ရွှေမှုန့်
ကို စောင်းငဲ့ကြည့်နေခဲ့သည်။

'ကျွန်တော့်ကို ခွင့်ပြုပါဦးနော်'

အဲဒီနောက်တော့ ဦးစဝ်နိုင်သည် ရွှေမှုန့်ကိုကြည့်ရင်း
ရင်းပင် ကားထဲသို့ဝင်ထိုင်ပါသည်။ ကားကို ညင်သာစွာ ဦးစဝ်နိုင်
မောင်းထွက်သွားသည့်အခါမှာတော့ ရွှေမှုန့်၏ အသိစိတ်တွေ
ရော၊ မသိစိတ်တွေရော ဦးစဝ်နိုင်နောက်သို့ အကုန်လုံး ဝရုန်း
သုန်းကား လိုက်ပါသွားလေသည်။

အဲဒီနေ့က လှပသော နှင်းဆီပန်းစည်းလေးနှင့်အတူ
ဘောက်ကျားဆန်ဆန် ခပ်သော့သော့ရေးထားသည့် အဖြူရောင်
ကတ်ကလေးတစ်ခုကိုပါ ရွှေမှုန့် ရရှိခဲ့သည်။ ကတ်ပြားလေးထဲ
မှာ ဦးစဝ်နိုင်ရေးသားထားသော စာလုံးများမှာ 'ရွှေမှုန့် တစ်ခါ
ပြုံးတိုင်း ကျွန်တော့်ရင်ထဲ ပန်းတစ်ပွင့် ပွင့်သွားသလိုပါပဲ'တဲ့။

ကဲ... ကြည့်ပါဦး၊ ဘယ်လောက် မြတ်နိုးစရာကောင်း
သလဲလို့။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊၁၇၊

'ရွှေမှုန် ... သမီး ... ငြိမ်းက သမီး ကျောင်းကပြန်လာရင် သူ့ဆီ ခဏလာခဲ့ဖို့ မေမေ့ကို ဖုန်းဆက်ထားတယ်။ ဘာများ အရေးကြီးလဲ မသိဘူး။ သမီး ရေမချိုးခင် ခဏသွားလိုက်ပါလား'

အိမ်ထဲဝင်လာတာနှင့် မေမေက ဆီးပြောလိုက်တာမို့ ရွှေမှုန်မှာ ပခုံးလေးတွန့်ရင်း ဘာဖြစ်ပြန်ပါလိမ့်လို့ တွေးလိုက်သည်။ သမီး ခုပဲ သွားတွေ့လိုက်မယ် မေမေလို့ အဖြေပြန်ပေးရင်း လွယ်အိတ်ချကာ အိမ်ပြင်သို့ပြန်ထွက်လာခဲ့သည်။ ခြံစည်းရိုးပေါက်ထဲ တိုးဝင်လိုက်သည့်အချိန်မှာတော့ ရွှေမှုန့်မျက်ခုံးက အစုံလိုက် လှုပ်လေသည်။

နောက်ဖေးဘက်မှ အိမ်ထဲကို လှည့်အဝင်မှာတော့ မီးဖိုထဲမှာ ဒေါ်ကြီးတစ်ယောက်တည်း ကြော်လှော်နေသည်ကို တွေ့ရသည်။ အန်တီ့ကိုမေးလိုက်တော့ ဧည့်ခန်းထဲမှာ ရှိတယ်ဆိုတာနှင့် ရွှေမှုန် အိမ်ထဲဝင်လာခဲ့လိုက်သည်။

အန်တီငြိမ်းသည် ဧည့်ခန်းထောင့်မှာ ထားရှိထားသည့် သူ အလွန်မြတ်နိုးသော အဖြူခံဘောင် ရွှေကနုတ်များပါသော

www.burmeseclassic.com

www.burmeseclassic.com



ပန်းအိုးကြီးထဲသို့ ပန်းများထိုးစိုက်ကာ ပန်းအိုးထိုးနေပါသည်။

'အန်တီ ရွှေမှုန့်ကိုခေါ်တယ်ဆို'

ရွှေမှုန်သည် ဘာမှန်းညာမှန်းမသိသေးသော်လည်း အကယ်၍ ပြဿနာတစ်စုံတစ်ရာ ရှိနေခဲ့လျှင် ပေါ့လိုပေါ့ညာ… ဆိုသော ကလေးအတွေးနှင့် ပြုံးရွှင်သွက်လက်စွာ အသံပေးလိုက်ပါသည်။ အန်တီငြိမ်းက ရွှေမှုန်ကို တစ်ချက်လှည့်ကြည့်ရင်း ခဏထိုင်ဦးသမီးလို့ ပြန်ပြောပါသည်။ ရွှေမှုန်က အန်တီငြိမ်း မျက်နှာအမူအယာကိုကြည့်ပြီး အခြေအနေ သိပ်မကောင်းတာကို ရိပ်မိလိုက်တာမို့ ဧည့်ခန်းထဲရှိ ဆိုဖာတစ်ခုပေါ်တွင် ငြိမ်ငြိမ်သက်သက် သွားထိုင်နေလိုက်သည်။ အန်တီငြိမ်းက သူ့ပန်းအိုးကို လက်စသပ်ပြီး လက်ရှိရေများကို အဝတ်တစ်ခုနှင့်သုတ်ရင်း ရွှေမှုန်နှင့် မျက်စောင်းထိုးလောက်ရှိ ဆိုဖာတစ်ခုပေါ်တွင် ဝင်ထိုင်ပါသည်။ ပြီးမှ တစ်လုံးချင်း စကားစသည်။

'မနက်က အိမ်ကို ဘယ်သူရောက်လာတယ်ထင်လဲ သမီး၊ သားက သင်းမင်းသစ်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို အန်တီ့ဆီ ခေါ်လာတယ်'

ရွှေမှုန့် အကြံပေးချက်ကို မောင်မောင်က ခပ်မြန်မြန်ပဲ အကောင်အထည်ဖော်လိုက်ပါပေါ့လားလို့တွေးရင်း ပြဿနာတော့စပြီဆိုတာ ရွှေမှုန် သိလိုက်သည်။ အန်တီငြိမ်းက မောင်မောင် သစ်သစ်ကိုခေါ်လာသည့်အကြောင်းအရာကို စုံစုံစေ့စေ့ စတင်ပြောပြတော့သည်။



…း ၊၁၇၊ A

ဒေါ်တင်မေငြိမ်း ဧည့်ခန်းဝရောက်တော့ ဧည့်ခန်းဆိုဖာ…မှာ ခပ်တောင့်တောင့်ထိုင်နေသော သားကောင်မလေး၏ …လုံးစူးရှရှများနှင့် အကြည့်ချင်းဆုံပါသည်။ ဒေါ်တင်မေငြိမ်း …သူမအပေါ်ကြည့်နေသော မျက်လုံးအစုံတို့ကို လွှဲဖယ်ခြင်း…ဘဲ ဆိုဖာမှာ ဝင်ထိုင်လိုက်သလို သူမကလည်း ဒေါ်တင်မေ…မျက်လုံးတို့ကို အရှုံးမပေးဘဲ ရဲရဲတင်းတင်း ပြန်ကြည့်နေသည်။ 'ဒါ သင်းမင်းသစ်ပါ မေမေ'ဆိုသော သားအသံကြောင့် …ထဲမှာ တစ်ချက်ပြုံးမိရင်း အာဂပါလားလို့ မှတ်ချက်ချလိုက်သည်။

'မေမေ သစ်သစ်က သားချစ်သူပါ။ မေမေနဲ့ တွေ့ဖူး…င် သားခေါ်လာခဲ့တာ။ သစ်သစ်… ဒါ မောင်မောင့်မေမေ ဒေါ်တင်မေငြိမ်းတဲ့'

သစ်သစ်က ခေါင်းတစ်ချက်ကလေးသာလှုပ်ပြပြီး …က်စက်မျက်နှာနှင့် စကားသံတို့က တစ်ခွန်းမှထွက်မလာ… ဒေါ်တင်မေငြိမ်းသည် ကိုယ်က လူကြီးဖြစ်နေတာက တစ်…ကြောင်း၊ ကိုယ့်အိမ်ပေါ်ကို ရောက်နေတာကတစ်ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



နောက် သားရဲ့မျက်နှာကတစ်ကြောင်း စသည့်အကြောင်းကြော... များကို ထောက်ထားပြီး ကိုယ်ကပဲ စတင်စကားစလိုက်ရသည်...

'သားနဲ့ တစ်ကျောင်းတည်းပဲလား'

'မဟုတ်ပါဘူး မေမေ၊ ရွှေမှုန်နဲ့ တစ်မေဂျာတည်း... ပါ'

မောင်မောင်က ဝင်ပြောသည်။

'သြော်... ရွှေမှုန်နဲ့ရော ခင်လား'

'သစ်သစ်နဲ့မောင်မောင်ကို ရွှေမှုန်ပဲ မိတ်ဆက်ပေး... ပါ'

သစ်သစ်စကားကြောင့် ဒေါ်တင်မေငြိမ်းမျက်လုံ... ရွှေမှုန့်မျက်နှာကို ပြေးမြင်ယောင်လိုက်မိသည်။ လက်စသတ်တော့... ဒီကောင်မလေး လက်ချက်ကိုး။ ဒါကြောင့် ဟိုတစ်လော... ငါ ဒီအကြောင်းတွေပြောတော့ သူက ကာဆီးကာဆီး လုပ်... တာ။ တွေ့ဦးမယ်။ ဒေါ်တင်မေငြိမ်းက ရွှေမှုန့်ကို တိတ်တဆိ... စိတ်တိုသွားရကာ တင်းနေသောမျက်နှာမှ အကြောတွေကို ... ညှစ်ဖြေလျှော့ရင်း နှုတ်ခမ်းပေါ်သို့ ခပ်ရေးရေးအပြုံးတစ်ခု... မတင်ချင့်တင်ချင် တင်လိုက်ရသည်။

'သင်းမင်းသစ်က ဘယ်မှာနေသလဲ'

'ရမိုင်ခွဲမှာ နေပါတယ်'

'မိဘတွေနဲ့အတူတူပဲလား'

'အစ်ကိုနဲ့ နေပါတယ်'

'သြော်... ဒါဆို မိဘတွေက နယ်မှာနေတာလား...'

'ကျွန်မမှာ အမေမရှိတော့ပါဘူး။ အဖေနဲ့ကတော့... စကားမပြောဘူး'



တင်းခံနဲ့လေသံနှင့် သစ်သစ်က ပြောလိုက်သော ကြောင့် ...တင်မေငြိမ်း သားမျက်နှာကို လှမ်းကြည့်လိုက် သည်။ ...င်မောင့်မျက်လုံးများက အမေကို ကြိုပြီးတောင်းပန် ...သယောင်။

'ဒီကိုမလာခင် မောင်ကပြောပါတယ်။ ကျွန်မနဲ့အန်တီ့ ...မိတ်ဆက်ပေးမယ်တဲ့။ ကျွန်မဘက်ကလည်း မောင် လက် ...မယ့်မိန်းမတစ်ယောက်အဖြစ် အန်တီလည်း ကျွန်မလည်း ...သင့်တယ်ထင်လို့ ဒီနေရာကို လိုက်လာခဲ့တာပါ။ အန်တီက ...ထက် ကျွန်မမိဘတွေကို ပိုပြီးစိတ်ဝင်စားပုံရတယ်။ ကျွန်မ ...ါတည်း ပြည့်စုံအောင်ပြောပြပါ့မယ်။ အမေက ကျွန်မ ...မှာ ဆုံးပါတယ်။ အဖေက နောက်မိန်းမနဲ့ သပ်သပ်နေပါ ...။ မေမေဟာ ဖေဖေ့ကြောင့် စိတ်ဆင်းရဲပြီးသေရတာမို့ ...ကတော့ ဖေဖေ့ကို မုန်းပါတယ်။ အခုဆိုရင်လည်း ဖေဖေ ... ဆင်းဆင်းရဲရဲနဲ့ ဘယ်ရောက်လို့ရောက်နေမှန်းတောင် ကျွန်မ ...ပါဘူး။ အရင်က ကျွန်မတို့က ကြီးတော်နဲ့ မန္တလေးမှာနေပါ ...။ မေမေမဆုံးခင်က မိုးကုတ်မှာနေပါတယ်။ ကြီးတော်ဆုံး ... ကျွန်မအစ်ကိုက ရန်ကုန်ကိုပြောင်းလာပြီး အခု ကျွန်မ ...ကိုနဲ့ အတူတူနေပါတယ်။ အန်တီ ဘာများ သိချင်ပါသေး...

ခနဲ့သလို၊ ရွဲ့သလိုနှင့် အဆက်မပြတ် စကားပြောသွား... ...သော သင်းမင်းသစ်၏မျက်နှာကို ဒေါ်တင်မေငြိမ်း မနှစ်မြို့စွာ ...ကြည့်ရင်း သားကို နှမြောတယ်လို့ တွေးမိကာ ရင်ထဲမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



နာလာရသည်။ ဒီမိန်းကလေးကို ငါ့ရှေ့က မြန်မြန်ဆွဲထုတ်
စမ်းပါ မောင်မောင်ရယ်လို့ မပြောမိအောင် ကိုယ့်ပါးစ
အတင်းဆွဲပိတ်ထားရသောဝဋ်ဒုက္ခက ဒေါ်တင်မေငြိမ်းကို အ
အမင်း ပင်ပန်းသွားစေခဲ့ပါသည်။

## အခန်း ၊ ၁၈ ၊

"ဒီလောက် ဆက်ဆံရေးညံ့ဖျင်းတဲ့ မိန်းကလေးကို အန်တီ ချွေးမတော်ပြီး အိမ်ပေါ်သာခေါ်တင်ထားရရင် အန်တို့ အသက် မြန်မြန်တိုမှာပဲ သမီး။ မိဘကလည်း ဘယ်လိုမျိုးရိုးက မှန်းမသိ။ အံမယ်လေး… နောက်ထပ် ပြန်ခါနီးမှ အန်တီ့ကို ဆပ်ပြောသွားတာရှိသေးတယ်။ ဘာတဲ့… အန်တီ ကံကောင်းပါတယ်တဲ့။ မောင်မောင့်အတွက် မိန်းမလိုက်မတောင်းပေးရတာတဲ့။ လက်ထပ်မယ်ဆိုရင်လည်း သူ့အစ်ကိုကို သူကအသိပေးလိုက်ရုံပဲတဲ့။ ကဲ… စဉ်းစားကြည့်စမ်း၊ ပြောသွားတဲ့ စကားလုံးတွေက ဘယ်လောက် အပေါစားဆန်သလဲဆိုတာ။ သူ့ပုံကိုကြည့်ရတာ ဆင်းဆင်းရဲရဲထဲကတော့ ဟုတ်ဟန်မတူဘူး။ ဒါပေမယ့် အန်တီ ပိုက်ဆံမမက်ဘူး သမီး၊ အန်တီ အသက်ကြီးပြီ။ သားကို ချွဲနိုင်တဲ့အတွက် ချွေးမနဲ့ ပြေလည်ချင်တယ်။ ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက်ကိုပဲ အန်တီ လိုချင်တယ်"

ရွှေမှုန်လက်ဖဝါးနှစ်ခုလုံးသည် ချွေးစီးများဖြင့် စိုကွက်သော ခေါင်းတစ်ခုလုံးမှာလည်း တဆစ်ဆစ်နှင့် ကိုက်လာသလို ခံစားရသည်။ ရွှေမှုန့်အကြံဉာဏ်က အောင်မြင်စွာ ကျဆုံးသွား

www.burmeseclassic.com

www.burmeseclassic.com



တာမို့ ကိုယ်တောင် တရားခံစာရင်းထဲမပါအောင် ဘယ်လို ကာကွယ်ရမလဲဆိုတာ မစဉ်းစားတတ်အောင် ဖြစ်နေရသည်။

'သမီး ရွှေမှုန်'

'ရှင်…'

'သင်းမင်းသစ်နဲ့ မောင်မောင်ကို သမီး မိတ်ဆက်ပေး ခဲ့တာနော်'

'ဟုတ်'

'သမီးနဲ့ အရင်သိတာပေါ့'

'ဟုတ်'

'အဲဒီကလေးမ ဦးနောက်ကောမှန်ရဲ့လား သမီး'

ဒေါ်တင်မေငြိမ်း မေးခွန်းအဆုံးမှာ ရွှေမှုန့်နှုတ်ခမ်းအစုံ တို့သည် လက်နှင့်ဆွဲဖွင့်မှ ပွင့်တော့မည့်အနေအထားသို့ ရောက် ရှိသွားလေသည်။

၉၄

အခန်း ၊ ၁၉ ၊

ဒီကနေ့ စနေနေ့မို့ ရွှေမှုန်သည် နေဖင်ထိုးအောင် အိပ် လိုက်သည်။ အိပ်ရာကနိုးလာတော့ မနက် ၉နာရီခွဲနေပြီ သည်။ ပျင်းပျင်းရိရိနှင့် အိပ်ရာထဲမှ ချက်ချင်းမထသေးဘဲ ဘယ်သွားရင်ကောင်းမလဲ မျက်လုံးလေးမှိတ် စဉ်းစားနေမိ သည်။ ခုတစ်လော မောင်မောင်လည်း ငြိမ်ချက်သားကောင်း ပျောက်နေလေသည်။ ပြဿနာ ဖြစ်ပြီးကတည်းက ရွှေမှုန် ည်း ဟိုဘက်အိမ်ကို ယောင်လို့တောင် ခြေဦးမလှည့်တော့။ တီငြိမ်းနှင့် ဆုံရမှာကြောက်သဖြင့် ညနေပိုင်း ဒန်းတောင် ကျက်မစီးဖြစ်ပါ။ စနေ တနင်္ဂနွေနေ့တွေဆိုရင်တော့ မေမေနှင့် တီငြိမ်းက ဘုန်းကြီးကျောင်းသွားနေကျ။ ရွှေမှုန့် လိုက်ပို့ခိုင်း ရင်တော့ ဒုက္ခပဲလို့တွေးမိရင်း မျက်လုံးတောင် နည်းနည်းကျယ် သွားရသည်။

အောက်ထပ်မှာတော့ ဘာသံမှ မကြားရ။ မမကတော့ ကျောင်းသွားပြီထင်သည်။ အန်တီနို့အသံရော၊ သူ့မိတ်ကပ် မာဒီ အသံရော မကြားရတော့။ ဆက်အိပ်ကြည့်တာ ဘယ်လိုမှ လို့မရတော့တာနှင့် ရွှေမှုန်သည် အိပ်ရာမှထလိုက်ကာ အိပ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ခင်းတွေလဲ၊ အခန်းတွေရှင်းပြီး ရေချိုးခန်းထဲ ဝင်လာလိုက်သည်။

ရေချိုးခန်းထဲမှာ စိမ်ပြေနပြေ ခေါင်းလျှော်ရေချိုး၊ မ
မကန်စာသားတွေနှင့် သီချင်းအပုဒ် ၂၀လောက်ကို အော်
သီဆိုအပြီးမှာတော့ ရွှေမှုန် ရေချိုးခန်းထဲမှ ထွက်လာပါသည်။
ရှည်လျားသောဆံပင်ထူထူများကို တဘက်နှင့် သေချာသုတ်
ဒရိုင်ယာဆွဲနေစဉ်မှာပင် အခန်းတံခါးပွင့်သွားကာ မေမေ
လာသည်။

'ရွှေမှုန်… သမီးလေး၊ မမက စိန်ကြိုးအသေး
မှန်တင်ခုံပေါ် ကျန်ခဲ့လို့တဲ့။ အဲဒါ သမီး လိုက်ပို့ပေးနိုင်မလား
သူ့ကားနဲ့ နီနီက အင်းကျိုသွားရွှေးနေလို့တဲ့။ ဟိုမှာကလည်း မို
ရင်းတန်းလန်းမို့ ဆွဲကြိုးကလည်း လိုနေလို့တဲ့'

'မမက ဘာရိုက်နေတာလဲ၊ ရှုတင်ကို သွားပေးရ
လား'

'ဒီနေ့ ရှုတင်မရှိဘူး။ ကြော်ငြာရိုက်နေတာ 'ဟံသာ
ဝတီဘဏ်'ဆိုလား၊ ယောမင်းကြီးလမ်းထိပ်ကလေ၊ သမီး
တယ် ပြောတာပဲ'

'ဟံသာဝတီဘဏ်'ဆိုသောအသံကြောင့် ရွှေမှုန်ကို
လေး မတ်ခနဲ ဖြစ်သွားရသည်။ ဒီဘဏ်က ဦးစဝ်နိုင်ရဲ့ဘဏ်
တိုက်တိုက်ဆိုင်ဆိုင်လို့ တွေးရင်း-

'ရွှေမှုန်… အခု အဝတ်အစားလဲပြီးရင် လိုက်သွား
လိုက်မယ် မေမေ။ မမဆွဲကြိုးသာ ရွှေမှုန့်ကိုလာပေး'

'အေး… အေး… ဟုတ်ပြီ'

မေမေ အခန်းထဲကထွက်သွားတော့ ရွှေမှုန်သည် သွ

ဆက်မြန်ဆန်စွာ လှုပ်ရှားလိုက်သည်။ သူ့ဘဏ်ကို ကြော်ငြာ
ရိုက်တော့ ဦးစဝ်နိုင်လည်း ရှိချင်ရှိနေမှာပေါ့။ အင်း… ရွှေမှုန့်
ကို ဘဏ်ပိတ်ရက်ကြီးရောက်လာတာတွေ့ရင်တော့ မမနဲ့ မဆက်
စပ်မိခင် အံ့သြသွားမှာမြင်ယောင်သေးလို့ စိတ်လှုပ်ရှားစွာ တွေး
တောရင်း ဘာဝတ်ရပါ့မလဲ ကပျာကသီ ရွေးချယ်နေမိသည်။
လှချင်နေပါပြီလို့ ခပ်ရှက်ရှက်ပြုံးလိုက်ရင်း သူနှင့် ပထမဆုံး
ဆုံတွေ့သည့်နေ့က ဝတ်ခဲ့သော အပြာနုရောင်လုံချည်လေးကို
ဆွဲထုတ်လိုက်သည်။ အပြင်မှာ နေရောင်က ခပ်ကျဲကျဲလေး ပူ
နေသည်မို့ ဇာတွန့်အဖတ်လေးတွေနှင့် ချစ်စရာကောင်းသည့်
ရှည်ပိတ်ဖောက်ဇာ ခါးတင်လေးကိုပဲ ရွေးချယ်လိုက်သည်။
နားကိုတော့ ကရင်မ်လေးတစ်ခုလူး၊ ပေါင်ဒါလေး နည်းနည်း
ဖိုက်ပြီး နှုတ်ခမ်းကိုတော့ ပန်းနုရောင်ဖျော့ဖျော့လေး ဆိုးလိုက်
သည်။ ရှည်လျားသောဆံပင်များကို ဖဲကြိုးအဖြူလေးနှင့် ဒီ
အတိုင်း စုချည်အပြီးမှာတော့ ရွှေမှုန်ရဲ့ အလှပြင်ခန်းကိစ္စက
ပြီးဆုံးသွားပါသည်။ ပိုက်ဆံအိတ်လေးကိုင်ပြီး အောက်ကို ပြေး
ဆင်းမှာတော့ မေမေက လေ့ကားနားမှာ ရတနာဗူးအနီလေး
ကို ကိုင်ပြီး အသင့်စောင့်နေပါသည်။

'သမီး ဘဏ်ကိုသိတယ်နော်'

'သိပါတယ် မေမေရဲ့'

'အေး… မမက အပေါ်သာတက်လာခဲ့တဲ့၊ ရှေ့မှာ
သူ ပြောထားလိုက်မယ်တဲ့'

'ဟုတ်'

မေမေ့ဆီကဗူးကို ပိုက်ဆံအိတ်ထဲ သေချာထည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကားသော့လေးယူကာ ခြံပြင်ထွက်လာခဲ့သည်။ ဒီနေ့ ရွှေမှုန့် တို့လမ်းရှာနေတာ ခုတော့လည်း ရေကန်အသင့် ကြာအသင့်ပါ ပဲလားလို့ ကျေနပ်စွာတွေးရင်း အဖြူရောင် Honda ကားလေးကို ခပ်မြန်မြန်လေးပင် မောင်းထွက်ခဲ့လိုက်သည်။

ဖဖ

အခန်း ၊၂၀၊

ဘဏ်ပိတ်ရက်မို့ ကားတွေက ရှင်းနေသောကြောင့် ရွှေမှုန့်ကားကို လွယ်လွယ်ကူကူပင် ပါကင်ထိုးလိုက်ပါသည်။ ခင်တဒိတ်ဒိတ်နှင့် ဘဏ်အဆောက်အဦရှေ့အရောက်မှတော့ ဦးစဝ်နိုင်နှင့်မတွေ့ဘဲ မမရဲ့အဆက် ကိုချိုဇော်ကြီးနှင့် တည့်တည့် တိုးတော့သည်။

'ကိုချိုဇော်ကြီး ဘာလာလုပ်တာတုန်း'

'ညနေကျရင် ဟောင်ကောင် ခဏသွားမလို့။ မှန် မှာမယ့်ပစ္စည်းစာရင်း လာယူတာ'

'ဟင်း… သိပ်အဖြစ်သည်းတာပဲနော်။ ရွှေမှုန့်ကိုကျ တော့ ဘာမှာမလဲ တစ်ချက်မမေးဘူး'

'အေးပါ၊ ခု မေးမလို့ပါ ဂျီမရှာ၊ ကဲ… ပြော ပြော၊ ဘာမှာမလဲ'

'မုန့်ဝယ်ခဲ့'

'အယ်… ပေါက်ပေါက်ရှာရှာတွေ မှာပြန်ပြီ။ ကောင်း ကောင်းပြော'

'အင်းလေ… ကောင်းကောင်းပြောနေတာပဲ။ ကိုချို

www.burmeseclassic.com

www.burmeseclassic.com



ဇော်ကြီး အပြန်ကျရင် ဘန်ကောက်ကနေ လှည့်ပြန်မှာပဲ။ အဲဒါ ဘန်ကောက်လေဆိပ်မှာ ဒူးရင်းသီးကို အာလူးကြော်လို ကြော် ထားတဲ့ဗူးလေးတွေ ရှိတယ်။ အဲဒါ ဝယ်ခဲ့'

'အေးပါ၊ ဟုတ်ပါပြီ၊ ဝယ်ခဲ့မယ်။ ကဲ... ငါ သွား တော့မယ်။ ညည်းလည်း မြန်မြန်တက်၊ အပေါ်မှာ မြူမှုန် ဒေါ် နေတယ်။ အဲဒါကြောင့် ငါလည်း ပြန်လစ်လာတာ'

ပြောပြီး ခပ်သုတ်သုတ်ဆင်းသွားသော ကိုချို့ဇော် ကျောပြင်ကြီးကိုကြည့်ကာ ရွှေမှုန် ရယ်လိုက်ပြီး အပေါ်ဆက် တက်ခဲ့သည်။ ကိုချို့ဇော်များ မမကိုဆို သိပ်ကြောက်။ မမက တစ်ခုခုဆို သူ့မှာ အမြဲပျာယာခတ်နေတတ်သည်။ မမအပေါ် တော်တော်အနွံတာခံ ချစ်နိုင်သည့်လူတစ်ယောက်ပါ။ မမ ကံကောင်းတယ်လို့တွေးရင်း ရွှေမှုန်လည်း ကံကောင်းချင်သွား သည်။

ဘဏ်အဝမှာ လူတစ်ယောက်က ရွှေမှုန်ကို လာစောင့် နေပြီး မမရှိရာ ပို့ပေးပါသည်။ ဟိုတစ်ခါ ရွှေမှုန်တို့ထိုင်ခဲ့သော နေရာများမှာတော့ ကင်မရာတွေရော၊ မီးတွေရော ရှုပ်ယှက်ခတ် ကာ လူတွေအများကြီး တွေ့လိုက်ရသည်။ ရွှေမှုန်သည် ရိုက်ကွင်း ဘက်ကို တစ်ချက် ဝေ့ခနဲသာကြည့်လိုက်ပြီး လာခေါ်သောသူ အနောက်မှ ခပ်ကုတ်ကုတ်ကလေး လိုက်လာခဲ့ပါသည်။

ရွှေမှုန်နှင့် အန်တီငြိမ်း အအေးထိုင်သောက်ခဲ့ဖူးသော ညှိခန်းကျယ်ကြီး၏ ထောင့်တစ်ထောင့်တွင် မမသည် သူ့ ကိုယ်လုံးပေါ်မှန်ကြီးကိုထောင်ပြီး ဆံပင်ပြင်နေပါသည်။ ရွှေမှုန် ကိုမြင်တော့ ဒီကိုလာဆိုပြီး လက်ရပ်ပြသည်။ မာမီဝိုင်းကတော့ င်းသမီး၏ဆံပင်တွေကို စိတ်ပါလက်ပါ ဒီဇိုင်းထွင်နေလေ သည်။

'မနက်က မီရှယ်လေ၊ မှန်တင်ခုံပေါ်မှာ တင်ထားတာ ဆိုတာကို ရအောင်မေ့ခဲ့တယ်။ ခေါက်ထားတယ်'

မမကလှမ်းပြောတော့ ရွှေမှုန်က ပိုက်ဆံအိတ်ထဲမှ ဗူးကိုထုတ်ပြီး မီရှယ်ကို ပေးလိုက်သည်။ မီရှယ်ဆိုသည် မ၏အပါးတော်မြဲ ကောင်မလေးဖြစ်သည်။ အသားညိုညို အညာသူမလေး။ နာမည်အရင်းက မူမူဝင်း ဖြစ်သည်။ င်မလေး၏သွားလေးများက ရှေ့သို့ နည်းနည်းလေးထွက်နေ ကြောင့် ရွှေမှုန်ကပဲ မူမူဝင်းမခေါ်ဘဲ မူရှယ်ခေါ်ရာကနေ ရွေ့လျားတော့ မီရှယ် ဖြစ်သွားရသည်။ မီရှယ်က ရွှေမှုန့် ျက်လုံးလေး ကလယ်ကလယ်နှင့်ကြည့်ရင်း ရတနာဗူးကို လိုက်သည်။ ဘယ်လောက်တောင် မမရဲ့ အကြိမ်းအမောင်း ရလဲဆိုတာ မပြောတတ်။

'မီရှယ်... ရွှေမှုန့်ကို ထိုင်ခုံတစ်လုံး သွားယူပေးလိုက်'

'အန်တီနီ ပြန်မရောက်သေးဘူးလား'

'အေးလေ... အင်္ကျီသွားရွေးတာ တစ်နာရီလောက်ရှိ ထိ ပေါ်မလာသေးဘူး'

'မြောက်ဒဂုံထိ သွားယူရတာကိုး မြူမြူရဲ့၊ နည်းနည်း ကြာမှာပေါ့'

မာမီဝိုင်းက ဝင်ပြောသည်။ ရွှေမှုန်က မီရှယ်ယူလာ ခုံမြင့်လေးမှာဝင်ထိုင်ရင်း ဘေးဘီဝဲယာကို အကဲခတ်ကြည့် ည်။ လူတစ်ဦးတစ်ယောက်တလေတောင် မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com



'မမ တစ်ယောက်တည်း ရိုက်တာလား'

'နေနိုင်နဲ့၊ အောက်မှာ မတွေ့ခဲ့ဘူးလား၊ နင့်ကိုတော... မေးနေသေးတယ်။ တွေ့ရင် နှုတ်ဆက်လိုက်ဦး၊ ဒီနေ့ ကျော... မရှိဘူး မဟုတ်လား ရွှေမှုန်၊ ထမင်းစားပြီး အေးအေးဆေး... မှ ပြန်'

ဆံပင်ကိုစွ လက်စသတ်လိုက်ပြီမို့ မမက အဝတ်အ... လဲဖို့ ပြင်တော့သည်။ မီရှယ်က မမကို ဝိုင်းကူနေစဉ် မာမီမို... ကတော့ သူ့ခန္ဓာကိုယ်ကြီး အိပ့် အိပ့်နှင့် ပစ္စည်းတွေကို သိ... နေသည်။

'မာမီ... မာမို့သူငယ်လေးနဲ့ကော ဘယ်လိုလဲ။ အ... ပြေလား၊ မတွေ့တာ ကြာပြီ'

'ဟဲ့... ရှူး... တိုးတိုးပြော၊ မြူမြူ့ကို ပြတ်ပြ... ပြောထားတာ'

'အံမယ်လေး... ဘာမှ တိုးတိုး တိုးတိုးလုပ်မနေ... အကုန်ကြားတယ်။ ရှာလို့ရသမျှ ပိုက်ဆံ အဲဒီကောင်ကို ... တာနဲ့ ပြီးနေတာပဲ။ အချိန်တန်တော့ ဟိုကောင်က မိန်းမယူ... မှာ။ အင်းလေ... အဲဒီတော့လည်း အဲဒီသူ့မိန်းကိုပါ လုပ်... ကျွေးမွေးလိုက်ပေါ့'

မမက အဝတ်လဲရင်း လှမ်းအော်တော့ မာမီဝိုင်းမျက်... ကြီးက မျက်နှာငယ်လေးနှင့် ရှုံ့မဲ့မဲ့ ဖြစ်သွားရင်း ရွှေမှုန်... မျက်စောင်းလှမ်းထိုးလေသည်။ ရွှေမှုန်က ခွိခနဲရယ်ရင်း မမအ... သို့ ထသွားလိုက်သည်။ အဝတ်အစားလဲပြီးမှာတော့ မမသ... ညီအစ်မချင်း ငေးကြည့်နေရလောက်အောင်ကို လှသွားလေ...

...ည်။ မျက်နှာ၊ ကိုယ်လုံး၊ အရုပ်အမောင်း ဘာတစ်ခုမှပြော... မရှိလောက်အောင် မမမြူမှုန်သည် တာကယ့်ကို ကျက်သရေ... သော မိန်းမလှတစ်ယောက် ဖြစ်ပါသည်။ မမ ကံကောင်းသလို ...ချိုဇော်ကြီးလည်း သိပ်ကံကောင်းတာပဲလို့တွေးရင်း မမကို ...ောက်မှာ ကိုချိုဇော်နှင့်တွေ့ခဲ့ကြောင်း မပြောရသေးတာကို ...တိရလိုက်သည်။

'မမြူမှုန် ပြီးရင် ရိုက်လို့ရပြီနော်။ အောက်မှာ အားလုံး ...ဆင်သင့်ပဲ'

'အင်း... အင်း... ပြီးပြီ၊ ခု ဆင်းလာခဲ့မယ်'

အပြင်က လာခေါ်တော့ မမက ခပ်သွက်သွက်ကလေး ...စီးပြီး အပြင်ထွက်ဖို့ ပြင်သည်။ ရွှေမှုန်တို့အားလုံးလည်း ...နောက်ကနေ အဆင်သင့်တန်းစီလိုက်ရသည်။

ရိုက်ကွင်းပေါ်တွင် သီချင်းသံမြူးမြူးလေးနှင့် မမနှင့် ...နိုင် အိုက်တင်အမျိုးမျိုးနှင့် သရုပ်ဆောင်နေတာကို ငေး ...ပြီး ရွှေမှုန်မှာ သဘောတွေကျကာ ပတ်ဝန်းကျင်ကိုတောင် ...နေရသည်။ ထိုစဉ်မှာပင် ဘေးနားမှ 'မရွှေမှုန်' ဆိုသော ခပ် ...တိုးခေါ်သံကြောင့် ရွှေမှုန်မှာ တုန်ခနဲဖြစ်သွားကာ ကမန်း ...တန်း လှည့်ကြည့်လိုက်မိသည်။

'ကိုဝဏ္ဏ'

'ဦးစဝ်နိုင်က ဖုန်းလေး ခဏပြောချင်လို့ပါတဲ့'

သပ်သပ်ရပ်ရပ် ဝတ်စားထားသော ကိုဝဏ္ဏသည် ...လက်ထဲ ဖုန်းအဖြူလေးတစ်ခုကို အတင်းထိုးပေးပါသည်။ ...သည် တုန်ယင်နေသောလက်ဖြင့် ဖုန်းလေးကိုလှမ်းယူလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရင်း လူတွေနှင့် ခပ်ဝေးဝေးသို့ ထွက်လာခဲ့လိုက်သည်။

'ရွှေမှုန်ပါ'

'ဝဏ္ဏပြောလို့ ရွှေမှုန် ရောက်နေတယ်ဆိုတာ သိ တယ်'

'ရွှေမှုန်တောင် ဦးစဝ်နိုင်များရှိနေမလားလို့ ရှာကြည့် သေးတယ်'

'အင်... စနေ၊ တနင်္ဂနွေဆိုရင် ကျွန်တော်က ခြံ မှာပဲ ရှိတတ်တယ်။ ဒီနေ့တော့ အဲဒီကိုရောက်မှာ မဟုတ် ပါဘူး'

'ဦးစဝ်နိုင်က ဘယ်မှာနေတာလဲ'

ရွှေမှုန်သည် စိတ်လိုလက်ရနှင့်ကို လူတွေနှင့်တော် ဝေးသော ဆိုဖာတစ်ခုပေါ်တွင် ကျုံ့ကျုံ့လေးထိုင်ရင်း ဖုန်း နေမိတော့သည်။

'နေတာက အင်းလျားလမ်းထဲမှာပါ။ ဒါပေမယ့် တနင်္ဂနွေတိုင်း ကျွန်တော့်ခြံကြီးထဲမှာပဲနေတယ်။ ဒီနေရာ ကျွန်တော့်အတွက် သီးခြားကမ္ဘာတစ်ခုပဲ'

'အဲဒီခြံကြီးက ဘယ်နားမှာလဲ'

'သန်လျင်ဘက်မှာ၊ ရွှေမှုန် စိတ်ဝင်စားမယ်ဆိုရင် ကျွန် တော့်ခြံထဲကို တစ်ခေါက်လောက် ရွှေမှုန့်ကိုဖိတ်ချင်တယ်။ ဒါ ပေမယ့် အဲဒီနေ့ကျရင်တော့ ရွှေမှုန် ပြုံးလို့မဖြစ်ဘူး'

'ဟင်... ဘာဖြစ်လို့'

'ကျွန်တော့်ရင်ထဲကနဲ့အပြိုင် ခြံထဲကပန်းတွေ အ ပွင့်ကုန်မှာစိုးလို့'



ဦးစဝ်နိုင်၏ ဩရှရှ စကားသံချိုချိုတို့သည် ရွှေမှုန့် ရင်ထဲမှတစ်ဆင့် နှလုံးသားထဲကို ဖြတ်သန်းပြီး ပူနွေးသော သွေးသည်ပတ်မှုက လူတစ်ကိုယ်လုံးကို လျှင်မြန်စွာ လွှမ်းခြုံ စေခဲ့သည်။

ဇ

www.burmeseclassic.com

www.burmeseclassic.com

န်း ၊၂၁၊

တစ်ခြံလုံး တမျှော်တခေါ် ရောင်စုံပွင့်နေကြသော ပန်း
ကြီးကိုကြည့်ရင်း ရွှေမှုန်သည် ကြည်နူးပျော်ရွှင်သွားကာ
လေးသဖွယ် တစ်ချက်တောင်ခုန်လိုက်မိသည်။ ဦးစဝ်နိုင်ရဲ့
ကြီးက တကယ့်ကို စာဖွဲ့ချင်စရာကောင်းလောက်အောင် လှပ
ည့်ခြံကြီးတစ်ခု ဖြစ်နေသည်။ ဒီလောက် သာယာလှပလိမ့်
ဒီလိုနေရာမျိုးမှာ ဒီလိုအခိုင်အခန့် တည်ဆောက်ထားသည့်
ကြီးတစ်ခြံ ရှိနေလိမ့်မယ်ဆိုတာကို ရွှေမှုန် လုံးဝ မျှော်လင့်
ားမိပါ။

ဦးစဝ်နိုင်၏ ဖိတ်ကြားမှုကြောင့် နောက်တစ်နေ့မနက်
နေ့ မနက် ၈နာရီလောက်တွင် ရွှေမှုန်သည် 'ဟံသာဝတီ
ည်' ကို ရောက်ရှိလာခဲ့သည်။ မိန်းကလေးတစ်ယောက်တည်း
မောင်းပြီး ရောက်လာခဲ့ခြင်းဖြစ်သော်လည်း ရွှေမှုန်သည်
ဝ်နိုင်၏သိက္ခာနှင့် သမာဓိကို ယုံကြည်စွာ သတ္တိရှိရှိပင်
ကြီးပေါ် စတင်ခြေချခဲ့သည်။

ခြံတံခါးကြီး ပွင့်သွားသွားချင်း နွေးထွေးသော နေ
င်ခြည်အောက်တွင် ဦးစဝ်နိုင်သည် အချိုဆုံးအပြုံးနှင့် ဆီး

www.burmeseclassic.com

www.burmeseclassic.com



ကြိုနေခဲ့ပါသည်။ ခြံကြီးကို လှည့်ပတ်ကြည့်ပြီး ရွှေမှုန် သဘော… ကျကာ ပျော်ရွှင်နေတော့ သူ့မျက်နှာကလည်း ကျေနပ်နေ… သည်။ ပန်းခင်းတွေကြားထဲတွင် အလုပ်လုပ်နေကြသော အလု… သမား တော်တော်များများကို ရွှေမှုန် တွေ့ရသည်။ ခြံအလယ… တည့်တည့်တွင် အုန်းပင်၏ပင်စည်များနှင့် ဆောက်လုပ်ထား… သော ထူးဆန်းပြီး စိတ်ဝင်စားစရာကောင်းလှသည့် အိမ်မ… မည်းလေးတစ်လုံးကိုလည်း တွေ့ပါသည်။ ဟိုး နောက် ခပ်လှ… လှမ်းမှာတော့ သစ်သားတန်းလျားရှည်ရှည်များကို ထင်ထင်… ရှားပင် တွေ့ရပြန်သည်။ ပြီးတော့ ပန်းခင်းများအလယ်… ခံ့ညားစွာတည်ရှိနေသော ရေကန်ကြီးတစ်ကန်ကိုပါ အံ့သြ… တွေ့လိုက်ရသည်။

'ရွှေမှုန်…'

'ရှင်…'

'ကျွန်တော့်ခြံကို သဘောကျရဲ့လား'

ရွှေမှုန်က ပြန်မဖြေဘဲ ဦးစဝ်နိုင်ကိုသာ လှမ်းပြီး … ပြလိုက်သည်။

'ကျွန်တော်ပြောရင် ရွှေမှုန် ယုံမှာလား'

'ဘာလဲဟင်'

'ကျွန်တော့်ရဲ့ ဟံသာဝတီဥယျာဉ်ထဲကို ဘယ်… ကလေးကိုမှ အလည်မခေါ်ခဲ့ဖူးဘူး'

ရွှေမှုန်သည် ဦးစဝ်နိုင်၏စကားကို နားထဲတွင် အ… ကြိမ်ကြားနေရသလို ခံစားလိုက်ရသည်။ ဟံသာဝတီဥယျာဉ်… ကို ဘယ်မိန်းကလေးကိုမှ အလည်မခေါ်ခဲ့ဖူးဘူးတဲ့။ ဒီစကား… …မှ ဦးစဝ်နိုင်ကို တစ်စုံတစ်ခုမေးဖို့ ရွှေမှုန် သတိရသွားမိ …သည်။ ဒီအချက်ကို ဘာဖြစ်လို့များ ရွှေမှုန် မေ့နေခဲ့ပါလိမ့်။

'ဦးစဝ်နိုင်'

'ပြောပါ ရွှေမှုန်'

'ဦးစဝ်နိုင်မှာ မိသားစု မရှိဘူးလား'

ဦးစဝ်နိုင်မျက်နှာကို တည့်တည့်ကြည့်ကာ မေးလိုက် …ော ရွှေမှုန့်စကားကြောင့် ဦးစဝ်နိုင်၏မျက်ဝန်းများသည် ရေကန် …ယ်သို့ ငေးခနဲ ဖြစ်သွားတာကို ရွှေမှုန် သတိထားမိသည်။ …စဝ်နိုင်သည် သက်ပြင်းကို ခပ်တိုးတိုးချလိုက်သော်လည်း …နှာကတော့ ပြုံးနေပါသေးသည်။ ပြီးတော့မှ လေးလေးနက် … တစ်လုံးချင်း စကားစသည်။

'ကျွန်တော်ဟာ လွတ်လပ်တဲ့ လူတစ်ယောက်ပါ …။ ကျွန်တော့်ကို ချုပ်ချယ်တားမြစ်ပိုင်နိုင်ခွင့်ရှိတဲ့သူ ကျွန် …မှာ မရှိပါဘူး။ အဲသလိုပဲ ကျွန်တော်ဟာ လူပျိုကြီးတစ် …ောက်လည်း မဟုတ်ပါဘူး'

ဦးစဝ်နိုင်စကားကြောင့် ရွှေမှုန့်မှာ ဝမ်းသာရမလို၊ ဝမ်း …ရမလို ဇဝေဇဝါဖြစ်ရင်း သူ့မျက်နှာကိုမော့ကြည့်မိသည်။ …မျက်ဝန်းများက ခပ်ဝေးဝေးမှ ပန်းခင်းတွေဘက်ကို ရောက် …သည်။ သူ တစ်စုံတစ်ရာကိုများ စဉ်းစားနေသလား။ သူ့ …အရ သူဟာ လူပျိုကြီးတစ်ယောက်မဟုတ်ဘူးဆိုရင် …ထောင်ကျခဲ့ဖူးတဲ့ သဘောလား။ ရှင်းရှင်းလင်းလင်း … သိချင်လှသည်။

'ကျွန်တော့်ကို ယုံကြည်စိတ်ချပါ ရွှေမှုန်၊ ရွှေမှုန့်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ကို အနောက်အယှက်ပေးမယ့် အိမ်ရှင်မ ကျွန်တော့်မှာ မရှိ
ဘူး။ ကျွန်တော် တစ်ယောက်တည်းသမားပါ'

သူ့ဆီက ပြတ်သားသော အဖြေတစ်ခုကို ထပ်အကြား
ရမှာတော့ ရွှေမှုန်ရင်ထဲ အနည်းငယ်ပေါ့သွားရကာ ခြေလှမ်း
ကို ရေကန်ကြီးဘက် ထပ်မံဦးတည်ကာ လှမ်းလိုက်သည်။
ကန်ကြီးရဲ့ဟိုဘက်မှာ ခပ်စိမ်းစိမ်းတွေ့နေရသော အပင်များ
ဘာပင်တွေလဲဆိုတာ ရွှေမှုန် သိချင်သေးသည်လေ။

'ကျွန်တော်တို့ နေ့လယ်စာ အတူတူစားကြမယ်
ရွှေမှုန်'

'ဟို… အုန်းပင် ပင်စည်တွေနဲ့ လုပ်ထားတဲ့ အိမ်
ထဲမှာလား'

'မဟုတ်ဘူး'

သူ့စကားကြောင့် ရွှေမှုန်က မျက်မှောင်လေးကြုတ်
သူ့ကို လှည့်ကြည့်လိုက်သည်။

'အဲဒီအိမ်လေးက ထန်းပင်ရဲ့ပင်စည်တွေနဲ့ လုပ်
တာ'

ရွှေမှုန်သည် ကိုယ့်အမှားကို ချက်ချင်းရိပ်မိလိုက်
ခပ်ရှက်ရှက်လေး ရယ်လိုက်မိသည်။

ဦးစဝ်နိုင်ရယ်…

ရွှေမှုန့်ဘဝမှာ ဒီအချိန်လေးတွေကို ဘယ်လို
လွယ်နဲ့ မေ့ဖျောက်လို့ရနိုင်တော့မှာလဲ။



အခန်း ၊၂၂၊

တစ်ခုသော အင်္ဂါနေ့ မနက်စောစောတွင် ရွှေမှုန်
ကျောင်းသို့ထွက်အလာ လမ်းသွယ်လေးထဲတွင် လှပသော ပန်း
စည်းတစ်စည်းကိုကိုင်ပြီး ကားနားမှာရပ်နေသော ဦးစဝ်နိုင်ကို
ရွှေမှုန် အံ့အားသင့်စွာ တွေ့လိုက်ရသည်။

'ဦးစဝ်နိုင် ရွှေမှုန့်ကို လာစောင့်နေတာလားဟင်'

'ကျွန်တော် ဒီပန်းလေးတွေ ရွှေမှုန့်ကိုပေးချင်လာလို့
ပါ'

ဦးစဝ်နိုင်လက်ထဲမှ ပန်းစည်းတွေကို ရွှေမှုန်သည် မြတ်
နိုးစွာလှမ်းယူရင်း ဦးစဝ်နိုင်ကို အသာအယာမော့ကြည့်မိသည်။
ဦးစဝ်နိုင်မျက်နှာသည် ခါတိုင်းလိုမဟုတ်ဘဲ အနည်းငယ် ခပ်နွမ်း
နွမ်းဖြစ်နေသည်ကို ရွှေမှုန် သတိထားလိုက်မိသည်။

'ဦးစဝ်နိုင် မျက်နှာလည်းမကောင်းဘူး။ နေမကောင်း
ဘူးလားဟင်'

'…ကျွန်တော် ညညဆို ကျွန်တော် အိပ်လို့မပျော်ဘူး'

'ဟင်… ဘာဖြစ်လို့လဲ၊ အလုပ်တွေ ပင်ပန်းလို့လား'

ရွှေမှုန်က စိုးရိမ်တကြီးပင် မေးလိုက်မိပါသည်။ ခပ်

www.burmeseclassic.com

www.burmeseclassic.com



ဝါးဝါး မြူငွေ့များကြားမှ ဦးစဝ်နိုင်၏မျက်ဝန်းများက မျက်နှာနှင့်မတူ တောက်တောက်ပပရှိလှသည်။

"ဒီတစ်ပတ် ဟံသာဝတီဥယျာဉ်ကို ရွှေမှုန် လာဦးမှာလား"

မျှော်လင့်ချက်အပြည့်ဖြင့်မေးလိုက်သော သူ့အသံက ရွှေမှုန့်အတွက် ငြင်းပယ်ဖို့ ခွန်အားတွေ လျော့သွားစေသည်။ ရွှေမှုန်က နှင်းဆီပန်းများကို တစ်ချက်နမ်းလိုက်ပြီး သူ့မျက်နှာကို မော့ကြည့်ကာ "အင်း… ဒီတစ်ပတ် တနင်္ဂနွေတော့ ရွှေမှုန် လာနိုင်မယ် မထင်ဘူး" လို့ ခပ်ပြုံးပြုံးလေးပြောတော့ ဦးစဝ်နိုင်၏မျက်နှာက ကွက်ခနဲပျက်လေသည်။ အဲဒီနောက် ရွှေမှုန်က သူ့စကားကို ပြန်ဆက်သည်။

"ဒီတနင်္ဂနွေ မလာဘူး၊ ဒီ စနေနေ့ကျရင်ပဲ လာခဲ့မယ်လို့ ပြောမလို့"

ရွှေမှုန်က သူ့စကားအဆုံးမှာ သူ့ဟာသူ သဘောကျကာ ရယ်မောလိုက်တော့ ဦးစဝ်နိုင်၏မျက်နှာမှာလည်း အမှောင်ထုတ်တွေ ကူးဝင်သွားကာ ချိုပြုံးရွှင်လန်းသွားလေသည်။

ဦးစဝ်နိုင်ရယ်…

ရှင့်ကို တစ်စက္ကန့်လေးလောက်တောင် စိတ်ညစ်အောင် မလုပ်ရက်ပါဘူးဆိုတာ ရှင် နည်းနည်းလေးတောင် မရိပ်မိဘူးတဲ့လား။



အခန်း ၊၂၃၊

ရွှေမှုန်တို့နှစ်ယောက်သည် နေ့လယ်စာကို အတူတူ စားကြပြီးနောက် ခြံကြီး၏အနောက်ဘက်ရှိ ကြီးမားလှသော ကုက္ကိုပင်ကြီး၏ အေးမြလှသော အရိပ်အာဝါသအောက်တွင် ပြုလုပ်ထားသော ဒန်းတစ်ခုတွင် အေးအေးလူလူ ထိုင်ဖြစ်ကြသည်။ အပေါ်မှာ ထန်းလက်ကလေးတွေ မိုးထားသော ဒန်းအဖြူရောင်လေးက ခပ်နိမ့်နိမ့်လေးဖြစ်ကာ အိမ်ကဒန်းလောက် လွှားခနဲစီးလို့မရပေမယ့် ထိုင်လို့ကောင်း ချစ်စရာလည်းကောင်းလှပါသည်။ အနီးဘေးပတ်ဝန်းကျင်မှာတော့ ပန်းပင်တွေမဟုတ်ဘဲ စိုက်ခင်းများကို ပြောင်းလဲတွေ့ရသည်။ နေ့လယ်ပိုင်း အမောင်းစားချိန်မို့ ခပ်လှမ်းလှမ်းအပင်တွေကြားထဲတွင် လူတစ်ယောက်နှစ်ယောက်ကိုသာ တွေ့ရသည်။ ရွှေမှုန်သည် အနောက်ဘက်တွင် မြင်တွေ့နေရသော ထန်းပင်အုပ်အုပ်များကိုကြည့်ရင်း-

"ဦးစဝ်နိုင် ခြံကြီးက အရမ်းကျယ်တာပဲနော်"

"အင်း… နောက်ဘက်မှာ မြေရိုင်းတွေ ကျန်သေးတယ်။ ဒီမိုးတွင်းမကျခင် ကျွန်တော် လယ်ကွင်းတွေလုပ်မလို့"

"လယ်ကွင်းတွေ… ဘာလုပ်ဖို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



'စပါးစိုက်မှာပေါ့။ ကျွန်တော်ကိုယ်တိုင် လယ်ထွန် မယ်။ စပါးတွေစိုက်မယ်။ ပြီးတော့ ဆန်တွေရတော့ ခြံထဲက အလုပ်သမားတွေကော ကျွန်တော်ပါ စားရတာပေါ့။ သိပ် အများကြီးလည်း မဟုတ်ပါဘူး။ အလုပ်သမားတွေအတွက် တစ်နှစ်စာ လောက်ပါ'

သူ့ရဲ့ စိတ်ကူးဆန်းဆန်းကို ရွှေမှုန်လည်း သဘောကျ သွားရသည်။ ကိုယ့်လက်ထဲမှာ ကိုယ့်ဟာကိုယ် စပါးပင်ရှေ့ စိုက်၊ ပြီးရင် ရိတ်သိမ်း၊ ဆန်တွေဖြစ်လာရင် တော်တော်ပျော်စရာ ကောင်းမှာပဲလို့ တွေးမိသည်။

'ရွှေမှုန်လည်း စိုက်ချင်တယ်'

'သေချာလို့လား'

'ဟင်း... ရွှေမှုန့်ကိုများ မယုံဘူး'

'ပင်ပန်းမှာစိုးလို့ပါ ရွှေမှုန်ရယ်'

'အို... ရွှေမှုန် တစ်ခါမှ မလုပ်ဖူးဘူး။ လုပ်ကြည့် ချင်တယ်'

'သဘော... သဘောပါပဲဗျာ၊ စိတ်ချမ်းသာမယ် ထင် ရင် လုပ်'

ဦးစဝ်နိုင်က လွယ်လင့်တကူ ခွင့်ပြုလိုက်သည့်အတွက် ရွှေမှုန်လည်း ကျေနပ်သွားရသည်။

'ခြံထဲမှာ အလုပ်သမားတွေ အများကြီးပဲနော်'

'မိသားစု (၅)စုရှိတယ်။ လူက စုစုပေါင်း အယောက် ၂၀'

'ဟင်... အများကြီးပဲနော်'



'ဒီလိုပဲ တိုးပွားလာတာပေါ့။ အားလုံးဟာ ကျွန်တော့်ရဲ့ တပည့်ရင်းတွေပါပဲ။ သူတို့အချင်းချင်းလည်း ညီညွတ်ကြပါတယ်။ သူတို့အားလုံးကို အုပ်ချုပ်ဖို့ လူတစ်ယောက်ကိုလည်း ရွေးထားပေးတယ်။ သူတို့အတွက်ကတော့ ဒီနေရာဟာ ရွာလေး တစ်ရွာ ဖြစ်နေပြီပေါ့'

'ဦးစဝ်နိုင်က သူတို့ကို လခပေးထားတာလား'

'ကျွန်တော် အားလုံးကို minimum တော့ ပေးပါတယ်။ ခြံထဲကရှိတဲ့လူတွေအားလုံး ကလေးကလွဲရင် အလုပ်လုပ်ရတယ်။ စိုက်ထားတဲ့ပန်းပင်တွေ၊ အသီးအနှံပင်တွေကို အပြင်မှာ ရောင်းချခွင့်ရှိတယ်။ အဲဒီကနေ အားလုံး အချိုးကျ သူတို့ရကြတယ်။ ဒါမှလည်း သူတို့ အလုပ် မနိုမကပ်လုပ်ကြမယ်လေ။ ပြီးတော့ ခြံထဲက ကလေးတွေအားလုံးရဲ့ ကျောင်းစရိတ်ကို ကျွန်တော် တာဝန်ယူပေးတယ်။ သူတို့အားလုံး ပြေလည်ကြပါတယ် ရွှေမှုန်'

တိကျပြီး စနစ်တကျ အလုပ်လုပ်တတ်သော ဦးစဝ်နိုင်၏စိတ်ဓာတ်ကို ပိုလို့တောင် ရွှေမှုန် အထင်ကြီးသွားမိသည်။ ချမ်းသာကြွယ်ဝသော ယောကျ်ားတစ်ယောက်သည် ပန်းတွေ၊ အသီးတွေ၊ သစ်ပင်တွေနှင့် ပြည့်နှက်နေသော ဒီခြံဝင်းကြီးထဲတွင် ဘယ်အချိန်လောက်ကတည်းကများ သူ့ဘဝကို လာရောက်ရင်းနှီးထားပါသလဲဆိုတာ ရွှေမှုန် သိချင်ပါသည်။ တိုတောင်းသော ရင်းနှီးမှုကာလလေးအတွင်းမှာ စိတ်ထဲရှိတာတွေ မေးသင့် မေးသင့်ဆိုတာကိုလည်း ချင့်ချိန်ရပြန်သည်။ တော်သေးတာကြာ ရွှေမှုန်ဆိုသော မိန်းကလေးက သိပ်စပ်စုပါလားလို့ ထင်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရင်လည်း မကောင်းသေးဘူး မဟုတ်လား။

'အရင်တုန်းက ကျွန်တော့်ဘဝရဲ့ နောက်ဆုံးနေဝင်ချိန် တွေကို ဒီခြံကြီးထဲမှာပဲ တစ်ယောက်တည်း ကုန်ဆုံးစေတော့ မယ်လို့ ကျွန်တော် ရည်ရွယ်ခဲ့မိတယ်။ ဒါပေမယ့်လည်း လူ့ ရဲ့စိတ်ဟာ သိပ်ကိုဆန်းကြယ်ပါတယ်။ အထူးသဖြင့် အဲဒီ 'စိတ်' ကနေအခြေခံပြီး ဖြစ်တည်လာတဲ့ 'အချစ်' ဆိုတဲ့အရာက ပိုပြီး ဆန်းကြယ်တယ်'

သပ်ရပ်ပုံကျသော မျက်ခုံးထူထူများအောက်မှ တောက် ပသော မျက်လုံးအစုံသည် ကြင်နာခြင်းတည်းဟူသော အရိပ် အငွေ့များဖြင့် ယှက်သန်းနေကာ ရွှေမှုန့်ကို ငုံ့မိုးလို့ကြည့်နေပါ သည်။ ရွှေမှုန်သည် သူ့အကြည့်များအောက်မှ ကပျာကသီ ဖယ်လိုက်ရင်း လေတဖျတ်ဖျတ်တိုက်နေသော သူ့ပုဆိုးစလေး သာ စိုက်ကြည့်နေလိုက်မိသည်။

'ကျွန်တော့်ဘဝမှာ ဘယ်သူ့ကိုမှ တစ်ကြိမ်တစ် လေးတောင် မချစ်တတ်ခဲ့ဘူး။ တစ်ကောင်ကြွက်ဘဝနဲ့ ကြီးပြင်း လာခဲ့ရတဲ့ ကျွန်တော်ဟာ အထူးသဖြင့် မိန်းမတွေကို ပိုလို့တောင် မချစ်တတ်ခဲ့ဘူး။ အချိန်တွေ သိပ်ကြာလာတော့ ကျွန်တော့်မှာ အချစ်ဆိုတဲ့ ခံစားမှုတစ်ခု မရှိတော့ဘူးလို့တောင် ကိုယ့်ကိုယ် ကို ယူဆခဲ့မိတယ်'

ခပ်တိုးတိုးပြောနေပေမယ့် လေးနက်သော စကား တို့က ရွှေမှုန့်အာရုံမှာ စွဲစွဲထင်ထင် ရှိလှပါသည်။ ဘယ်စကား ကိုပြောဖို့ ရည်ရွယ်နေတာကို သိနေပါလျက်နှင့် မစောလွန်းဘူး လား ဦးစဝ်နိုင်ရယ်လို့တော့ နှုတ်က ပြောမထွက်ရက်ပါ။



'ဒါပေမယ့်လည်း အေးချမ်းတဲ့ မနက်ခင်းတစ်ခုမှာ လင့်ဘဲ ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော့်ထက် အသက်ထက်ဝက် ကင်ငယ်မယ်လို့ ခန့်မှန်းရတဲ့ 'ရွှေမှုန်' ဆိုတဲ့ မိန်းကလေးတစ် ကနဲ့ ဆုံတွေ့ခဲ့ပြီးတဲ့နောက်မှာတော့ ကျွန်တော့်ရဲ့အယူအဆ၊ တွေးအခေါ်နဲ့ ဆန္ဒတွေဟာ အံ့သြစရာကောင်းလောက်အောင် ပြောင်းလဲသွားခဲ့တယ်'

ရွှေမှုန် စိုက်ကြည့်နေမိသည့် လေတိုက်နေသော ပုဆိုး ဖျတ်ဖျတ်လို ရွှေမှုန့်နှလုံးသားတစ်ခုလုံးကလည်း သူ့စကား ကြောင့် တလှပ်လှပ်နှင့် ရင်ခုန်လှုပ်ရှားသွားစေပါသည်။

'လူ့ဘဝဆိုတာ သိပ်ကိုတိုတောင်းပါတယ်။ သက် ရဲ့ သုံးပုံနှစ်ပုံကို တစ်ယောက်တည်း ကျေကျေနပ်နပ် ကျော် လာခဲ့ပြီးမှ နောက်ဆုံး ကျန်တဲ့တစ်ပုံကို ဖြတ်သန်းဖို့အတွက် တ်' တစ်ယောက် ဘာလို့ လိုချင်လာရတာလဲဆိုတဲ့ ကျွန်တော့် ကို သေချာစိစစ် ခွဲခြမ်း စိတ်ဖြာကြည့်လိုက်တော့ ရိုးသား ဖြေတစ်ခုကို ကျွန်တော် ရပါတယ်။ ရွှေမှုန်… အရွယ်ဆို ကွာခြားမှုတစ်ခုဟာ ကျွန်တော်တို့နှစ်ယောက်အကြားမှာ အရေးမကြီးဘူးလို့ ရွှေမှုန် သတ်မှတ်ပေးနိုင်တယ်ဆိုရင် ကြီးထဲမှာ ကျွန်တော်နဲ့ အတူနေသွားဖို့ စဉ်းစားပေးနိုင်မလား --- ကျွန်တော် ရွှေမှုန့်ကိုချစ်တယ်'

ဦးစဝ်နိုင်က ပြောပြောဆိုဆို ရွှေမှုန့်ရှေ့မှာ ဒူးထောက် ကာ ရွှေမှုန့်လက်ကလေးနှစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင် 'ချစ်တယ်' ဆိုသော စကားကို နောက်ဆုံးပြောလိုက်ချိန်မှာ ရွှေမှုန့်ခန္ဓာကိုယ်တစ်ခုလုံးသည် ရုတ်တရက် ငြိမ်သွား

www.burmeseclassic.com

www.burmeseclassic.com



တာရော၊ တစ်ဦးဦး မြင်သွားမှာကို စိုးရိမ်တာရော၊ နောက် သူ့အပေါ် သနားမိတာရော အစရှိသည့် ခံစားမှုမျိုးစုံတို့ စီး ကာ ထူထူပူပူကြီးဖြစ်ပြီး မျက်နှာတစ်ခုလုံးလည်း နီရဲသွား သည်။ သူ့မျက်ဝန်းများနှင့်ဆုံဖို့ ရွှေမှုန်သည် ကိုယ့်ကိုယ် အတော်အားပေးနေရကာ သူဆုပ်ကိုင်ထားသော လက်များ လည်း မရုန်းဖယ်မိဘဲ အချိန်ကြာကြာ ငြိမ်သက်နေမိသည်

ခဏနေတော့ ဦးစဝ်နိုင်ဆီမှ ခပ်တိုးတိုးသက်ပြင်းချသံကို ရွှေ ကြားရသည်။ ဒီတော့မှ ရွှေမှုန်သည် လှုပ်ရှားလွန်းနေသော စိ ကိုထိန်းရင်း အသံတွေကို တုန်ရီမနေအောင်ကြိုးစားရင်း ဦးစဝ် မျက်နှာကို လှမ်းကြည့်ရင်း ရင်ထဲမှာ လတ်တလော ဖြစ်ပေါ် သော ခံစားမှုကို ပြောလိုက်မိသည်။

"ရွှေမှုန်··· ရွှေမှုန် ကြောက်နေတယ် ဦးစဝ်နိုင်"

ရွှေမှုန့်စကားကြောင့် ဦးစဝ်နိုင်က ရွှေမှုန့်လက်က ကိုဆွဲပြီး မတ်တပ်ထရပ်သည်။

နဖူးနှင့် နားသည်စပ်ကလေးဆီမှ ကပိုကရိုလွင့် သော ဆံစများကို သူ့လက်ဖြင့် အသာအယာ သပ်တင်ပေး မှာတော့ ရွှေမှုန့်မျက်လုံးအိမ်လေးထဲတွင် မျက်ရည်များဝိုင်းသ ဖြစ်လာကာ အားလုံး ဝေဝါးဝါး ဖြစ်သွားရသည်။

"ကျွန်တော်တို့နှစ်ယောက် အမြန်ဆုံးလက်ထပ်ကြ ရွှေမှုန်။ ကျန်နေသေးတဲ့ အချိန်တွေကို အဓိပ္ပာယ်ရှိရှိ အကျိုး နဲ့ ဖြတ်သန်းကြမယ်။ ရွှေမှုန့်ဆီက မေတ္တာနဲ့ ကျွန်တော့်ဆီ အကြင်နာတွေ ပေါင်းစပ်လိုက်ရင် ကျွန်တော်တို့နှစ်ယောက် ဘဝက သိပ်ကိုပြီးပြည့်စုံသွားမှာပါ ရွှေမှုန်ရယ်။ အဲဒါကို နဲ့ ယုံကြည်တယ် မဟုတ်လားဟင်"

သူ့စကားတွေကို ရွှေမှုန် ခေါင်းညိတ်မိလား၊ ခေါင်း ခါလား ရွှေမှုန် မသိလိုက်တော့ပါ။ တည်ကြည်ခံ့ညားသော စဝ်နိုင်မျက်နှာကို မှုန်ဝါးဝါးကြည့်ရင်း သူ့စကားတွေကို ငြင်း နိုင်ဖို့ခွန်အား ရွှေမှုန့်မှာ လုံးဝမရှိနိုင်တော့ဘူးဆိုတာ အလျင် မြန် နားလည်လိုက်သည်။

ဦးစဝ်နိုင်က ရွှေမှုန့်ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲ ဆွဲထည့်လိုက်ပြီး ပူနွေးသောနှုတ်ခမ်းအစုံက ရွှေမှုန့်နဖူး ပေါ်ကို ညင်သာစွာလာအထိမှာတော့ ခန္ဓာကိုယ်တစ်ခုလုံး ခံစားလိုက်ရကာ ရွှေမှုန်ဆိုသောမိန်းကလေးသည် ဦးစဝ်နိုင် သော ယောကျ်ားတစ်ယောက်၏ အချစ်ပင်လယ်ကို ဘယ် ထဲက မြစ်တစ်စင်းအဖြစ် စီးဝင်နေချင်မှန်း ကိုယ်ကိုယ် အောင် မရိပ်မိမသိရှိလိုက်ဘဲ တစ်လောကလုံးကိုပါ ခေတ္တ မေ့သွားရလေသည်။

၉

www.burmeseclassic.com

www.burmeseclassic.com

...း ၊၂၄၊

ဒီတစ်ပတ် သောကြာနေ့အထိ သစ်သစ် ကျောင်းမလာ ...ကြောင့် ရွှေမှုန့်မှာ ဘာတွေဖြစ်နေပြန်လဲ မသိဘူးဟု စိတ် ... ပူသွားရပြန်သည်။ ပြီးခဲ့တဲ့အပတ်ကလည်း ဟံသာဝတီ ...ည်ထဲမှာ ဦးစဝ်နိုင်နှင့်ပဲ အချိန်တွေကုန်ဆုံးသွားရတာမို့ ...မောင်နှင့် မတွေ့တာကလည်း ကြာနေပြီ ဖြစ်သည်။ အန့်တီ ...ဆီကလည်း ဘာသံမှ ထပ်မကြားရ။ ညဆိုရင်လည်း ဦးစဝ် ...နှင့် ဖုန်းပြောဖြစ်နေတာမို့ သစ်သစ် ကျောင်းမတက်တာကို ...တ်တမဲ့ ဖြစ်နေမိသည်။ တစ်ပတ်လုံးလုံး ပေါ်မလာတော့မှ ...ဖြစ်ပြန်ပါလိမ့်လို့ သတိရသွားခဲ့သည်။ ညကျရင်တော့ မောင် ...င့်ဆီဖြစ်ဖြစ်၊ ကိုရဲဆီဖြစ်ဖြစ် ဖုန်းဆက်မေးဦးမှပါလေလို့ ...ရင်း အိမ်ပြန်ရောက်လာတော့ ဧည့်ခန်းထဲမှာ မေမေနှင့် ...တီငြိမ်းတို့နှစ်ယောက် စကားပြောနေတာနှင့် တည့်တည့်တိုး ...သည်။

'သမီးငယ်တောင် ကျောင်းကပြန်လာပြီ။ ဒီ ခဏလာ... ...း သမီးရဲ့။ အန့်တီငြိမ်းက သတင်းတစ်ခု လာပြော...လို့ ... နားထောင်နေတာ'

www.burmeseclassic.com

www.burmeseclassic.com



မေမေ့မျက်နှာက ခပ်အေးအေးမို့ ရွှေမှုန်လည်း အသ... ရှုရှေ့ချောင်သွားရကာ မေမေ့အနားမှာပင် ဝင်ထိုင်လိုက်သည်။

'အန်တီငြိမ်း ဘာဖြစ်လို့လဲဟင်'

'သမီးက ပျောက်နေတာကိုး'

'ရွှေမှုန် စနေ တနင်္ဂနွေဆို မေကျော့တို့နဲ့ စာသွားကျ... နေလို့ပါ အန်တီရဲ့။ မောင်မောင် ဘာကျိကျလို့လဲဟင်'

ရွှေမှုန်က လူကြီးနှစ်ယောက်လုံးကို မျက်နှာပျက်... ခပ်တည်တည်လေး လိမ်လိုက်ရင်း စကားလမ်းကြောင်းကို ... ဘက်မှ လမ်းလွဲသွားအောင် ခပ်မြန်မြန်လေးပင် လွှဲလိုက်ရသ...

'မောင်မောင် လက်ထပ်တော့မယ် သမီး။ အဲဒါ ... ကို အခုပဲ လာပြောပြနေတာ'

'ဟင်...'

ရွှေမှုန် တကယ်ကို အံ့သြသွားရပါသည်။ ဟိုတစ်... တုန်းကပင် မောင်မောင် ရွှေမှုန့်ကို စိတ်လိုလက်ရ သူ ... မထပ်နိုင်သေးကြောင်း ပြောပြနေသေးသည်။ အခုတော့ ... နှယ့်ကဘယ်လိုဖြစ်ပြီး မြန်းစားကြီး လက်ထပ်ဖြစ်သွားလဲ ... တောင် နားလည်ရခက်သွားသည်။

'မနေ့ကညကပဲ မောင်မောင် အန်တီ့ကိုဖွင့်ပြောတ... အသေးစိတ်သိချင်ရင်တော့ သမီးသူငယ်ချင်းကို ကိုယ်ကိုယ်... ပဲမေးတော့'

'ဟို... သစ်သစ်နဲ့ပဲ မဟုတ်လား အန်တီ'

'သားကိုချစ်တဲ့ စိတ်၊ မခွဲနိုင်သေးတဲ့စိတ်တွေ... မဖြတ်နိုင်သေးသ၍ ဒီမိန်းကလေးနဲ့ပတ်သက်လို့ အန်တီ မျ... ...နားပိတ်နေနိုင်အောင် ခုကတည်းက ကြိုတင်လေ့ကျင့်ရ ...တော့မယ် သမီးရယ်'

အန်တီငြိမ်းမျက်နှာက ရှိရင်းစွဲထက် အိုကျကာ နွမ်း ...သွားတာမို့ ရွှေမှုန်သည် ဘာစကားမှ ထပ်မဆက်ရဲတော့ ... မေမေ့ပုခုံးကိုသာ အသာအယာ မှီလိုက်မိသည်။

မောင်မောင်... မောင်မောင်...

မိခင်နှင့်ချစ်သူအကြား ပြေလည်အောင် မစေ့စပ်ပေး ...သေးခင် ဘာဖြစ်လို့များ အဆင့်တွေကျော်သွားရလဲ ရွှေမှုန် ...ချင်သည်။

၉၁

www.burmeseclassic.com

www.burmeseclassic.com

၊၂၅၊

'သူ့ကို တစ်ယောက်တည်းမထားချင်တော့တာနဲ့ ငါ ဆုံးဖြတ်လိုက်တာပဲ။ ကြာရင် သူ ရူးသွားလိမ့်မယ်။ သူ့အဖေ၊ အမေနဲ့ ပတ်သက်တဲ့ ခံစားချက်က သူ့ကို ခြောက်လှန့်နေပုံရတယ်။ ဒါကြောင့် ငါ့အနားမှာနေရရင် ကို သူ မေ့သွားနိုင်လို့ မေ့သွားငြား ငါ စဉ်းစားလိုက်ရ။ သူ့အတွက် အကောင်းဆုံးဖြစ်အောင် ငါ လုပ်ပေးလိုက်မယ့် မေမေ့အတွက် ဆိုးဆိုးရွားရွား ခံစားသွားရမလား စိတ်ပူမိပါတယ် ရွှေမှုန်။ ဒါပေမယ့်လည်း မေမေ ငါ့ကို လျှောခဲ့ပါတယ်။ ဒီ့အတွက် မေမေ စိတ်ချမ်းသာအောင် ခံတီးပေးဦးမှာပါ'

မောင်မောင့်မျက်နှာက တည်တည်ငြိမ်ငြိမ်ပင် ပြောတာမို့ ရွှေမှုန်လည်း နည်းနည်းတော့ စိတ်သက်သာရာ သည်။ အဓိကတော့ အားလုံးကို စိတ်ချမ်းသာ အဆင်ပြေ တာ ရွှေမှုန့်ဆန္ဒပင်။

'ကိုရဲကကော ဘာပြောသေးလဲ'

'သူကတော့ သူညီမ စိတ်ချမ်းသာဖို့ အဓိကပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ငါလက်ထပ်မယ်ဆိုတော့ သစ်သစ်မျက်နှာ တော်တော် ကို ကြည်လင်လာပါပြီ။ တက်တက်ကြွကြွလည်း ပြန်ဖြစ်လာ တယ်။ မင်္ဂလာဆောင်ဖို့အတွက် အဝတ်အစားတွေချုပ်မယ်ဆို နင့်ကို ရှာနိုင်းနေတယ်။ နင် ဆက်သွယ်လိုက်ပါဦး'

'သူက ကျောင်းမှမလာတာ။ ဒီတစ်ပတ်လုံးပဲ ဘာဖြစ် လို့လဲ'

'ဒီနှစ် သူကျောင်းမတက်တော့ဘူး။ ဆေးခွင့်တစ်နှစ် တင်လိုက်တယ်'

'ဟယ်... ဘာဖြစ်လို့လဲ'

'သူ မတက်ချင်တော့လို့တဲ့။ ကိုရဲပဲ ခွင့်သွားတင် လိုက်တာပဲ'

'ဟင်... နှမြောစရာ။ ဒီတစ်နှစ်ပဲ ကျန်တော့တာ'

'မတက်တာပဲ ကောင်းပါတယ်ဟာ။ နို့မို့ဆို ကျောင်း သွားကျောင်းပြန် အားလုံးက သူ့ကို စိတ်ပူရတာလည်း အလုပ် တစ်လုပ်'

'သစ်သစ်ဘက်က လူကြီးတွေနဲ့ကော စကားပြော ပြီလား'

'မေမေနဲ့ ကိုရဲ မနက်ဖြန်လောက် စကားပြော မယ်။ ဖုန်းနဲ့ပဲ ပြောဖြစ်မှာပါ'

'သူ့အဖေ ဆိုတာနဲ့ကော'

'သူ့အဖေ... သွားမလုပ်နဲ့။ အဲဒါနဲ့ပဲ ရောဂါက ဖြစ် နေတာ။ ဟိုတလောကဆိုရင်ဟာ ညတိုင်းဖုန်းဆက်ပြီး ငိုတယ် ငါ့မှာလည်း ကောင်းကောင်းအိပ်လို့မရဘူး။ သူ့အမေက သူ့ကို ...ဆုနေတယ်၊ လာရိုက်နေတယ်၊ အတင်းလာခေါ်နေတယ်တဲ့။ ...မက်တွေ ကယောင်ချောက်ချားမက်ပြီးတော့ပေါ့ဟာ။ ဘာ့ ကြောင့်လဲ ငါကမေးတော့ သူ့အမေက သူ့ကို ပြောသွားတယ် ... ဒီလောကကြီးထဲမှာ ဘယ်ယောကျ်ားကိုမှ မချစ်ရဘူး၊ ဘယ် ...တော့မှလည်း ယောကျ်ားမယူရဘူးတဲ့။ တော်တော်မှားတဲ့ အသွား ...ပဲဟာ။ သေခါနီး ဘာတွေလျှောက်ပြောသွားလည်း မသိဘူး။ ...ပဲ သူ့သမီးက ကြာရင် ဂေါက်သွားလိမ့်မယ်'

'အင်း... သစ်သစ် သူ့အဖေကို မုန်းနေတာလည်း သူ့အမေကြောင့် အများကြီးပါမယ်'

'ပြောတယ်လေ။ ကိုရဲတောင် သားအရင်းခေါက် ...က်မို့ လွတ်သွားတာ'

'သူ့အဖေကလည်း ဘယ်လောက်တောင် ဆိုးသွားလဲ ...မှ မသိတာ မောင်မောင်ရယ်'

'ကိုရဲနဲ့တော့ အဆက်အသွယ်ရှိနေတာပဲ။ သူနဲ့တောင် ...လည်တယ်ဆို အဲလောက် ဆိုးချင်မှလည်း ဆိုးမှာပါဟာ။ ...ကြီးကိုက ဂေါက်တာဖြစ်မှာ။ မှားတယ်'

မောင်မောင်က မရှိတော့တဲ့ သစ်သစ်အမေကို ကောက် ...ခါ စိတ်တိုလာတာမို့ ရွှေမှုန့်မှာ ပြုံးမိမလိုတောင် ဖြစ်သွားရ သည်။

'မင်္ဂလာဆောင်တာ ဘယ်လိုဆောင်မှာလဲ။ ဟိုတယ် ...လား'

'မဟာစည်မှာပဲ ဆွမ်းကျွေးမှာ။ ဒါလည်း သစ်သစ် ...ဖြတ်တာပါ။ ကောင်းပါတယ်။ ငါလည်း ကြီးကြီးကျယ်ကျယ်

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ချင်ပါဘူး။ လူနည်းနည်းပဲဆိုတော့ ဧည့်ခံရတာ သက်သာတယ်'

'အေးလေ… ဒါဆို ငါမနက်ကျရင် သစ်သစ်ဆီ သွားလိုက်မယ်။ နင်ကော သွားဦးမှာလား။ အေးပါ… တော်ပါပြီ ငါ့ဟာငါပဲ သွားပါ့မယ်။ တော်ကြာ အတူတူလာလို့ဆိုပြီး မျက်နှာညို သဝန်တိုနေပါဦးမယ်'

ရွှေမှုန်က ဒန်းလေးပေါ်မှ ထလိုက်တော့ မောင်မောင်ကပါ လိုက်ထပါသည်။ ည ၈နာရီကျော်နေပြီမို့ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း မည်းမှောင်နေပြီဖြစ်သည်။ မောင်မောင့်ကို မိုးချုပ်မှ ဖမ်းမိတာမို့ စကားပြောတာ နောက်ကျသွားရခြင်းဖြစ်သည်။ ခြံထဲက မီးရောင်ဖျော့ဖျော့အောက် မြက်ခင်းပေါ်တွင် နှစ်ယောက်သား လမ်းလျှောက်လာရင်း-

'ရွှေမှုန်…'

'အေး… ပြော'

'မေမေ့ဆီတော့ ခဏခဏလာပြီး စကားပြောပေးပါဟာ။ ငါလက်ထပ်မယ့်အကြောင်း မေမေ့ကို ဖွင့်ပြောတဲ့နေ့က မေမေငိုတယ်။ ငါတော်တော် စိတ်ဆင်းရဲသွားမိတယ်။ ဖေဖေဆုံးတုန်းကတစ်ခါ၊ အခု ငါ့ကြောင့်တစ်ခါ မေမေ မျက်ရည်ကျရတယ်။ တတိယအကြိမ် မေမေ မျက်ရည်မကျဖို့ ငါ့မှာ တာဝန်အပြည့်ရှိတယ်။ လောလောဆယ်မှာတော့ မေမေ့အနား ငါ အချိန်ပြည့် မရှိနိုင်ခင်စပ်ကြားမှာ မေမေ့အတွက် နင် အဖော်လုပ်ပေးပါဟာ။ မေမေက နင့်ကို ဘယ်လောက်သံယောဇဉ်ကြီးတာ ငါအသိဆုံးပါ'



မောင်မောင်က လေးလေးနက်နက်ပြောလာတာမို့ ရွှေမှုန်မှာ သက်ပြင်းချရင်း ပြုံးကာ-

'စိတ်ချပါ မောင်မောင်ရယ်။ အန်တီအတွက် ဘာမှ မပူနဲ့။ မေမေရော၊ မမရော၊ ငါပါ အမြဲအနားမှာရှိတယ်။ နင်သာ လုပ်စရာရှိတာတွေ စိတ်ဖြောင့်ဖြောင့်နဲ့ မြန်မြန်ပြီးအောင်လုပ်၊ သိပြီလား'

မောင်မောင်က ရွှေမှုန့်စကားကြောင့် ကျေနပ်ကာ ပြုံးသွားပြီး ကျေးဇူးတင်ကြောင်းပြောကာ သူ့ခြံအက်ကို ကူးသွားတော့သည်။ အင်း… မနက်ဖြန် စနေနေ့တော့ ဦးစစ်နိုင်နှင့် တွေ့ဖို့ အချိန်မှရှိပါ့မလားလို့ ခန့်မှန်းတွေးရင်း အိမ်ထဲ ဝင်လာခဲ့လိုက်သည်။

ထိုညက လမသာပါ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့အပတ်က သစ်သစ်နှင့်အတူသွားပြီး ချုပ်လာသော ဝတ်စုံလေးကိုရွေးပြီး ရွှေမှုန် သစ်သစ်အိမ်သို့ ရောက်လာသည်။ သစ်သစ်က ရွှေမှုန့်ကားလေး သူ့ခြံထဲဝင်လာတာမြင်တော့ ဝမ်းသာအားရ ပြေးကြိုပါသည်။

'ရွှေမှုန်ရေ… အင်္ကျီပါလာပြီလား'

'ပါလာပါပြီတော်။ အင်္ကျီလေးက ချုပ်လိုက်မှ ပိုကောင်လှသွားသေးတယ်'

ရွှေမှုန်က အင်္ကျီထုပ်ကိုင်ပြီး ကားပေါ်ကဆင်းတော့ သစ်သစ်က အထုပ်ကို အတင်းလုတော့သည်။

'ကဲပါ သစ်သစ်ရယ်။ အိမ်ထဲရောက်မှ အေးအေးဆေးဆေးကြည့်ပါ။ ရွှေမှုန့်ကိုလည်း ဝတ်ပြဦး။ Fitting မဖြစ်ရင် ဆိုင်တစ်ခေါက်ပြန်သွားပေးမယ်'

သစ်သစ်က ရွှေမှုန့်စကားကို နားထောင်ပြီး အိမ်ထဲကို ပြေးဝင်သွားတော့ ရွှေမှုန်လည်း အိမ်ထဲလိုက်ဝင်လာသည်။

'ရွှေမှုန် ဧည့်ခန်းထဲမှာ ကိုရဲ့နဲ့ ခဏစကားပြောနေ

www.burmeseclassic.com

www.burmeseclassic.com



ဦးနော်။ သစ်သစ် အင်္ကျီဝတ်ပြီး ပြန်ဆင်းလာခဲ့မယ်။ ဒေါ်ဒေါ်လှိုင်ရေ သစ်သစ်ကို လာကူပါဦး။ အပေါ်တက်ခဲ့နော်'

ရွှေမှုန်ကိုလည်းပြော၊ ဒေါ်ဒေါ်လှိုင်ကိုလည်း အော်... ကာ သစ်သစ် လှေခါးထစ်များကို ပျော်ရွှင်တက်ကြွစွာ ခုန်တက်သွားသည့်အခါမှာတော့ ဧည့်ခန်းဝမှာ ကိုရဲနှင့် မျက်နှာချင်းဆိုင်မိပါသည်။ ကိုရဲက လာ… ထိုင် ရွှေမှုန်လို့ခေါ်တော့ ကိုရဲနှင့်အတူတူ ဧည့်ခန်းကျယ်ကြီးထဲ ဝင်လာခဲ့လိုက်သည်။

'သစ်သစ်ကတော့ အရမ်းပျော်နေပုံရတယ် ကိုရဲ'

'ကြားထဲက အလုပ်ရှုပ်နေရတဲ့ ရွှေမှုန့်ကို အား... တယ်'

'အို… အားနာရမယ့်လူတွေမှ မဟုတ်တာ ကိုရဲရယ်... မောင်မောင်ရော၊ သစ်သစ်ပါ ရွှေမှုန့်သူငယ်ချင်းတွေပဲ ဥစ္စာ... ရွှေမှုန့်မှာ ကူညီရမယ့်ဝတ္တရား အပြည့်ရှိပါတယ်'

'ကျေးဇူးတင်ပါတယ် ရွှေမှုန့်ရယ်။ ရွှေမှုန့်လို စေတနာ... ကောင်းတဲ့သူ၊ မောင်မောင့်လို စိတ်ကောင်းရှိတဲ့သူတွေနဲ့ သစ်သစ်... ဆုံတွေ့ရတာ သူ့ဘဝ အရမ်းကို ကံကောင်းပါတယ်'

'သစ်သစ်ပျော်နေဖို့က အဓိကပါပဲ ကိုရဲရယ်။ အခုလို... လန်းဆန်းတက်ကြွနေတာ မြင်ရတော့ ရွှေမှုန်တို့လည်း စိတ်... ချမ်းသာတာပါပဲ။ ကားတစ်စီး ဝင်လာသံကြားတယ်။ မောင်... မောင်လား မသိဘူး'

မောင်မောင့်ကားသံကို ရွှေမှုန်က မှတ်မိစွာပြောလိုက်... တော့ ကိုရဲက အိမ်ရှေ့ကို ထွက်သွားကြည့်ပါသည်။ ခဏ... တော့ ကိုရဲနှင့်အတူ မောင်မောင့်ကိုပါ ဧည့်ခန်းထဲ ဝင်လာတာ... ...လိုက်ရသည်။ မောင်မောင်က ကိုရဲနှင့် ရွှေမှုန့်ကို ပြုံးစေ့စေ့ ...ည့်ရင်း-

'ရွှေမှုန်စုတ်… ဘယ်တုန်းက ရောက်နေတာလဲ'

'သစ်သစ်အတွက် အင်္ကျီရွေးပြီး လာပို့ပေးတာ။ လက်... ...က ဘာအထုပ်တွေလဲ'

'ဖိတ်စာတွေပါဟာ။ သိပ်မများပါဘူး'

မောင်မောင်က ဖိတ်စာထုပ်ကို ရွှေမှုန့်အားပေးရင်း ...တစ်ခုပေါ်တွင် ဝင်ထိုင်သည်။ ကိုရဲက ရွှေမှုန် ဖြည်ထုတ်... ...သော အထုပ်ထဲမှ ဖိတ်စာတစ်စောင်ကို လှမ်းယူသည်။ ...းကွပ်ထားသော အဖြူရောင်ကတ်လေးပေါ်တွင် ရေးထား... ...သည့် ဖိတ်စာလေးကို ရွှေမှုန် တစ်လုံးချင်း ဖတ်ကြည့်မိသည်။

"ဖိတ်ကြားလွှာ"

နှစ်ဖက်သောမိဘဆွေမျိုးများ၏ သဘောတူ ခွင့်ပြုချက်ဖြင့် တရားရုံးတွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးဖြစ်ပါသောကြောင့် မဟာစည်သာသနာ့ရိပ်သာတွင် ပြုလုပ်မည့် မင်္ဂလာဆွမ်းကျွေးညစာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျေးဇူးတင်စွာဖြင့်…

မောင်သူရမောင်မောင်(ခ)မောင်မောင်

မသင်းမင်းသစ်

www.burmeseclassic.com

www.burmeseclassic.com



ဖိတ်စာကိုဖတ်ပြီးသွားသည့်အခါမှာတော့ ရွှေမှုန် စိတ်ထဲ ဘဝင်မကျ ဖြစ်သွားရကာ နှာခေါင်းတောင် ရှုံ့သွား လား မပြောတတ်။ ကိုရဲကတော့ ဖိတ်စာကို ဖတ်ကြည့်နေတုန်း မောင်မောင့်ကိုကြည့်လိုက်တော့ မောင်မောင်က ပန်းတစ်ချ တွန့်ပြရင်း-

'သစ်သစ်ကော မတွေ့ပါလား'

'အင်္ကျီဝတ်ကြည့်နေတယ်'

ပြောနေတုန်းပင် သစ်သစ်က အဖြူရောင်ဝတ်စုံ ဖြင့် ဧည့်ခန်းထဲ ပြန်ရောက်လာပါသည်။

'ဟယ်... မောင်မောင်တောင် ရောက်နေပြီ။ ဒီ ကြည့်ဦး။ သစ်သစ် လှရဲ့လားလို့။ သစ်သစ်နဲ့ အတော်ပဲ မှုန်။ ဘာမှတောင် ပြန်ပြင်ဖို့မလိုဘူး။ ကိုရဲ ဒီမှာသစ်သစ် ကြည့်ပါဦး။ လှရဲ့လားလို့ဆို'

ဇာအဖြူဆွတ်ဆွတ် ဝတ်စုံလေးအောက်တွင် ဖြူ သန့်ရှင်းသော မျက်နှာလေးနှင့် တကယ့်ကို အပြစ်ကင်း လှနေသော သစ်သစ်ကို အားလုံးက အရမ်းလှပါတယ်လို့ တညွှတ်တည်း ထောက်ခံလိုက်တော့မှ သစ်သစ်မျက်နှာတ လုံး ဝင်းလက်တောက်ပသွားကာ ကျေနပ်သွားရလေသည်။

'ဖိတ်စာတွေ ရလာပြီလား။ ပြဦး၊ သစ်သစ် မယ်။ ရွှေမှုန် ကြည့်ပြီးပြီလား'

'အခုပဲ ကြည့်ရတယ်'

'လှတယ်မလားဟင်'

'ကောင်းပါတယ်။ သစ်သစ် အောက်မှာ ဒီအထ

ိုင်ချလိုက်နဲ့လေ။ ဝတ်စုံက အဖြူဆိုတော့ တစ်ခုခု ပေသွား မယ်'

ကြမ်းပြင်ပေါ်တွင် သတိလက်လွတ်ထိုင်ချမလို့ ကြံ နေသော သစ်သစ်ကို ရွှေမှုန် သတိလှမ်းပေးလိုက်မှ သစ်သစ် ကုန်းကွကွနှင့် မတ်တတ်ပြန်ရပ်သည်။ လက်ထဲကဖိတ်စာကို ချဖတ်ကြည့်ရင်း ကောင်းတယ်လို့ မှတ်ချက်ချသည်။ ပြီးမှ-

'မောင်မောင်... ဒီအစလေးက ရွှေမှုန်ရွေးပေးတာ လား။ ပထမ သစ်သစ်က မီးခိုးရောင်ဝယ်မလို့။ ရွှေမှုန်က မှ မင်္ဂလာပိုရှိတာဆိုပြီး ရွေးပေးတာ။ ဟုတ်တယ်နော်။ ဖြူရောင်က ပိုလှတယ် သိလား'

သူ့ဝတ်စုံကို သူ့ဟာသူ သဘောကျနေသော သစ်သစ် မောင်မောင်က ခပ်ပြုံးပြုံးကြည့်ရင်း-

'ရွှေမှုန်တော်လို့ ဟုတ်မယ်မထင်ပါဘူးကွာ။ သစ်သစ် ပိုလှလို့ ဖြစ်ပါလိမ့်မယ်'လို့ အလိုလိုက် အကြိုက်ဆောင်ပေး တော့ သစ်သစ်သည် ပိုလို့ပင် သဘောကျ ပီတိဖြာသွားရ အားပါးတရ ရယ်မောလိုက်လေသည်။ အားလုံးက သစ်သစ် ကျ လိုက်ရယ်ပေးလိုက်သည့်အထဲတွင် ရွှေမှုန်ပါ ရောပါ ရင်း သစ်သစ်ပျော်ရွှင်နေသည့်အတွက် ကျေနပ်မိသော်လည်း လာဖိတ်စာနှင့်ပတ်သက်ပြီး အန်တီငြိမ်းနှင့် မောင်မောင်တို့ နှာတက်မှာကိုတော့ ကြိုတင်ပြီး စိတ်ပူနေမိပြန်လေသည်။

၅

www.burmeseclassic.com

www.burmeseclassic.com

၂၇

ခြောက်ကေနီးပါးကျယ်ဝန်းသော ဟံသာတီဥယျာဉ်၏ ...က်ဘက်တောင်ကမူမြင့်မြင့်လေးပေါ်တွင် ဦးစဝ်နိုင်နှင့် ...သည် အေးအေးလူလူ ထိုင်နေကြသည်။ ဒီကမူလေးပေါ်က ...လျှင် တစ်ခြံလုံးရှိ မြင်ကွင်းကျယ်ကြီးကို လှမ်းမြင်ရလေ ... ကမူလေး၏ ဘေးတွင်လည်း အရိပ်အာဝါသကောင်းသော ...ပင်ကြီးတစ်ပင်ရှိတာမို့ ဒီနေရာလေးသည် နေမပူဘဲ အရိပ် ... လေလေးတဖြူးဖြူးနှင့် ထိုင်ချင့်စဖွယ် သာသာယာယာ ...သည်။

ဦးစဝ်နိုင်က ဘေးတစောင်း မြင်နေရသော ရွှေမှုန့် ...ကို စောင်းငဲ့ကြည့်နေမှန်း ရွှေမှုန့်သိရှိနေတာမို့ ဆက်လက် ...သိချင်ယောင်ဆောင်မနေနိုင်တော့ဘဲ ဦးစဝ်နိုင်ဘက်ကို ...ယ်မျက်စောင်းလေးတစ်ချက်ထိုးရင်း စကားစလိုက်သည်။

'ဘာကြည့်နေတာမှန်းလဲ မသိဘူး။ ရွှေမှုန့်က ငေး ...ရာကောင်းလောက်အောင် လှတာလည်း မဟုတ်ဘဲနဲ့'

ရွှေမှုန့်စကားကြောင့် ဦးစဝ်နိုင်က ရွှေမှုန့်ခေါင်းကို ...လေးတစ်ချက်သပ်ရင်း ပြုံးသည်။ ပြီးမှ -

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီမနက်ကလေ ဆံပင်ရှည်ကြီးတယမ်းယမ်းနဲ့ ကူးတွေယဉ်ပြီး လမ်းလျှောက်နေတဲ့ ကောင်မလေးကို နော ဟွန်းတီးလိုက်ရင် လန့်သွားမှာပဲလို့ ဘာကြောင့် စိုးရိမ် မသိပါဘူး'

'အဲမယ်… ဦးစဝ်နိုင်နော်။ ရွှေမှုန် စိတ်ကူးယဉ် မဟုတ်ပါဘူး။ သူငယ်ချင်းတစ်ယောက်အကြောင်း စဉ်း တာပါ'

'အဲဒီတုန်းက ပြောတော့ စာအကြောင်းဆို'

'ဒါကတော့ ကြည့်ကောင်းအောင် ပြောရတာ'

'ဩော်… ရွှေမှုန်လေးက အဲလို့ နားထောင် မယ့် စကားတွေလည်း ပြောတတ်လား'

'ဦးစဝ်နိုင်နော်… မစနဲ့။ ရွှေမှုန် အော်ငိုမှာ'

'ချစ်လို့ စတာပါ ရွှေမှုန်ရယ်။ အခုလို ကျွန်တော့်အနားမှာရှိနေတာ ကျွန်တော်ပျော်တယ်'

ဦးစဝ်နိုင်က ရွှေမှုန့်လက်ကလေးတွေကို ခပ်ဖွဖွ ရင်းပြောတော့ ရွှေမှုန်လည်း ပျော်ပါတယ်လို့ ခပ်တိုးတိုး ဖြေမိသည်။

'ပြီးခဲ့တဲ့ စနေ၊ တနင်္ဂနွေကလည်း ရွှေမှုန့်ကို မ ဘူး။ တစ်ပတ်လုံးလုံးလည်း ရွှေမှုန့်အသံလေးကိုပဲ ကြားရတာ မနေ့ကထိ ရွှေမှုန့်မျက်နှာ မမြင်ရတော့ ကျွန်တော့်ရင်ထဲ ဘယ် ကြီးခံစားရမှန်း မသိဘူး။ ကျွန်တော်တစ်ယောက်တည်း ရေ ကြီးဘေးမှာထိုင်ပြီး မှိုင်နေမိတယ်။ ခြံထဲက အလုပ်သမား တောင် ကျွန်တော့်နား..မလာရဲကြဘူး'

ဦးစဝ်နိုင်က မတွေ့ဖြစ်ခဲ့ကြသော ရက်တွေအတွက် မ်းဆွတ်ဆွတ်လေးပြောတော့ ရွှေမှုန်လည်း ပြန်ပြီး ရော သွားရသည်။

'ကျွန်တော် ဖြတ်သန်းခဲ့ရတဲ့ ဘဝအတွေ့အကြုံတွေ၊ ခဲ့ရတဲ့ ခံစားချက်တွေကို တစ်ယောက်ယောက်ကို ပြောပြ တော် ဘယ်အခါကမှ စိတ်မကူးခဲ့ဘူး။ ဒါပေမယ့် ရွှေမှုန် တဲ့အခါမှာတော့ ရွှေမှုန့်ကို ကျွန်တော် ပြောပြချင်လာတယ်။ တုန်းက တစ်ယောက်တည်း နေသားကျ ဖြစ်နေခဲ့တဲ့ တော့်ရဲ့စိတ်တွေဟာ အခု ကျွန်တော် တစ်ယောက်တည်း တဲ့အချိန်မှာတော့ စိတ်ဓာတ်ကျသလိုမဖြစ်ပေမယ့် အထီး သလိုတော့ ခံစားရတယ် ရွှေမှုန်'

ဆွေးမြေ့စွာပြောနေသော ဦးစဝ်နိုင်စကားလေးတွေက ရင်ကို နွမ်းချိသွားစေသည်။ ရွှေမှုန်သည် ဦးစဝ်နိုင်၏ ပါတွင် သူမ၏ခေါင်းလေးကို အသာအယာ မှီတင်လိုက်မိ

'ရွှေမှုန့်အသက် ဘယ်လောက်ရှိပြီလဲ'

'၂၃ နှစ်'

ဦးစဝ်နိုင်က ခပ်ဖွဖွ သက်ပြင်းတစ်ချက် ချသည်။

'ကျွန်တော်တို့နှစ်ယောက် အသက် ဘယ်လောက်ကွာ ရွှေမှုန် ထင်သလဲ'

'ဟင့်အင်း'

'ကျွန်တော်တို့နှစ်ယောက် အသက် ၂၀ ကွာတယ်'

'ဟင်…'

www.burmeseclassic.com

www.burmeseclassic.com



ရွှေမှုန့်မှာ ဦးစဝ်နိုင်စကားကြောင့် ခေါင်းလေး ... ကာ အံ့သြသွားရင်း ဦးစဝ်နိုင်မျက်နှာကို သေချာကြည့် ... သည်။ ဦးစဝ်နိုင်သည် ရွှေမှုန် တစ်ခုခုများပြောမလား ... ချက်ဖြင့် ရွှေမှုန့်မျက်နှာကို စိုက်ကြည့်နေပါသည်။ ရွှေ ... ဘာမှ ပြန်မပြောတော့ဘဲ မျက်နှာလေးကို အသာလွှဲလိုက် ...

'ရွှေမှုန် စိတ်ညစ်သွားလားဟင်'

'ဟုတ်တယ်'

ရွှေမှုန့်အဖြေကြောင့် ဦးစဝ်နိုင်သည် ဆယ် ... လောက် ငြိမ်သက်သွားသည်။ အသက်တောင် ရှူပါသေး ... မသိ။ ပြီးမှ သက်ပြင်းရှည်ကြီးချကာ ရွှေမှုန့်လက်က ... ကိုင်ထားရာမှ အသာပြန်လွှတ်လိုက်ရင်း-

'ကိုယ်ထက် အသက်ထက်ဝက်လောက်ကြီးတဲ့ ... တစ်ယောက်ကို ဘဝတစ်သက်လုံးစာ လက်တွဲဖို့အတွက် ... လည်း စိတ်ပျက်မှာပေါ့။ ဒါ ဖြစ်သင့်တဲ့ကိစ္စပါ။ ဒီတော့ ... ရွှေမှုန် စဉ်းစားပါ။ ကြိုက်သလို ဆုံးဖြတ်ခွင့်လည်း ရှိပါ ... ကျွန်တော်ကတော့ ရွှေမှုန် စိတ်ချမ်းသာမယ်ဆိုရင် ကျေ ... မှာပါ။ ဒီ့အတွက် ဘာကိုပဲရင်းနှီးရ ရင်းနှီးရ ကျွန်တော် ... မှာပါ ရွှေမှုန်။ ကျေနပ်နိုင်အောင်လည်း ကျွန်တော် ကြိုး ... ပါ'

သူ့စကားအဆုံးတွင် ရွှေမှုန်သည် ထိုင်နေရာမှ ... ခနဲထလိုက်ကာ ကမူလေးပေါ်မှ အောက်သို့ပြေးဆင်းလိုက် ... အောက်ရောက်တော့ လုံချည်ပေါ်တွင် ကပ်ပါလာသော အ ... စများကို အသာဖယ်ထုတ်ရင်း ဦးစဝ်နိုင်နှင့် မျက်နှာချင်း ... ကိုက်သည်။ ရုတ်တရက် သူ့နံဘေးမှထထွက်သွားသော ရွှေမှုန့် ... ဦးစဝ်နိုင်သည် မျက်ခုံးများတွန့်ရင်း ကြည့်နေပါသည်။ ရွှေမှုန် ... သည် လေတိုက်နေသောကြောင့် လွင့်နေသော နဖူးမှဆံစများကို ... အောင် သပ်မတင်အားဘဲ ဦးစဝ်နိုင်ရှေ့တွင် ဟန်ပါပါနှင့် ခါးကို ... ထောက်လိုက်သည်။

'ဟံသာဝတီဘဏ်ရဲ့ ပိုင်ရှင်လို့မပြောရဘူး။ စကား ... ပြောရင် အရင်းအနှီးတွေက ထည့်ထည့်ပြောရတာက အမော။ ... မှာ ခုနက ဦးစဝ်နိုင်ပြောတာတွေ ရွှေမှုန် တစ်ခုမှ စိတ်မဝင် ... စားဘူး။ ရွှေမှုန် စိတ်ညစ်တယ်ဆိုတာက ဦးစဝ်နိုင်က ရွှေမှုန့် ... က် အသက်ကြီးပြီး အရမ်းကိုနုနေလို့ ရွှေမှုန်နဲ့ယှဉ်လိုက်ရင် ... တော်တော်ရင့်ပါလားလို့ တွေးလိုက်မိပြီး စိတ်ညစ်သွားတာ။ ... သောပေါက်လား။ အဲဒါကို ဘာတွေ အတွေးချော်ပြီး လျှောက် ... ပြောနေလဲ မသိဘူး။ ဒီမယ်··· အပိုတွေ ထပ်စဉ်းစားမနေနဲ့ ... တော့၊ ဒီနှစ် ကျောင်းပြီးရင် ရွှေမှုန် ဦးစဝ်နိုင်ကို လက်ထပ်မယ် ... ကြားလား··· ဟင်း···'

ပြောပြီး ရွှေမှုန်က နှုတ်ခမ်းလေးချွန်ကာ ဦးစဝ်နိုင် ... ဘက်က လှမ်းဖမ်းလို့မမိခင် ဦးအောင်ပြေးထွက်လာခဲ့သည်။ ... ပြိုင်အဆိုင် ရောင်စုံပွင့်နေကြသော သစ္စာပန်းခင်းကြီးများတွင် ဦးစဝ်နိုင်က ရွှေမှုန့်ခါးလေးကို ဆွဲဖမ်းမိပါသည်။ နှစ်ယောက် ... သား ကြည်နူးစွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည့် ... အချိန်မှာတော့ ဟံသာဝတီဥယျာဉ်တစ်ခုလုံးသည် ကျက်သရေရှိ ... ပေါင်းနှင့် ပြည့်စုံကာ ပိုလို့ပင် မင်္ဂလာရှိသွားရလေသည်။

ဦးစဝ်နိုင်ရယ်···

www.burmeseclassic.com

www.burmeseclassic.com



ရွှေမှုန်တို့နှစ်ယောက်အကြားမှာ အသက်အရွယ် ... ခြားမှုက အဓိကမဟုတ်ပါဘူး။ ပကာသနမဖက်တဲ့ ချစ်ခြင်း... မေတ္တာက အရေးကြီးဆုံးပါ။ အခုနေများ တစ်ယောက်ယော... က ဦးစဝ်နိုင်ကို ဘာကြောင့်ချစ်ခဲ့တာလဲမေးရင် ရွှေမှုန့်မှာ အဖြေ... ခပ်တိုတိုပဲ ရှိပါတယ်။ အဲဒါကတော့ ဦးစဝ်နိုင်ကို ချစ်လို့ချစ်... တယ် ဆိုတာပါပဲ။ ရွှေမှုန် တကယ်ပဲ ဦးစဝ်နိုင်ကို ယုံကြည်... နဲ့ ချစ်မိပါတယ်။ ယုံပါ ဦးစဝ်နိုင်ရယ်··· အရင်က ဦးစဝ်နိုင်... ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ ရွှေမှုန် စိတ်မဝင်စားနိုင်လောက်တဲ့အထိ... ပေါ့။

## ၊ ၂၈ ၊

မောင်မောင်နှင့်သစ်သစ်၏ မင်္ဂလာဆွမ်းကျွေးက လူ...များတာမို့ စည်စည်ကားကားနှင့် ပျော်ရွှင်စရာတော့ ...င်းလှပါ။ ဆွမ်းကျွေးသို့ ရောက်လာသော အဓိကဧည့်သည် ...မှာ မောင်မောင့်အသိုင်းအဝိုင်း မောင်မောင့်သူငယ်ချင်းများ ...ပြီး သစ်သစ်ဘက်ကတော့ ကိုရဲ၊ ဒေါ်ဒေါ်လှိုင်တို့ လင် ...နှင့် အိမ်မှာ လက်တိုလက်တောင်းခိုင်းသည့် အနုဆိုသော ...င်မလေးတစ်ယောက်သာ ရှိပါသည်။ မမမြမှုန်ကတော့ ...စောစောကပင် မောင်မောင်တို့အတွက် လက်ဖွဲ့ကို ကိုယ် ...ပေးသွားပြီး ရှုတင်ရှိသေးတာမို့ ခပ်စောစောကပင် ပြန် ...သည်။

မေမေကတော့ အန်တီငြိမ်းနှင့်အတူတူ လာသမျှဧည့် ...တွေကို လိုက်လံဧည့်ခံပေးနေပါသည်။ သစ်သစ်ကတော့ ...မောင် သူ့သူငယ်ချင်းတွေနှင့် စကားပြောနေတာကို ဘေး ... အရုပ်လေးတစ်ရုပ်လို မပြုံးမရယ်မျက်နှာနှင့် ရှိနေသည် ...ကို လိုက်လံရှာဖွေကြည့်လိုက်တော့ လူတွေနှင့် ခပ်ဝေးဝေး ...စ်ခုမှာ တစ်ယောက်တည်း ငြိမ်သက်စွာထိုင်နေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရတာမို့ ရွှေမှုန်သည် ကိုရဲစားပွဲဆီသို့ လျှောက်[...] လိုက်သည်။

'ကိုရဲ ထမင်းစားပြီးပြီလား'

'နောက်မှပဲ အေးအေးဆေးဆေး စားပါ့မယ်။ ရွှေ[...] ကော ပြီးပြီလား'

'အင်း... မစားရသေးဘူး။ ဒီဧည့်သည်တစ်သုတ်[...] သွားမှပဲ စားတာပေါ့။ ကိုရဲတစ်ယောက်တည်း ပျင်းနေတာ[...]

'မပျင်းပါဘူး ရွှေမှုန်ရယ်၊ တောင်စဉ်ရေမရတွေ[...] စဉ်းစားနေမိတာပါ'

'သစ်သစ်ကို နမြောနေတယ်ပေါ့'

ရွှေမှုန့်စကားကြောင့် ကိုရဲမျက်နှာက အခုမှပင် [...] ယောင်သမ်းလာပါသည်။

'သစ်သစ်အတွက် မောင်မောင်ဟာ တကယ့် [...]fect ပါ။ မောင်မောင့်အတွက် သစ်သစ် perfect မဖြစ်နိုင်မှာ[...] ကျွန်တော် စိုးရိမ်နေမိတယ်'

'သူ့ဟာသူ ပြေလည်သွားမှာပါ ကိုရဲရယ်။ သူတို့[...] ယောက်လည်း တစ်ယောက်ကိုတစ်ယောက် ဒီလောက်ချစ်[...] ဥစ္စာ၊ အလကားနေရင်း လျှောက်ပူမနေနဲ့။ တော်ကြာ ကိုရဲ[...] တွေ ဖြူကုန်ဦးမယ်'

ရွှေမှုန့်စကားအဆုံးမှာ ကိုရဲ ရယ်ပါသည်။ ပြီး[...] ရွှေမှုန့်ကို ချီးမွမ်းပါသည်။ 'ရွှေမှုန်ဟာ လူတစ်ဖက်သား[...] စိတ်ကြည်လင်အောင် လုပ်နိုင်တယ်၊ တော်တယ်'တဲ့။

ရွှေမှုန်သည် ခန်းမထဲမှလူများကို တစ်ချက်ဝေ့ကြ[...]ကြည့်ရင်း-

'ကိုရဲတို့အမေကိုကော ဖိတ်သေးလားဟင်'

'သစ်သစ်နဲ့ ပွဲပျက်သွားမှာပေါ့ ရွှေမှုန်ရယ်'

'ဒါဆို မလာရဘူးပေါ့နော်'

'ကျွန်တော် ခုနကစဉ်းစားနေတာ အဲဒါလည်းပါတယ်။ အဖေ့ကိုတော့ သစ်သစ်လက်ထပ်တဲ့အကြောင်း ကျွန်တော် အကြောင်းကြားလိုက်ပါတယ်။ သစ်သစ်ကသာ လာစေချင်တယ် ဆိုရင် ဖေဖေ ရောက်လာမှာပါ။ ဒါပေမယ့်...'

'အင်း... သစ်သစ်က သူ့အဖေကို ခုထိ စိတ်မပြေ သေးဘူး ထင်ပါတယ်။ ကိုရဲနဲ့ အဆက်အသွယ်ရှိတယ်ဆိုတော့ ကိုရဲတို့အဖေက ဒီရန်ကုန်မှာပဲနေတာလား'

'မေမေဆုံးကတည်းက ဖေဖေက ရန်ကုန်ကို ပြောင်း သွားတာပဲ'

'သြော်... အခု ကိုရဲတို့အဖေက နောက်အိမ်ထောင် နဲ့နေပြီး ဆင်းဆင်းရဲရဲ ဖြစ်နေတယ်ဆို'

'ဟင်... ရွှေမှုန့်ကို ဘယ်သူပြောလဲ'

အလန့်တကြားပြန်မေးလိုက်သော ကိုရဲကြောင့် ရွှေမှုန် [...] ရောပြီးလန့်သွားရသည်။

'သစ်သစ် မောင်မောင်တို့အမေကို ပြောသွားတာပဲ။ [...]တီက ရွှေမှုန့်ကို ပြန်ပြောပြတာပါ။ ဘာဖြစ်လို့လဲဟင် ကိုရဲ'

'ဟို... ဘာမှ မဖြစ်ပါဘူး ရွှေမှုန်ရယ်၊ အဲ... နေ[...] [...]ပ် သစ်သစ် ဘာတွေပြောသွားသေးလဲ'

'ဘာမှမပြောပါဘူး။ အဲဒါပါပဲ။ သူ့အ[...]သေရတာ

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေကြောင့်မို့ သူမုန်းတယ်တဲ့။ အဖေ ဘယ်မှာနေမှန်းတဲ သူ မသိဘူးတဲ့'

'ဟင်း... ခက်တာပဲ'

ပြောပြီး ကိုရဲက သက်ပြင်းချလိုက်သည်။

'သစ်သစ်က ဖေဖေ့ကိုမုန်းတဲ့စိတ်နဲ့ ဖေဖေ့အပေါ် သူ ဖြစ်ချင်တာတွေကို သူ့ဟာသူ လုပ်ကြံပြီး လျှောက်ပြောနေတာပါ ရွှေမှုန်ရယ်။ သူပြောနေတာတွေ တစ်ခုမှမဟုတ်ပါဘူး။ ဖေဖေ့ကို သူ့စိတ်ကမုန်းနေပေမယ့် မသိစိတ်ကတော့ ချစ်နေပါတယ်။ ငယ်ငယ်ကတည်းက ဖေဖေ့ကို သူ အတွေ့မခံခဲ့ပေမယ့် ဖေဖေ အိမ်ကိုရောက်လာရင် မမြင်နိုင်တဲ့နေရာကနေ ဖေဖေ့ကို သူ ခိုးကြည့်တယ်။ ဖေဖေပြန်သွားရင် ဖေဖေ့ကိုငေးပြီး ကျန်နေခဲ့တတ်တယ်။ အခု ရန်ကုန်ရောက်လာတော့လည်း ဖေဖေ ဘယ်မှာနေတယ်၊ ဘာလုပ်နေတယ် သူ အကုန်သိနေတာပဲ။ မသိဘူးဆိုတာက သူ့ကိုယ်သူ ပြန်လိမ်နေတာ။ ရွှေမှုန်နဲ့မောင်မောင့်ကို နောက်မှ ကျွန်တော် ဒီအကြောင်းတွေ ပြည့်ပြည့်စုံစုံ ပြောပြပါမယ်။ တကယ်တော့ ဖေဖေဟာ သစ်သစ်ပြောသလို ဆင်းဆင်းရဲရဲ ရှိမနေသလို အဆင့်အတန်းနိမ့်နိမ့်ထဲကလည်း မဟုတ်ပါဘူး။ ဖေဖေဟာ ကျွန်တော့်လိုပဲ ဆရာဝန်တစ်ယောက်ပါ'

ထိုနေ့က စကားမပြတ်ခင် မောင်မောင်နှင့်သစ်သစ်က ထမင်းအတူတူစုစားဖို့ လာခေါ်တာနှင့် ရွှေမှုန်မှာ ဆက်လက်ပြီး စပ်စုခွင့်မရတော့ဘဲ ဆန့်တင့်ငုံကြီး ဖြစ်သွားခဲ့ရသည်။ မထချင် ထချင်နှင့် သူတို့နောက် လိုက်သွားခဲ့ရလေသည်။



## အခန်း ၊ ၂၉ ၊

ညနေ (၆)နာရီလောက် ရွှေမှုန်တစ်ယောက်တည်း ဒန်းစီးရင်း မေမေလုပ်ထားသော ပေါင်မုန့်အုန်းနို့ဆမ်းကို စားနေစဉ် မောင်မောင်တို့အိမ်ဘက်ဆီမှ 'ခွမ်း' ခနဲ မှန်ကွဲသံကို ကြားလိုက်ရသောကြောင့် စားနေသောမုန့်များ လည်ချောင်းဝတွင်ရပ်သွားကာ လန့်လန့်ဖျပ်ဖျပ် တစ်ဖက်ခြံကို လှည့်ကြည့်လိုက်မိသည်။ မောင်မောင့်အခန်း ဝရန်တာက တံခါးမှန် ကွဲသွားတာကို ရွှေမှုန် ချက်ချင်းပဲ လှမ်းမြင်သည်။ လမ်းမကနေ ကလေးတစ်ယောက် ယောက်များ လောက်လေးအစွမ်းပြသွားလားဆိုပြီး မုန့်ပန်းကန်လေးကို မသာချကာ ဒန်းလေးပေါ်မှထအထွက်တွင် မောင်မောင့် အခန်းဘက်ဆီမှ ထွက်ပေါ်လာသော ဗလုံးဗထွေး စကားသံအချို့ကို ရွှေမှုန် ကြားလိုက်ရသည်။

ဟယ်... မောင်မောင်နဲ့သစ်သစ်များ ရန်ဖြစ်နေကြသလား။ လက်ထပ်ပြီး ပေလီကို ဟန်းနီးမွန်းထွက်သွားတာ ပြန်လာတာမှ မနေ့တစ်နေ့က ဖြစ်သည်။ ညားခါစ ချစ်ချစ်ခင်ခင်မရှိဘဲ သတ်ဖြတ်ကြသည်ဆိုလျှင်တော့ အမှန်ပင် လွန်ပြီးလို့ ကောင်း။ အန်တီငြိမ်းကော အိမ်မှာမရှိဘူးလား။ သစ်သစ်က

www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်ကြီး၊ မောင်မောင်ကလည်း စိတ်မရှည်တဲ့အချိန် ရင်တော့ အခြေအနေက သိပ်မကောင်းနိုင်။ ပြတင်းပေါက်မှ တောင် ကွဲတယ်ဆိုတော့ ဆွဲလွဲမယ့်လူကော ရှိရဲ့လားမသိ ပူပူပန်ပန်လေးတွေးမိကာ တစ်ဖက်ခြံကိုကူးဖို့အတွက် တိုးနေ အပေါက်လေးဆီသို့ အပြေးလာခဲ့သည်။

လူတစ်ရပ်နီးပါးမြင့်သော ပုဏ္ဏရိတ်ပင်များဖြင့် ပြုလုပ် ထားသော ခြံစည်းရိုးနားသို့အရောက်မှာတော့ မြေကြီးများ၊ အုတ် ခဲကြီးများ၊ သစ်ရွက်ခြောက်များဖြင့် ပိတ်ဆို့ထားသော အပေါက် ကလေးကိုမြင်ပြီး ရွှေမှုန် အရမ်းကို အံ့အားသင့်သွားရသည်။ မောင်မောင်တို့လက်ထပ်ပြီး သစ်သစ် မောင်မောင့်အိမ်မှာ ပြောင်း လာနေသောကြောင့် အန်တီငြိမ်းကို မေမေနဲ့အတူ ရွှေမှုန်တို့အိမ်မှာ အမြဲတွေ့နေရတတ်တာက တစ်ကြောင်း၊ မောင်မောင်တို့လည်း မရှိတာကတစ်ကြောင်း၊ သူတို့ပြန်လာတော့လည်း လောလော ဆယ် အနှောက်အယှက်မပေးချင်သေးတာက တစ်ကြောင်းတို့ ကြောင့် ရွှေမှုန် တစ်ဖက်ခြံကိုကူးဖို့ ဒီအပေါက်လေးနား မရောက် တာ ကြာပြီဖြစ်ခဲ့ရသည်။ အခုတော့ ကြည့်ပါဦး။

ဒီအပေါက်ကလေးကို ဘယ်သူက ဘယ်အချိန်က လာ ရောက်ပိတ်ဆို့သွားသလဲ ရွှေမှုန် နားမလည်နိုင်အောင်ဖြစ်ရသည်။ ဒီအပေါက်လေးကိုပဲ ရွှေမှုန်နှင့်မောင်မောင် နှစ်ယောက်တည်း သာ အသုံးပြုကြသည်မို့ ကျန်သည့်အိမ်သားများကလည်း ဒီ အပေါက် ပိတ်ဆို့နေတာကို တစ်ဦးမှ သတိပြုမိပုံတောင် မရပါ။

ရွှေမှုန်သည် အပေါက်လေးကို မျက်မှောင်ကုတ်ကာ ကြည့်ရင်း သေချာစဉ်းစားနေမိသည်။ ဒါ ဘယ်သူ့လက်ချက် သလဲ။ တစ်ပတ်တစ်ခါ ခြံလာရှင်းပေးသော ခြံစောင့် ည်း မဖြစ်နိုင်။ ဒီအပေါက်လေးက ရွှေမှုန်တို့ကူးနေကျ ပေါက်ဆိုတာ အားလုံးသိသည်။ ပိတ်ဆို့ထားတာကလည်း တွေနှင့် မတော်တဆပိတ်ဆို့မိနေပုံမျိုး မဟုတ်။ တစ်စုံ ယောက်က တမင်တကာလုပ်ထားမှန်း သိသာလှသည်။ ခဲ တွေ၊ အမှိုက်တွေကို အတင်းတွန်းထုတ်လိုက်ရင် ရနိုင်သော် း ဒီလိုလုပ်ထားတာကိုက ဒီအပေါက်ကို မတိုးစေချင်လို့ ထားမှန်း သေချာလှသည်။

ရွှေမှုန်သည် လေအငွေ့မှာ စကားသံတွေ လွင့်ပျံလာ တစ်ဖက်ခြံကြီးကို မော့ကြည့်မိသည်။ အပေါက်ကလေး မ်းမဝေးတွင် တစ်ဖက်ခြံကိုကူးဖို့ တံခါးလေးရှိနေသော် း ရွှေမှုန် သွားချင်တဲ့စိတ်ကူး မရှိတော့ပါ။ ဘာမဟုတ်တဲ့ လေးကိုလည်း အန်တီငြိမ်းနှင့်မောင်မောင် စိတ်အနှောက် က်ဖြစ်အောင် ပြောမပြချင်တော့သလို သူတို့အိမ်ထဲ ဘာတွေ လဲဆိုသည့် ပူပန်စိတ်များလည်း တစ်ခါတည်းပင် ပျောက် ါသည်။ ရွှေမှုန်သည် အပေါက်လေးကို ခပ်မှုံမှုံလေး ငေး ရင်း ခြံစည်းရိုးဘေးမှ ကိုယ့်အိမ်ဘက်သို့ ပြန်လှည့်လာခဲ့ ။ မျက်လုံးထဲမှာတော့ အေးစက်စက်မျက်နှာပေးနှင့် သစ်သစ် နှာက အထင်းသား။

ရွှေမှုန်သည် ခေါင်းကို အသာယမ်းရင်း အမြင်အာရုံ ပျောက်ဖျက်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

း ၊၃၀၊

ဒီနေ့ တနင်္လာနေ့ပေမယ့် ရွှေမှုန်တို့ကျောင်းပိတ်ထား ကြောင့် ရွှေမှုန် ကျောင်းမသွားရပါ။ ဦးစဝ်နိုင်က မန္တလေး သူ့ဘဏ်ခွဲတစ်ခုသွားဖွင့်တာမို့ သန်ဘက်ခါလောက်မှ ပြန်ရောက်မည် ဖြစ်သည်။ ဒီတော့လည်း ရွှေမှုန့်မှာ အား အတူတူ မမနှင့် ရှုတင်လိုက်ပြီး ရှုတင်ထမင်း လိုက်စား လို့ စိတ်ကူးရကာ မနက်စောစော ရေမိုးချိုး၊ အဝတ်အစား အောက်သို့ဆင်းလာခဲ့သည်။ ထမင်းစားခန်းထဲရောက် အန်တီနီနှင့် မာမီပိုင်က မုန့်ဟင်းခါးကို တရှူးရှူးတရှဲရှဲ အားပါးတရ စားနေကြသည်။

ရွှေမှုန်က အန်တီနီ့နှာ အတင်းတိုးကပ်ထိုင်ရင်း မုန့် နည်းနည်း၊ အကြော်များများဖြင့် မုန့်ဟင်းခါးတစ်ပန်းကန် ခတ်ကြိုက်ပြင်လိုက်သည်။ အန်တီနီက သူ့ဘေးနား အတင်း ပ်လာသော ရွှေမှုန်ကို ရှောင်ဖယ်ပေးရင်း-

'အယ်… ဒီကောင်မလေးကလည်း ဟိုဘက်မှာ နေရာ ယ်ကြီးရှိရဲ့သားနဲ့'

'ဒါ ရွှေမှုန့်နေရာပါနော်။ အန်တီနီပဲ လာခိုးထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့'

'အံမယ်လေး… ငါကပဲ ခိုးထိုင်ရတယ် ရှိသေး
နော်။ မနက်စောစောစီးစီး အိုးစွပ်မစား ခွက်စွပ်မစား အ
ခံနေရတယ်'

အန်တီနီ့စကားကို ရွှေမှုန်က သဘောကျစွာရယ်
သူ့ခန္ဓာကိုယ်ဝဖိုင့်ဖိုင့်ကို ပခုံးနှင့် ထပ်ကိုတိုက်လိုက်ရင်း

'မာမီဝိုင်း… မမကို မိတ်ကပ်မလိမ်းသေးဘူးလား

'ရှုတင်က ဆယ်နာရီခွဲမှသွားမှာ၊ ခုမှ ခုနစ်နာရီ
ရှိသေးတယ်။ မြူမြူ အိပ်တုန်းနေမှာပေါ့။ နိုးရင် မီရှယ် လာ
လိမ့်မယ်'

'ဒီနေ့ ရွှေမှုန်လည်း ရှုတင်လိုက်မလို့'

'အံမယ်လေး… ရှုပ်ရှုပ်ယှက်ယှက်အေ… ဘာ
ရှုပ်ဦးမလို့လဲ'

'ထမင်းလိုက်စားမလို့ပေါ့။ အန်တီနီနော် ရွှေမှုန်
ရန်ရှာနေရင် အန်တီနီ့အကြောင်း မေမေ့ကို အားလုံးဖော်
လုပ်လိုက်မယ်'

'အံမယ်လေး… ဖော်ကောင်လုပ်ရအောင် ငါက
တွေများ မဟုတ်တာလုပ်နေမိလို့လဲ'

'အန်တီနီ့အကြောင်း ရွှေမှုန် အားလုံးသိတယ်။ ရှုတ
စက်အဖွဲ့နဲ့ ဂဏန်းတွေထိုင်တွက်၊ ပြီးရင် ထိုး၊ ဘယ်
လည်းမပေါက်၊ အဲဒါတွေ မေမေ မကြိုက်ဘူးဆိုတာ သိရဲ့သား

'တော်စမ်းပါအေ၊ ငါ မလုပ်တာကြာလှပေါ့။ ည
လိုက်ရင်လည်း ကောင်းကောင်းလိုက်၊ ပြီးရင် အိမ်ကို

မျှားနဲ့၊ ဒါပဲ'

အန်တီနီ့ရဲ့နိုင်ကွက်ကို ကိုင်လိုက်တော့ အန်တီနီမှာ
' ဆိုသော စကားနှင့် ပါးစပ်ပိတ်သွားရတော့သည်။ မီရှယ်
ပြောတာများသိရင် ဒေါသတွေ ငယ်ထိပ်ကထွက်ပြီး မီရှယ်
များ ကိုင်ပေါက်မလားတောင် မပြောတတ်ပါ။

ရွှေမှုန် မုန့်ဟင်းခါးစားပြီးသည့်အချိန်တွင် မမ နိုးပြီ
ကြောင်း မီရှယ် လာအသိပေးသဖြင့် အန်တီနီရော မာမီဝိုင်း
သူတို့ခန္ဓာကိုယ်ကြီးတွေ အိပုံအိပုံနှင့် အပေါ်ထပ်ရှိ မမအခန်း
တက်သွားကြသည်။ ဒရိုင်ဘာ ကိုသိန်းစိန်၏မိန်းမက နောက်
မှာ ပန်းကန်တွေဆေးကြောနေစဉ် ရွှေမှုန်က ထမင်းစားပွဲ
ကို ရှင်းလင်းပေးခဲ့ပြီး အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

ထမင်းစားခန်းမှ အိမ်ရှေ့သို့အထွက် ဧည့်ခန်းမှအဖြတ်
ဧည့်ခန်းတံခါးကို ပိတ်ထားပေမယ့် အထဲမှ စကားပြောသံ
လိုက်ရတာမို့ ရွှေမှုန့်ခြေလှမ်းများ ရပ်သွားရသလို မျက်လုံး
ည်း မှန်ညိုညိုများမှတစ်ဆင့် ဧည့်ခန်းထဲမှာ ထိုင်စကား
နေသော မေမေနှင့်အန်တီငြိမ်းကိုပါ လှမ်းတွေ့လိုက်ရသည်။
ကလည်း ဧည့်ခန်းထဲကိုအကြည့် မေမေနှင့်အန်တီငြိမ်းက
အပြင်ကိုအကြည့် အကြည့်ချင်းတွေဆုံကုန်ကာ မေမေက
ပဲဟုသောသဘောနှင့် လက်ယပ်ပြတာမို့ ရွှေမှုန်လည်း ဘယ်
မရှောင်နိုင်တော့ဘဲ ဧည့်ခန်းတံခါးကို ဆွဲဖွင့်ကာ ဝင်လာ
တော့သည်။

မေမေ့အနား ဝင်ထိုင်တော့ မနက်စောစောစီးစီးသော
ဖြစ်နေသောအန်တီငြိမ်းမျက်နှာကို သတိထားမိသည်။ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာများဖြစ်ပြန်ပြီလဲ မသိပါဘူးလို့ ရင်မောစွာ စဉ်း
ဒီနေ့ကံမကောင်းပါလားလို့ တွတ်ပီတွေးလေး တွေးလိုက်မိ

'မနေ့ညနေက မောင်မောင်နဲ့သစ်သစ် ရန်ဖြစ်
တဲ့ သမီးရယ်။ အဲဒါ သစ်သစ်က အခန်းတံခါးမှန်ကို
ကောက်ပေါက်လိုက်တာ မှန်တောင်ကွဲသွားတယ်တဲ့'

ရွှေမှုန် သိလိုက်သားပဲလို့ မပြောမိအောင် ရွှေ
ကိုယ့်ပါးစပ်ကိုယ် မနည်းပိတ်ထားရသည်။ အန်တီငြိမ်းမျ
က တော်တော့်ကို စိတ်ညစ်နေမှန်း ပေါ်လွင်နေပါသည်။
မယ့်လည်း ရွှေမှုန်တို့ကကော ဘာလုပ်ပေးနိုင်မှာတဲ့လဲ။
မောင့်ကို ထိန်းနိုင်းတာသာ အဆင်ပြေနိုင်ဆုံးလို့ ရွှေမှုန်
ထင်မိသည်။

'ငပလီက ပြန်ရောက်ကတည်းက အောက်မှာ
ဆင်းမစားတော့ဘူး။ ဒေါ်ကြီးက သူ့အတွက် အိပ်ခန်းထဲပို့
တယ်။ မောင်မောင် အောက်ဆင်းစားတော့လည်း မကြိုက်
တစ်ချိန်လုံး တပူပူတဆူဆူနဲ့ အပြင်ထွက်နေတာပဲ နားအေး

'မနေ့က ဘာဖြစ်လဲ၊ အန်တီ မောင်မောင့်ကို
ကြည့်ဘူးလား'

'မေးချင်စိတ်တောင် မရှိပါဘူး သမီးရယ်။ ည
ချင်းပဲ မောင်မောင်က သူ့ကို အပြင်ခေါ်ထုတ်သွားတယ်။
ညကတော့ အဲဒီကောင်မလေးအိမ်မှာအိပ်တယ် ပြော
အန်တီလည်း ပြီးရောဆိုပြီး ဖုန်းချလိုက်တယ်'

သစ်သစ် အဲလို ဆိုးသွမ်းလိမ့်မယ်လို့ ရွှေမှုန်
ထင်မထားခဲ့ပါ။ ဒါကြောင့်လည်း ရွှေမှုန်က သူ့ကို အလို



တဝင်နေခဲ့ပြီး မောင်မောင်နဲ့တောင် မိတ်ဆက်ပေးခဲ့မိတာ
အခုတော့ ပြဿနာလေးတွေက တစစနှင့် များများလို့
ပြီ။ ဒါတွေကို ခုကတည်းက ပြေလည်အောင် ပြီးဆုံးအောင်
သတ်နိုင်ရင်တော့ နောင်အရှည်က သိပ်ပြီး အခြေအနေ
င်းလိမ့်မည် မဟုတ်။ ယူပြီးမကြာသေး ကွဲကြ၊ ကွာကြ
အားလုံး မျက်နှာတွေပျက်ရတော့မည်။ ရွှေမှုန်သည် တွေး
တော်တော်စိတ်ညစ်သွားမိသည်။

'အန်တီ့ကိုကော သစ်သစ်က စကားပြောရဲ့လား'

'အန်တီ့အိမ် ပြောင်းလာကတည်းက အန်တီနဲ့သူ တစ်
မျက်လုံးချင်းမဆုံဖူးသေးဘူး။ ရှင်းရှင်းပြောရရင် အဲလို
အောင် သူ့ရောအန်တီပါ တမင်နေကြတယ်'

'သစ်သစ်က နဂိုကတည်းက ဆက်ဆံရေးတော့ သိပ်
ကာင်းဘူး အန်တီ၊ ဒါပေမယ့်လည်း အဲဒါက သူ တမင်လုပ်
တာတော့ မဟုတ်ပါဘူး။ သူ့ကိုက အဲလိုပဲနေတတ်တာပါ'

ရွှေမှုန်က မကောင်းတတ်စွာ သစ်သစ်ဘက်မှ ဖာဖာ
ထေးလေး ဝင်ပြောမိသည်။

'အန်တီငြိမ်းလေ ဒီလောက်ညံ့ဖျင်းတဲ့ ချွေးမမျိုး တစ်
လာလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မထားခဲ့မိဘူး။ အစစ
ရာ ပြည့်စုံလိမ့်မှာတဲ့ မိန်းကလေးနှစ်ယောက်ကို အိမ်ဘေးမှာ
ကပ်ရှိနေတာတောင် မမြင်နိုင်ဘဲ ဟိုးခြံအပြင်က အူကြောင်
ကြောင် မိန်းမတစ်ယောက်ကို ဇနီးမယားအဖြစ် အိမ်ပေါ်ခေါ်တင်
တဲ့ မောင်မောင့်ကိုပဲ အန်တီ ဒေါသထွက်မိတယ်။ မိန်း
ကြည့်စမ်း၊ မင်္ဂလာဆောင်ဖိတ်စာလေးမှာတောင် ဟို

www.burmeseclassic.com

www.burmeseclassic.com



မိန်းမက သူ့မိဘနှာမည် မထည့်ချင်တာနဲ့ အန်တီတို့နှာမည်
မပါခဲ့ရတဲ့အဖြစ်။ ဒီလိုသားမျိုးအတွက် အန်တီရင်နာမိတယ်
ကျွန်မ ခုလိုခံစားနေရတာကို ကိုဘသူ သိစေချင်တယ် ဖြ

အန်တီငြိမ်းက ပြောရင်း ဝမ်းနည်းလာကာ မျက်
များပါကျလာသည်မို့ မေမေ့မှာ အန်တီငြိမ်းအနားထသွား
နှစ်သိမ့်နေရတော့သည်။ ရွှေမှုန်သည်လည်း ချက်ချင်းပင်
တွေက ရှုပ်ထွေးမွန်းကျပ်သွားကာ ခပ်မြန်မြန်ပင် ဧည့်ခန်း
ထွက်လာခဲ့သည်။

အိမ်ပြင်ရောက်တော့မှ အသက်ကို ဝအောင်ရှူရင်း
အမောကို ဖြေရသည်။ မောင်မောင်တို့ခြံကြီးကို လှည့်ကြ
တော့ ခါတိုင်းလိုပင် တိတ်ဆိတ်နေသော်လည်း အရင်က
အေးချမ်းသည့်အိမ်လို့ သတ်မှတ်ထားခဲ့မိသည်ကို ဖျောက်
ရမလိုဖြစ်ကာ မင်္ဂလာမရှိသည့် အိမ်တစ်အိမ်လို့ မျက်လုံး
မှတ်ထင်နေမိသည်။

ဟင်း… ဘာတွေမှန်းကို မသိဘူး။ ကိုယ့်ကိစ္စမဟု
ဘဲ သူများကိစ္စတွေအတွက်နဲ့ပဲ လိုက်ခေါင်းရှုပ်နေရတယ်
မကျေမနပ်တွေးရင်း ဒီတစ်ခါ ဦးစဝ်နိုင်နဲ့တွေ့ရင်တော့ ဦးစ
မှာ အမေရှိသေးလား သေချာမေးရဦးမည်။ ဒါပေမယ့်လည်း
ရွှေမှုန်က သစ်သစ်လိုတော့ ယောက္ခမအပေါ် မသိတတ်သ
မိန်းကလေးတစ်ယောက် ဘယ်တော့မှ ဖြစ်မလာနိုင်ပါဘူး
လည်း တောင်စဉ်ရေမရ လျှောက်တွေးနေမိပြန်သည်။





ရွှေမှုန်သည် ဘီရိုတစ်ခုလုံးကိုထိုင်ဖွရင်း ဘာဝတ်ရ
စဉ်းစားမရဖြစ်ကာ တစ်ယောက်တည်း ဦးနှောက်ခြောက်
လေသည်။

မနေ့ညက ဦးစဝ်နိုင် မန္တလေးက ပြန်ရောက်လာတာ
ဒီနေ့ညနေ Discovery Hotel သစ်ကြီးတွင် ညနေစာအတူတူ
ရင်း စကားပြောကြဖို့ ချိန်းဆိုထားကြသည်။ ညနေ ၆နာရီ
ဆုံကြမှာဖြစ်သော်လည်း ရွှေမှုန်မှာ ၃နာရီလောက်ကတည်း
အခန်းတံခါးပိတ်ပြီး ပြင်ဆင်လို့မပြီးနိုင် ဖြစ်နေရသည်။
အင်္ကျီတွေဆိုတာလည်း တစ်ထည်ပြီးတစ်ထည် ဝတ်ကြည့်လိုက်
ကြိုက်လိုက်၊ ပြန်လဲလိုက်နှင့် ချစ်သူနှင့်တွေ့ဖို့အရေး လှချင်
ချင်စိတ်က များနေကာ အားလုံးကို စိတ်တိုင်းမကျနိုင် ဖြစ်နေ
သည်။

လေးနာရီခွဲတော့မှ ရွှေမှုန်သည် ဝတ်စုံတစ်စုံရွေးလို့
သွားသည်။ စိုပြီးတောက်ပနေသော အနက်ရောင်ကတ္တီပါ အင်္ကျီ
လေးနှင့် အဖြူရောင်ပေါ်မှာ ကတ္တီပါနင်းဆီအနက်ပွင့်များ ရော
ထားသော ပိုးလုံချည်လေးဖြစ်သည်။ အင်္ကျီလေးက လည်

www.burmeseclassic.com

www.burmeseclassic.com



ပင်းစေ့စေ့၊ ခါးတင်၊ လက်စကလေးဖြစ်၍ အဖြူရောင်ဖူး ပုတီးသေးသေးလေးတစ်ကုံးကို ရင်ဘတ်ပေါ်ဆွဲလိုက်တော့ အ အလှရော၊ ပုတီး၏အလှပါ ပိုလို့ပေါ်လွင်သွားရသည်။ နား ပုလဲတစ်လုံးတည်း နားကပ်သေးသေးလေး၊ လက်စွပ်ကလည်း ပုလဲလေးတစ်လုံးတည်းဆိုတော့ ရွှေမှုန်ရဲ့ပုံသဏ္ဍာန်က မှန်ထဲ တော်တော်ကြည့်လို့ကောင်းနေပါသည်။

ဆံပင်ရှည်တွေကိုတော့ ဘာမှလည်း ထူးထူးခြားခြား မလုပ်တတ်တာမို့ ကတ္တီပါအနက်လေးနှင့် ပြုလုပ်ထားသော ကြိုးလေးဖြင့် နောက်ကနေ အားလုံး စုချည်ထားလိုက်သည် နဖူးပေါ်မှာ ဝဲကျနေသော ဆံနွယ်လေးတွေကိုတော့ ကပိုကရို နှင့် ဒီအတိုင်း ထားလိုက်သည်။ မျက်နှာကိုတော့ ထုံးစံအတိုင်း ပေါင်ဒါလေးရိုက်၊ မျက်ခုံးမွေးထူထူများကို သွားပွတ်တံ နှင့်ခြစ်၊ နှုတ်ခမ်းကို ပန်းရောင်ခပ်ဖျော့ဖျော့လေးဆိုးပြီး မနက် ကတည်းက မမအခန်းထဲက သွားယူထားသည့် GUCCI ပိုက်ဆံ အိတ်အဖြူရောင်လေးကို ပခုံးပေါ်မှာလွယ်လိုက်သည့်အချိန်မှာ တော့ ရွှေမှုန်၏ အလှပြင်သောကိစ္စလည်း ပြီးဆုံးသွားကာ ကလည်း တော်တော် သားနားသွားသည်လို့ ကိုယ့်ကိုယ်ကို မှတ် ထင်လိုက်သည်။

အားလုံး ပြင်ဆင်ပြီးသည့်အချိန်တွင် ညနေ ၅နာရီ ဆယ်မိနစ်သာရှိသေးသော်လည်း ဖိနပ်ရွေးစရာ အခန်းကဏ္ဍက နောက်ဆုံးကျန်နေသေးသည်မို့ မမ၏ဖိနပ်များထည့်သော အောက် ထပ်အခန်းဆီသို့ ဆင်းလာလိုက်သည်။ လူတစ်ရပ်နီးပါးရှိသော အခန်းပတ်ပတ်လည် မှန်ဘီရိုများထဲတွင် မမ၏ဖိနပ်များသည် ဆိုင်တစ်ဆိုင်ရှိ ဖိနပ်များထက်တောင် များပြားလှပြီး ရွေး က်အောင်လည်း အားလုံးလှနေပါသည်။ မမက ဖိနပ်တွေ သည်မို့ သူ့ဖိနပ်များကို သူ့အရောင်၊ သူ့အမျိုးအစားအလိုက် ထားကာ စည်းကမ်းတကျ ထားထားသည်။ ရွှေမှုန်နှင့် ခြေထောက်နံပါတ် တစ်ဆိုဒ်တည်းမို့ သီးသန့် ဖိနပ် ရာမလိုဘဲ ရွှေမှုန့်အတွက် တော်တော်အဆင်ပြေလှသည်။

ရွှေမှုန်သည် လက်လှမ်းမမီသော နေရာများသို့ တက် ကြည့်တော့ဘဲ အောက်နားဆီမှ သိပ်လည်းအမြင့်ကြီးမဟုတ် အနက်ရောင်ကတ္တီပါနှင့် ပြုလုပ်ထားသော လေဒီရှူးထိပ်ဖွင့် တစ်ရံကို ဆွဲထုတ်လိုက်ပြီး အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

ရွှေမှုန်တို့အိမ်နှင့် Disovery Hotel က ၁၅မိနစ်လောက် င်းရင် ရတာမို့ သွားလို့မရသေးဘဲ ဝိရိယကောင်းခြင်း၏ ကိုခံစားကာ ထိုင်ရမလိုထရမလိုနှင့် အိမ်ရှေ့နှင့်နောက်ဖေး လျှောက်နေမိသည်။ မေမေ့ကိုလည်း မတွေ့ဘဲ နောက်ဖေး ကိုသိန်းစိန်မိန်းမ မမြတင်တစ်ယောက်တည်း မီးဖိုထဲမှာ ရသည်။ အန်တီငြိမ်းနှင့်များ အပြင်သွားကြလား တွေးနေ င် အိမ်ရှေ့ဘက်မှ လူသံကြားသောကြောင့် အိမ်ရှေ့သို့ ပြန်ထွက်လာခဲ့သည်။

'အံမယ်… ရှိုးနဲ့စမိုးနဲ့။ ဘယ်ရည်းစားနဲ့ ချိန်းထားလို့

မတွေ့တာကြာပြီဖြစ်သော မောင်မောင်က တွေ့တာနှင့် ားကို စပြောတော့သည်။

'ဘာမှမချိန်းဘူး။ မေကျော့မွေးနေ့ သွားမလို့'

www.burmeseclassic.com

www.burmeseclassic.com



မနက်ကတည်းက မေမေ့ကို လိမ်ထားသည့်အ
မောင်မောင့်ကိုလည်း မျက်နှာပြောင်နှင့် ထပ်လိမ်လိုက်မိ
အတွက် ရွှေမှုန်စိတ်ထဲ အနည်းငယ်တော့ မလုံမလဲဖြစ်သွ
သည်ကတော့ အမှန်။

မောင်မောင်က 'နင်ဘယ်အချိန်သွားမှာလဲ' မေ
တည်းပင်ကြီးဘက် ပြန်ထွက်သွားတာမို့ ရွှေမှုန်မှာ ခြောက်
မှပါလို့ ပြန်ဖြေရင်း ကြုံတဲ့ဖိနပ် ကောက်စီးကာ သူ့နောက်
ထွက်လိုက်လာခဲ့ရသည်။ မောင်မောင်က ဒီတစ်ခါတော့ အန်
မတက်ဘဲ မြက်ခင်းစိမ်းစိမ်းပေါ်တွင် ခြေပစ်လက်ပစ် ပက်
လှန်ကာ အိပ်လိုက်ပေမယ့် ရွှေမှုန်မှာတော့ ဝတ်ထားသော အ
အစားများ ပေကျံမှာစိုးသဖြင့် ဒန်းတောင် မစီးနိုင်ဘဲ ဒီအ
မတ်တတ်ကြီး ရပ်နေရတော့သည်။

'ကဲ... ကိုယ်တော် ကြုံတုန်းပြောစမ်းပါဦး။ ယ
နေ့က မှန်တောင်ကွဲတဲ့ ရန်ပွဲအကြောင်းကို'

'အားလုံးပြေလည်သွားပါပြီ'

'ဘာပြေလည်တာလဲ'

'သစ်သစ်ကို ငါ ပွဲကြမ်းလိုက်တယ်လေ။ လ
ကိုင်တာ၊ နေတာထိုင်တာ၊ မေမေနဲ့ ဆက်ဆံတာ အားလုံ
ခုတော့လည်း အမြင်မှန်ရသွားပါပြီ'

'အန်တီ တော်တော်စိတ်ညစ်နေတယ်နော်။ ယ
ငါတို့အိမ်မှာ လာငိုတယ်'

'အေးဟာ... အဲဒါကြောင့်လည်း ငါ သစ်
အပြတ်ပြောလိုက်တာ။ မနေ့ညနေက သစ်သစ် ငါ့အိမ်ပြန်

ယ်။ ပြီးတော့ သူ မေမေ့ကို သွားတောင်းပန်ပါတယ်'

'ဟယ်... ဟုတ်လား။ ဒါဆို အန်တီလည်း ကျေနပ်
မှာပေါ့'

'မေမေကတော့ ဘာမှမပြောဘူး။ သစ်သစ်ကတော့
မှာအပြစ်ရှိရင် ခွင့်လွှတ်ပါ။ အနေအထိုင်လည်း ပြင်ပါ့မယ်
ပြီး မေမေ့ကို သွားကန်တော့တာပဲ'

'ဟားဟား... ဒီလိုဆိုတော့လည်း မောင်မောင်တို့က
ယ်ပိုင်တာပဲ။ သစ်သစ်က နင်ပြောရင် ရပါတယ်ဟာ။ ကြား
ာ ငါလည်း ဝမ်းသာတယ်။ အခုကော သူဘယ်မှာလဲ။ ငါ
အိမ်ဘက်လည်း ခေါ်ခဲ့ဦးလေ'

'နေ့လယ်က သူ့အိမ်ခဏပြန်သွားတယ်။ ခဏနေမှ
သွားခေါ်မှာ'

'အေးပါဟယ်... အဓိကက အန်တီနဲ့ ပြေလည်ဖို့ပါပဲ။
ဆို တစ်ဖက်က လျှော့လိုက်တော့ အဆင်ပြေသွားတာပေါ့။
တီကလည်း ကျေနပ်မှာပါ'

'ကိုရဲကလည်း သူ့ညီမကို အကျိုးအကြောင်းပြပြီး
ာဆုံးမပါတယ်။ အဲဒီနေ့က သူ့အစ်ကို ဘာတွေပြောလိုက်
သိဘူး။ တော်တော်တော့ အချိုးပြောင်းသွားတာပဲ။ အဲဒါမှ
။ နို့မို့ဆို ငါလည်းပဲ ရှုးမှာပဲ'

မောင်မောင်ကပြောပြီး အိပ်နေရာမှထကာ ဒန်းဘက်
ထွက်သွားပါသည်။ ရွှေမှုန်ကတော့ သစ်သစ် အန်တီ့ကို
င်းပန်သည်ဆိုတဲ့အတွက် စိတ်ထဲမှာ ဘဝင်ကျသွားရင်း
င်မောင့်ကိုပြောဖို့ တစ်စုံတစ်ခုကို သတိရလိုက်သည်။ ယခု

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် မောင်မောင် ဒီဘက်ခြံကို ကူးဖို့အတွက် ဘယ်
အပေါက်ကကူးလာသလဲ။ ရွှေမှုန်သည် မေးဖို့စဉ်းစားနေတုန်း
ဒန်းကို အားရပါးရ ခိုစီးလိုက်သော မောင်မောင့်ခန္ဓာကိုယ်ကြီး
သည် မြေပြင်ပေါ်သို့ ဖုံးခနဲ ဖင်ထိုင်လျက်ပြုတ်ကျသွားတာကို
မြင်လိုက်ရလေသည်။

သူ့ဖင်ကိုပွတ်ကာ ရှုံ့မဲ့နေသော မောင်မောင့်မျက်နှာ
ကြည့်ရင်း ရွှေမှုန့်မှာ ရယ်ရမလို၊ ငိုရမလိုဖြစ်သွားကာ သူ့အ
သို့ ရောက်သွားမိသည်။

'ဟဲ့... ဘယ်လိုဖြစ်တာလဲဟယ်။ နင့်နှယ် မ
မငယ် ဒန်းပေါ်က ပြုတ်ကျရတယ်လို့'

'လခွမ်းနဲ့မှပဲ။ တစ်သက်လုံး မျက်စိမှိတ်စီးလာ
ပြုတ်ကျစရာလား။ နင့်ဒန်းကြီးက ပြတ်သွားတာ'

'ကြိုးပြတ်သွားတာ။ ဟယ်... မဖြစ်နိုင်တာ'

မောင်မောင့်စကားကြောင့် ရွှေမှုန်သည် မောင်မောင့်
ဆွဲထူနေရင်းမှ အံ့အားသင့်သွားရကာ ပြုတ်ကျနေသော ဒန်း
လည်း သတိထားမိသွားရသည်။

'နင် ဒီနှစ် ဒန်းကြိုးတွေ မလဲရသေးဘူးလား'

'ဟာ... ဒီမိုးကုန်ပြီးမှ လဲထားတာ။ အသစ်ကျ
ချွတ်ရှိသေးတယ်။ မနေ့ကထိ ငါ စီးနေတာ ဘာမှမဖြစ်ဘူ
အကောင်းဟာကို။ ဘယ်လိုလုပ်ပြီး ပြတ်ရတာလဲ'

ရွှေမှုန်သည် အနားတွေ့ဖွာကာ ပြုတ်ကျနေသော သ
သားခုံဘေးမှ ကပ်ချည်ထားသော လက်တစ်လုံးခန့် ကြိုး
နားမလည်စွာ ကိုင်ကြည့်နေမိသည်။ ငယ်ငယ်ကတည်းက

အသောဒန်း တစ်နှစ်တစ်ခါ ကြိုးမှန်မှန်လဲပေးသောကြောင့်
ယ်လောက်စီးစီး၊ ဘယ်လောက်တက်ခုန်ခုန် ပြတ်သွားစရာ
တော့ အကြောင်းမရှိလှပါ။ မသကာ အပေါ်က သစ်ကိုင်းကြီး
ပြီး ကျိုးကျတယ်ဆိုရင်လည်း ဟုတ်တုတ်တုတ်။ အခုဟာက
ယ်လိုမှ လက်ခံနိုင်စရာ အကြောင်းမရှိ။

ရွှေမှုန်သည် ကြိုးစလေးကို ကိုင်ကြည့်နေရင်းမှ တစ်
ကို အတွေးရသွားကာ နောက်ထပ်ဒန်းတစ်ခု၏ ဖင်ဘက်ကို
ကြည့်လိုက်သည့်အခါမှာတော့ ကိုယ့်မျက်လုံးကိုယ် မယုံ
ည်နိုင်လောက်အောင် အံ့ဩသွားရလေသည်။

'ဟင်... ဒန်းအောက်ခံက ကြိုးတွေကို ဓားနဲ့လှီး
းပါလား'

ပြောပြောဆိုဆို မောင်မောင်က ရွှေမှုန့်လက်ထဲမှ
းကိုယူကာ တန်းလန်းပြန်ချလိုက်ပြီး ခြေထောက်နဲ့ ဆတ်ခနဲ
ဘက်သို့ အရှိန်ဖြင့် နင်းချလိုက်သည့်အခါမှာတော့ ဒန်းကြီး
ည် ခုနကဒန်းလို ဖျောင်းခနဲ ပြုတ်ကျသွားလေသည်။

မြေပြင်ပေါ်တွင် ပြုတ်ကျနေသော ဒန်းလေးနှစ်ခုကို
ကြည့်လိုက်၊ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်နှင့်
ညြနေကြသော မောင်မောင်နှင့်ရွှေမှုန်သည် ထိုညနေက ဘာ
အားတစ်ခွန်းမှ ထပ်မပြောကြတော့ပေမယ့် တရားခံ ဘယ်သူ
ဆိုတာကိုတော့ ထိုအချိန်လေးအတွင်းမှာပင် ကိုယ့်ဟာကိုယ်
သီးသီး သိရှိလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

န်း ၊ ၃၂ ၊

Dinner အတူတူစားဖို့ ဦးစဝ်နိုင် ပြင်ဆင်ထားသော ာက ဟိုတယ်ကြီး၏နောက်ဘက် ပန်းပွင့်ရောင်စုံသေးသေး းများကို ဒီဇိုင်းဖော်ကာ စိုက်ထားသော ဥယျာဉ်လှလှလေး ားရှိ မြက်ခင်းပြင်ကျယ်ကျယ်ပေါ်တွင် ဖြစ်သည်။ စားပွဲ ခုနှင့် တစ်ခုက မလှမ်းမကမ်း ခပ်ဝေးဝေးသာ နေရာချထား မို့ ကိုယ်ပြောချင်သော စကားကို လွတ်လွတ်လပ်လပ် ပြော သော အနေအထားဖြစ်ပါသည်။ ညနေစောင်းမို့ နေရောင်က င်သေးဘဲ လေကလည်း ခပ်ဖြည်းဖြည်းလေးသာ တစ်ချက် ချက် တိုက်ခတ်တာမို့ ပတ်ဝန်းကျင်တစ်ခုလုံးသည် လေ င်းလေသန့်တို့ဖြင့် သာသာယာယာရှိကာ လှပနေလေသည်။

ရွှေမှုန်သည် ဟိုတယ်သစ်ကြီး၏ ပတ်ဝန်းကျင်ရှုခင်း တွေကို ငေးမောကြည့်ရင်း ထွက်လာခါနီး ကသိကအောင့် ရသော စိတ်တို့ကိုလည်း ခဏမေ့ပျောက်သွားရသည်။ ရေခဲ လေးများ သီးနေသော ဖရဲသီးဖျော်ရည်လေးကို စားပွဲပေါ် အချမှာတော့ နှစ်ယောက်သား တစ်ယောက်မျက်နှာတစ် ာက်ကြည့်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစဝ်နိုင်သည် အနက်ရောင်ရှပ်အင်္ကျီလက်ရှည် စတိုင်လ်ဘောင်းဘီအနက်ရောင်ကို ခပ်ရှင်းရှင်းလေး ဝတ် သည်။ သပ်ရပ်စွာ ဖြီးသင်ထားသော ဆံပင်တိုတိုအော ယောကျ်ားပီသသော မျက်နှာသည် သိမ်မွေ့သော အပြုံးတို့ ရှင်းသန့်ကြည်လင်လို့နေသည်။ ရွှေမှုန်သည် ချစ်ရသူ၏ မျက် ကို မြတ်မြတ်နိုးနိုးကြည့်ရင်း စကားစလိုက်သည်။

'ဒီနေ့ ရွှေမှုန်တို့နှစ်ယောက် အင်္ကျီဆင်တူဝတ်လာတာ

'စိတ်ချင်း သိပ်နီးတဲ့လူတွေက အဲလိုပဲ တစ်ယော နဲ့တစ်ယောက် တိုင်ပင်စရာ မလိုဘူးတဲ့'

ဦးစဝ်နိုင်အပြောကို ရွှေမှုန်က သဘောကျစွာ ရ တော့ ဦးစဝ်နိုင်က ရွှေမှုန့်ကို ပြုံးပြီးကြည့်နေပါသည်။

'ဒုတိယအကြိမ် ရွှေမှုန့်ကို Bank မှာ မမျှော်လင့် ပြန်တွေ့ရတော့ ကျွန်တော်လေ ဝမ်းသာသွားတာ အသက်ဓော မရှူမိသလိုဘဲ ရုတ်တရက်နှုတ်ဆက်ဖို့ စကားရှာမရဘူး။ လူ ကြားထဲမှာမို့ ရွှေမှုန် စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်ပြီး မဆက်ခဲ့တာ ရုံးခန်းထဲရောက်တော့ လူက ဘယ်လိုမှထိုင်ေ မရဘူး။ အဲဒါနဲ့ပဲ ဝဏ္ဏကိုခေါ်ပြီး ရွှေမှုန့်ဆီ လွှတ်လိုက်ရ

'သိပါဘူး။ အဲဒီတုန်းကတော့ ရွှေမှုန်က ဦးစဝ်နိုင် သူဌေးဆိုတော့ ကြီးကျယ်တယ်လို့ ထင်လိုက်တာပါပဲ'

'ရွှေမှုန်လေးရယ်… ဝဏ္ဏကိုလွှတ်ပြီး အကြောင်း တော့ ဘေးနားမှာ အမေပါလာတယ်ဆိုလို့ ကျွန်တော် လာ တာပါ။ ရွှေမှုန်တို့ပြန်သွားမှ ဝဏ္ဏက အမေ မဟုတ်ဘူ ပြန်ပြီးအကြောင်းပြန်တာ'



'မမ… ကြော်ငြာလာရိုက်တုန်းကကော ရွှေမှုန် ရောက်နေတာ ကိုဝဏ္ဏပဲ ပြောတာလား'

'အင်း… ဝဏ္ဏက ကျွန်တော့်တပည့်ရင်းပါ။ ကျွန်တော့် ပေါ်မှာ အရမ်းအလိုက်သိတတ်တယ်။ ဘာကိုမှ ပြန်လှည့် ည့်စရာမလိုလောက်အောင် သူက စေ့စပ်သေချာတယ်၊ တိကျ ယ်။ Commercial ကိစ္စကလည်း သူပဲလုပ်တာဆိုတော့ သူတင် တာပဲ ကျွန်တော်သိတယ်။ အဲဒီနေ့က သူလှမ်းပြောမှပဲ ရွှေမှုန် ာ ရုပ်ရှင်မင်းသမီး နှင်းမြူမှုန်ရဲ့ညီမမှန်း ကျွန်တော်သိရတယ်'

'ရွှေမှုန်တို့ညီအစ်မနှစ်ယောက် မတူဘူးမဟုတ်လား။ မှုန်က ရုပ်ဆိုးတယ်နော်'

'အင်း… မျက်နှာကျတာလေးတွေကော အရုပ် ချောင်းကော တူပါတယ်။ ဒါပေမယ့် ဟိုက မင်းသမီးဆိုတော့ င်ပြင်ဆင်ဆင်နဲ့ ပိုတော့ လှမှာပေါ့။ ကျွန်တော့်ရွှေမှုန်ကတော့ ာမန်အရုပ်သူဆိုတော့ သဘာဝအလှလေးပဲ ရှိတာပေါ့။ ကျွန် ာ်ကလည်း အဲဒါလေးကိုပဲ ချစ်တာပါ'

ဦးစဝ်နိုင်က မှုမှုတတ မှန်မှန်ကန်ကန် ဆုံးဖြတ်ပေး ာမို့ ရွှေမှုန့်မှာ ထပ်ပြီးဂျီမကျဖြစ်ဘဲကျေနပ်သွားရသည်။ ခဏ တော့ စားစရာများက အဆင်သင့်ရောက်ရှိလို့လာသည်။ ရွှေမှုန် နှစ်ယောက်သည် အရသာရှိသောအစားအသောက်များကို အတူ စားရင်း ပျော်စရာကောင်းမည့် အနာဂတ်အတွက် စိတ်ကူးစိတ် န်းများကို ပုံဖော်ကြည့်နေခဲ့ကြသည်။ ည ၇နာရီလောက်တွင် ရွှေမှုန်တို့ စားလို့ပြီးပါသည်။ အဲဒီနောက် နို့မပါသော ကော်ဖီ းခါးကို အရသာခံသောက်ရင်း ရွှေမှုန်သည် ဦးစဝ်နိုင်မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ကာ စိတ်ထဲရှိသော မေးခွန်းများကို မေးဖြစ်သည်။

'ဦးစဝ်နိုင်··· ရွှေမှုန်တို့ လက်ထပ်ရင်လေ ဦးစဝ်နိုင် တို့ဘက်က ရွှေမှုန်နဲ့ သဘောမတူဘူးဆိုပြီး ကန့်ကွက်မယ့်သူ ရှိလားဟင်'

ရွှေမှုန်မေးခွန်းကြောင့် ဦးစဝ်နိုင်သည် မျက်မှောင် တစ်ချက် ကုတ်သွားပြီးမှ သဘောတကျနှင့် ရယ်ပါတော့သည်။

'ဘာတွေလျှောက်တွေးနေတာလဲ ရွှေမှုန်လေးရယ်။ မဟုတ်တာတွေ။ သဘောမတူချင်းတူ ရွှေမှုန့်ဘက်ကပဲ ရှိမယ်။ စဝ်နိုင်ဘဝမှာ စဝ်နိုင်တစ်ယောက်တည်းပဲ ရှိတယ်။ ဆွေမျိုး အသိုင်းအဝိုင်း တစ်ယောက်မှ မရှိဘူး။ ဒီတော့ အားလုံး ဟာလည်း စဝ်နိုင်ပြေလည်ရင် ပြေလည်ပြီးသားပဲ။ ကဲ··· ဘာ မေးချင်သေးလဲ'

ရွှေမှုန်က ဦးစဝ်နိုင်စကားကြောင့် နေရခက်စွာ ဦးစဝ် နိုင်လက်ကို ဖျတ်ခနဲ ခပ်ရှက်ရှက်လှမ်းရိုက်မိတော့ ဦးစဝ်နိုင်က ရွှေမှုန့်လက်ချောင်းလေးတွေကို သူ့လက်ဖဝါးနှစ်ခုဖြင့် ဆုပ်ကိုင် လိုက်ပါသည်။ အနက်ရောင် အင်္ကျီလက်ရှည်အောက်မှ မြင်ရ ရသော ဦးစဝ်နိုင်၏လက်ချောင်းများသည် ရောင်စုံမီးလုံးများ အလင်းရောင်များကြားတွင် သွယ်လျစွာဖြင့် လှပလို့နေသည်။ ဦးစဝ်နိုင်ပြောပြလို့သာ သူ့အသက် ၄၃နှစ်ဆိုတာကို ရွှေမှုန် လက်ခံထားရသည်။ ဘယ်သူကမှ ထင်မှုမဟုတ်။ တွေ့ကာစ က ရွှေမှုန်တောင် သူ့ကို အသက် ၃၅၊ ၃၆လောက်သာ ရှိလိမ့် မည်လို့ ထင်ထားခဲ့သည်ပဲ။

'ကဲ··· ကောင်မလေး၊ ကျွန်တော့်လက်တွေကို ဘာ လို့ စိုက်ကြည့်နေတာလဲ။ မူလစိတ်တွေ ပြန်ပေါ်လာလို့လား'

'ဘာလဲ၊ မူလစိတ်တွေဆိုတာ'

'ကိုက်ချင် ဝါးချင်တဲ့စိတ်တွေကို ပြောတာလေ'

'ဟင်း··· သွား··· ရွှေမှုန့်ကို ခွေးလို့ပြောချင်တာ ပေါ့ဟုတ်လားပဲ။ မခေါ်တော့ဘူး'

ရွှေမှုန်က စိတ်ဆိုးချင်ယောင်ဆောင်ကာ နှုတ်ခမ်းရှု့ လိုက်တော့ ဦးစဝ်နိုင်က အားရပါးရရယ်ရင်း ရွှေမှုန့်နှာခေါင်းကို ဖွဖွလေး အသာလေး လိမ်ဆွဲပါသည်။ ပြီးတော့ စကားတစ် ခွန်း ပြောသည်။

'ရွှေမှုန့်ကို ကျွန်တော် သိပ်ချစ်တာပဲ'တဲ့။

'ရွှေမှုန်လေး ကျွန်တော်တို့ မြန်မြန်လက်ထပ်ရအောင် လေ။ ဒီတစ်နှစ်ပြီးအောင် မစောင့်နိုင်တော့ဘူး။ ရွှေမှုန့်အိမ်ကို ပြောလိုက်တော့'

'ဟင်း··· ရပါလိမ့်မယ်။ ကျောင်းကလည်း မပြီးသေး ဘူး။ ပြီးပြီး မမတောင် ယောကျ်ားမယူသေးဘူး။ ရွှေမှုန်က အရင် ယူမယ်ဆိုရင် မေမေက သတ်မှာပေါ့'

'သတ်တော့ မသတ်လောက်ပါဘူးကွာ။ ရွှေမှုန့်အစ်မ လည်း ရုပ်ရှင်မင်းသမီးဆိုတော့ သူက တော်တော်နဲ့ ဘယ်ယောကျ်ား ယူဦးမလဲ။ အဲဒါသာ စောင့်ရမယ်ဆိုရင်တော့ စဝ်နိုင်တို့ အသက် ၇၀လောက်မှ ကလေးချီနေရမယ်'

'အယ်··· ဘာတွေလျှောက်ပြောနေမှန်း မသိဘူး'

ရွှေမှုန်က ရှက်ရှက်ဖြင့် ဦးစဝ်နိုင်လက်ကို အားပါးတရ ဆွဲပစ်လိုက်သည်။ ဦးစဝ်နိုင်က နာတာကို ရှုံ့မဲ့ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



သူထိုင်နေသော ကုလားထိုင်နောက်မှီတွင် ချိတ်ထားသည့်
အင်္ကျီထဲသို့ လက်နှိုက်ကာ တစ်စုံတစ်ခုကို နှိုက်ယူလိုက်သ
ရွှေမှုန့်မျက်စိရှေ့ အဖြူရောင်စားပွဲခင်းပေါ်သို့ အ
ရောင် လေးထောင့်ကတ္တီပါဘူးတစ်ခုက ရောက်ရှိလို့လာသ
ရွှေမှုန်က ခြောက်လက်မပတ်လည်လောက်ရှိသော ဘူးအ
ကလေးကို ဘာလဲလို့ နားမလည်စွာကြည့်ရင်း ဦးစဝ်နိုင်ကို
မိတော့ ဦးစဝ်နိုင်က လက်နှစ်ဖက်ပေါ်မေးထောက်ပြီး ရွှေ
ခပ်ပြုံးပြုံး ပြန်ကြည့်နေသည်။

'ကျွန်တော် ရွှေမှုန့်ကို ဒီညနေတွေ့ချင်တယ်လို့
တာ ဒါလေးပေးချင်လို့။ မန္တလေးကနေ ကျွန်တော်ဝယ်လာ
ရွှေမှုန် ယူရမယ်။ ဘာကြောင့်ပေးတာလဲ။ ဘာအထိမ်းအ
အတွက်ပေးတာလဲ။ ကျွန်တော့်မှာ အဖြေမရှိဘူး။ ကျွန်
ချစ်တဲ့မိန်းကလေးကို ကျွန်တော် ပေးချင်လို့ပေးတာ။ ဒါပဲ၊
မငြင်းပါနဲ့'

ရွှေမှုန်တောင် ဘာမှမပြောရသေး။ ဦးစဝ်နိုင်က
လမ်းကြောင်းတွေအားလုံးကို ပိတ်ဆို့ကာ ကတ္တီပါဘူးအနက်
ကို ရွှေမှုန့်ဘက်လှည့်ပြီး ဖွင့်ပြလိုက်ပါသည်။ အပြင်မှ
မီးများ၏ အရှိန်နှင့် ဗူးထဲမှ ပစ္စည်းလေး၏တောက်ပမှုတို့
တရက် ဆုံစည်းသွားကာ ရွှေမှုန့်မျက်လုံးထဲ လင်းလင်း
လက်ကြီးတစ်ခုကိုသာ ချက်ချင်း မြင်လိုက်ရသည်။ အ
ရောင် ကတ္တီပါအောက်ခံပေါ်မှာ တဖျတ်ဖျတ်လက်ကာ
ပနေသည့် 'စိန်'ဘယက်လေးတစ်ခု ဖြစ်ပါသည်။ ဘေး
လည်း လက်ကောက်၊ လက်စွပ်နှင့် နားကပ်တစ်စုံတို့ကို



နေရာနှင့်သူ လှလှပပ ထည့်ထားပါသည်။ ရွှေမှုန်က စိန်
ည်များကိုကြည့်ရင်း ဦးစဝ်နိုင်ကို အံ့သြစွာ မော့ကြည့်မိသည်။

'ရွှေမှုန် ကျွန်တော့်ကို တကယ်ချစ်တယ်ဆိုရင် ကျွန်
အမြတ်တနိုးပေးတာကို လက်ခံရမယ်'

ဦးစဝ်နိုင်က ရွှေမှုန်ပြောမယ့်စကားတွေကို ကြိုတင်သိ
ရှေ့ကနေ အတင်းကာကွယ်ပြန်ပါသည်။ ရွှေမှုန်ကတော့
သော စိန်ပွင့်များကို မသက်မသာကြည့်ရင်း သက်ပြင်း
ချက်သာ ချမိသည်။

'ရွှေမှုန့်မှာ ကိုယ်ပိုင်စိန်ဆိုလို့ သေးသေးလေးတောင်
ပါဘူး။ အပြင်တွေဘာတွေသွားစရာရှိရင် မေမေထုတ်ဆင်
လိုက်တဲ့ဟာနဲ့ သွားတာပဲ။ ဒါပေမယ့် မမကတော့ စိန်ကို
ဝါသနာပါသလို စုလည်း အရမ်းစုတယ်။ သူက ခဏခဏ
နေတော့ ရွှေမှုန်လည်း ဘေးကနေ ကြားကြားနေရတယ်။
တော့ တစ်ရတီပွင့်ရှိတဲ့ စိန်းဈေးကဘယ်လောက်၊ ငါးမူးကိုက်
ဘယ်လောက်၊ သူ့ထက် ရတီများရင် များသလို၊ အပွင့်ကြီး
ကြီးသလို ဘယ်လောက်တန်တယ်ဆိုတာ ရွှေမှုန် နည်းနည်း
းတော့ သိနေပါတယ်'

ဦးစဝ်နိုင်က ရွှေမှုန် ဘာကိုဆိုလိုချင်မှန်း ရိပ်မိသော်
ဘာတစ်ခွန်းမှထပ်မပြောဘဲ ဘူးထဲမှ လက်စွပ်ကလေးကို
ဆွဲထုတ်လိုက်ပြီး ရွှေမှုန်ရဲ့ ဘယ်ဘက်လက်သူကြွယ်လေး
စွပ်ပေးလိုက်သည်။ လက်စွပ်ကလေးသည် ရွှေမှုန်လက်
ချောင်းထဲတွင် တိုင်းပြီးလုပ်ထားသယောင် ကွက်တိဖြစ်ကာ
တ်ဖျတ်နှင့် ရွှေမှုန့်ကို နှုတ်ဆက်နေသလိုပင်။ အနည်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးဆိုလျှင် သုံးရတိနီးပါးလောက်ရှိသော တစ်လုံးတည်း... လက်စွပ်ကလေးကိုကြည့်ရင်း မက်မောချင်စရာကောင်း... လှပနေတာမို့ ရွှေမှုန်မှာ အားငယ်သလိုတောင် ခံစားသွားရ...

'ရွှေမှုန်နဲ့ အရမ်းလှတာပဲ။ လက်စွပ်ကလေးကို ... ပေးချင်လို့ ရွှေမှုန်နဲ့ တော်ပါစေလို့ ကြိတ်ဆုတောင်း... အခုတော့ ပြည့်သွားပြီ'

'ဦးစဝ်နိုင်… ရွှေမှုန် ဒီလက်စွပ်ပဲ ယူမယ်လေ... ဟာတွေ ရွှေမှုန်လည်း ဝတ်မှာမှ မဟုတ်တာ။ ပြန်ယူသွား...

'မဟုတ်တာ ရွှေမှုန်ရယ်။ အဲဒါတွေက ရွှေမှုန် ... ဝတ် မဝတ်ဝတ် ရွှေမှုန့်အတွက် ရည်ရွယ်ပြီး ဝယ်လာခဲ့... ရွှေမှုန် မဝတ်ချင်လည်း သိမ်းထားပေါ့။ ကျွန်တော်က ဒါ... ပြန်ယူသွားပြီး ဘာလုပ်ရမှာလဲ။ အိမ်မှာ ဝတ်ထားရမှာ... မသင့်တော်ပါဘူး ရွှေမှုန်ရယ်'

ဦးစဝ်နိုင်စကားကြောင့်က ရွှေမှုန်သည် တစ်ချက်... လိုက်ရင်း 'ဦးစဝ်နိုင်ပစ္စည်းတွေက အရမ်းဈေးကြီးမှာ ရွှေ... သိတယ်။ ဒီလက်စွပ်တစ်ကွင်းတည်းတောင် အနည်းဆုံး ... ခြောက်ဆယ်လောက်ပေးရမှာ။ နားကပ်ကြီးကလည်း ကြီး... ဆွဲကြိုးကော၊ လက်ကောက်ကောဆိုရင် ပိုက်ဆံတွေ အများ... ဖြစ်မှာ။ ရွှေမှုန် မယူချင်ပါဘူး'

ကလေးဆန်ဆန်တွေးပြီး ပြောကာ ရွှေမှုန်ငြင်းမိ... ဦးစဝ်နိုင်က ရတနာဘူးကို ဖတ်ခနဲပြန်ပိတ်ရင်း ရွှေမှုန့်မျက်... ကို စေ့စေ့ကြည့်ကာ 'ကျွန်တော့်ပိုင်ဆိုင်မှုတွေအားလုံးကို ရွှေ... တစ် ယောက်ပဲ ခံစားခွင့်ရှိတယ်လေ'



'မရှက်ကြဘူးလား… ဟင်… နည်းနည်းလေးမှကို ...ရှက်မရှိကြဘူး'

ကြည်နူးမှုလေးတွေ လွင့်ပြယ်သွားအောင် တိတ်ဆိတ် ...သာနေရာမှာ ရှူးရှူးရှဲရှဲထွက်ပေါ်လာသောအသံကြောင့် ရွှေမှုန်တို့ ...ယောက်လုံး ရုတ်တရက်လန့်သွားကာ အသံလာရာသို့ ပြိုင်တူ ကြည့်လိုက်မိသည်။ ရွှေမှုန်တို့နှံဘေးခပ်လှမ်းလှမ်းမှာ ရပ်နေသော ...မောင်မောင်နှင့် သစ်သစ်'။ သစ်သစ်သည် မီးဝင်းဝင်းတောက် ...နေသော မျက်လုံးများဖြင့် ရွှေမှုန်တို့အနား ဖျတ်ခနဲဆိုရောက်လာ ...သသည်။ ရွှေမှုန်သည် သစ်သစ်မျက်နှာကို နားမလည်စွာ မော့ ကြည့်ရင်း ထိုင်ရာကတောင်မထနိုင်ဘဲ ကြောင်ကြည့်နေမိသည်။

'ဘာတွေလဲ… တစ်ယောက်ကလည်း ကိုယ့်အသက် ...ကောင် အားမနာ။ သမီးအရွယ်လေးကို ပစ္စည်းတွေဖန်းပြပြီး မြှူဆွယ်တယ်။ တစ်ယောက်ကလည်း လူပျိုလူလွတ် ဆရာဝန် ...တစ်ယောက်လုံးက ကြိုက်နေတာတောင် စိတ်မဝင်စားနိုင်ဘဲ ...ပိုက်ဆံရှိတဲ့ အဘိုးကြီးကို မက်တယ်။ မရှက်ကြဘူးလား ဟင်။ ...ဝန်းကျင်တစ်ခုလုံးတောင် ဂရုမစိုက်နိုင်ဘဲ အဲလောက်တောင် ...နေရသလား'

'ဟာ… သစ်သစ်… သစ်… ဘာတွေလျှောက်ပြော ...နေတာလဲ'

'ရှင်ဖယ်စမ်းပါ။ ဒီမှာ ရွှေမှုန်… ဦးစဝ်နိုင်ဆိုတာ ...ငါ့အဖေပဲ။ ငါ့အဖေကို ငါ့အမေနဲ့ကလွဲလို့ တခြား ဘယ်မိန်းမ ...မှ ငါ တွဲမမြင်နိုင်ဘူး။ အဲဒါကို နင်သဘောပေါက်။ မေမေ… ...အဖေကို သစ်သစ်မုန်းတယ် သိလား။ ဒီကိစ္စကို မေမေ ရပ်တန်း

www.burmeseclassic.com

www.burmeseclassic.com



က မရပ်ရင် ဖေဖေ့ကို သစ်သစ် ဒီထက်ပိုမုန်းမိလိမ့်မယ်'

မျက်နှာတစ်ခုလုံး မျက်ရည်တွေဖြင့် ရွှဲနစ်နေသော သစ်သစ်သည် သူပြောချင်တာပြောပြီးသည်နှင့်တစ်ပြိုင်တည်း ချာခနဲနေအောင် ပြန်ပြေးထွက်သွားလေသည်။ အံ့သြတကြီး မျက်နှာနှင့် အားတုံ့အားနာ ဖြစ်နေပုံရသော မောင်မောင်သည် ဘာမှမဖြေရှင်းလိုက်နိုင်ဘဲ သစ်သစ်နောက်သို့ ကမန်းကတန်း ပြေးလိုက်သွားရသည်။ ကျန်ရစ်ခဲ့ရသော ရွှေမှုန်မှာတော့ ကိုယ်တစ်ခုလုံး အေးစက်ထုံကျင်လာရကာ မျက်လုံးထဲမှာလည်း အရာရာအားလုံး မှုန်ဝေဝါးလာပြီး နားထဲမှလေများ တစီစီထွက် နေတာကိုသာ ကြားရရင်း ကိုယ့်ကိုယ်ကို အသက်မှရှူနေရဲ့လား ဝေခွဲမရနိုင် ဖြစ်သွားခဲ့ရသည်။

ရင်ထဲမှာတော့ အံ့သြတာရော၊ ဝမ်းနည်းတာရော၊ ရှက် တာရော၊ ဒေါသဖြစ်တာရော ခံစားမှုပေါင်းစုံတို့ ရောထွေး လူတစ်ကိုယ်လုံးကို ခွန်အားမဲ့သွားစေခဲ့လေသည်။

ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့် ဆင်းသက်လာသည့်အခါမှာတော့ ဦးစဝ်နိုင်၏ စကားသံတို့ နားထဲမှာ ကြားတစ်ချက်၊ မကြားတစ်ချက်။

'ဦးစဝ်နိုင်ဟာ ကိုရဲနဲ့ သစ်သစ်တို့ရဲ့ အဖေတစ်ယောက် ဖြစ်နိုင်လောက်သည်လို့ ဘာ့ကြောင့် နည်းနည်းလေးတောင် ရွှေမှုန် သံသယမဝင်ခဲ့မိတာလဲ'

ရွှေမှုန်သည် အဖြစ်အပျက်ကြီးတစ်ခုလုံးကို လုံးဝလက် မခံနိုင်ဘဲ တူးတူးခါးခါးကြီး မုန်းတီးသွားမိလေသည်။



တယ်။

ရှာဖွေလို့တွေ့ရှိလာတဲ့ အချစ်ဟာ ကောင်းသလို
မရှာဖွေဘဲ တွေ့ရှိလာတဲ့ အချစ်ဟာလည်း
ပိုလို့တောင် ကောင်းနေပါသေးတယ်···

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၃၃ ၊

ကျောင်းဖွင့်ရက်ကြီးပေမယ့် 'အရေးကြီးလို့ ခဏပြန်လာခဲ့ပါ သားရယ်'လို့ ခခယယ ဖုန်းဆက်လာတဲ့ မယ့်မယ့်အသံကြောင့် စဝ်နိုင်မှာ မန္တလေးကနေ မိုးကုတ်အထိ စိတ်အထင့်ထင့် မျက်ခုံးလှုပ်လှုပ်ဖြင့် ပြန်ရောက်လာခဲ့ရသည်။ ခရီးရောက်မဆိုက်ဆိုသလိုပင် 'ဘဘနှင့်မယ်မယ်'က စဝ်နိုင်ကိုသူတို့၏ အထူးဧည့်ခန်းထဲသို့ခေါ်ကာ အကျိုးအကြောင်းကို စတင်ပြောလေသည်။

'သင်းမြမြ လင်နောက်လိုက်ပြေးသွားပြီ သား'

နိဒါန်းမပါဘဲ ပြောလိုက်သော မယ်မယ့်စကားကြောင့် စဝ်နိုင်မှာ ရှေ့တွင်ရှိနေသော ဘဘကိုလည်း အနည်းငယ်မျက်နှာပျက်သလိုဖြစ်သွားရကာ ထိုအကြောင်းကိစ္စနှင့်ပတ်သက်၍ စိတ်ထဲတွင် သိပ်တော့ အံ့ဩတကြီး မဖြစ်သွားမိပေ။ 'သင်းမြမြ' ဆိုသည်မှာ ဘဘနှင့်မယ်မယ်တို့၏ တစ်ဦးတည်းသောသမီးဖြစ်ပြီး စဝ်နိုင်ထက် အသက် ၂နှစ်လောက် ကြီးပါသည်။ ဘဘနှင့်မယ်မယ် စိတ်နေသဘောထား နူးညံ့သိမ်မွေ့ပြည့်ဝသလောက် သင်းမြမြကတော့ ဘဘနှင့်မယ်မယ်တို့၏ သမီးအရင်းမဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



လေစလို့ သံသယဖြစ်ရလောက်အောင် ဆက်ဆံရေးညံ့ဖျင်း
သော၊ အဆင့်အတန်းခွဲခြားတတ်သော မောက်မာသည့်
ကလေးတစ်ယောက် ဖြစ်နေသည်။

'သင်းမြမြလုပ်သွားတာ မယ်မယ်တို့မျက်နှာ လ
ထဲ ဘယ့်နှယ့်ပြရမှန်းတောင် မသိတော့ပါဘူး သားရယ်။
တွေအပေါ် မသိတတ်တဲ့သမီး မယ်မယ်ဖြင့် မွေးခဲ့ရတာ
ရင်ထဲမှာနာမိတယ်'

စဝ်နိုင်အပေါ် တစ်သက်လုံးကောင်းလာခဲ့သော
မယ် မျက်ရည်လေးတစမ်းစမ်းဖြစ်လာတော့ စဝ်နိုင်ရင်ထဲ
ပြီး မွန်းကျပ်သွားရသည်။

'အခု သူ လိုက်သွားတဲ့ယောက်ျားကလည်း
အလုပ်မှ မယ်မယ်ရရရှိတဲ့အကောင် မဟုတ်ဘူး။ ရန်ကုန်
အဆင်မပြေလို့ ဒီမှာ အလုပ်လာလုပ်ရင်း တွေ့ပြီး မိသင်းမြ
ကောက်ကောက်ပါအောင် လိုက်သွားတာပဲ။ မိုက်လုံးကြီး
သမီး မယ်မယ်တော့ စိတ်နာတာပါပဲ'

မယ်မယ်က ပြောရင်း မျက်ရည်တွေ ထိန်းမနိုင်သိမ်း
မနိုင်ကျလာတော့ ဘဘက မယ်မယ့်ကိုကြည့်ပြီး မေး
ကြီးများထောင်လာအောင် အံကို တင်းတင်းကျိတ်ထားသည်။
ဘဘနှင့်မယ်မယ် ခံစားနေရသောဝေဒနာကို စဝ်နိုင် ကိုယ်ချင်း
စာကြည့်လို့ရသော်လည်း ယခုလောလောဆယ်မှာတော့ ဘဘနှင့်
မယ်မယ်ကို အားပေးနိုင်မည့် စကားလုံးမျိုးကို စဝ်နိုင် စဉ်းစား
လို့မရ ဖြစ်နေရသည်။

မျက်လုံးအိမ်ထဲမှာတော့ ဖြူနွဲ့နွဲ့ သင်းမြမြမျက်နှာ

ရေးရေးပေါ်လာသည်။ လူတကာအပေါ် နိုင်လိုမင်းထက်
ဆံတတ်သော သင်းမြမြပုံစံကို ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်ကျော်
က စဝ်နိုင် ဒီခြံကြီးထဲကို စရောက်တဲ့နေ့ကတည်းက မနှစ်
ခဲ့ပါ။ စဝ်နိုင်ကို သူတို့အိမ်၌ အခိုင်းအစေတစ်ယောက်လို
ထားကာ အမြဲတမ်းနှိမ်ပြီးဆက်ဆံခဲ့သော သင်းမြမြ။
ဘဝကိုသူ ဘယ်လိုခရီးဆက်ဖို့ စဉ်းစားမိပါသလဲ။ တစ်မြို့
လေးစားရသည့် မိဘတွေ၏အရှိန်အဝါကိုတောင် မထောက်
မညှာတာဘဲ ထင်ရာစိုင်းသွားခဲ့သည့်အတွက် ယခုတော့
နှစ်ပါးလုံး မျက်နှာငယ်ရပြီဖြစ်သည်။ စဉ်းစားတွေးခေါ်
နည်းလိုက်တာလို့တွေးမိရင်း ဒီလိုသမီးမျိုးကို တစ်သက်
မတော့်မတ မကြော့မကျ ပြုစုစောင့်ရှောက်လာခဲ့ရသည့်
နှင့်မယ်မယ်ကို စဝ်နိုင်ရင်ထဲ အလွန်အမင်း သနားသွားရ
သည်။

ဖ

www.burmeseclassic.com

း ၊၃၄၊

BURMESE CLASSIC .com

စဝ်နိုင်သည် အိမ်ကြီး၏အနောက်ဘက် ထင်းပုံကြီး
တွင် တစ်ယောက်တည်း တိတ်ဆိတ်ငြိမ်သက်စွာထိုင်ရင်း
ဝေးဝေးမှာမြင်နေရသော တိမ်ခိုးများရစ်သိုင်းထားသည့်
င်ထိပ်စွန်းလေးကို လှမ်းမျှော်ကြည့်နေကာ အတိတ်ကို ပြန်
ားနေမိသည်။

အမေဆုံးပြီး ရွာမှာ တစ်ယောက်တည်း အားကိုးရာမဲ့
သော စဝ်နိုင်ကို 'အဘစိုင်း'က လေးတန်းနှင့်ကျောင်းနုတ်
ဒီ 'မေတ္တာရတနာ'ခြံကြီးထဲကို ခေါ်လာခဲ့သည်။ မျက်စိ
ားသူငယ်နှင့် အမေ့၏အစ်ကိုရင်း ဘကြီးတော်သူ အဘ
က်ကို တင်းတင်းဆုပ်ကာ စဝ်နိုင် ဒီခြံကြီးထဲကိုရောက်
တော့ စတုတ္ထတန်းစာအုပ်လေးတွေနှင့် အင်္ကျီစုတ်လေးနှစ်
သာ ထည့်ထားသည့် လွယ်အိတ်ကလေးတစ်လုံးသာ ပါ
သည်။ နောက် စဝ်နိုင်ပါလာကြောင်း အဘစိုင်းက ဘဘ
ယ်မယ်ကို သတင်းပို့တော့ ဘဘနှင့်မယ်မယ်က စဝ်နိုင်
ကြောင်းမေးမြန်းရင်း ကရုဏာသက်ကာ ခြံကြီးထဲရှိ လုပ်
တန်းလျားတွင် အဘစိုင်းနှင့်အတူတူ နေထိုင်ပေးရသော

www.burmeseclassic.com

www.burmeseclassic.com



... ကျောင်းလည်း ပြန်ထားပေးခဲ့သည်။

ထိုအချိန်က သင်းမြမြသည် လုံချည်ရှည်ရှည်ကို ... တတ်ဝတ်တတ်နှင့် ဝတ်နေသော ခြောက်တန်းကျောင်းသူ ... ယောက် ဖြစ်နေပြီဖြစ်သည်။

စဝ်နိုင်ကိုတွေ့တွေ့ချင်းဆိုသလိုပင် မတူသလို ... သလို မျက်လုံးမျိုးဖြင့် စတင်ကြည့်ရှုခဲ့သော်လည်း မယ် ... ဘက်မှ ဆွေနီးမျိုးစပ်တော်သော မနန်းခိုင်ဆိုသော စဝ်နိုင် ... လေးနှစ်လောက်ကြီးသည့် အစ်မကြီးတစ်ယောက်ကတော့ စ ... ကို ဘဘ၊ မယ်မယ်တို့နည်းတူ နွေးထွေး ကြိုဆိုပေးခဲ့ပါသ ...

တကယ်တော့ ဘဘနှင့်မယ်မယ်သည် စဝ်နိုင်အ ... အင်မတန်ကျေးဇူးကြီးလှသည့် ကျေးဇူးရှင်များ ဖြစ်ပါသ ... ငယ်စဉ်ကတည်းက စဝ်နိုင် စာတော်မှန်းသိ၍ ကျောင်း ... ကအစ အဝတ်အစားဖိုးပါမကျန် လူတကာအလယ် မျ ... မငယ်ရအောင် ကူညီဖြည့်ဆည်းပေးခဲ့သည်။ အဘစိုင်း ... က ဘဘနှင့်မယ်မယ်တို့၏ခြံဝင်းထဲတွင်နေထိုင်သော အ ... သမားများစွာအနက်မှ ချို့တဲ့သော သာမန်အလုပ်သမား ... ယောက်သာဖြစ်၍ သူရသောလုပ်အားခက သူ့အရက်ဖိုးနှင့် ... တစ်ကိုယ်စာလောက်ငှရုံသာ ရှိသည်။ ဘဘနှင့်မယ်မ ... စဝ်နိုင်အပေါ် သွေးသားရင်းသဖွယ် ကူညီစောင့်ရှောက်သ ... မြင်ရတော့ သူ့မှာလည်း မျက်ရည်လေးဝဲကာ ပြုံးပြီးကြည့် ... ရုံသာ တတ်နိုင်ခဲ့ပါသည်။

စဝ်နိုင် ရှစ်တန်းရောက်တော့ သင်းမြမြက ဆယ် ... ကျသည်။ ရှစ်တန်းမှာ ဘာသာစုံဂုဏ်ထူးနှင့် စဝ်နိုင် ကိုး ...

... က်လာတော့ သင်းမြမြက နောက်တစ်နှစ် ထပ်ကျပြန်သည်။ ... န်းအောင်ပြီး ဆယ်တန်းတက်သည့်နှစ်မှာတော့ သင်းမြမြ ... ဆယ်တန်းကို ဘယ်လိုမှမအောင်နိုင်ဘဲ ကျောင်းထွက်လိုက် ... တော့သည်။ ဆယ်တန်းမှာ ဘာသာစုံဂုဏ်ထူးနှင့် စဝ်နိုင် ... သိုလ်တက်ခွင့်ရတော့ သင်းမြမြ၏ စဝ်နိုင်အပေါ် အမုန်း ... များသည် ဒီရေလို ပွားများသွားခဲ့လေသည်။

ဘဘနှင့်မယ်မယ် စဝ်နိုင်၏အောင်မြင်မှုကို သူတို့ ... အောင်မြင်မှုအလား ဂုဏ်ယူတက်ကြွကာ စဝ်နိုင်ဖြစ်ချင်သော ... ဝန်တစ်ယောက် ဖြစ်လာသည်အထိ အစစအရာရာ အားလုံး ... ာန်ယူပေးမည်ဟု တရားဝင်ဖွင့်ပြောတော့ အဘစိုင်းကော ... ပါ ပြောပြလို့မတတ်နိုင်အောင် ကျေနပ်ဝမ်းသာခဲ့ရသည်။

... မန္တလေးတွင် စဝ်နိုင် တက္ကသိုလ်ပထမနှစ်တက်နေ ... မှာပင် စဝ်နိုင်၏ တစ်ဦးတည်းသောဆွေမျိုး အဘစိုင်း ... လွန်သွားခဲ့သည်။ ထိုအချိန်မှစ၍ ဘဘနှင့်မယ်မယ်သည် ... နိုင်ကို အမွေစားအမွေခံသားအဖြစ် စာချုပ်စာတမ်းနှင့် မွေး ... ခဲ့လေသည်။ ထိုကိစ္စနှင့်ပတ်သက်၍ သင်းမြမြ စဝ်နိုင်အပေါ် ... ကြီးအကျယ် မနာလိုဖြစ်ခဲ့သည်ကို နားလည်ခဲ့သောကြောင့် ... တို့က အိမ်ကြီးအပေါ် အတင်းခေါ်တင်ခဲ့သော်လည်း စဝ်နိုင် ... အကြောက်အကန်ငြင်းကာ အဘစိုင်းနှင့် အတူတူနေခဲ့ ... အလုပ်သမားတန်းလျားရှိ အခန်းလေးမှာပင် တခြားအလုပ် ... များနှင့် တန်းတူနေထိုင်ခဲ့ပါသည်။

စဝ်နိုင်သည် ပညာကို တစ်ဖက်က ကြိုးစားသ...ရင်း ... ကျောင်းပိတ်ရက်တိုင်း မိုးကုတ်ကို ပြန်လာရကာ ဘဘနှင့်မယ်

www.burmeseclassic.com

www.burmeseclassic.com



မယ်တို့၏ အဓိကလက်ငုတ်လက်ရင်း စီးပွားရေးဖြစ်
ကျောက်တွင်းလုပ်ငန်းနှင့် ရတနာရောင်းဝယ်ရေးလုပ်ငန်းကို
ညီလုပ်ကိုင်ပေးရပါသည်။ ဘဘသည် စဝ်နိုင်၏အရည်အ
ကို ကြိုမြင်၍ပဲလား၊ ဒါမှမဟုတ် သားအရင်းတစ်ယောက်
အားကိုးယုံကြည်၍ပဲလား မပြောတတ်ပါ။ စဝ်နိုင် ရှ
ကျောင်းသားဘဝလောက်ကတည်းက ကျောင်းပိတ်ရက်များ
သူ၏လုပ်ငန်းများကို စဝ်နိုင် နားလည်အောင် သင်ပြပေးခဲ့
မို့ စဝ်နိုင် တက္ကသိုလ်ရောက်သည့်အချိန်တွင် ဘဘ၏လုပ်
သဘောကိုလည်း အတော်အသင့်ကျွမ်းကျင်နေခဲ့ပြီ ဖြစ်

ယခု စဝ်နိုင် ဒုတိယနှစ်စာမေးပွဲတောင် မဖြေရ
ဒီတစ်နှစ်ပြီးလျှင် စဝ်နိုင် သွားချင်လှသော ဆေးတက္က
ဝင်ခွင့်အမှတ်များကို ခွဲတော့မှာမို့ တခြားဘာကိုမှ စိတ်မဝ
အားဘဲ စာကိုသာ ဂရုတစိုက်နှင့် ကြိုးစားနေခဲ့သည်။ ဒီ
ထဲကမှ သင်းမြမြပြဿနာက ဖြစ်လာခဲ့သည်ဆိုတော့ စဝ်နိ
အနည်းအကျဉ်းတော့ စိတ်အနှောက်အယှက် ဖြစ်ရသည်
စဝ်နိုင်ကိုယ်တိုင်ကလည်း ဘဘ ဖြစ်စေချင်သော အော
သော စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ထက် ဝေးလံခေါင်
သည့်ဒေသများရှိ နွမ်းပါးသော တိုင်းရင်းသားပြည်သူလူ
ဆေးကုသပေးနိုင်သော ဆရာဝန်တစ်ယောက်သာ ဖြစ်ချ
သည်။

သို့ပါသော်ငြားလည်း ယခုအချိန်မှာတော့ ကျ
တွေ အသာမေ့ထားပြီး သင်းမြမြအတွက် အရှက်ရမျက်နှာ
နေသော ဘဘနှင့်မယ်မယ့်အနားတွင် စဝ်နိုင် ရက်အတော်

လေးတော့ ခေတ္တခဏ နေပေးရဦးမည်ဆိုတာကို နားလည်
ကြပါသည်။

၉၄

www.burmeseclassic.com

www.burmeseclassic.com

## ခန်း ၊ ၃၅ ၊

စဝ်နိုင် အပိုင်း(က)စာမေးပွဲ ဖြေအပြီးမှာပင် ဘဘ
ာ်တရက်ဆုံး၍ ချက်ချင်းပင် မိုးကုတ်ပြန်ရောက်ခဲ့ရသည်။
ဘ၏ရုပ်ကလာပ်နံဘေးတွင် မယ်မယ်၊ မနန်းခိုင်တို့နှင့်အတူ
်နှစ်အရွယ် ချာတိတ်လေးတစ်ယောက်ကို ပွေ့ပိုက်ထားသော
ယ်ဝန်အရင့်အမာနှင့် သင်းမြမြကိုပါ တွေ့လိုက်ရသည်။ စဝ်နိုင်
်တွေ့တွေ့ချင်း မျက်ထောင့်နီနှင့်ကြည့်လိုက်သော သင်းမြမြ
က်လုံးတွေကို လစ်လျူရှုရင်း ဘဘ၏နောက်ဆုံးခရီးကို
ကောင်းဆုံးဖြစ်အောင် စဝ်နိုင် ဖန်တီးပေးနိုင်ခဲ့ပါသည်။

စာမေးပွဲကို အောင်မြင်စွာဖြေဆိုပြီးလို့ အမောပြေမယ်
ကြံသေး။ ဘဘကိစ္စက ချက်ချင်းဆိုသလိုဖြစ်ခဲ့တာမို့ ဝမ်းနည်း
ာ်ဖြင့် စိတ်မောလူမောဖြစ်နေခဲ့သော စဝ်နိုင်သည် ဘဘကွယ်
ွန်သည့်ညမှာပင် မယ်မယ်နှင့် စကားပြောဖြစ်သည့်အခါမှာ
ာ့ လူတစ်ကိုယ်လုံးမှာရှိနေသော ခွန်အားများ ရုတ်တရက်
ပျောက်ဆုံးသွားသလိုခံစားလိုက်ရကာ မယ်မယ့်ကိုတောင် ဘာ
ကားတစ်ခွန်းမှ ခွန်းတုံ့မပြန်နိုင်ဘဲ အိမ်ကြီးပေါ်မှဆင်းလာပြီး
ိုယ့်အခန်းလေးထဲတွင် အသက်မဲ့သွားသယောင် တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်း ထိုင်နေမိခဲ့သည်။

အချိန်အတော်လေးကြာသွားသည့်အခါမှာတော့ အ
ဝတွင် ငြိမ်သက်စွာရပ်နေသော မနန်းခိုင်၏မျက်နှာကို စဝ်နိုင်
တွေ့လိုက်ရသည်။ မနန်းခိုင်သည်လည်း ညှိုးနွမ်းနေသော မျ
နှာဖြင့် စဝ်နိုင်နှင့်မျက်နှာချင်းဆိုင်တွင် ခုံလေးတစ်လုံးကိုယူ
အသာဝင်ထိုင်ပါသည်။ ပြီးတော့မှ ခပ်တိုးတိုးလေးသံဖြင့်-

'မနန်းတို့လည်း ဘဘအတွက် အရမ်းကို စိတ်ထိခိုက်
နေကြရပါတယ် မောင်လေးရယ်။ ဒါပေမယ့်လည်း သနား
ကောင်းလှတဲ့ မယ်မယ့်မျက်နှာကို ထောက်ထားပြီး အားလုံး
သွေးအေးအေးထားပြီး သေချာစဉ်းစားပေး.....'

စဝ်နိုင်သည် အံကိုတင်းတင်းကျိတ်ပြီး လက်သီး
လည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားမိကာ ရင်ထဲမှာတော့ မနန်း
နိုင်ကိုပြောပြချင်နေသော စကားလုံးများက လည်ချောင်းဝ
တစ်ဆို့လို့နေရသည်။ မျက်လုံးထဲမှာတော့ ဘဘမျက်နှာ၊ မ
မယ့်မျက်နှာနှင့် သင်းမြမြ၏ မထီလေးစားမျက်နှာက ဟိုတစ်
ကွက် သည်တစ်ကွက်။ စဝ်နိုင်သည် ကိုယ့်စိတ်ကိုယ် ဖြေလျှော့
နိုင်အောင် ကြိုးစားကာ မျက်လုံးတွေကို မှိတ်ထားလိုက်မိရင်း
'ဘဘ သနားပါတယ်'လို့ ဝမ်းနည်းစွာ တွေးနေမိပြန်သည်။

'သင်းမြမြ သူ့ယောက်ျားနဲ့ပြတ်တာ သေချာရဲ့လား
မနန်းခိုင်'

'သူကတော့ ကွဲပြီပြောပြီး ကလေးတစ်ယောက်၊ ဗိုက်
တစ်လုံးနဲ့ အိမ်ပေါ်ပြန်တက်လာတာပဲလေ။ ဘဘဆိုတာ သင်းမြ
မြကို မြင်မြင်ချင်း ကုလားထိုင်ပေါ် ပုံခနဲပြုတ်ကျသွားတာပဲ

မြမြအတွက် ဘဘ တော်တော်ကိုစိတ်ထိခိုက်သွားပုံပါပဲ။
ကလောက်နေတော့ သင်းမြမြနဲ့ ဘဘနဲ့မယ်မယ်တို့ အိပ်
ထဲမှာ ဘာတွေပြောပြီး ပြဿနာဖြစ်နေလဲမသိဘူး။ ဒေါသ
ပြီးနဲ့ ဘဘက သင်းမြမြကို ပါးတစ်ချက်တော့ရိုက်လိုက်
ပြောတယ်။ ကြားထဲက မယ်မယ် ဆွဲတာတောင်မှ မရ
နောက်တစ်နေ့မနက်လည်းကျရော ဘဘ အသက်မရှိတော့
အိပ်နေရင်း အသက်ထွက်သွားပုံပဲ။ မယ်မယ့်မှာလေ
မြမြဘေးနားထားပြီး မောင်လေးကို တတပြီးအော်ငိုတာ
သနားဖို့ကောင်းတာပါပဲ မောင်လေးရယ်'

မနန်းခိုင်က ပြောရင်း ဝမ်းနည်းလာကာ တရှုံ့ရှုံ့နှင့်
တော့သည်။ စဝ်နိုင်သည် မျက်လုံးထဲမှာ ပြည့်လျှံလာသော
ရည်တို့ကို ခပ်ကြမ်းကြမ်းသုတ်လိုက်ရင်း ဘဘကို ဆုံးရှုံး
ရခြင်းအတွက် ကြေကွဲလို့မဆုံး ဖြစ်နေရသည်။

'သင်းမြမြကို ကျွန်တော် ကြည့်မရခဲ့တာဘဲ ရှိတယ်။
တုန်းကမှ မမုန်းခဲ့ပါဘူး မနန်းခိုင်။ ဒါပေမယ့် ခုအချိန်မှာ
ကျွန်တော် သင်းမြမြကို အရမ်းမုန်းသွားမိပြီ။ ကျွန်တော်
မလုပ်ကျွေးလိုက်ရတဲ့ ဘဘကို ကျေးဇူးဆပ်တဲ့အနေနဲ့၊
မယ့်ကို ညှာတာထောက်ထားတဲ့အနေနဲ့၊ တမလွန်က ဘဘ
း ကျေနပ်အောင်၊ ကျန်ရှိနေသေးတဲ့ မယ်မယ်လည်း စိတ်
သာအောင် ကျွန်တော် သိပ်မုန်းတဲ့ မိန်းမတစ်ယောက်ကို
ထပ်ဖို့အတွက် ကျွန်တော် သဘောတူဖြစ်တော့မှာပါ မနန်း
မယ်မယ်ဖြစ်စေချင်တာကို ဖြစ်အောင်လုပ်ပေးဖို့ ကျွန်
မှာ တာဝန်အများကြီးရှိနေပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်လိုက်တာ မောင်လေးရယ်။ မယ်မ
လည်း ဒီသတင်းကြားရင် သိပ်ကိုဝမ်းသာမှာပါ။ မယ်မ
ဘဘရဲ့အလုပ်သမားတွေအားလုံးကလည်း "မေတ္တာရတနာ
အရှင်သခင်ကို ဘဘကလွှဲလို့ မောင်လေးကိုပဲ လက်ခံချင်
တာပါ။ မောင်လေးရဲ့ အဆုံးအဖြတ်တစ်ခုသာ လွှဲချော်သွား
ရင် မေတ္တာရတနာကို မှီခိုနေထိုင်တဲ့သူအားလုံး မယ်မယ်
အဝင် အားလုံး ဒုက္ခရောက်သွားနိုင်ပါတယ်။ မနန်းခိုင်
တာကို မောင်လေး သဘောပေါက်မှာပါနော်"

မနန်းခိုင်ပြောလာသော စကားလုံးတွေက စဝ်နိုင်
ထဲ အကုန်လုံးရောက်ပါသည်။ မယ်မယ်၏ အောက်ကျို
တောင်းခံလာသော အကူအညီကို ကျေးဇူးတရားဆိုသော
ကွင်းကြီး၏အောက်တွင် စဝ်နိုင် ဘယ်လိုအင်အားနဲ့မှ ရုန်းထွ
နိုင်စွမ်းလည်းမရှိ။ သင်းမြမြဆိုသော မိန်းမတစ်ယောက်၏ တ
ဝင်ခင်ပွန်းတစ်ယောက် ဖြစ်လာတော့မည့်အရေးက ခေါင်း
ပေါ်လာတိုင်း စိတ်ကို မွန်းကျပ်သွားစေရသည်။

ထိုနေ့က အပြင်ဘက်မှာ သဘာဝက ဖန်ဆင်းပေး
သော ရာသီဥတုက အေးမြနေသလောက် စဝ်နိုင်၏ရင်ထဲမှာ
လောင်စာကောင်းကောင်းနှင့် မီးပုံကြီးက အရှိန်ပြင်းစွာ တ
ဟုန်း တောက်လောင်လျက် ရှိပါသည်။

ဒီအပူမီးကို မည်သို့သောအရာနှင့်မှ ငြိမ်းသတ်လို့
နိုင်တော့သည်ဆိုတာကို ကိုယ့်ဘာကိုယ် အသေအချာ သ
ပေါက်နားလည်လိုက်သည့် အချိန်မှာတော့ စဝ်နိုင်မျက်ဝန်း
တွင် တစ်စက်လောက်စာသော အရည်ကြည်များ စီးဆင်း

...လေသည်။
ပြော်···
ဒါတွေဟာ မျက်ရည်တွေမဖြစ်ပါစေနဲ့····
ဘယ်တော့မှ မဖြစ်ပါစေနဲ့···။

၉၆

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

း ၊ ၃၆ ၊

'ဒါတွေအားလုံးရဲ့ တရားခံအစစ်ဟာ နင်ပဲ။ နင်သာ
ပေါ် ရောက်မလာခဲ့ရင် ဒီပြဿနာတွေလည်း ဖြစ်လာမှာ
တ်ဘူး။ နင်ရှိနေလို့ ကိုမင်းသစ်ကို ဒီအိမ်ပေါ် တင်ခွင့်
ခဲ့တာ။ အခုတော့ ကိုမင်းသစ်လည်း မရှိတော့ဘူး။ မနေ့က
နဲ့ မန္တလေးကိုအသွား လမ်းမှာ ကားမှောက်လို့ဆုံးပြီတဲ့။
တော့ ပျော်နိုင်ပြီပေါ့။ ငါ့မိဘတွေကို သိမ်းသွင်းပြီး ဒီခြံ
ကိုလည်း အပိုင်စီးပြီးပြီ။ ငါတစ်ယောက်တည်းရမယ့် အမွေ
ကိုလည်း နင်က ဘာမှမဆိုင်ဘဲ တစ်ဝက်ယူဦးမယ်။ ပြီးရင်
တောင် နင် ချမ်းသာပေးမှာ မဟုတ်ဘူး။ ကြည့်လိုက်ရင်
ချောင်းချောင်းနဲ့ ကြောင်သူတော်ကြွက်သူခိုးရုပ်ဆိုတာ နင့်
မျိုးကိုပြောတာ။ အလကား··· ကလေကချေ၊ အုတ်ကြား
ပေါက်က ကိုယ်နဲ့ တန်ရာတန်ရာ မစဉ်းစားဘဲ·····'

ရင့်ရင့်သီးသီး မောက်မောက်မာမာနှင့် ငိုကြီးချက်မ
နေသော သင်းမြမြ၏စကားတို့ကို ဆက်နားထောင်ချင်စိတ်
ကုန်ခမ်းသွားပြီမို့ ဒေါ်သတွေထွက်မလာခင် သူမနှင့်ကိုယ်
းက တံခါးရွက်ကို ဝုန်းခနဲဆောင့်ပိတ်လိုက်ပြီး ... အခန်း

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှ လှည့်ထွက်လိုက်သည်။

စဝ်နိုင် လှည့်အထွက် နံရံထောင့်ချိုးအကွယ်တွင် ရည်တွေ တတွေတွေကျနေသော မယ်မယ်နှင့်မျက်နှာချင်း တိုးပါသည်။ မယ်မယ့်နောက်နားမှာတော့ မနန်းခိုင်က ကိုရဲ ပွေ့ချီ၍ ခပ်တောင့်တောင့်လေးရပ်နေသည်။ ဒီရက်ပိုင်းအတွ မယ်မယ်သည် နောက်ထပ် အသက်နှစ်ဆယ်လောက် ကြီး သွားသလို တစ်သက်လုံး သပ်သပ်ရပ်ရပ် ထုံးထားတတ်ခဲ့သော ဆံထုံးကိုပင် မထုံးနိုင်ဘဲ ဘီးဆံပတ်နှင့် ဖွမ်းဖတ်ဖတ်တွေ့ရ သည်။

မယ်မယ်သည် စဝ်နိုင်အနားသို့ တိုးကပ်လာပြီး စဝ် လက်မောင်းနှစ်ဖက်ကို အားကိုးတကြီး ဆုပ်ကိုင်လာသည့် မှာတော့ စဝ်နိုင်သည် မယ်မယ့်ကို ကြင်နာစွာ ထွေးဖက် လိုက်ပါသည်။ မယ်မယ်သည် စဝ်နိုင်ရင်ခွင်ထဲတွင် ရှိုက် တငင်ငိုကြွေးလိုက်သလို မနန်းခိုင်၏မျက်နှာပေါ်မှာလည်း မျက် ရည်များက တစ်လိမ့်ချင်း ဆင်းသက်လာကြပါသည်။

ကိုရဲလေးကတော့ ဘာကိုမှ သေချာနားလည် အရွယ် မဟုတ်သေးသော်လည်း လူကြီးတွေ၏ အရိပ်အခြေ သိတတ်စွာ မနန်းခိုင်လည်ပင်းကို တင်းတင်းဖက်ထားရင်း ငြိမ်လေး နေနေရှာပါသည်။

အခန်းထဲတွင် သင်းမြမြက ပစ္စည်းတွေကို ဝုန်းဒိုင်း ပစ်ပေါက်နေသံကို ကြားနေရသော်လည်း စဝ်နိုင်စိတ်ထဲ တော့ သူမနှင့်ပတ်သက်သည့် အဆိုးအကောင်း မည်သည့် ချက်ကိုမှ ရင်မဆိုင်ချင်တော့ဘဲ လစ်လျူရှုထားလိုက်မိပါသ



သံယောဇဉ်ထားမိသော 'မေတ္တာရတနာ'ရှိ မိသားစု အတွက် စဝ်နိုင်ဆိုသော ယောက်ျားတစ်ယောက်၏ဘဝသည် သင်းမြမြဆိုသော မိန်းမတစ်ယောက်သတ်တာကို အကြိမ်ကြိမ် ရဦးမည် ဖြစ်တော့သည်။

သင်းမြမြ…

သင်းမြမြ…

မင်း ငါ့ကို ဒီထက် စိတ်နာအောင် ထပ်မလုပ်ပါနဲ့ တော့။

၁၉

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၇

'သင်းမင်းသစ်'ကိုမွေးပြီး တစ်နှစ်ခွဲအကြာ စဝ်နိုင် ရာဝန်ဖြစ်သည့်နှစ်မှာပင် မယ်မယ်သည် အားလုံးကို သံယော ဇဉ်ဖြတ်ကာ ဘဘနောက်သို့ ကောက်ကောက်ပါအောင် လိုက် သွားခဲ့ပါသည်။ ရှေ့နေရှေ့တွင် စာချုပ်စာတမ်းနှင့် လွှဲထားခဲ့ သော အမွေဆက်ခံခွင့်စာချုပ်ကို ဖတ်ရသည့်အချိန်မှာတော့ သင်း မြနှင့်စဝ်နိုင် အကြီးအကျယ် ပြဿနာတက်ခဲ့ရလေသည်။ နေ့သည် မယ်မယ်ရက်လည်ပြီး နောက်တစ်နေ့ညပင် ဖြစ် သည်။

'နင့်အကြံ ဒါ အကုန်ပဲလား စဝ်နိုင်။ ငါ့အမေကို င် ဘယ်လိုအယုံသွင်းပြီး အမွေတွေအားလုံး နင် ဘယ်လို ောင်ပိုင်စီးလိုက်သလဲ။ ငါ့ကိုလည်း သင်ပေးပါဦး'

'ဒီအချိန်မှာ ခင်ဗျားနဲ့ ဒီအကြောင်းတွေ မပြောနိုင် ဘူး'

'ဟင်း ဟင်း··· တရားကျဖို့ကောင်းလိုက်တာနော်။ င်တုန်းက ဒီခြံထဲကို စုတ်စုတ်ပြတ်ပြတ်နဲ့ ရောက်လာတဲ့ ကောင်က အခုတော့ အိမ်ဦးခန်းမှာ ချီးတက်ပါနိုင် ရသွားပြီ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ လေသံကိုက မာရေကျောရေနဲ့'

စဝ်နိုင်သည် သည်းမခံနိုင်စွာ ဝုန်းခနဲထရပ်ရင်း-

'ခင်ဗျားပါးစပ် ပိတ်ထားစမ်း သင်းမြမြ၊ တစ်
တစ်မိုက်ဥာဏ်နဲ့ ထင်ရာလျှောက်ပြောမနေနဲ့'

စဝ်နိုင်အသံက ဟိန်းခနဲနေအောင် ကျယ်လောင်သွား
ရသည်မို့ မနန်းခိုင်သည် ကလေးနှစ်ယောက်နှင့်အတူ ညှော်ခန်း
သို့ ထိတ်ထိတ်ပြာပြာ ရောက်ရှိလာခဲ့သည်။

'မပိတ်နိုင်ပါဘူး။ နင် ပိတ်ခိုင်းတာပိတ်ရအောင်
က ဘာကောင်မို့လို့လဲ။ ငါ့မိဘတွေကိုသာ နင် အမိန့်ပေး
ရမယ်။ ငါ့ကိုတော့ နင် ဘယ်တော့မှ အမိန့်ပေးလို့ မရ
မှတ်'

'တော်ကြပါတော့ မောင်လေးတို့ရယ်။ ဒီအချိန်
ရန်ဖြစ်တာ သူများ ကြားလို့လည်း မကောင်းပါဘူး။ အေး
ဆေးဆေး ပြေလည်အောင် ပြောကြပါ'

သင်းမြမြသည် သူမ၏မျက်နှာကို အရုပ်ဆိုးသထက်
ဆိုးအောင် မဲ့ရွဲ့လိုက်ရင်း-

'မနန်းခိုင် စဉ်းစားကြည့်ပါဦး။ မယ်မယ်တို့ လုပ်သွား
တာ ကောင်းသေးလားလို့။ မွေးစားသားကိုတော့ ပိုင်ဆိုင်သ
ကျောက်တွင်းတွေရော၊ ရတနာလုပ်ငန်းရော၊ ဒီအိမ်ကြီးကို
အကုန်လုံး ပေးသွားခဲ့တယ်။ သမီးအရင်းခေါက်ခေါက်ကျ
လက်ဝတ်လက်စားလေးနည်းနည်းနဲ့ ဘဏ်လက်ကျန်ငွေလေး
ယူတဲ့။ အဲဒါ ကောင်းသလား၊ တရားသလား'

စဝ်နိုင်သည် အော်ကြီးဟစ်ကျယ်ပြောနေသော သင်း

ကိုကြည့်ပြီး တော်တော့်ကို စိတ်ကုန်သွားမိလေသည်။ မယ်
က ရှိနေသမျှသော စီးပွားကြီးတစ်ခုလုံး ပျက်ဆီးယိုယွင်း
ရအောင်၊ သင်းမြမြအနေနဲ့ အမေသေပြီးတာနှင့် သူ့စိတ်
ရာတွေ လျှောက်မလုပ်နိုင်အောင် အမြော်အမြင်ရှိရှိ ကြိုတင်
အမွေခွဲပေးသွားခြင်း ဖြစ်သည်။ ကျောက်တွင်းတွေနှင့်
နာအလုပ်ကို သင်းမြမြက ဘယ်တုန်းကမှ စိတ်ဝင်တစား
ခဲ့တာမို့ စဝ်နိုင်နာမည်နှင့် ထားသွားတာ မဆန်းပါ။

ဒီအိမ်ကြီးကတော့ စဝ်နိုင်နှင့်သင်းမြမြ နှစ်ယောက်
ည်နှင့် ထားသွားခြင်း ဖြစ်ပါသည်။ စဝ်နိုင်မရှိလျှင် ကလေး
ယောက်နှင့် ပထမကောင်လို ပေါက်ကရယောကျ်ားတစ်
ာက် အိမ်ပေါ်ခေါ်တင်မှာကို မယ်မယ်သည် အစောကတည်း
ကြိုတင်စိုးရိမ်ခဲ့၍ အိမ်နာမည်တွင် စဝ်နိုင်နာမည်ကို အတင်း
ည့်သွားခြင်း ဖြစ်သည်။

ဒါ့အပြင် မနန်းခိုင်အတွက်လည်း ဘဏ်ရှိငွေသား
း(၂၀)၊ စိန်တစ်ဆင်စာနှင့် ပတ္တမြားတစ်ဆင်စာ အမွေပေး
ခဲ့သည်။ သင်းမြမြရရှိသော ဘဏ်ရှိလက်ကျန်ငွေဆိုသည်
လည်း သိန်း (၅၀)အောက် မလျော့ပါ။ လက်ဝတ်လက်စား
ာက မနန်းခိုင်ကိုပေးခဲ့တာထက် ဆယ်ဆမက ရှိပါသည်။
ကိုမှ လောဘဇောတွေတက်နေသေးသော သင်းမြမြမျက်နှာ
ဘီလူးမထက်တောင် အရုပ်ဆိုးလှသည်လို့ စဝ်နိုင် သတ်မှတ်
သည်။

'ပြောလိုက်ရင် သူ့ကိုယ်သူ စေတနာရှင်လိုလို တယ်
ရှင်ကြီးလိုလိုနဲ့ နင့်ကို မသိတဲ့သူတွေသာ အ ကြီးရင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးမယ်။ ငါကတော့ လုံးဝပဲ။ သောင်းကျန်းသူတစ်ယောက် သားဟာ တစ်နေ့ ငါတို့ကို ဓားပြတိုက်မှာပဲလို့ ကြိုတွက် သား။ အခုတော့ ဓားပြမတိုက်ဘဲ အနကြမ်းစီးနေပြီပေါ့ ဟု လား၊ ပြောစမ်းပါဦး'

စဝ်နိုင်သည် ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ လ သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိလိုက်သည်။

'နင် ဒီခြံထဲကိုရောက်လာကတည်းက နင့်အကြော အားလုံးကို ငါ ဦးစိုင်းကို မေးပြီးသား။ နင့်အဖေက သော ကျန်းသူတပ်ထဲ ဝင်သွားလို့ နင့်အမေ ဒုက္ခရောက်တဲ့အကြော တွေ၊ တောကြိုတောင်ကြားမှာ နင် ဆင်းဆင်းရဲရဲနဲ့ လူဖြ ရတဲ့အကြောင်းတွေ၊ နင့်အမေသေတော့ နင့်အဖေကိုတောင် ဘ လိုက်ရှာရမှန်းမသိဘဲ ဒုက္ခတွင်းထဲကျနေလို့ ဦးစိုင်းက ကယ် ခဲ့ရတာတွေ အားလုံး အားလုံး ငါ သိတယ်။ အဲဒီအခြေအ ကနေ ကံကောင်းထောက်မလို့ ဒီဘဝမျိုးရောက်လာတော့ ဘ က မြင့်ပြီပေါ့။ ပစ္စည်းတွေလည်း မက်တတ်လာပြီပေါ့။ ဟင် နင် ဘာမှငြင်းဖို့ စဉ်းစားမနေနဲ့။ ဒီမှာ နင့်ကိုယ်နင် အမှန်တက ယောက်ျားကောင်းတစ်ယောက်ပါလို့ ကြွေးကြော်ချင်ရင် ငါ့မိ တွေ အထောက်အပံ့နဲ့ရလာတဲ့ ဆရာဝန်ဘွဲ့ကြီးနဲ့ လုပ်စားမ တော့ပေါ့။ ကိုယ့်ဟာကိုယ် ကိုယ့်ဒူးကိုယ်ချွန်ပြီး လုပ်ကိုင် ပေါ့။ ဟင်း… အခုတော့ ငါ့အဖေမရှိတော့တဲ့အချိန်မှာ မယ် ကို ဘယ်လို ပတ်ချွဲနှပ်ချွဲနဲ့ ပလီလိုက်သလဲတော့ မသိ တစ်ခါတည်း မယ်မယ်တို့များ စဝ်နိုင်တို့လက်ထဲ ယုံယုံကြ ကြည်နဲ့ကို သက်ဆင်းသွား…'



သင်းမြမြ စကားကို ဆုံးအောင်တောင် ဆက်ခွင့် လိုက်ပါ။ စဝ်နိုင်သည် ကျောပေးထားရာမှ ဝုန်းခနဲလှည့်လိုက် သင်းမြမြပါးကို အရှိန်ပြင်းပြင်းနှင့် လွှဲရိုက်လိုက်ပါသည်။ င်းမြမွေးသည် ကြမ်းပြင်ပေါ်သို့ ဖရိုဖရဲနှင့် ပက်လက်လန်ပြီး သွားကာ ချက်ချင်းတောင် ပြန်မထနိုင်ပေ။ မနန်းခိုင်က အောင်မယ်လေး… တော်ကြပါတော့'လို့ ကြောက်ကြောက် လန့်လန့်နှင့်ဝင်အဆွဲမှာ တစ်နှစ်ခွဲအရွယ် သင်းမင်းသစ်က သူ့ မကိုကြည့်ပြီး ရူးရူးဝါးဝါး အော်ငိုလိုက်လေသည်။ လေးနှစ် ယ် မောင်ရဲမြတ်ကတော့ သူ့နေရာလေးမှာပင် တောင့်တောင့် ရပ်နေကာ မျက်လုံးဝိုင်းကြီးများဖြင့် စဝ်နိုင်ကို ကြောက်ရွံ့ ကြည့်နေခဲ့သည်။

စဝ်နိုင်သည် လဲကျနေရာမှ အတင်းကုန်းထနေသော င်းမြမွေးမျက်နှာကို ရွံရှာသော၊ မုန်းတီးသော၊ နာကြည်းသော လုံးများဖြင့် စူးစိုက်စွာကြည့်ရင်း သင်းမြမွေးမျက်နှာနားတွင် ရပ်လိုက်သည်။ ထိတ်လန့်နာကျင်စွာ မော့ကြည့်လိုက်သော င်းမြမြနှင့် မျက်လုံးချင်းအဆုံတွင် ရင်ထဲမှာ ကျိတ်မှိတ်မျို ထားခဲ့ရသော စကားလုံးတို့က အတားအဆီးမဲ့စွာ ထွက်ပေါ် လေသည်။

'ဘာဘနဲ့မယ်မယ်တို့မှာ ခင်ဗျားလို အောက်တန်းကျတဲ့၊ တွေးအခေါ် သိမ်ဖျင်းယုတ်ညံ့တဲ့ သမီးတစ်ယောက်ကို မွေး တာ သိပ်ကို သနားဖို့ကောင်းတယ်။ ကျုပ်ကိုပေးခဲ့တဲ့ အ ည်းတွေကို ကျုပ် သိပ်မက်မောနေတယ်လို့ ခင်ဗျား ထင်နေ ။ ခင်ဗျားဟာခင်ဗျား နန့်ကြောထပြီး မွေးထားတဲ့ အပြစ်

www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့ ကလေးနှစ်ယောက်ရဲ့ နောင်ရေးကိုတွေးပြီး မယ်မယ်... စီမံထားခဲ့တာတွေကို ကျုပ်က ကိုယ်ဖြစ်ချင်တာတွေ၊ လုပ်... တာတွေကို ဘေးဖယ်ပြီး ဒီဝက်ပါထဲမှာပဲ ဆက်နှစ်မြှော့ဖို့ ... စားစဉ်းစားနေခဲ့တာ။ ဒီအိမ်ကြီးကို မှီခိုနေတဲ့ မိသားစုဘဝ... မပြိုကွဲဖို့ အစီအစဉ်တွေချနေခဲ့မိတာ။ ဒါကို ခင်ဗျား နည်း... လေးတောင် ထည့်မတွက်ဘဲ ကျုပ်ရဲ့ ငယ်ကျိုးငယ်နာတွေ... ဖော်နိုင်တာနဲ့ ကိုယ့်ကိုယ်ကို သိပ်ဟုတ်လှပြီ ထင်မနေနဲ့။ စ... ဆိုတဲ့ကောင်က ကိုယ့်တစ်ယောက်တည်းအတွက်သာဆို... အတိတ်ကို ပြန်မလွမ်းတတ်သလို အနာဂတ်ကိုလည်း ကြ... စိတ်ကူးယဉ်တတ်တဲ့ကောင် မဟုတ်ဘူး။ လက်ရှိ ပစ္စုပ္ပန်... ယုံယုံကြည်ကြည် အသုံးချချင်တဲ့သူ။ အခု ခင်ဗျားတို့အိမ်... ရောက်မှ ခင်ဗျားရဲ့အရှုပ်ထုပ်ကို ကျုပ်ခေါင်းပေါ်တင်ပြီး ပ... အခြေအနေမှာတောင် ကိုယ့်ကိုယ်ကို ဘာကောင်မှန်းမသိ ... ပြီး စိတ်ဒုက္ခတွေ များနေခဲ့ရတာ။

ဒီမှာ သင်းမြမြ... ခင်ဗျားရဲ့ ကလေးနှစ်ယော... 'အဖေ' ခေါ်ဖို့အတွက် သူတို့ဘေးနားမှာ စေတနာသန့်သန့်နဲ့ ... ရပ်တည်ပေးနေတဲ့မျက်နှာကိုမှ မထောက်ဘဲ ခင်ဗျား ကျု... အကြိမ်ကြိမ် စော်ကားခဲ့တယ်။ အကြိမ်ကြိမ် စိတ်နာ... လုပ်ခဲ့တယ်။ ဒါ့အပြင် ခင်ဗျားအပေါ် တစ်သက်လုံးကော... တဲ့ ကျေးဇူးရှင်မိဘအပေါ်မှာတောင် ဝစီကံနဲ့ ပြစ်မှားတ... ခင်ဗျားဟာ တကယ့်ကို နာမည်နဲ့မလိုက်အောင်ကို အပုပ်... လှိုင်နေတဲ့၊ ရွံစရာကောင်းတဲ့ ငရဲအိုးထဲဖောက်ထိုးကျမယ့် မိ... တစ်ယောက်ပဲ။ ခင်ဗျားရဲ့စကားတွေဟာ ကျုပ်ရဲ့ သည်းညည်း...

...တဲ့အရေခွံကို ခွာထုတ်လိုက်ပြီမို့ မနက်ဖြန်ကစပြီး အရင်က ...နိုင်နဲ့ အခုစဝ်နိုင် ဘယ်လောက်ကွာခြားသလဲဆိုတာ ခင်ဗျား ...ကောင်းကောင်းကြီး သိစေရမယ်'

စဝ်နိုင်၏ မိုးခြိမ်းသံကဲ့သို့ ကြိမ်းဝါးလိုက်သော အသံ ...က်မှာတော့ 'မေတ္တာရတနာ'ခြံကြီးတစ်ခုလုံးတွင်ရှိသော ...သားတို့သည် အားလုံး အသက်ကင်းမဲ့သွားသယောင် တိတ် ...တ်ငြိမ်ကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၃၈ ၊

စဝ်နိုင်သည် တစ်သက်လုံးဖြစ်ချင်လွန်း၍ ကြိုးစားသင်ယူခဲ့သော ဆရာဝန်အတတ်ပညာကို ရင်နာစွာနှင့် စွန့်ခွာရင်း ဘဘာနှင့်မယ်မယ်တို့ ထားခဲ့သော စီးပွားရေးလုပ်ငန်းထဲသို့ စိတ်ရော ကိုယ်ပါ နှစ်မြှုပ်လိုက်လေသည်။ အရောင်းအဝယ်လုပ်ငန်းကိုလည်း မိုးကုတ်မှာ မထားတော့ဘဲ မန္တလေးတွင် ချဲ့ထွင်ဖွင့်လှစ်လိုက်သည်။ ကျောက်သွေးစက်များ ကိုယ်ပိုင်ဝယ်ပြီး အလုပ်ရုံနှင့် ရုံးခန်းတွဲဖွင့်ကာ 'ဟံသာဝတီကုမ္ပဏီ' ကို ထူထောင်လိုက်သည်။ စဝ်နိုင်၏ကုမ္ပဏီတွင် အဆင်သင့်ဝတ်လို့ရမည့် လက်ဝတ်ရတနာပစ္စည်း အထည်များကို မရောင်းဘဲ ကျောက်ကို တစ်လုံးချင်း၊ တစ်ပွင့်ချင်း ကောင်းပေ့ဆိုတာတွေကိုသာ လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ကျောက်တွင်းတွေမှာလည်း ဘဘတို့ရှိစဉ်ကထက်ပင် အရည်အသွေးကောင်းသော သန်းကျောက်၊ သိန်းကျောက်၊ ကောင်းကျောက်တို့က နတ်များက ဖန်ဆင်းပေးသည့်အလား ထွက်ရှိခဲ့တာမို့ စဝ်နိုင်လက်ထက်တွင် စီးပွားရေးသည် အရင်က ထက်အဆတစ်ရာမက တိုးတက်အောင်မြင်ခဲ့လေသည်။ အသက်

www.burmeseclassic.com

www.burmeseclassic.com



ယယ်ယယ်လေးနှင့် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင် ဖြ
လာခဲ့သော စဝ်နိုင်သည် လူတကာ၏လေးစားခြင်း၊ အတု
ခြင်း၊ အထင်ကြီးခြင်းတို့ကို ခံယူခဲ့ရကာ 'မေတ္တာရတနာ'
အပေါ်မှာလည်း သြဇာအရှိဆုံးလူတစ်ယောက် ဖြစ်လာခဲ့
သည်။

စဝ်နိုင်သည် သင်းမြမြနှင့် ပြဿနာဖြစ်ပြီး နောက်
တစ်နေ့တွင်မှာပဲ ခြံထဲရှိ တိုက်တန်းလျားမှ ဘဘနှင့်မယ်မ
တို့ နေထိုင်ခဲ့သော အိပ်ခန်းကို ပြောင်းလဲ လွှဲယူလိုက်လေသည်
ဘဘတို့အခန်းထဲကို စဝ်နိုင် ပစ္စည်းတွေရွှေ့တော့ မျက်လုံးပြ
ပြူးပြီး ဒေါသတွေထွက်နေသော သင်းမြမြမျက်နှာကို
မခန့်ကြည့်ခဲ့ရသည်မှာ စဝ်နိုင်အတွက် အင်မတန်မှ အရသာ
ခဲ့ရသည်။ မေတ္တာရတနာခြံကြီးတစ်ခုလုံးကို စဝ်နိုင် လွှမ်းမိုး
ဘယ်လောက်လွယ်ကူသည်ဆိုတာကိုလည်း သက်သေပြနိုင်ခဲ့
စဝ်နိုင် ကျေနပ်ခဲ့ရသည်။ ဆွေ့ဆွေ့ခုန်နေသော သင်းမြမြပုံစံ
ကြည့်ရင်း စဝ်နိုင် ဟားတိုက်ရယ်မောနိုင်ခဲ့လေသည်။

ဩော်… ဒီလိုတော့လည်း လောကကြီးက တစ
လည်း အဓိပ္ပာယ်တွေရှိပေစွလို့တွေးရင်း 'မေတ္တာရတနာ'
အကြီးဆုံး အရှင်သခင်ဘွဲ့ကို သိမ်းပိုက်ဖန်တီးနိုင်ခဲ့ကာ ဖြ
ကျယ်ခမ်းနားသော ဟံသာဝတီကုမ္ပဏီပိုင်ရှင်အဖြစ် ဘဝ
ကို စတင်ခဲ့သည်။

၉၄

## အခန်း ၊ ၁၉ ၊

'သင်းမြမြက မောင်လေး သူ့ကိုကွာပေးဖို့အကြောင်း
မန်းနဲ့ ထပ်ပြောခိုင်းတယ်'

'ဒီစကားကို သူ ခဏခဏ ပြောခိုင်းနေတာ သူ့ပါးစပ်
ကောင်းပေမယ့် ပြန်ဖြေရတဲ့ကျွန်တော်က သူ့လောက်အားနေ
တာ မဟုတ်ဘူး မနန်းခိုင်'

'မနန်း သိပါတယ် မောင်လေးရယ်။ အိမ်မှာဆိုရင်
ည်း တစ်ချိန်လုံး မနန်းကိုပဲ ဂျီကျနေတာ ကြာတော့လည်း
န်းဖြင့် ထွက်တောင်ပြေးချင်လာတယ်'

မနန်းစကားကြောင့် စဝ်နိုင်သည် မခိုးမခန့် တစ်ချက်
ရီလိုက်မိရင်း-

'ထွက်တော့ မပြေးပါနဲ့ဦး မနန်းရယ်၊ ကျွန်တော်တို့
ယောက်လုံးက ဒီမိသားစုအတွက် ဖြည့်ဆည်းပေးရမယ့် ဝဋ်
ကြွေးက ပါလာပြီးသား။ ဒီတော့ ဒီဝဋ်ကြွေးကို ဒီဘဝမှာပဲ
ကုန်ဆပ်လိုက်ရတာ ပိုကောင်းပါလိမ့်မယ်'

မနန်းခိုင်က စဝ်နိုင်စကားကြောင့် ခဏငြိမ်သက်သွား
သည့်အခါမှတော့ စဝ်နိုင်က ရေခဲသေတ္တာထဲရှိ အအေးသင့်ဖျော်

www.burmeseclassic.com

www.burmeseclassic.com



ထားသော ကရားထဲမှ သံပုရာရည်တစ်ခွက်ကို ဖန်ခွက်ထဲ ပြီး မနန်းခိုင်ရှေ့သို့ ချပေးလိုက်သည်။

'သံပုရာရည်အေးအေးလေး သောက်လိုက်ရင် ရင် ကအပူတွေတော့ ခဏသက်သာသွားမယ် ထင်တာပဲ။ သော လိုက်ဦး မနန်း။ အပြင်မှာ နေက အတော်ပူတာပဲ။ ကလေး တော့ ဖျားနာနေဦးမယ်နော်'

'ကလေးတွေအတွက်က စိတ်ချပါ မောင်လေး ကိုရဲလေးက သိပ်လိမ္မာပါတယ်။ စာလည်းကြိုးစားတယ်။ လေးကိုလည်း ချစ်ပါတယ်။ အငယ်မပဲ တစ်ချက်တစ် ပေကပ်ကပ်နဲ့ သူ့အမေနဲ့ တူချင်တယ်'

'ကလေးတွေနောင်ရေးအတွက်က ကျွန်တော် ကြို စဉ်းစားထားပါတယ်။ ဒါပေမယ့်လည်း ဖြည်းဖြည်းပေါ့။ သူတို့လည်း ငယ်သေးတာပဲ။ ဩော်... မနန်း သင်းမြ ပြောလိုက်ပါ။ ကွာရှင်းပေးဖို့ မေးခွန်း ဘယ်တော့မှ ထပ် ပါနဲ့တော့လို့။ ဒီတစ်သက် ကျွန်တော် အသက်ရှင်နေသ၍ ပတ်လုံး ဒီကိစ္စ ဘယ်တော့မှဖြစ်လာမှာမဟုတ်ဘူးလို့။ မိုးကုတ်ကနေ ကလေးတွေနဲ့မန္တလေးလာရတာ အလကား ရှုပ်တယ်'

'မနန်း မရှိရင် ကိုရဲက လုံးဝမနေဘူး မောင်လေး ကိုရဲကိုခေါ်ရတော့ ဟိုအငယ်မကပါ လိုက်ချင်တာ။ အခု အပြင်မှာ ကိုလှသန်းတို့နဲ့ ဆော့နေလေရဲ့။ မောင်လေး... အ နားမလည်လို့ တစ်ခုတော့မေးချင်တယ်။ စိတ်တော့ မဆိုးပါ

'ဘာလဲ မနန်းခိုင်'

'ဩော်... ငါ့မောင်က သင်းမြမြကို နည်းနည်းလေး ောင် မချစ်၊ သံယောဇဉ်ဆိုတာလည်း အမှုန်လေးတစ်မှုန် ာက်တောင် မရှိဘဲနဲ့ ဘာဖြစ်လို့ သင်းမြမြကို ကွာမပေး တာလဲ။ အခုဆို သင်းမြမြွေးမှာ တစ်နေ့တစ်နေ့ အဲဒါနဲ့ပဲ ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေရတာ'

စဝ်ခိုင်က မနန်းခိုင်မေးခွန်းအဆုံးမှာ စားပွဲကို လက် နှင့် တစ်ချက်ရိုက်ကာ သဘောတကျနှင့် အားရပါးရ ရယ် ရင်း-

'အဲဒါပဲ မနန်း၊ ကျွန်တော် လိုချင်တာ အဲဒါပဲ။ သူ့ သက်လုံး အဲလိုဖြစ်သွားအောင်လို့ကို ကျွန်တော် ကွာမပေး ။ သတ္တိရှိရင် အိမ်ပေါ်ကဆင်းသွား၊ ကြိုက်တဲ့ကောင် ယူ၊ ယောက်စလုံး တရားစွဲပြီး ထောင်ချပစ်မယ်လို့ ခြိမ်းခြောက် တယ်။ သင်းမြမြဆိုတဲ့မိန်းမက အသံသာရှိပြီး ဘာအဆန် ာမဟုတ်ဘူး။ ကြောက်တတ်လိုက်တာမှ ပြောလို့။ 'မေတ္တာ ာ' ကနေ တစ်ဝက်လောက်မှ ဝေစုထပ်မရဘဲ အိမ်ပေါ်က င်းသေးဘူး။ ဒီတော့လည်းခံပေါ့မနန်းရဲ့ ကျွန်တော် နှိပ်စက် ကို။ ကျွန်တော့်ကို သူ အကြိမ်ကြိမ် သတ်ခဲ့တယ်။ အခု ကျွန်တော့်အလှည့် ရောက်ပြီလေ။ သူ့အတွက် ကျွန်တော် ဘာ လည်း ကိုယ်ချင်းစာမပေးနိုင်တော့ဘူး။ ဒါ ကျွန်တော့်ရဲ့ ပဲ'

စဝ်ခိုင်စကားတွေက မနန်းခိုင်၏ရင်ကို ပိုလို့ ပူလောင် ာဟိုက်သွားစေမလား မပြောတတ်ပါ။ ယခုထိ အိမ်ထောင် ပြုနိုင်ဘဲ ကလေးနှစ်ယောက်ကို ဖိသီဖတ်သီ ထိန်းကျောင်း

www.burmeseclassic.com

www.burmeseclassic.com



လာပေးခဲ့သော မနန်းခိုင်၏စိတ်ဓာတ်က လေးစားစရာ
ဘာကိုမှ မမက်မောဘဲ မေတ္တာရတနာ၏အပူတွေကို မျှဝေ
ကာ စိတ်စေတနာကောင်းလှသော မနန်းခိုင်ကို စဝ်နိုင် တ
တစ်ရံ သိပ်ကို သနားမိပါသည်။ သို့ပါသော်ငြားလည်း
ကိုယ်တိုင်တောင် မိန်းမတစ်ယောက်ကို မုန်းတီးစိတ်ဖြင့်
ကိုယ်ကို အရင်းအနှီးပြုကာ လက်စားချေချင်သော စိတ်
ရှိနေသမျှ ကာလပတ်လုံး တစ်ပါးသူကိုလည်း ဘယ်လိုမှ မ
တင်နိုင်တာကို နားလည် သဘောပေါက်ပါသည်။ ထို့ကြော
ပြုပြင်ဖို့ဆိုတာကိုလည်း စဝ်နိုင် ယောင်လို့တောင် စိတ်မကူး
ပါ။

ဖွ

၊ ၄၀ ၊

စဝ်နိုင်သည် အားလပ်ရက်မှာ ကိုယ် အချိန်ကြာကြာ
ထိုင်ခဲ့သော တိုက်တန်းလျားလေးအား အလုပ်သမားတွေ
ပြန်သုတ်နေတာကို ခပ်လှမ်းလှမ်းတစ်နေရာမှ ထိုင်ငေးနေ
သည်။ ဒီတစ်ခေါက် မိုးကုတ်တွင် ကျောက်များ ပြန်လာစု
ည်မို့ နည်းနည်းကြာကြာတော့ ဒီအိမ်ကြီးအတွင်း ခဏနေထိုင်
ဦးမည်။ သင်းမြမြနဲ့က မျက်နှာချင်းဆိုင်လိုက်တာနှင့် တစ်
လုံး ရန်ဖြစ်နေရသည်မို့ စဝ်နိုင်သည် အိပ်ချိန်လောက်သာ
ကြီးပေါ် တက်ပါသည်။ ကျန်သည့်အချိန်များကတော့ ဆိုက်
နှင့် အပြင်မှာသာ ကုန်ဆုံးစေပြီး တစ်ခါတစ်ရံမှာတော့ တန်း
လျားလေးနှင့် မျက်နှာချင်းဆိုင် သရက်ပင်အောက်ရှိ ခုံပိုင်းလေး
င် တစ်ယောက်တည်း ထိုင်နေမိသည်။

ဘဘရှိစဉ်က ဆိုက်ထဲရှိ အလုပ်သမားများအထဲမှ
ငယ်မွေးအလုပ်သမားများကို ခြံထဲရှိတန်းလျားမှာပင် သူ
နှင့်သူထားကာ ခေါ်ထားခဲ့သည်။ အများစုမှာ အိမ်ထောင်
ရှိသော ယောက်ျားများသာဖြစ်ပြီး မိန်းမဆိုလို့ ဒရိုင်ဘာကိုသိန်း
မိန်းမ မလှိုင်နှင့် သူ့တူမ အေးတင်တစ်ယောက်သာ ရှိပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အေးတင်က မယ်မယ်ရှိစဉ်က မယ်မယ့်ဝေယျာဝစ္စ
ပေးရပြီး မယ်မယ် မရှိတော့သည့်အခါ သင်းမြမွေးလ
လွတ်အောင် အလုပ်သမားကိုတင်မောင်နှင့်ယှဉ်ပြီး အပြင်မှာ
သပ်နေပါသည်။

အလုပ်သမားများသည် ဘဘရှိစဉ်ကအတိုင်း စဝ်
နံဘေးတွင် ရပ်တည်နေကြသေးသော်လည်း ရိုးသားပြီး သ
သောသူများအတွက် ဘဝတစ်ဆင့် ထပ်မြှင့်ပေးဖို့ကို စဝ်
ယခုတော့ စဉ်းစားပေးနေရပြီ ဖြစ်သည်။ နှစ်ပေါင်းကြာ
ခြံထဲတွင် စည်းစနစ်တကျစွာဖြင့် စဝ်နိုင်နှင့် အတူတူနေထို
ကြသူများမှ ကိုယ် အဆင်ပြေလာသည့်အချိန်မှာ သူတို့
နောင်ရေး စိတ်အေးရဖို့အတွက်လည်း စဝ်နိုင်မှာ တာဝန်ရှိသ
လို့ ယူဆမိသည်။

'ဖေဖေ...'

အလုပ်သမားတွေကိုကြည့်ရင်း ထွေရာလေးပါး
စားနေစဉ်မှာပင် နောက်နားဆီမှ ခပ်တိုးတိုးခေါ်သံတစ်ခုကြော
စဝ်နိုင် လှည့်ကြည့်လိုက်မိသည်။ မိုးကုတ်၏ အေးမြသော ရာ
ဥတုအောက်မှာ အဖြူရောင်ဆွယ်တာ၊ ဘောင်းဘီအညိုရော
လေးနှင့် ခပ်မတ်မတ်လေးရပ်နေသော မောင်ရဲမြတ်ကို
လိုက်ရသည်။

စဝ်နိုင်သည် မောင်ရဲမြတ်လေးကို နှစ်လိုစွာ ပြုံး
လိုက်ရင်း-

'လာလေ သား၊ ဘာပြောချင်လို့လဲ'

စဝ်နိုင်က လိုလိုလားလားခေါ်လိုက်တော့ မောင်ရဲမြ

မျက်နှာလေးက အနည်းငယ်ပြုံးသွားကာ စဝ်နိုင်နံဘေးမှာ
ည်းဖြည်းဝင်ထိုင်ရင်း စဝ်နိုင်မျက်နှာကို မော့ကြည့်ပါသည်။
င်ကို အနည်းငယ် ရှုံ့တွန့်တွန့်ဖြစ်နေသော ကလေး၏ ပုံ
နာကို သတိထားမိရင်း စဝ်နိုင် အနည်းငယ်တော့ စိတ်
ာင်းဖြစ်သွားမိသည်။ စဝ်နိုင်သည် မောင်ရဲမြတ်လေး၏
လေးကို အသာဆွဲဖက်လိုက်ရင်း-

'ပြောလေ သား ဘာလိုချင်လို့လဲ'

'သား ဘာမှ မလိုချင်ပါဘူး ဖေဖေ။ မနှစ်က သား
န်းစာမေးပွဲမှာ တစ်ကျောင်းလုံးမှာ ပထမရတယ်။ တနင်္လာ
ရင် ကျောင်းမှာ သားဆုယူရမယ်။ အဲဒါ ဖေဖေ လိုက်နိုင်
းလို့ မေးကြည့်တာပါ'

မရွံ့မရဲလေး ခပ်တိုးတိုးပြောလာသော မောင်ရဲမြတ်
းအဆုံးမှာတော့ စဝ်နိုင်ရင်ထဲတွင် ကျင်ခနဲ ခံစားလိုက်
ည်။ အပြစ်မရှိသော ကလေးတွေအပေါ် စဝ်နိုင် သူစိမ်း
ဆန် နေထိုင်ခဲ့မိလား။ ကိုယ့်ကိုယ်ကို ပြန်လည်ဆန်းစစ်
မိသည်။ သံယောဇဉ်တွေကို မထားချင်ကာမှ သံယောဇဉ်
တွေက တစ်ခုပြီးတစ်ခု ကိုယ့်ကို ပြန်လည်ရစ်ပတ်လာမှာ
ော့ စဝ်နိုင် အမှန်ပင် မလိုလားပါ။ သို့ပါသော်လည်း
နိုင်သည် သက်ပြင်းတစ်ချက်ကို ခပ်ဖွဖွချရင်း မောင်ရဲလေး
ခေါင်းပေါ်သို့ဆွဲတင်ကာ ရင်ခွင်ထဲမှာ ဖက်ထားလိုက်မိသည်။
လေး၏ဆံစလေးများကို အသာအယာ နမ်းရှိုက်ပြီးသည့်အခါ
တော့-

'သားက အခု ခြောက်တန်းကျောင်းသားကြီးတောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီပေါ့'

'ဟုတ်ကဲ့'

'တစ်ကျောင်းလုံးမှာ ပထမရတယ်ဆိုတော့ သား သိပ်တော်တာပဲ'

'ကြီးကြီးနန်းက ပြောတယ်။ ဖေဖေက စာသိပ် တဲ့ ဆရာဝန်ကြီးတစ်ယောက်တဲ့။ သားလည်း ဖေဖေ့လိုပဲ ဝန်ကြီးဖြစ်အောင် စာကြိုးစားရမယ်တဲ့။ ဒါမှလည်း ဖေဖေ ပိုချစ်မှာတဲ့။ ဟုတ်လား ဖေဖေ'

မနန်းခိုင် ကလေးအပေါ်မှာ စည်းရုံးသိမ်းသွင်း သောပုံစံကိုမြင်ရတော့ စဝ်နိုင်ရင်ထဲ ကျေနပ်ရမလို၊ မ ရမလို ဖြစ်သွားရသည်။

'သား အခု အသက်ဘယ်လောက်ရှိပြီလဲ'

'၁၀ နှစ် ရှိပါပြီ ဖေဖေ'

'ငါ့သားက ၁၀နှစ်မှာ ခြောက်တန်းတောင်ရောက် ပြီဆိုတော့ အသက် ၂၃မှာ ဆရာဝန်ဖြစ်ဦးမှာပေါ့။ ကြိုးစား သားရယ်။ သား ဆရာဝန်ဖြစ်မှ မဟုတ်ပါဘူး။ ဆရာဝန်မ လည်း သားကိုချစ်မှာပါ'

စဝ်နိုင်က မောင်ရဲမြတ်နဖူးလေးကို ငုံ့နမ်းရင်း လိုက်တော့ မောင်ရဲမြတ်မျက်နှာလေးက ပြုံးရွှင်လို့သွား သည်။ ထိုအချိန်မှာပင် စဝ်နိုင်၏အင်္ကျီစကို တစ်စုံတစ်ယော က လာဆွဲလိုက်တာမို့ စဝ်နိုင် လှည့်ကြည့်လိုက်မိသည်။

ဆံပင်လေးနှစ်ဖက်ကို ကြက်တောင်စည်းလေး ထောင်နေအောင်စီးထားသော ပန်းနုရောင်သိုးမွှေးအင်္ကျီပွ

င် ကောင်မလေးတစ်ယောက်။ ပါးပြင်လေးနှစ်ဖက်က နီရဲနေ း စဝ်နိုင်ကို မျက်ခုံးလေးနှစ်ဖက်တွန့်ကာ မှုန်ကုတ်ကုတ်ကြည့် ပါသည်။ ကလေးမလေးသည် စဝ်နိုင် ဘာမှမမေးရသေးခင် ဖြူးမရယ် စကားစပြောပါသည်။

'သစ်သစ်လည်း ဒုတိယတန်းအားလုံးမှာ ပထမရ ယ်။ တနင်္လာနေ့ကျရင် ဆုယူရမယ်'

စဝ်နိုင်သည် ကလေးမလေး၏ စိတ်ကို နားလည် သောပေါက်စွာ သားကို ပေါင်ပေါ်မှဘေးသို့ အသာချလိုက် း ကလေးမလေး၏ လက်ကို ဆွဲယူလိုက်မှာတော့ ကလေးမ းသည် စဝ်နိုင်လက်ထဲသို့ အလိုက်သင့်ပါလာပါသည်။

'သမီးက အခု တတိယတန်း ရောက်နေပြီပေါ့။ သိပ် တ်တာပဲ။ အားလုံးထဲမှာ ပထမရတယ်ဆိုတော့ ပိုပြီးတော့ င် တော်သေးတယ်။ ကဲပြော... သမီး ဘာလိုချင်လဲ။ ဆုချရမလဲ'

ကလေးမလေး၏ မျက်ဝန်းအိမ်လေးထဲတွင် မျှော်လင့် င်းရောင်ခြည်လေးများ ယှက်သမ်းကာ မှုန်ကုတ်ကုတ်မျက်နှာ းလည်း အနည်းငယ်ပြေလျော့သွားသည်ကို စဝ်နိုင်သတိပြုမိ ိုက်သည်။

'တနင်္လာနေ့ကျရင် သစ်သစ်တို့ကျောင်းကို ဖေဖေ ိုက်ခဲ့ပါလားဟင်'

တောင့်တစွာပြောလိုက်သော ကလေးမလေး၏ စကား လေးက နားထဲမှတစ်ဆင့် နှလုံးသားကို သွားရောက်ခိုက် သည်။ စဝ်နိုင်သည် ရုတ်တရက် ဘာမှအဖြေမ နိုင်သေး

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကလေးမလေးကို ပေါင်ပေါ်သို့ဆွဲတင်ကာ ရင်ခွင်ထဲ
ဖက်ထားလိုက်မိပြန်သည်။

ဘယ်ဘက်လက်ဖြင့် သမီး၏ ဆံပင်နုနုလေးတွေ
သပ်တင်ကာ နဖူးပြင်လေးကို ခပ်ဖွဖွနမ်းရင်း ညာဘက်လက်
လည်း မောင်ရဲလေး၏ ကိုယ်လုံးလေးကို ပွေ့ဖက်ထားမိသည်

ဖြူစင်ရိုးသားသော ကလေးလေးတွေ၏ စိတ်တွေ
လူကြီးနှစ်ယောက်၏ ပဋိပက္ခကြားမှာ ဘယ်လောက်
ညှိုးနွမ်းခဲ့ရပြီလဲ။ ငယ်စဉ်က ကြီးပြင်းခဲ့ရသော ဘဝအခြေ
ကို ပြန်မြင်ယောင်မိသည်။ သူ့အမေကို မကျေနပ်တာနှင့် သူ
ကလေးတွေ၏ အညွန့်တလူလူ ရင်သန်နေသော ဘဝကလေး
ကို ဖျက်ဆီးပစ်နိုင်သည့် ခွန်အားမျိုးတွေ စဝ်နိုင်မှာ မရှိ
'အဖေ'တစ်ယောက်အဖြစ် ကလေးတွေအတွက် အမည်ခံ
သော်လည်း ဖခင်တစ်ယောက်၏ မေတ္တာမျိုး စဝ်နိုင် နွေး
စွာ ပေးဆပ်ခဲ့ပါသလား။ ဒီကလေးတွေ၏ ရှေ့ရေးအတွ
စဝ်နိုင် ကြိုတင်စဉ်းစားထားခဲ့သော အရာများသည် ပကာ
တွေ လွှမ်းခြုံထားသည့် ဥစ္စာနေများလား။ ယခုလောလော
တွင် သူတို့လေးတွေ ဘာကိုလိုအပ်နေသလဲ။ ဉာဏ်ပညာရှိ
ယောကျ်ားတစ်ယောက်ပီပီ စဝ်နိုင် ကိုယ့်ကိုယ်ကို ဆင်ခြင်
သင့်သည်။

လေတစ်ချက်အဝေ့မှာ ပိုလို့အေးသွားတာမို့ က
နှစ်ယောက်က စဝ်နိုင်ရင်ခွင်ထဲ မသိမသာ တိုးဝင်လိုက်ကြ
ကို စဝ်နိုင်သတိပြုမိသည်။ ထိုနေ့က စဝ်နိုင်သည် ကလေး
ယောက်နှင့်ပတ်သက်၍ ကိုယ့်ကိုယ်ကို 'ဖေဖေ'ဟူသော



ကို စတင်သုံးစွဲကာ ကလေးများ၏ ဆန္ဒကို ပျော်ရွှင်အောင်
ဖြည့်ဆည်းပေးနိုင်သည့် စကားတစ်ခွန်းကို ပြောဖြစ်ခဲ့ပါသည်။
စကားမှာ-

'သားနဲ့ သမီး ဆုယူတဲ့အချိန်မှာ ဂုဏ်ယူစွာနဲ့ လက်
ခုပ်တီးပေးဖို့အတွက် တနင်္လာနေ့ကျရင် ဖေဖေကိုယ်တိုင်
ကျောင်းကို လိုက်ပို့ပေးမှာပါကွယ်'တဲ့။

ဖြ

www.burmeseclassic.com

www.burmeseclassic.com

န်း ၊ ၄၁ ၊

စဝ်နိုင်သည် ညှော်ခန်းတံခါးကို ဝုန်းခနဲခြေထောက်ဖြင့်
ဆောင့်ကန်ပြီး ဖွင့်လိုက်သလို သင်းမြမြကလည်း ခါးထောက်
း စဝ်နိုင်ကို ခပ်တည်တည်ပင် ရင်ဆိုင်ပါသည်။

"ဒီအိမ်ဟာ နင်တစ်ယောက်တည်းပိုင်မဟုတ်ဘူး စဝ်
း၊ သိပ်ထောင်မနေနဲ့"

"ဒါကို ခင်ဗျားနားလည်ရင် ကျုပ်တစ်ယောက်တည်း
င်တဲ့ ကုမ္ပဏီကို ကျုပ်မရှိတဲ့အချိန်မှာလာပြီး ဘာမှအပြစ်မရှိ
 မိန်းကလေးတစ်ယောက်ကို ကိုယ်ထိလက်ရောက် စော်ကား
ားရတာလဲ"

"ဟာဟာ... ဟ... အပြစ်မရှိတဲ့ မိန်းကလေးတဲ့။
င်း... သိတတ်နေလိုက်တာ"

"ခင်ဗျား တော်တော်မိုက်ရိုင်းတဲ့ မိန်းမပဲ။ အဲဒီမိန်း
လေးဟာ ကျုပ်ကုမ္ပဏီက ဝန်ထမ်း။ ခင်ဗျားလုပ်ချင်တိုင်း
ပ်ရအောင် ခင်ဗျားရဲ့ကျွန် မဟုတ်ဘူး"

"အံမယ်လေးနော်... သူ့ဟာမကို ထိသွားတော့ ဒေါ
တ်ထိ နာနေလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ သူဟာမလဲ... ခင်ဗျား စကားကိုကြည့်
ကျုပ် ခင်ဗျားကို သတ်မိလိမ့်မယ်"

ဒေါသတွေက ထွက်လာကြပြီမို့ အသံတွေက ကျယ်လောင်လာရသည်။ အိမ်ရှိလူများအားလုံး ရန်ပွဲကို မည် ဝင်မဆွဲရဲဘဲ အားလုံးငြိမ်သက်နေကြသည်။ မနန်းခိုင်တစ်ယော သာ ခပ်လှမ်းလှမ်းမှာရပ်ရင်း ဘာတစ်ခွန်းမှဝင်မပြောဘဲ နှစ်ဦးကို တွေတွေကြီး စိုက်ကြည့်နေပါသည်။

"နင်သတ်လို့သေသွားရင်လည်း ခပ်ကောင်းကောင်း အဲဒီအခါကျရင် နင်လည်း ငါ့ကိုသတ်မှုနဲ့ထောင်ကျ၊ ပြီးရော အစိမ့်ပွာယ်မရှိတဲ့ ငါ့ဘဝကြီးလည်း မြန်မြန်အဆုံးသတ်သွား

"အဲလောက်မြန်မြန်သေချင်ရင်လည်း ကိုယ့်ဟာကိုယ် သတ်သေလိုက်ပါလား။ ဘာလို့ လူတကာကို လိုက်ဒုက္ခပေး ရတာလဲ"

"နင် ငါ့ကို ကွာရှင်းမပေးဘဲ ဒီအတိုင်းထားတာ ကော ဒါ ဒုက္ခမဟုတ်ဘူးလား။ အဲလိုပဲပေါ့။ တစ်ယော တစ်လှည့်လေ"

"ခင်ဗျား သတ္တိရှိရင် ကျုပ်ကို တိုက်ရိုက် တိုက်ခိုက် ရတယ်။ ဘာမှမဆိုင်တဲ့လူကို ရမ်းစရာမလိုဘူး"

"ကျွန်မက ရှင့်ကို ကြောက်ပါတယ်။ အရမ်း ကြောက်ပါတယ်။ ဒါကြောင့်လည်း ရှင့်ကို မလုပ်ရဲတော့ လူကို မဲရတယ်ဆိုတာ ဝန်ခံပါတယ်ရှင်"

မချိုမချဉ်မျက်နှာနှင့် ပြီတီတီပြောနေသော သင်း ၏မျက်နှာကို ဓားနဲ့အစိတ်စိတ်အမြွှာမြွှာ ပိုင်းပစ်လိုက်ချင်စိတ် များ စိတ်နိုင်မှာ တဖွားဖွားပေါ်လာရသည်။

"နင်က ကွာမပေးတော့ ငါက နင့်ရဲ့တရားဝင်မယား လေ။ ကုမ္ပဏီမှာ ဝန်ထမ်းပါ၊ အတွင်းရေးမှူးလေးပါဆိုပြီး ောင်မလေးချောချောလေးတွေ ခန့်ထားပြီးတော့ တီတီတာတာ ကြည်နူးကြ။ ဟင်း... ဟင်း... ဟင်း... ဒီတော့လည်း ားကြီးရဲ့ အစွမ်းအစကို ပြခဲ့ရတာပေါ့။ မများပါဘူး၊ သိပ် ားပါဘူး သူဌေးမင်းရယ်။ သင်းမြမြက အဲဒီမိန်းမကို ပါးလေး ချက်ရိုက်ပြီး ခြေထောက်လေးနဲ့ ကျောကုန်းကို တစ်ချက် ည်း ကန်ခဲ့တာပါ။ အဟဲ... ဟဲ..."

အလိုက်ကန်းဆိုးမသိစွာ ထပ်ပြောလိုက်သော သင်း စကားအဆုံးမှာ စဝ်နိုင်၏ ဒေါသတို့သည် ဂုန်းခနဲ ပေါက် သွားရပြီး သင်းမြမြကို ပခုံးမှကိုင်၍ ဆောင့်တွန်းလိုက်လေ ည်။ ယောကျ်ားအားနှင့်မို့ သင်းမြမြသည် သူ့ကိုယ်သူ ဘယ်လို မထိန်းနိုင်ဘဲ ကြမ်းပြင်ပေါ်တွင် လျှောခနဲပါသွားကာ အခန်း ောင့်ရှိ စားပွဲစွန်းနှင့် သွားဆောင့်မိမှ ရပ်သွားတော့သည်။

ဒုတ်ခနဲမြည်သံနှင့်အတူ သင်းမြမြ၏ နဖူးပေါ်မှ များ မျက်နှာပေါ်သို့ တဖြည်းဖြည်းစီးဆင်းလာသည့်အခါမှာ တော့ မနန်းခိုင်သည် သင်းမြမြအနား အပြေးရောက်သွားခဲ့သလို ကြီးတွေ၏ ရန်ပွဲကို ဘယ်အချိန်ကမှန်းမသိ စောင့်ကြည့် သော ကလေးနှစ်ယောက်ကလည်း သူ့အမေနား အပြေး ောက်သွားပါသည်။

သင်းမြမြသည် သူ့သွေးများကို ကြောက်လန့်တကြား ငြိကြည့်ရင်း နင့်ကို တရားစွဲမယ်၊ တရားစွဲမယ်၊ ထောင်ချ

www.burmeseclassic.com

www.burmeseclassic.com



မယ်နှင့် သွေးရူးသွေးတန်း အော်ဟစ်ငိုယိုတော့သည်။

စဝ်နိုင်သည် မြင်ကွင်းအားလုံးကို ကျောခိုင်းရင်း အိမ် ကြီးပေါ်မှ ဆင်းလာခဲ့လိုက်သည်။ ခင်ဗျားကို သေအောင် မလုပ်ဘူး သင်းမြမြ။ အသက်ရှင်နေလျက်နဲ့ ခင်ဗျား အကြိမ် ကြိမ် သေနေတာကို မြင်ချင်သေးတဲ့အတွက် ခင်ဗျားကို တစ် တည်း သေသွားအောင် ကျုပ်ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး ဟားဟား... ဟား... ခင်ဗျားပြောသလို တစ်ယောက်တစ်လှည့် ပေါ့။

၍

## အခန်း ၊ ၄၂ ၊

'စဝ်နိုင်... ငါပါးရိုက်ခဲ့တဲ့ကောင်မကို နင် မန္တလေး ... အိမ်တစ်လုံး ဝယ်ပေးလိုက်တယ်ဆို'

ထမင်းစားဖို့ ခုံမှာအထိုင် ဒေါသတကြီး ကျယ်လောင် ... ပြောလိုက်သော သင်းမြမြအသံကြောင့် စဝ်နိုင်က ဘာမှ ...ယ်လှုပ်ရှားရှား မဖြစ်သွားသော်လည်း ထမင်းခူးနေသော မလှိုင် ...မှာတော့ တုန်ခနဲနေအောင်ကို လန့်သွားရလေသည်။

'ဒီလောက်ပိုက်ဆံလေးကတော့ အသေးအဖွားပါ'

စဝ်နိုင်က မျက်လုံးတစ်ချက် လှန်မကြည့်ဘဲ ဂရုမစိုက် ...လို ပြောလိုက်တော့ သင်းမြမြ၏ ဒေါသက ငယ်ထိပ်ကို ...က်ဆောင့်တော့သည်။

'ဒါ... ဒါ... မယားငယ်ယူတဲ့ သဘောပေါ့။ ဟုတ် ...း... စဝ်နိုင်'

'ဟားဟား... ဟား... အိမ်ဝယ်ပေးတာနဲ့ မယားငယ် ...ူတာ အကွာရာချင်းတောင် မတူဘူး။ တခြားစီပဲ။ ဘာတွေ ...ပြောနေတာလဲ။ ထမင်းစားပျက်တော့မှာပဲ'

'နင် မလိမ်နဲ့... မလိမ်နဲ့။ ငါ့မိဘပိုက်ဆံတွေက နင်

www.burmeseclassic.com

www.burmeseclassic.com





အလေလိုက်ဖို့ ထားခဲ့တာ မဟုတ်ဘူး'

'လက်ထက်ပွားပါ။ အဲဒါလေးကို ထည့်ပြောပါ...
ဘဘနဲ့ မယ်မယ် ထားခဲ့တဲ့အရာမှန်သမျှ တစ်ခုမှ မယို...
အောင် ထိန်းသိမ်းထားတယ် သဘောပေါက်။ ကျုပ်လက်...
မှာ ကြိုးစားလို့ရတဲ့ ပိုက်ဆံကိုတော့ ဘယ်သူ့မဆို ပေးခွင့်ရှိ...
ပဲ။ ဒါလေးတောင် နားမလည်ဘူးလား။ ဉာဏ်သုံးစမ်းပါ'

သင်းမြမြ ပါးစပ်ပြန်မဟာနိုင်အောင် ပြောလိုက်...
စဝ်နိုင်စကားကြောင့် သင်းမြမြသည် တစ်ကိုယ်လုံး တုန်...
ရီရီဖြစ်သွားရကာ စဝ်နိုင်စားမည့် ထမင်းပန်းကန်ကို ...
လွှင့်ပစ်လိုက်လေသည်။ စဝ်နိုင်သည် အစိတ်စိတ်အမြွာမြွာ ...
ကျသွားသော ထမင်းပန်းကန်ကိုကြည့်ရင်း အနားမှာ ကြော...
ဒူးတုန်နေသော မလှိုင်ကို တစ်ချက်ပြုံးပြလိုက်သည်။

'မလှိုင်... ကျွန်တော်က ဒီကို တစ်ခါတလေမှ ...
နေကျဆိုတော့ ကျွန်တော်ဘာကြိုက်တတ်တယ်ဆိုတာ မလှိုင်...
မေ့မေ့သွားတယ် ထင်တယ်။ ကျွန်တော် မလှိုင်ကို ပြော...
အားနာနေတာ အခုတော့ အတော်ပဲ။ ဒီညတော့ ကျွန်တော်...
အပြင်မှာပဲ စားလိုက်တော့မယ်။ မနက်ဖြန်ကျမှ မလှိုင်နဲ့အတူ...
မီးဖိုထဲမှာ ကျွန်တော်စားချင်တာကို ကိုယ်တိုင်လာချက်...
မယ်။ ဟုတ်ပြီလား'

ပြောပြီးတာနဲ့ စဝ်နိုင်က သင်းမြမြကိုတောင် ...
ချက်လှည့်မကြည့်ဘဲ ထမင်းစားခန်းထဲမှ ခပ်ပြုံးပြုံးလေး ...
ထွက်သွားပါသည်။ နောက်ဘက်ဆီမှ ပန်းကန်များ ထပ်မံရိုက်...
ခွဲသံကို ဆက်တိုက်ကြားလိုက်ရသေးသော်လည်း ကျေနပ်စွာ...



...ချက်ပြုံးမိသည်။

'စဝ်နိုင်ဆိုတဲ့ကောင်က နာမိပြီဆိုရင် တစ်ဆုံးတစ်စပဲ
...င်းမြမြ။ ခင်ဗျားကို တစ်ကြိမ်သတ်ခွင့်ရတိုင်း နောက်တစ်
...ကြိမ်သတ်ဖို့ အခွင့်အရေးကို ထပ်တလဲလဲ ကျုပ်ရှာဖွေနေဦးမှာပဲ'

၉၄

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၄၃ ၊

'အဲဒီ မစံပယ်ဆိုတဲ့ မိန်းကလေးနဲ့ မောင်လေး အခုထိ အတွဲတွဲရှိနေသေးတယ်ဆို'

'တစ်ခါတစ်ရံပါ မနန်းခိုင်။ ကျွန်တော့်အတွက်နဲ့ မျက်နှာငယ် အရှက်ရခဲ့တဲ့ မိန်းကလေးက ကျွန်တော့်အပေါ် အနည်းအကျဉ်းတော့ စိတ်ချမ်းသာမှု ပေးနိုင်ပါတယ်'

'အင်း… ဒီလိုကိစ္စမျိုးမှာ မနန်းလည်း မစွက်ဖက်ချင်ပါဘူး။ သင်းမြမြကတော့ ဒါကိုပဲ မကျေမချမ်းဖြစ်ပြီး တပိန်ပိန် တလိန်လိန် ဖြစ်နေတော့တာပဲ'

'သူ မစံပယ်ကို ကိုယ်ထိလက်ရောက် စော်ကားသွားတုန်းက မစံပယ်လည်း တပိန်ပိန် တလိန်လိန် ဖြစ်ခဲ့ရတာပါပဲ မနန်းခိုင်။ ဆိုးတာက မစံပယ်က ဆင်းရဲတဲ့သူဆိုတော့ ပိုပြီး မျက်နှာငယ်ခဲ့ရတယ်'

'အချိန်တွေလည်း တဖြည်းဖြည်း ကုန်လာခဲ့ပြီ မဟုတ်လား မောင်လေးရယ်။ ကလေးတွေလည်း သိတတ်တဲ့ အရွယ်ရောက်ကုန်ပြီ။ အရင်တုန်းက မောင်လေးတို့ရဲ့ မွေးနေ့ပွဲတွေမှာ မောင်လေးမှန်တယ်ဆိုတာကို လက်ခံခဲ့ပြီး မနန်း ဘယ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ကမှ မပါခဲ့ပေမယ့် ခုချိန်မှာတော့ ကလေးတွေအပေါ် နည်းနည်း အလေးထားပြီး သင်းမြမြနဲ့ ထိပ်တိုက်တွေ့မယ့် ကိစ္စတွေကို ရှောင်စေချင်တယ်ကွယ်'

မနန်းခိုင် စကားတွေသည် စဝ်နိုင်အတွက် လက်ခံသင့် သည့် အကြောင်းအရာဖြစ်သော်လည်း စဝ်နိုင်ရင်ထဲက သင်း မြမြအပေါ်ထားသည့် 'အမုန်းမီး'က အရှိန်အဟုန်ပြင်းစွာ တောက် လောင်နေဆဲမို့ အချိန်တစ်ခုခုကို စိတ်ရှည်လက်ရှည် စောင့်ရ ဦးမည်လို့ စဝ်နိုင်ယူဆသည်။ ဒီကြားထဲမှာ သင်းမြမြက လောင် စာတွေ ထပ်မရှာပေးခဲ့ရင်တော့ သူ့အတွက် သက်သာမှာပေါ့ ကလေးတွေမျက်နှာနှင့် သက်သက်ညှာညှာလေး တွေးမိ သည်။

'ဒီနှစ်ဆို မောင်ရဲ့မြတ်လေးက ဆယ်တန်းရောက်ပြီ သစ်သစ်က ရှစ်တန်း။ သူတို့လေးတွေဟာ အရာရာကို ခံစား တတ်တဲ့အရွယ် ဖြစ်ကုန်ပြီ။ ဒီနှစ် နှစ်ယောက်လုံးရဲ့ စာမေးပွဲ တွေက အစိုးရစစ်တွေမို့ မနန်းလည်း ပိုဂရုစိုက်ရတယ်။ မောင်ရဲ့ က သူ့တာဝန်သူ ကျေကျေပွန်ပွန် လုပ်ပေမယ့် သစ်သစ်က အမေ့နားပဲ တစ်ချိန်လုံးကပ်ပြီး စာမကျက်ချင်လို့ မနန်းလည်း မနည်းပြောနေရတယ်။ သင်းမြမြဆိုတာက ကလေးတွေရဲ့ ရေး ရေးနောင်ရေး ဘာမှတွေးပူတတ်တာ မဟုတ်ဘူး။ တစ်ခုခုဆို မနန်းခေါင်းပဲ ရောက်မှာ'

'ကျွန်တော် နားလည်ပါတယ် မနန်းခိုင်ရယ်။ ကလေး တွေကိုတော့ ကျွန်တော် သံယောဇဉ်ရှိပါသေးတယ်။ မနန်းခိုင် ရှိနေလို့ ဒီကလေးနှစ်ယောက် ဒီအခြေအနေထိ ရောက်လာကြ တာပါ။ အဲဒီအတွက် မနန်းခိုင်ကို ကျေးဇူးလည်းတင်မိပါတယ်။ ဒါဆို တမလွန်ရောက်နေတဲ့ ဘဘနဲ့ မယ်မယ်က သူတို့သမီး ဘဘနဲ့ သူတို့မြေးတွေကို ဂရုမစိုက်ရကောင်းလား အပြစ်ဖွဲ့ စိုးရတယ်လေ'

စဝ်နိုင်က အတည်အတံ့စကားကို ပြောတာဖြစ်ပေမယ့် နန်းခိုင်စိတ်ထဲမှာတော့ စဝ်နိုင် ရွဲ့ပြီးပြောသည်လို့ ထင်ကောင်း ထင်ပေလိမ့်မည်။

'သင်းမြမြလည်း အရင်ကလောက် သိပ်မသောင်း ကျန်းတော့ပါဘူး။ သူ့သမီးနဲ့ တစ်ချိန်လုံးငြိမ်နေပါတယ်။ မနန်း လာလို့ရသလောက် သူလည်း မောင်လေးအပေါ်မှာ မုန်းခဲ့ တယ်ဆိုပေမယ့် သံယောဇဉ်တော့ ရှိရှာမှာပါကွယ်။ တစ်ခါ တလေ သူစိတ်ကောင်းဝင်တဲ့အချိန်တွေမှာ မောင်လေးအကြောင်း မေးပြီး မနန်းကို ဖက်ဖက်ငိုတတ်တယ်။ စဝ်နိုင်က သင်းမြမြ ကို ဘာလို့ အမြဲမုန်းနေရတာလဲတဲ့'

'တော်ပါတော့ မနန်းခိုင်။ ကျွန်တော် သူ့အကြောင်း မပြောချင်ဘူး။ ကျွန်တော် သိထားတာက သင်းမြမြဆိုတဲ့ မိန်းမဟာ ကျွန်တော့်ကို အကြိမ်ပေါင်းများစွာ မနာလိုဖြစ်ခဲ့တယ်။ အကြိမ်ပေါင်းများစွာ နှိမ့်ချဆက်ဆံခဲ့တယ်။ ဒါ့အပြင် ကျွန်တော့် ကိုယ်ကျင့်သိက္ခာကို အကြိမ်ပေါင်းများစွာ စော်ကားခဲ့သလို ကျွန်တော့်ရဲ့ ဘဝကိုလည်း အကြိမ်ပေါင်းများစွာ နာကြည်းအောင် လုပ်တတ်ခဲ့တယ်။

ဒီမှာ မနန်းခိုင်... သူနဲ့စတွေ့ကတည်းက ကျွန်တော် ကို အရှုံးမပေးခဲ့သလို အနိုင်လည်း မယူခဲ့ပါဘူး။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာတော့ အဲဒီစိတ်တွေကို ပြောင်းလဲသွားအောင် သူပဲ ပေးခဲ့တာ။ ကျွန်တော့်ဦးနှောက်ထဲမှာရော၊ နှလုံးသားထဲမှာ မရတော့ဘူး မနန်းခိုင်။ သူ့အပေါ် အကြိမ်ပေါင်းများစွာ အ ရအောင် ကိုယ့်ဘဝနဲ့ပဲ ရင်းရရင်းရ ကျွန်တော် မသေမချ သူ မသေမချင်း ကျွန်တော်ကြိုးစားသွားဦးမှာပဲ။ ဒီကြားထဲ တစ်ယောက်ယောက်က သေသွားခဲ့ရင်တော့ အားလုံးဟာ အ သတ်သွားပြီပေါ့။ အဲဒီအချိန်ကိုပဲ မနန်းခိုင် သည်းညည်း စောင့်ပါတော့'

တစ်ခါတစ်ရံ နာကြည်းမှုကို အရင်းတည်ပြီး ကြီး လာသော 'အမုန်းစိတ်'တို့သည် ချက်ချင်းဖျောက်ဖျက် မလွယ်ကူသလို သေသည့်အထိလည်း ပါသွားနိုင်သည်ဆိုတာ မနန်းခိုင် နားလည်နိုင်လိမ့်မည် မဟုတ်ပါ။

## အခန်း ၊ ၄၄ ၊

စဝ်နိုင်နှင့် မစံပယ်ရှေ့ရှိ ထမင်းစားပွဲပေါ်မှ အအေး ဖန်ခွက်နှစ်ခွက်ကို သင်းမြမြက လက်နှစ်ဖက်ဖြင့် ကောက် ပေါက်ခွဲလိုက်သည့်အချိန်မှာတော့ စဝ်နိုင်နှင့် မစံပယ်သည် ထိတ်လန့်သွားရမည့်အစား နှစ်ယောက်သား တိုင်ပင်ထား သည့်သယောင် သင်းမြမြကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက် ကြသည်။

ဆံပင်တွေ ဖရိုဖရဲနှင့် သင်းမြမြပုံစံက စဝ်နိုင်ကို နေကုန် လိုက်ချောင်းခဲ့ရသဖြင့် နွမ်းဖတ်သိုးရော်နေကာ အဝတ်အစားကလည်း သူမ၏ မျက်နှာလိုပင် မတောက်မပြောင် ဖြစ်နေပါသည်။

'အရှက်မရှိတဲ့ ကောင်မ... သူများလင်ကို ကြောင် တောင်နှိုက်မလို့ပေါ့လေ။ ဒီတစ်ခါတော့ နင့်ကို ပါးမရိုက်တော့ ဘူး။ တစ်ခါတည်းပဲ အသေသတ်မယ်'

သင်းမြမြက အာခေါင်ခြစ်ပြီး ကြိမ်းဝါးလိုက်စဉ် ...င် အခန်းထဲသို့ စားသောက်ဆိုင်မှ ဝန်ထမ်းများက အပြေးဝင် လာကြကာ နှစ်ဖက်ကြားထဲ ဝင်ရပ်လိုက်ကြသည်။ စဝ်နိုင်၏

www.burmeseclassic.com

www.burmeseclassic.com



အရှိန်အဝါကိုလည်း သိရှိသူများဖြစ်သည်မို့ မည်သူ့ကို ဆွဲရမည် စဉ်းစားနေကြကာ အခြေအနေကို ကြည့်နေကြသည်။ ထိုစဉ် ပင် အေးဆေးသော မစံပယ်သည် စကားတစ်ခွန်းကို တည်တည် ငြိမ်ငြိမ် ဝင်ပြောလိုက်ပါသည်။

'ဒီအမျိုးသမီးကြည့်ရတာ ရူးနေသလား မသိပါဘူး သူ့ကိုနည်းနည်းထိန်းထားလိုက်ကြပါရှင်။ ကျွန်မတို့ သူ့ကို မ ဘူး။ ကိုကို သူ့ကို သိလားဟင်'

သင်းမြမြသည် မစံပယ်စကားကြောင့် လှုပ်ရှားမှု ရပ်တန့်သွားကာ တကယ့်အရူးတစ်ယောက်လိုပင် စဝ်နိုင်မျက် ကို ပြူးကြောင်ကြောင်မျက်လုံးများဖြင့် လှည့်ကြည့်လေသည် ဝန်ထမ်းများက မစံပယ်၏ အမိန့်ရပြီမို့ သင်းမြမြ၏ လ မောင်းနှစ်ဖက်အား တစ်ဖက်တစ်ချက် ဖမ်းကိုင်လိုက်သည် တောင် သတိမထားမိဘဲ စဝ်နိုင် ဘယ်လိုတုံ့ပြန်မလဲဆိုတာ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။ စဝ်နိုင်သည် သင်း မြကို ခပ်ရူးရူးတစ်ချက်စိုက်ကြည့်ရင်း မစံပယ်အား အသ အယာပင် ခေါင်းခါပြလိုက်ပါသည်။

အဲဒီနောက်တော့ သင်းမြမြ၏ ရူးရူးဝါးဝါး အော်ဟ ငိုလိုက်သော အသံကြီးက စားသောက်ဆိုင်တစ်ခုလုံးကို လွှမ်း သွားရလေသည်။

ဖြ

၊ ၄၅ ၊

'သမီး ဖေဖေ့ကို မတွေ့ချင်ဘူး ကြီးကြီးနန်းရယ်။ တွေ့ပါရစေနဲ့။ မေမေကလည်း သေသေချာချာ မှာသွားတယ်။ ကို သမီး စကားမပြောချင်ဘူး။ မေမေသေတာ ဖေဖေ့ ကြောင့် သိလား ကြီးကြီးနန်း။ ဖေဖေ့ကို သစ်သစ်မုန်းတယ်။ မုန်းတယ်။ မတွေ့ချင်ဘူး။ အဟီး... ဟီး...'

ဒီနေ့ သင်းမြမြ၏ အသုဘ မြေကျသောနေ့ ဖြစ်ပါ ။ သင်းမြမြဆုံးပြီလို့ သိရသည့်နေ့က စဝ်နိုင် ပခုံးတစ် သော တွန့်မိပြီး စောစောစီးစီး ပြီးသွားသော ပွဲတစ်ပွဲအတွက် ပ်ချင်ဘဲ ကျေနပ်လိုက်ရပါသည်။ သင်းမြမြ၏ အသုဘ စဝ်နိုင် ခရီးလွန်နေသည်ဆိုသော အကြောင်းပြချက်ဖြင့် ရောက်ခဲ့ပါ။ မြို့ခံလူတွေ အားလုံးကတော့ စဝ်နိုင်ကို က်သည့် လူတစ်ယောက်လို့ သတ်မှတ်ကြပြီး အဖြစ် တို့ကို အနည်းအကျဉ်းရိပ်မိကြသည့် လူတချို့ကတော့ ာက်လုံး ဝင်္ကကျွတ်ကြပြီလို့ သတ်မှတ်လိုက်ကြသည်။

သင်းမြမြသည် ဦးနှောက်သွေးကြောပြတ်ကာ ကွယ်လွန် သော်လည်း ကျန်ရစ်ခဲ့သော သမီးငယ်လေး၏ ဦးနှောက်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းကိုတော့ အဖေအပေါ်ကို အမုန်းပွားစေမည့် 'အမုန်း များကို ပိပိရိရိလေး ထည့်သွင်းပေးသွားခဲ့ပါသည်။ ဒီတင် တော့ သင်းမြမြ သာသွားသည်ပဲလို့ စဝ်နိုင် အမှတ်တ ပေးလိုက်သည်။ ယခု သင်းမင်းသစ်က စဝ်နိုင်နှင့် တွေ့ အကြောက်အကန်ငြင်းနေသည့်အတွက် စဝ်နိုင် အထူးတ တော့လည်း ဝမ်းမနည်းမိပါ။ သူတို့လေးတွေနှင့်ပတ်သ လုပ်ပေးရမည့် ဝတ္တရားများ ကျန်ရှိနေသေး သောကြောင့် စဝ်နိုင် ကလေးတွေနှင့် လာရောက်တွေ့ဆုံခြင်း ဖြစ်ပါသ

ငယ်သေးတာကတစ်ကြောင်း၊ သူ့အမေ ဆုံးပြီး စိတ်ထိခိုက်နေတာကတစ်ကြောင်းတို့ကြောင့် လောလော သင်းမင်းသစ်နှင့် တွေ့ဆုံဖို့ မဖြစ်နိုင်သေးမှန်း စဝ်နိုင် နား ပေးလိုက်ကာ အိမ်ပေါ်မှ အေးအေးဆေးဆေး ပြန်ဆင်းလာ လှေကားရင်းတွင် မောင်ရဲမြတ်နှင့် စဝ်နိုင် မျက်နှာချင်း ဆုံမိကြပါသည်။ မောင်ရဲမြတ်သည် ဆယ်တန်းကျောင်းသာ တောင် ဖြစ်နေပြီမို့ အရပ်က တော်တော်ရှည်လာကာ သွယ်သွယ် လူပျိုပေါက်ကလေးတစ်ယောက်တောင် ဖြစ် ဖြစ်သည်။ မောင်ရဲမြတ်မျက်နှာသည် မိခင်အတွက် မကောင်းဖြစ်ကာ ညှိုးနွမ်းနေသော်လည်း စဝ်နိုင်ကို ကြည့် သည့် မျက်ဝန်းများမှာ မုန်းတီးနာကြည်းနေသည့် အရိပ်အ များကို မတွေ့ရှိရပါ။

စဝ်နိုင်သည် မောင်ရဲမြတ်၏ ပခုံးကိုဖက်ရင်း တွေ့ ထဲသို့ ဝင်လာလိုက်ကာ ဆိုဖာတစ်ခုပေါ်တွင် အတူတူထိုင် ကြသည်။ မောင်ရဲမြတ်သည် သူ့လက်ဖဝါးလေးနှစ်ခုကို ခေါင်းလေးငုံ့နေပါသည်။ စဝ်နိုင်က မောင်ရဲမြတ်ခေါင်းလေး ညင်ညင်သာသာ ပွတ်သပ်ပေးရင်း-

'သား ဆယ်တန်းကို ဘာသာစုံဂုဏ်ထူးနဲ့ အောင်တယ် မုန်းခိုင်က ပြောတယ်။ သား ဆရာဝန်လုပ်မှာမဟုတ်လား'

'သား ဆေးတက္ကသိုလ်ပဲ တက်မှာပါ။ မေမေကလည်း ွားတယ်။ ဆရာဝန်ဖြစ်အောင်လုပ်တဲ့'

'အင်း... သား ဖေဖေနဲ့အတူ မန္တလေးမှာ ကျောင်း တက်ပေါ့။ သား ညီမလေးကတော့ လောလောဆယ် စိတ် ိုက်နေပုံရတယ်။ သားပဲ ဂရုစိုက်ရမှာပဲ'

'သူက ကိုးတန်းတက်မှာဆိုတော့ ဒီမှာပဲ နေခဲ့ရဦးမှာ နော်'

'သူ့သဘောလေ။ မန္တလေးပြောင်းချင်တယ်ဆိုလည်း ောင်းပေါ့။ အခုတော့ ဖေဖေ့ကို သူ့အတွေ့မခံဘူး။ သားပဲ ပြီး ဆွေးနွေးကြည့်ပါ။ ပြီးတော့ ဖေဖေ့ကို ပြန်ပြောပေါ့'

'ဖေဖေ...'

'ပြော... သား'

'အခု မေမေ မရှိတော့ဘူးနော်'

'သား ဝမ်းနည်းနေလား'

'မေမေမရှိတော့တဲ့အချိန်မှာ သားတို့မောင်နှမတွေ ရဲ့ အရိပ်အောက်မှာပဲ အမြဲအတူတူနေချင်ပါတယ် ဖေဖေ'

တောင်းဆိုလိုက်သော မောင်ရဲမြတ်၏ စကားကြောင့် နိုင်ရင်ထဲ အေးခနဲ တစ်ချက်ဖြစ်သွားရသည်။ သူတို့လေး လိုချင်သော မေတ္တာအရိပ်အာဝါသကို ဘာကြောင့်များ

www.burmeseclassic.com

www.burmeseclassic.com



စဝ်နိုင် ပြည့်ဝစွာ မပေးနိုင်ရပါသလဲ။ သူတို့လေးတွေပဲ သလား၊ စဝ်နိုင်ပဲ ကံဆိုးသလား စိတ်ထဲတွင် အဖြေမ ဖြစ်နေခဲ့ရပါသည်။

## အခန်း ၊ ၄၆ ၊

'သစ်သစ်ကို ဘယ်လိုမှ အစာကျွေးလို့မရတာ တစ်လ ောင်ပြည့်တော့မယ် မောင်လေး။ ဒီအတိုင်းသာ ဆက်သွားရင် တော့ သေမှာပဲ။ ဆရာဝန်တွေ ဆေးထိုးဆေးသွင်းပေးထားလို့ သာ အခုချိန်ထိ ဘာမှမဖြစ်သေးတာ။ ကယ်ပါဦး မောင်လေး ရယ်။ ဒီကလေးနှစ်ယောက်ဟာ မနန်း ဝမ်းနဲ့မလွယ်ခဲ့ရတာက ွဲလို့ မွေးကတည်းက ခုချိန်ထိ မနန်းလက်ပေါ်မှာပဲ ကြီးခဲ့ရ တာပါ။ သူတို့တွေ တစ်ခုခုသာဆိုရင် မနန်းလည်း သေမှာပဲ ဟင့်... ဟင့်... ဟီး...'

ရှိုက်ကြီးတငင် ငိုကြွေးရင်း ပြောဆိုနေသော မနန်း မျက်နှာကိုကြည့်ပြီး စဝ်နိုင် ခေါင်းထဲ တော်တော့်ကို ရှုပ်ထွေး သွားရလေသည်။ ဘေးနားမှာ ငြိမ်သက်စွာထိုင်နေသော မောင်ရဲ မြတ်မျက်နှာကလည်း စိတ်ဆင်းရဲမှုတွေက အထင်းသား။ ဟင်း...။ သက်ပြင်းတစ်ချက်ကိုသာ စဝ်နိုင် ခပ်ပြင်းပြင်းချမိ သည်။ သင်းမင်းသစ်... သင်းမင်းသစ်... သူ့အမေကိုယ်တိုင် စိတ်တိုင်းကျ မှည့်ခေါ်ခဲ့သော နာမည်နှင့် ကလေးမလေး အဖေ၊ အမေနာမည်ကို ယူထားသလို အဖေနှင့် အမေဆီက မကောင်း

www.burmeseclassic.com

www.burmeseclassic.com



သော အကျင့်ဆိုးများ ဒီကလေးမလေး၏ အသိစိတ်တွေထဲတွင် ကိုယ်အတိုင်းအတာလောက်ထိ ကူးစက်လွှမ်းမိုးနေပြီလဲ။ ဒီ အသက်အရွယ်လေးမှာ ဒီလောက်ထိ စိတ်ဓာတ်မာကျောပြီး ခေါင်းမာဖို့ မကောင်းသေးလို့ စဝ်နိုင်ယူဆမိသည်။

စဝ်နိုင်သည် မောင်ရဲမြတ်ဘက်ကို လှည့်ကြည့်လိုက်ပြီး-

'သား... ဖေဖေ့ကို စာရွက်တစ်ရွက်နဲ့ ဘောပင်တစ်ချောင်း သွားယူပေးပါ'

မောင်ရဲမြတ်က အနားမှ ခပ်မြန်မြန်ထသွားတော့ မနန်းခိုင်က ငိုနေတာကို အရှိန်လျှော့ပြီး မျက်ရည်တွေကို သုတ်သည်။ မနန်းခိုင်သည် နှစ်အနည်းငယ်အတွင်း အတော်အိုရသွားသည်ကို စဝ်နိုင် သတိပြုမိသည်။ ဒီမိသားစုအတွင်းမှ ကိုယ်လွတ်ရုန်းထွက်နိုင်သည့် အချိန်တွေ မြောက်မြားစွာရှိခဲ့ပါသော်လည်း တွယ်မိသော သံယောဇဉ် အရာရာကို အနစ်နာခံကာ ပေးဆပ်ခြင်းသက်သက်ဖြင့် ရှင်သန်နေထိုင်နေသော မနန်းခိုင်ကို သနားမိရုံမှတစ်ပါး စဝ်နိုင်လည်း တခြား ဘာမှမတတ်နိုင်ပါ။

*မောင်ရဲမြတ်သည် အချိန်ခဏလေးအတွင်း စာရွက်*တစ်ရွက်နဲ့ဘောပင်တစ်ချောင်းကို စဝ်နိုင်လက်ထဲ အမြန်ဆုံးလာထည့်ပါသည်။ စဝ်နိုင်သည် ဘောပင်လေးကို ဖွင့်လိုက်ပိတ်လိုက် ခဏလုပ်ပြီး တစ်စုံတစ်ရာကို ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ကာ စာရွက်ပေါ်တွင် စာကြောင်းများကို ရေးချပါတော့သည်။ မနန်းခိုင်နှင့် မောင်ရဲမြတ်သည် စဝ်နိုင် ဘာတွေရေးနေသလဲဆိုတာကို သိချင်ဇောဖြင့် လည်ပင်းကလေးတွေရှည်ကာ စိုးကြည့်နေကြသည်။

စဝ်နိုင်က စာကို ရေးပြီးသွားသည့်အချိန်မှာတော့ ပြန်ဖတ်ခြင်မဖတ်ဘဲ စာရွက်လေးကို ခေါက်ကာ မောင်ရဲမြတ်ကို လှမ်းကြည့်သည်။ မောင်ရဲမြတ်က အလိုက်သိစွာ အနားကို ရောက်လာတော့ မောင်ရဲမြတ်လက်ထဲ စာရွက်ခေါက်ကို လှမ်းထည့်ရင်း-

'သား... ဒီစာကို သားညီမလေးကို ပေးပါ။ အကယ်၍ သူကိုယ်တိုင် မဖတ်နိုင်ခဲ့ရင် သားကိုယ်တိုင် ဖတ်ပြပါ။ ... မနန်းခိုင် ကျွန်တော်သွားမယ်။ သင်းမင်းသစ် သိပ်မကြာခင်မှာ နေပြန်ကောင်းလာမှာပါ။ ဒီဆေးကတော့ သူ့အတွက် အကောင်းဆုံးဆေးလို့ ကျွန်တော်ယုံကြည်မိတာပဲ။ ကဲ... သား ဖေသွားပြီ။ နောက်တစ်ခေါက်မှ တွေ့ကြတာပေါ့'

စဝ်နိုင်က အားလုံးကို နှုတ်ဆက်ကာ အိမ်ကြီးထဲမှ ထွက်လာလိုက်သည်။ ကားပေါ်မှာ ကားမောင်းရင်း သင်းမင်းသစ်၏ ခေါင်းမာပုံလေးကို စဉ်းစားကာ သင်းမင်းသစ်၏ 'ဇွဲ'ကို သဘောကျလာမိသည်။ 'လူတစ်ယောက်ကို တိုက်ခိုက်ဖို့အတွက် အကောင်းဆုံး *ကိုယ့်မှာ လုံလောက်တဲ့ အင်အားတစ်ခု ရှိနေဖို့* လိုအပ်တယ်'ဆိုတာကို တစ်ချိန်ချိန်မှာတော့ သင်းမင်းသစ်တို့လို သိလာပါလိမ့်မယ်။

၆၄

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၄၇ ၊

'မနန်းခိုင်တို့ နေရတာ အဆင်ပြေတယ် မဟုတ်လား။ ကျွန်တော်လည်း ရန်ကုန်က ပြန်ရောက်ကတည်းက လာမလို့ ပါပဲ။ သင်းမင်းသစ် ကျောင်းမဖွင့်သေးဘူးဆိုတာနဲ့ ခုမှလာခဲ့ ရတာ'

'မနန်းတို့က အစစအရာရာ အားလုံးပြေလည်ပါတယ်။ နေစရာ အိမ်၊ စီးစရာ ကား၊ သုံးစွဲစရာ ပိုက်ဆံ အားလုံးအဆင် ဆင့်။ ဘဝမှာ တရားလေး မမှတ်နိုင်တာတစ်ခုပဲ မပြေလည်တာ ရှိတယ်'

'ဒါကတော့ မနန်းခိုင်က ကိုယ့်ဟာကိုယ် ခက်ခဲနေ တာကိုး။ အမိကက စိတ်ပါပဲ မနန်းခိုင်ရာ။ အပူတွေကို လျှော့ စမ်းပါ။ ကလေးတွေလည်း ကြီးနေကြပြီပဲ'

'အေး··· အဲဒါပဲ ခက်နေတာ မောင်လေးရေ။ ကလေး တွေ ငယ်တုန်းကလည်း ငယ်တုန်းမို့ တစ်ချိန်လုံး အရိပ်တကြည့် ကြည့်နေခဲ့ရတယ်။ ဟော··· အခု ကြီးလာတော့လည်း ကြီး တာလို့ မဟုတ်တာရုတ်ဖြစ်မှာကို စိတ်ပူရတယ်။ ဘယ်တော့ပြီး အပူတွေက လျှော့နိုင်မှာတဲ့တုန်း'

www.burmeseclassic.com

www.burmeseclassic.com



စဝ်နိုင်က မနန်းခိုင်စကားကို သဘောကျစွာပင် ရယ်လိုက်မိသည်။ ပြတင်းပေါက်အပြင်ဘက်မှ မန္တလေးမြို့၏ အလှ ငွေ့က အခိုးအငွေ့အဖြစ် မြင်နေရသည်။ အိမ်ထဲမှာ အဲယားကွန်းဖြင့် အအေးဓာတ်တွေပေးထားသောကြောင့် စဝ်နိုင်အတွက် အပြင်ပတ်ဝန်းကျင်နှင့် ဆန့်ကျင်စွာ လူတစ်ကိုယ်လုံး အေးမြစေသော်လည်း အပူကို တကူးတက လိုက်ရှာနေသော မနန်းခိုင် အတွက်ကတော့ အအေးထဲမှာ ဘယ်လောက်ပဲနေနေ အပူကိုပဲ ရမှာပေါ့လို့ စဝ်နိုင် တွေးကြည့်မိသည်။

'မေတ္တာရတနာခြံကြီးကိုတော့ နှမြောတယ်။ ဒါပေမယ့်လည်း ကိုရဲကော သစ်သစ်က ဒီခြံကြီးကို သိပ်သံယောဇဉ် ရှိမနေတာကဘဲ တော်ပါသေးတယ်လေ'

'သူတို့လေးတွေကြည့်ရတာ အခု ဒီအိမ်ကိုတော် ပိုကြိုက်နေသလိုပဲ။ မနန်းလည်း သဘောကျပါတယ်။ စိတ်သစ် လူသစ်သဘောမျိုးတော့ ဖြစ်သွားတာပေါ့'

'အိမ်ရောင်းလို့ရတဲ့ငွေတွေကို ဘဏ်မှာ သူတို့နှစ် ယောက်နာမည်နဲ့ တစ်ဝက်ထည့်ထားပေးလိုက်တယ်။ ကျန်တဲ့ တစ်ဝက်ကိုတော့ ကျွန်တော့်စီးပွားရေးထဲမှာ သူတို့တစ်ယောက်စီ နာမည်နဲ့ အချိုးကျ ထည့်ထားပေးတယ်။ အကုန်လုံး ဘဏ်မှာ ထည့်ထားရင်လည်း ဘဏ်တိုးက သိပ်ရတာမဟုတ်တော့ ကျွန် တော့်စီးပွားရေးထဲ ထည့်ပေးထားခြင်းအားဖြင့် နောင်တစ်ချိန်မှာ သူတို့လေးတွေအတွက် မနစ်နာနိုင်ဘူးလို့ ကျွန်တော်ယူဆတယ်။ ဒီတော့ ကျွန်တော့်ဆီက ရတဲ့အမြတ်ဟာ တစ်လတစ်ခါ သူတို့ စာရင်းထဲဝင်သွားပြီး ကြိုက်တဲ့အချိန် သူတို့ထုတ်ယူရုံပါပဲ'



'အင်း... အဲဒီကိစ္စတွေကတော့ မောင်လေးပဲ ကောင်း သလိုစီမံပါတော့ကွယ်။ မနန်းလည်း နားမလည်ပါဘူး။ သင်း မြမြ ကျန်ခဲ့တဲ့ လက်ဝတ်လက်စားနဲ့ ပိုက်ဆံနည်းနည်းကိုတော့ သစ်သစ်နာမည်နဲ့ပဲ ဘဏ်မှာအပ်ထားလိုက်တယ်'

'ကောင်းပါတယ်။ ခြံထဲက အလုပ်သမားတွေကိုတော့ မီးကုတ်မှာပဲ ကျွန်တော် အဆင်ပြေအောင် စီစဉ်ပေးခဲ့တယ်။ သူတို့ကြိုက်တဲ့ စီးပွားရေးလုပ်ဖို့လည်း အရင်းအနှီးထောင်ပေး ခဲ့တယ်။ မလှိုင်တို့လင်မယားကိုတော့ မနန်းပဲ ခေါ်ထားပါ။ အခြား သူစိမ်းထက်စာရင် သူတို့နှစ်ယောက်က မနန်းအတွက် ပိုအားကိုးရလိမ့်မယ်'

'အေးပါ... မောင်လေးရယ်။ အဲဒါပဲ ကောင်းပါ တယ်။ အေးတင်တို့လင်မယားတောင် လာနေချင်တယ်ဆိုလို့ မနန်းလည်း ခေါ်မလားလို့ စဉ်းစားနေပါတယ်။ ဩော်... မောင် လေး... မနန်း တစ်ခုမေးချင်လို့။ မနန်းကို စိတ်မဆိုးနဲ့ဦးနော်'

မနန်းခိုင်မျက်နှာက အပြုံးရိပ် အနည်းငယ် သန်းနေ သောမို့ စဝ်နိုင်က မျက်မှောင်ကုတ်ရင်း မေးလိုက်သည်။

'ဘာလဲ... မနန်းခိုင်'

'ဩော်... ဟို... မစံပယ်လေ... မစံပယ်နဲ့မောင် လေး အဆက်အသွယ်ရှိသေးလားလို့ပါ'

'အဟင်း... အပျိုကြီးက ဒါတွေလည်း စိတ်ဝင်စား သား'

စဝ်နိုင်က နောက်လိုက်သောကြောင့် မနန်းခိုင်မျက်နှာ တစ်ပြင်လုံး နီရဲသွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သင်းမြမြ ကိစ္စပြတ်သွားကတည်းက ကျွန်တော်နဲ့ မစံပယ် အဆက်အသွယ်မရှိတော့တာ ဒီနေ့ထိပဲ။ ကျွန်တော်နဲ့ မစံပယ်ဆက်ဆံရေးက လူတွေထင်သလို မဟုတ်ပါဘူး။ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် နားလည်မှုနဲ့ ရင်းနှီးခဲ့ကြတာပါ။ ကျွန်တော် ဘယ်အချိန်ပဲ မစံပယ်ဆီ ပြန်သွားသွား မစံပယ် ကျွန်တော့်အတွက် အမြဲတံခါးဖွင့်ထားမှာဖြစ်ပေမယ့် ကျွန်တော်ရှိတဲ့ နေရာကိုတော့ ဘယ်တော့မှ မစံပယ်က ကျွန်တော့်ခွင့်ပြုချက်မရဘဲ တံခါးခေါက်ပြီး ရောက်လာမှာ မဟုတ်ပါဘူး'

ရှင်းရှင်းလင်းလင်းပြောပြလိုက်သော စဝ်နိုင်စကားကြောင့် မနန်းခိုင်မျက်နှာက အနည်းငယ်ကျေနပ်သွားသယောင် ရှိသွားပါသည်။ မနန်းခိုင်၏ ပူပန်မှုသည် စဝ်နိုင်အပေါ် ဖြူစင်ရိုးသားစွာ ပူပန်မိခြင်းဆိုတာကို စဝ်နိုင် နားလည်ပါသည်။

'ကျွန်တော် လုပ်ငန်းအသစ်တစ်ခုလုပ်ဖို့ ကြိုးစားနေတယ် မနန်းခိုင်။ အရောင်းအဝယ်လုပ်ငန်းအစား ဘဏ်တစ်ခု ဖွင့်နိုင်အောင် ကျွန်တော် စီစဉ်နေတယ်။ အဲဒီလုပ်ငန်းက ကျောက်အရောင်းအဝယ်လောက် အမြတ်အစွန်း တနင့်ကြီးမရပေမယ့်လည်း ဣန္ဒြေရရ အေးအေးဆေးဆေးလုပ်လို့ရတယ်။ ပြီးတော့ ရေရှည်တည်တံ့နိုင်မယ့် အလုပ်တစ်ခုလည်းဖြစ်လို့ ကျွန်တော် ဖြစ်အောင် ကြိုးစားနေတယ်။ မိုးကုတ်က ကျောက်တွင်းတွေ ကျွန်တော် ပြန်ရောင်းဖို့ ဆိုင်ထားပြီးပြီ မနန်း။ ဒီအတွက် မနန်း အပါအဝင် ကလေးနှစ်ယောက်ကို ကျွန်တော်ခွဲပေးမှာပါ'

'မလိုပါဘူး မောင်လေးရယ်။ အမွေဆိုတာ စားထိုက်



မှ စားရတာပါ။ မောင်လေးနဲ့ထိုက်လို့ ရခဲ့တဲ့အမွေတွေ င်လေးကြိုက်သလို အသုံးပြုခွင့်ရှိပါတယ်။ မနန်းအတွက်က းတွေနဲ့ တစ်လတစ်လသုံးဖို့ ပုံမှန်ဝင်ငွေလေးရနေရင်ပဲ င်ပြေနေပါပြီ'

စဝ်နိုင်သည် လက်ကျန်အအေးခွက်ကို ကောက်မော့ရင်း ထိုင်နေရာမှထရပ်လိုက်သည်။ သင်းမင်းသစ် ကျောင်းနေသည့်အချိန် ရွေးလာတာမို့ သူမပြန်လာခင် စဝ်နိုင် ပြန်သည်။ သူမက စဝ်နိုင်အပေါ် မကြည်လင်သေးသော်လည်း င်ကတော့ ငယ်စဉ်ကတည်းက မျက်စိအောက်တွင် လူဖြစ်ခဲ့သော ကလေးတွေမို့ သူတို့စိတ်ချမ်းသာမည့် ကိစ္စမှန်သမျှကို ပြည့်ဆည်းပေးချင်ပါသည်။

'ကဲ… ကျွန်တော်ပြန်မယ် မနန်းခိုင်။ မနက်ဖြန် လေးနှစ်ယောက် ကားမောင်းသင်ဖို့ကိစ္စအတွက် ကျွန်တော် တစ်ယောက် လွှတ်ပေးလိုက်မယ်။ အရေးကိစ္စရှိရင် ကျွန် တို့ တိုက်ရိုက်ဖုန်းသာ နှိပ်လိုက်တော့'

မနန်းခိုင်ကို နှုတ်ဆက်ပြီး အိမ်ထဲကအထွက်မှာ အပြင် လေပူပူက လူကို မပြောမဆိုနှင့် လာဟပ်တော့သည်။ ကား ထဲအဝင် အေးသော အဲယားကွန်းနှင့် အတွေ့မှာတော့ လေပူ က အလုအယက်ထွက်ပြေးကုန်ကြပြန်သည်။ သဘာဝ၏ မှုကို တိုးတက်သော နည်းပညာက လွယ်လွယ်ကူကူ လှန်နိုင်ခြင်းသည် စဝ်နိုင်အတွက်တော့ အတုယူစရာ ကေတစ်ခု ဖြစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'လူဆိုတာ တစ်နေ့သေကြမှာပဲသား။ စောစောသေ ဲ့ နောက်ကျပြီးသေတာ ဒီနှစ်ခုပဲရှိတယ်။ ဒါကို လူတွေ လုံးသိသလို လက်လည်း ခံနိုင်ရမယ်။ အခု သားတို့ကြီးကြီး လည်း မရှိတော့ဘူး။ သားမှာလည်း နောက်ဆုံးနှစ် စာမေး ဖြေရဦးမယ်။ ဖေဖေကလည်း ရန်ကုန်မှာ အခြေကျနေပြီ တော့ မန္တလေးကို ခဏခဏ သွားလိုက်ပြန်လိုက် လုပ်နိုင်မှာ တ်တော့ဘူး။ ဒီတော့ သားတို့မောင်နှမနှစ်ယောက် ရန်ကုန် ပြောင်ဆင်ပါ'

စဝ်နိုင်က မျက်နှာချင်းဆိုင်မှာရပ်နေသော မောင်ရဲ ၏မျက်နှာကို စေ့စေ့ကြည့်ရင်းပင် ပြောလိုက်ပါသည်။ မောင် တ်သည် အရင်ကလို ပိန်ရှည်ရှည်မဟုတ်တော့ဘဲ အရပ်မြင့် ထောင်ထောင်မောင်းမောင်းကိုယ်ခန္ဓာနှင့် ရည်မွန်ချောမော ာ ယောကျ်ားကောင်းတစ်ယောက်၏ ပုံသဏ္ဌာန် ပေါ်လွင်လာ ဖြစ်သည်။ မျက်နှာပေါ်တွင်ရှိနေသော မျက်မှန်ကြောင့် ပိုနို ကျက်သော အသွင်ကိုလည်း ဆောင်နေပါသည်။

'ဖေဖေပြောတာကို သားလက်ခံပါတယ်။ သားကိုယ်၌

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဖေဖေနဲ့အတူ တစ်မြို့ဝာစ်ရွာတည်း ပိုနေချင်ပါ
ခက်တာက...'

'သင်းမင်းသစ်ကို သား လှည့်ပတ်ပြောရင် ရပါ
ဖေဖေ့အနေနဲ့ကလည်း ရန်ကုန်တစ်မြို့တည်းမှာ အတူ
တော့ အရေးအကြောင်းဆိုရင် အချိန်မရွေး ရောက်လာလို့
လေ။ သားတို့အတွက် ဖေဖေ အိမ်တစ်လုံးတောင် အဆင်
ဝယ်ထားပြီးပြီ။ ရှစ်မိုင်ဘက်မှာဆိုတော့ သားပဲ ကျောင်းနဲ့
နည်းဝေးမယ်'

'အဲဒါက သားအတွက် အခက်အခဲမရှိပါဘူး

'ဒါဆိုလည်း ပြီးရောပေါ့ သားရယ်။ သားတို့
ပစ္စည်းတွေ မြန်မြန်သိမ်းပါ။ လိုအပ်တာတွေ လုပ်ပေးဖို့အ
ဖေဖေ လူနှစ်ယောက်လွှတ်ပေးလိုက်မယ်။ သားတို့နဲ့အတူ
တို့ လင်မယားပါ ပါမယ်။ ကဲ... ဖေဖေ သွားမယ်'

စဝ်နိုင်သည် မောင်ရဲမြတ် စကားမဆက်နိုင်အော
စကားကို ခပ်မြန်မြန်ဖြတ်ကာ အိမ်ထဲမှ ထွက်လာခဲ့သည်။
မင်းသစ်ကတော့ ထုံးစံအတိုင်း မနန်းခိုင်အတွက် ကြေကွဲ
ဖြစ်ကာ ခုထိ အိပ်ခန်းထဲက မထွက်နိုင်သေးပါ။

ကားမောင်းနေရင်း မျက်ဝန်းထဲမှာ မနန်းခိုင်၏မျက်
ကို တရစ်ဝဲဝဲ မြင်ယောင်နေမိသည်။ မနန်းခိုင်သည် သူ
မတန်မှ သံယောဇဉ်ကြီးရသော ကလေးနှစ်ယောက်ကို
တောင်မဆက်လိုက်ရဘဲ ဦးနှောက်သွေးကြောပြတ်ပြီး လူ့လော
ထဲမှ စောစီးစွာ ထွက်ခွာသွားပြီ ဖြစ်သည်။

ယခုတော့ ကိုယ်နှင့် ဘယ်လိုမှ မပတ်သက်သ
သေးနှစ်ယောက်သည် စဝ်နိုင်နှင့်အတူတူ ကျန်နေခဲ့ရပြီ။ ဒီ
လေးတွေနှင့် ပတ်သက်သော အနာဂတ်က စဝ်နိုင်မှတစ်ပါး
သူမှ ဆေးခြယ်လို့မရနိုင်။ ကျန်နေရစ်ခဲ့သော အတိတ်၏
တို့က ခုချိန်မှာ မှုန်ဝါးဝါးအနေအထားတွင် ရောက်ရှိနေပြီ
သော်လည်း ခါးသီးစွာ ခံစားခဲ့ရသော ဝေဒနာတို့ကတော့
မတိုင်း လတ်ဆတ်နေတုန်းပင်။

'သင်းမြမြ'ဆိုသော မိန်းမတစ်ယောက်၏ တရားဝင်
နီးအဖြစ် ဘဝကိုပြောင်းလဲအောင် စတင်ခဲ့ရသော စဝ်နိုင်ကို
ဘားရေးလောကထဲမှာတော့ မုဆိုးဖို ကလေးနှစ်ယောက်အဖေ
သော လူတိုင်းက သတ်မှတ်ကြပေလိမ့်မည်။

စဝ်နိုင် ပြုံးမိပါသည်။

အချစ်ဆိုသောအရာကို ရှာဖွေချင်စိတ်လည်း မရှိတော့
လို ယုံလည်း မယုံကြည်ချင်တော့ပါ။

အရာရာကို အစကပြန်စလို့ရခဲ့ရင်တောင်မှ ချစ်တတ်
နှလုံးသားကို ပိုင်ဆိုင်ခွင့်မရတဲ့သူတစ်ယောက်အဖြစ်သာ
င်သန့်ချင်ပါတော့သည်။

၄၉

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၄၉ ၊

ဒီနေ့ ဝတ္ထုယူထားသည့် appointment တွေကို ကြည့်လိုက်တော့ မနက် ၉နာရီမှာ ရေနံကုမ္ပဏီမှ Mr. Eric တို့နှင့် လက်မှတ်ထိုးစရာ အလုပ်တစ်ခုရှိနေပြီး မနက် ၇နာရီခွဲမှာတော့ ဟိုင်းလျှားလိတ်တွင် မန္တလေးမှာ ဘဏ်တစ်ခုဖွင့်တော့မှာမို့ မန္တလေးမှ စဝ်နိုင်၏ အရင်းနှီးဆုံးမိတ်ဆွေတစ်ဦးလည်းဖြစ်သော၊ ချည်ယာဝင်တစ်ဦးလည်းဖြစ်သော ဦးကိုသောင်းတို့နှင့် Breakfast စားရင်း စကားပြောဖို့တစ်ခု ရှိနေပါသည်။ ဝတ္ထုဆွဲထားသည့် အစီရီးစဉ်တွေက တစ်ခုနှင့်တစ်ခု သိပ်ကပ်နေတာမို့ ဒီနေ့ ရုံးမှာ ရှိသော အစည်းအဝေး ၈နာရီခွဲကို လေယာဉ်ငှားပြီး သွားရမလို ပဲလို့ စဝ်နိုင် တွေးလိုက်မိသည်။

သို့ပေမယ့်လည်း လုပ်ငန်းခွင်ဝင်စက စဝ်နိုင်က ဝတ္ထုကို ပီပီပြင်ပြင် မောင်းခဲ့သလို အခု ကျွမ်းကျင်အဆင့် နံပါတ်တစ်နေရာကို ဝတ္ထု မြန်မြန်ဆန်ဆန် သိမ်းပိုက်နိုင်သွားသည့်အချိန်မှာ ကိုယ့်ကို ပြန်မောင်းနေပါပေါ့လားလို့တွေးရင်း တပည့်ဖြစ်သူ၏ အရည်အချင်းကို သဘောကျကျေနပ်သွားရသည်။ ဒီတော့လည်း သူဆွဲထားသည့် အစီအစဉ်အတိုင်း အရောက်သွားဖို့

www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ စဝ်နိုင် ရွေးချယ်ရတော့သည်ပေါ့။

Mr. Eric တို့နှင့် စကားပြောလိုက်တာ လိုအပ်သည် သက် ၁၀မိနစ်လောက်ပိုသွားတော့ တခြားလည်း သွားစရာ သေးတာမို့ အတင်းကို စကားဖြတ်ရသည်။ လက်မှတ်ထိုး သည့်အချိန်မှာ အောင်မြင်ခြင်းအထိမ်းအမှတ်အနေနှင့် ပေးလိုက် သော သူတို့နိုင်ငံလက်ရာ ယန်းချီကားတစ်ချပ်နှင့် ယန်းစည်း စည်းကို ဖိမ်ဆွဲပြီးတောင် ကြည့်မနေအားဘဲ အတင်း ကား ထည့်ပြီး ခပ်မြန်မြန် See you, say bye လုပ်ကာ နောက် တစ်နေရာကို ချီတက်ရတော့သည်။

Mr. Eric တို့ခြံထဲကထွက်လာပြီး လမ်းသွယ်ထဲရောက် မှာတော့ စဝ်နိုင် စိတ်အနည်းငယ်ညစ်သွားရသည်။ အမြန်လို ကားကို သွက်သွက်လေးမောင်းလာကာမှ လမ်းသွယ်လေးထဲ ဆံပင်ရှည်ရှည်၊ လွယ်အိတ်လေးတယမ်းယမ်းနှင့် တစ်လမ်းလုံး သူတစ်ယောက်ပဲရှိနေသယောင် လမ်းပေါ်တက်လျှောက်နေသော မိန်းကလေးတစ်ယောက်ကို ဘွားခနဲ တွေ့ရှိလိုက်ရလေသည်။

သူမကတော့ နောက်ဘက်မှ စဝ်နိုင်ကားရောက်လာ တာကို နည်းနည်းလေးမှတောင် ရိပ်မိသိရှိပုံ မပေါ်ပါ။ ဆံပင် ရှည်တွေဝဲကာဝဲကာနှင့် သွယ်နွဲ့စွာ လမ်းလျှောက်နေသော သူမ ပုံစံလေးက မျက်နှာကို မမြင်တွေ့ရသော်လည်း နောက်ကနေ အတော်ကြည့်လို့ကောင်းကာ ကဗျာဆန်နေပါသည်။ သို့ပါသော် လည်း ဒါတွေကို လောလောဆယ် မခံစားနိုင်ဘဲ ကိုယ့်မှာ သွားစရာရှိနေတာမို့ ဘာလုပ်ရမလဲ စဉ်းစားမရ ဖြစ်သွားမိသည်။ ကားဟွန်းကိုတီးလိုက်လျှင်လည်း လန့်ဖျတ်ပြီး ခလုတ်တွေ

ဘာ တိုက်ကုန်မှာစိုးသည်မို့ မတီးရဲဘဲ နောက်ကနေ တစ်မိနစ် လောက်မျှောပြီး မောင်းနေမိသည်။ ဒီကြားထဲ သူမ ကြားကောင်း ကြားနိုး မျှော်လင့်ချက်နဲ့ပါ။

သို့သော်လည်း သူမ၏ပုံစံက ကားလမ်းမကြီးပေါ် ရောက်တာတောင် နောက်သို့လှည့်ကြည့်မည့် အနေအထားကို မတွေ့ရတာကြောင့် စဝ်နိုင်သည် မထူးတော့စွာ ကားကို ဘေး က ခြံစည်းရိုးနှင့်ကပ်ကာ လမ်းဘေးဆင်းပြီး အတင်းကျော် တက်ရတော့သည်။

သူမကို ကျော်တက်ပြီး ခပ်လှမ်းလှမ်းအရောက် နောက် ကြည့်မှန်ကို တစ်ချက်ပြန်အကြည့်မိမှာတော့ လုံချည်တစ်ခုလုံး ရည်တွေစိုရွှဲနေသော သူမပုံစံလေးကို လှမ်းမြင်လိုက်ရသည်။ ခပ်လှမ်းလှမ်းမှ မြင်ရသည်ဖြစ်သော်လည်း သူမမျက်နှာနုနု နယ် လေးကို ထင်ထင်ရှားရှားပင် စဝ်နိုင် တွေ့ရှိလိုက်ရသည်။ အပြစ်ကင်းစင်သော မျက်နှာကလေးသည် သူ့လုံချည်ကို ငုံ့ကြည့် ရင်း စိတ်လှုပ်ရှားသွားပုံရသော်လည်း ဒေါသတွေ ပျောက်ကွယ် နေတာမို့ စဝ်နိုင်၏ခြေထောက်များသည် ကားဘရိတ်ကို အလိုလို နင်းမိလျက်သား ဖြစ်သွားရသည်။

ရုတ်တရက် ဘာလုပ်ပေးရမလဲ စဉ်းစားနေစဉ်မှာပင် ကောင်မလေး နောက်ကြောင်းပြန်လှည့်သွားတာကို တွေ့လိုက် ရသည်မို့ စဝ်နိုင်သည် အချိန်သိပ်ဆွဲမနေတော့ဘဲ ကားကို ခပ် မြန်မြန်ပင် ဘက်ဆုတ်ပြီး မောင်းလိုက်မိသည်။ သူမအနား အရောက်တွင် ကားကို တုံ့ခနဲရပ်ပြီး စဝ်နိုင် ကားပေါ်မှဆင်း ကာ သူမနှင့် မျက်နှာချင်းဆိုင်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မနက်က အေးမြသော ဆောင်းလေငွေ့အောက် တွင် သူမနှင့် ကြုံဆုံခဲ့ရသော စစ်နိုင်သည် နောက်တစ်ချိန် ထို ဘဝတွင် ဘယ်တော့မှ မေ့ပစ်လို့ရနိုင်မှာမဟုတ်တော့သော ရင်ခုန်ကြည်နူးစရာ အခြေအနေလေးတစ်ခုကို မမျှော်လင့် ပိုင်ဆိုင်ခွင့်ရခဲ့လိမ့်မည်လို့ ကြိုတင်မရိပ်မိခဲ့ပေ။

ပြီး

အခန်း ။ ၅၀ ။

'မိန်းမတစ်ယောက်အပေါ် မခံချင်စိတ်၊ အနိုင်ယူချင်တဲ့စိတ်တွေကြောင့် ဝါသနာပါလို့ ကြိုးစားပြီးသင်ယူခဲ့ရတဲ့ ဆေးပညာနဲ့ အသက်မွေးဝမ်းကျောင်း မပြုခဲ့ရတဲ့ ကျွန်တော့်ကို အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အဖြစ်နဲ့သာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတစ်ခုလုံးက လက်ခံခဲ့ကြတယ်။

ဘဝအစနဲ့အဆုံး ကြားကာလ အသက်ရှင်နေထိုင် လှုပ်ရှားနေရတဲ့အချိန်မှာ တစ်ခါတလေ ကျွန်တော်ဟာ လူဖြစ်ရတာ အန်ကောတန်ရဲ့လားလို့ စိတ်ဓာတ်ကျစွာ တွေးမိတယ်။ ကျွန်တော့်ဘဝတစ်သက်တာလုံး အားပေးဖော်ဆိုတာ မရှိခဲ့ဘူး။ ရင်ထဲမှာ မဆန့်မပြဲ ခံစားခဲ့ရတဲ့ ဝေဒနာတွေကို သက်သာလိုသက်သာငြား ထုတ်ဖော်ဖွင့်ဟချင်ပေမယ့် နားထောင်ပေးမယ့်သူ တစ်ယောက်မှ မရှိခဲ့ဘူး။ ကိုယ့်ဟာကိုယ်ပဲ အားလုံးကို ကျိတ်မှိတ်မျိုသိပ်ပြီး ကိုယ့်စိတ်ကိုယ် ဖြေသိမ့်ခဲ့ရတယ်။ ဘဝရဲ့ နောက်ဆုံးကျွန်းခိုရာ အရိပ်တစ်ခုအဖြစ် 'ဟံသာဝတီဥယျာဉ်' ကို ဖန်တီးခဲ့တယ်။ တစ်နေ့တစ်နေ့ များလှတဲ့ အလုပ်တွေထဲမှာ စိတ်ရှုပ်ခဲ့ရသမျှ၊ စိတ်ပင်ပန်းခဲ့ရသမျှ၊ ရင်ဆိုင်ဖြေရှင်းရတဲ့ အခက်အခဲ

www.burmeseclassic.com

www.burmeseclassic.com



မှန်သမျှ ဒါတွေဒါတွေ အားလုံးကိုစုပြီး ကျွန်တော့်ဥယျာဉ်ထဲ…
တစ်ပတ်တစ်ခါ အပန်းဖြေခဲ့တယ်။ စိုက်ခင်းတွေ၊ ပန်းပင်တွေ…
ရေကန်တွေဟာ ကျွန်တော့်စိတ်တွေကို ငြိမ်းချမ်းအောင်၊ အေး…
အောင်၊ နူးညံ့လာအောင် အများကြီးဖန်တီးပေးနိုင်ခဲ့တဲ့အတွေ…
ကျွန်သေးတဲ့ ဘဝတစ်စိတ်တစ်ဒေသကို ဒီတိုင်း ဖြတ်ကျော်သွား…
ဖို့ ကျွန်တော် ကျေနပ်ခဲ့ရတယ်။ ဒါပေမယ့်လည်း လူ့ဘဝဆိုတာ…
ဘာကိုမှ ကြိုမမြင်နိုင်ဘူး မဟုတ်လား။ မမျှော်လင့်ဘဲ ရွှေမှု…
ကို ကျွန်တော် စတွေ့တဲ့အချိန်မှာ စဝ်နိုင်ဆိုတဲ့လူတစ်ယောက်ရဲ့…
စိတ်တွေဟာ အံ့သြစရာကောင်းလောက်အောင် ပြောင်းလဲခဲ့ပြီ…
'အချစ်'ဆိုတဲ့အရာကို ပထမဆုံး စတင်တွေ့ဖူးခဲ့ရတယ်…
အင်း… ခုချိန်မှာတော့ ကျွန်တော် ထင်မထားတဲ့ပြဿနာတွေ…
ကြုံလာခဲ့ရပြီလေ။

ကျွန်တော် ရွှေမှုန့်ကို ပိုင်ဆိုင်ခွင့်မရသေးပါဘူး။ ဒါ…
တော့ ရွှေမှုန် စဉ်းစားပါ။ ကျွန်တော့်လို လူတစ်ယောက်ရဲ့…
ရွှေမှုန် လက်တွဲသင့် မသင့် သေချာဆုံးဖြတ်ပါ။ ကျွန်တော်ရဲ့…
ပတ်သက်လို့ ရွှေမှုန့်ကို မျက်နှာမငယ်စေချင်တာ ကျွန်တော့်ရဲ့…
အဓိကဆန္ဒပါပဲ။ ကျွန်တော့်ရဲ့ စေတနာနဲ့ ဆန္ဒပေါ်မူတည်ပြီး…
ရွှေမှုန်ဆုံးဖြတ်ပေးမယ့် အဖြေကိုလည်း ကျွန်တော် ကျေကျေနပ်…
နပ်နဲ့ လက်ခံပါ့မယ်'

စဝ်နိုင်က ကိုယ်ပြောပြချင်နေခဲ့သော အကြောင်းအရာ…
များကို ဆုံးခန်းတိုင်အောင် ရင်ဖွင့်အပြီးမှာတော့ တစ်စုံတစ်ရာ…
ကို လက်လွှတ်ဆုံးရှုံးသွားရမှာကို ကြိုတင်စိုးရိမ်မိရင်း လူတစ်…
ကိုယ်လုံး အားအင်မဲ့သွားသလို နွမ်းဖတ်သွားရသည်။ သင်းမင်း…

…ကြောင့် အလွန်စိတ်ထိခိုက်ကာ သတိလက်လွှတ်ဖြစ်သွား
…ရွှေမှုန့်ကို ဘေးလူတွေ ဘာမှန်းညာမှန်း သေချာမရိပ်မိ
…ခင်မှာပင် စဝ်နိုင်သည် ရွှေမှုန့်ကို ကားပေါ်တင်ကာ အိမ်
…ခေါ်လာခဲ့လိုက်သည်။ ရွှေမှုန်သည် သူ့ဟာသူ ဘယ်ရောက်
…မှန်းတောင် သေချာမဝေခွဲနိုင်ဘဲ မျက်လုံးစုံမှိတ်ပြီး ရှိုက်ကြီး
…င် ငိုကြွေးရင်း ပါလာခဲ့သည်။ အိမ်ရောက်တော့ ရေလေး
…ခွက် အရင်တိုက်ပြီး ရွှေမှုန် စိတ်ကလေး အနည်းငယ်
…သက်အောင် စောင့်ပြီးတော့မှ ကိုယ့်ဘဝအကြောင်းကို အစမှ
…ဆုံး သေသေချာချာပြောပြဖြစ်ခဲ့သည်။ ယခုအချိန်မှာတော့
…မှုန့်ပါးပြင်ပေါ်တွင် မျက်ရည်များ ခမ်းခြောက်သွားပြီဖြစ်
…သော်လည်း မျက်လုံးအိမ်လေးကတော့ အရောင်တလက်လက်
…နေသေးကာ ဆိုဖာပေါ်တွင် အိအိလေးထိုင်ရင် စဝ်နိုင်ကို ငေး
…ကြည့်နေပါသည်။

'ဆယ်နာရီထိုးတော့မယ် ရွှေမှုန်။ အိမ်က စိတ်ပူနေလိမ့်
…မယ်။ သွားကြရအောင်နော်။ ဟိုတယ်မှာရပ်ထားခဲ့တဲ့ ရွှေမှုန့်
…ကားဆီ ကျွန်တော်ပြန်ပို့ပေးမယ်'

စဝ်နိုင်က မတ်တတ်ထရပ်လိုက်ပေမယ့် ရွှေမှုန်က
…ငြိမ်ပြဲထိုင်နေပြီး စဝ်နိုင်၏ လှုပ်ရှားမှုများကို လိုက်ကြည့်နေပါ
…သည်။ စဝ်နိုင်သည် ရွှေမှုန်ထိုင်နေသော နေရာအနားသို့ လျှောက်
…သွားလိုက်ပြီး ရွှေမှုန့်ကို လက်ကမ်းပေးလိုက်မိသည်။ ရွှေမှုန်
…သည် စဝ်နိုင်ကို ကြည့်နေရာမှ ကမ်းလာသော လက်ဆီသို့
…ကြည့်ကိုရွှေ့သည်။ ပြီး တော်တော်လေးကြာမှ စဝ်နိုင့်မျက်နှာ
…ပြန်မော့ကြည့်သည်။ ရွှေမှုန်၏ မျက်ဝန်းလေးများသည်

www.burmeseclassic.com

www.burmeseclassic.com



အရည်တလက်လက် တောက်ပနေသလို နှုတ်ခမ်းပေါ်မှာ[illegible]
ခပ်ဖျော့ဖျော့အပြုံးတစ်ခုကို တွေ့ရသည်။ နောက်တော့ [illegible]
၏ နူးညံ့ပျော့ပျောင်းသော လက်ကလေးသည် စဝ်နိုင် က[illegible]
ထားသော လက်ဖဝါးအတွင်းသို့ ခပ်ဖြည်းဖြည်း ရောက်[illegible]
ပါသည်။ အဲဒီနောက် ရွှေမှုန်သည် ထိုင်နေရာမှ ညင်သာ[illegible]
မတ်တတ်ထရပ်လိုက်ကာ စဝ်နိုင်ရင်ထဲက ခံစားချက်[illegible]
ထွင်းဖောက်မြင်နိုင်သည့် အကြည့်မျိုးဖြင့် စူးစူးစိုက်စိုက် [illegible]
ပါသည်။ ခမ်းနားကျယ်ဝန်းသော စဝ်နိုင်အိမ် ဧည့်ခန်း[illegible]
ကြီးထဲတွင် တစ်ယောက်အသက်ရှူသံကို တစ်ယောက် [illegible]
နေရကာ အရာရာအားလုံးက တိတ်ဆိတ်ငြိမ်သက်နေကြသည်[illegible]
ဘာစကားတစ်ခွန်းမှ မပြောဖြစ်ကြဘဲ တစ်ယောက်လ[illegible]
တစ်ယောက် တင်းတင်းဆုပ်ရင်း မျက်ဝန်းအိမ်တွေထဲမှတစ်[illegible]
ကိုယ်စီခံစားနေသော ခံစားချက်တွေကို ပုံဖော်နေမိပြန်သည်[illegible]
စဝ်နိုင်ရင်ထဲမှာတော့ ရင်ခုန်သံနှုန်းက ပိုမြန်လာရကာ ရွှေ[illegible]
၏အကြည့်တွေကို ခပ်ကြာကြာ ရင်မဆိုင်နိုင်တော့သယော[illegible]
မျက်ဝန်းတွေကို လွှဲလိုက်မိသည်။

'ဦးစဝ်နိုင်…'

ရွှေမှုန့်အသံက တိုးတိုးလေးမှ တကယ့်ကို တိုးတိုး[illegible]
ပါ။ စဝ်နိုင် နားရွက်နားသို့ ခြေဖျားလေးထောက်ပြီး ခေါ်လို[illegible]
တာမို့ စဝ်နိုင်တစ်ကိုယ်လုံး ကြက်သီးများ ဖြန်းခနဲ ထသွ[illegible]
ကာ ရင်ထဲမှာလည်း အေးခနဲဖြစ်သွားရသည်။

'မစံပယ်ဆိုတဲ့ ဦးစဝ်နိုင်[illegible] အစ်မကြီး[illegible]
အခု အိမ်ထောင်ပြုသွားပြီလား'



မထင်မှတ်သော မေးခွန်းမို့ စဝ်နိုင်မျက်နှာ အနည်းငယ်
[illegible]သယောင်ဖြစ်သွားပါသည်။ ကိုယ့်ထက် အသက် ထက်ဝက်
[illegible]သော မိန်းကလေးမို့ သူမ၏ အပြုအမူ၊ အပြောအဆိုတွေ
[illegible]ည် စဝ်နိုင်အတွက်တော့ အရာရာချစ်မြတ်နိုးချင်စရာတွေချည်း
[illegible]နေရသည်။

'ခုချိန်မှာ သူဟာ ကလေးနှစ်ယောက်အမေ ဖြစ်နေ
[illegible]ပြီ ရွှေမှုန်ရယ်။ စိတ်ထားကောင်းတဲ့ မိန်းကလေးမို့ အေးချမ်း
[illegible] အိမ်ထောင်တစ်ခုကို ပိုင်ဆိုင်ရင်း သူ့ဘဝနဲ့သူ ဖြစ်နေပါပြီ။
[illegible]မှုန်စဉ်းစားနေတာ ဒါပဲလား'

စဝ်နိုင်က မေးခွန်းပြန်အမေးမှာ ရွှေမှုန်သည် မျက်လွှာ
[illegible]းကို အသာချရင်း ခပ်ရှက်ရှက်မျက်နှာလေးနှင့် 'အင်း…'
[illegible] မပွင့်တပွင့် ပြုံးပြုံးလေး ပြန်ဖြေပါသည်။

ရွှေမှုန်၏အဖြေစကားသည် စဝ်နိုင်တို့နှစ်ယောက်၏
[illegible]ာဂတ်အခြေအနေကို အရိပ်အမြွက်သဘောမျိုး ခန့်မှန်းရလိုက်
[illegible]ာကြောင့် ရွှေမှုန့်ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲ ဆွဲခနဲထည့်
[illegible]ိုက်ပြီး ခပ်တင်းတင်းလေး ဖက်ထားမိလိုက်သည်။ ပျော်ရွှင်မှု
[illegible]ကြောင့် စဝ်နိုင်နှုတ်က ဘာစကားမှ မပြောနိုင်သေးခင် ရင်ခွင်ထဲ
[illegible] ရွှေမှုန်လေးက ခပ်တိုးတိုးလေး စကားစလာပါသည်။

'ရွှေမှုန် ဦးစဝ်နိုင်ကို အရမ်းချစ်မိပါတယ်။ ဦးစဝ်နိုင်
[illegible]ာ လ[illegible] ယောကျ်ားတစ်ယောက်
[illegible]နေပါ[illegible] ရင်ဆိုင်ရ ဦးစဝ်နိုင်ဘေးနား[illegible]
[illegible]မှုန်တစ်သက်လုံး [illegible]ပါတယ် ဦးစဝ်နိုင်ရယ်'

ရွှေမှုန်၏ စကားလုံးလေးများသည် နား[illegible]တစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



နှလုံးအိမ်ထဲသို့တိုင် စီးဝင်ကာ စဝ်နိုင်၏ စိတ်ထဲတွင် အတိုင်းမသိ ကြည်နူးရသည့်စိတ်မျိုး မခံစားဖူး ခံစားလိုက်ရ လေသည်။

"ကျွန်တော့်ဘဝမှာလည်း ရွှေမှုန်ပါဝင်ပါမှ အရောင် ပြည့်စုံတော့မှာပါ ရွှေမှုန်ရယ်။ ဘယ်တော့မှ ရွှေမှုန်နဲ့ကျွန်တော် မခွဲပါရစေနဲ့"

လို့ ခပ်တိုးတိုးပြောပြမိရင်း "ဘယ်တော့မှ မခွဲဘူး" အကြိမ်ကြိမ် စိတ်ထဲတွင် ရေရွတ်နေမိလေသည်။

ပြီး

အဆုံး။

"အချစ်"ဆိုတဲ့အရာဟာ နိဒါန်းမှာဆိုးသလို နိဂုံးမှာလည်း ပိုလို့တောင် ဆိုးနေပါသေးတယ်···

www.burmeseclassic.com

www.burmeseclassic.com

န်း ၊ ၅၁ ၊

'မေမေ… ကိုရဲလေ ဖေဖေ့ကို စကားတွေ သွားပြော တယ်'

ပြတင်းပေါက်နားတွင် မမီမကမ်း ခုန်ဆွခုန်ဆွလုပ်ရင်း ခြံထဲမှာ စကားပြောနေကြသော ဖေဖေနှင့် ကိုရဲကို ချက်ချင်း ားလိုဖြစ်သွားမိကာ အိပ်ရာပေါ်တွင် လှဲနေသည့် မေမေ့အား သစ်သစ်က တိုင်တောသလို လှမ်းပြောလိုက်သည်။ မေမေသည် ကျနေသော ဆံပင်တွေကို လက်နှင့်ဖြစ်သလိုထုံးတင်လိုက် င်း သစ်သစ်အနားသို့ ရောက်လာသည်။

မေမေ့အရပ်နဲ့ဆိုတော့ ဖေဖေနဲ့ကိုရဲကို ကောင်းကောင်း မြင်ရမှာပဲလို့တွေးမိပြီး မမီမကမ်းဖြစ်နေရသော ကိုယ့်ကိုယ်ကို တ်တိုသွားရင်း မျက်လုံးက ခုစရာခုံလေးတစ်ခု ရလိမ့်နိုးဖြင့် ားဘီဝဲယာကို လျှောက်ကြည့်နေမိသည်။

'သစ်သစ်…'

'ရှင်… မေမေ'

'ဖေဖေနဲ့ ကိုရဲအနား သွားချင်လို့လား'

'ဟုတ်ကဲ့…'

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုသာ ပြတ်ပြတ်သားသား ညိတ်ပြမိပြီး

ကဲ့ဆိုသော စကားလုံးကိုတော့ သစ်သစ်က ခပ်တိုးတိုး

ပြန်ဖြေမိသည်။ မေမေက ဖေဖေ့နား သစ်သစ်သွားရင် အမြဲ

ဒေါသက ထွက်လာတာကြောင့် သစ်သစ်မှာ ဖေဖေနှင့် မျက်

ချင်းဆိုင်ကြီးတွေ့ရင်တောင် ဖေဖေ့မျက်နှာကို မော့မကြည့်

ခေါင်းကို ငုံ့ထားခဲ့ရသည်။ အခုလည်း ကိုရဲနှင့်ဖေဖေ စကား

ပြောနေတာမြင်ရတော့ သစ်သစ်လည်း စကားသွားပြောချင်

သည်။ သို့သော်လည်း သစ်သစ်သည် မေမေ့ကို ကြောက်ရ

ကြောင့် ကိုယ်ဖြစ်ချင်သော ဆန္ဒကို ရဲရဲဝံ့ဝံ့ မတောင်းဆို

ဖြစ်နေရသည်။

'သမီးမှာ ဖေဖေနဲ့စကားသွားပြောဖို့အတွက် အကြောင်း

အရာရှိလို့လား'

မေမေ့စကားကြောင့် သစ်သစ်လည်း ဖေဖေ့ကို

ပြောရပါ့မလဲဆိုတာကို မျက်လုံးလေးတွေ လည်သွားအောင်

စဉ်းစားလိုက်ရသည်။ တစ်စုံတစ်ခုကို ချက်ချင်းသတိရလို

သည့် တစ်ခဏမှာတော့ သစ်သစ်၏ မျက်နှာလေးသည် ဝင်း

လက်သွားလေသည်။

'သစ်သစ် ကျောင်းမှာ ပထမရတဲ့အကြောင်းလေး

အဲဒါ ဖေဖေ့ကို သမီးပြောပြချင်တယ်နော် မေမေ...'

မေမေသည် သစ်သစ်စကားကြောင့် မျက်နှာတစ်ချက်

ညိုသလိုဖြစ်သွားပြီး ပြတင်းပေါက်ကို ပြန်ငေးကြည့်နေ

သည်။ ခဏလေးကြာတော့မှ-

'အဲဒီအကြောင်းပဲပြော၊ စကားပိုတွေ မပြောနဲ့ကြား



း၊ ကဲ... သွား'

မေမေ့ဆီက လွယ်လွယ်ကူကူ ခွင့်ပြုချက်ကို ရလိုက်

ကြောင့် သစ်သစ်သည် ဝမ်းသာအားရဖြစ်သွားကာ လက်

းနှစ်ဖက်ဖြင့် လက်ခုတ်လေးတီးလိုက်ရင်း မေမေ့စိတ်တွေ

ပြောင်းခင် ပြေးထွက်လာခဲ့သည်။

မေမေက စကားပိုတွေမပြောနဲ့လို့ မှာလိုက်သော်လည်း

ဖေနဲ့တွေ့ရင် သစ်သစ်ရဲ့ လိုချင်တဲ့ဆန္ဒတွေ ပြောပြဖို့အတွက်

ကားတွေကို စဉ်းစားရင်း၊ တွေးတောရင်း ဖေဖေတို့အနားသို့

ခြေသံလုံလုံဖြင့် လျှောက်လာခဲ့လိုက်သည်။

၆၅

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၅၂ ၊

ဒီနေ့သည် သစ်သစ်ဘဝအတွက် အပျော်ဆုံးနေ့တစ်နေ့ ဖြစ်ပါသည်။ ဒီနေ့ဆုယူရမှာမို့ သစ်သစ်သည် ကျောင်းဝတ်စုံ အသစ်ကလေးကိုဝတ်ပြီး ဖေဖေ့လက်ကို တင်းတင်းဆွဲကာ တက်ကြွပျော်ရွှင်သော ခြေလှမ်းများဖြင့် ကျောင်းသို့ရောက်လာခဲ့သည်။ အားပေါ်ကဆင်းတော့ ဖေဖေက သစ်သစ်လက်ကိုတစ်ဖက်၊ ကိုရဲလက်ကိုတစ်ဖက်ဆွဲကာ ကျောင်းထဲသို့ ဝင်လာခဲ့သည်။ မေမေသည်လည်း ဖေဖေနှင့်စကားမပြောပေမယ့် မနီးမဝေးမှ ခပ်ပြုံးပြုံးမျက်နှာနှင့် ပါလာသောကြောင့် သစ်သစ်အတွက် ဒီနေ့သည် အင်မတန်မှမင်္ဂလာရှိပြီး အင်မတန်မှလည်း စိတ်ချမ်းသာရသောနေ့ ဖြစ်သွားပါသည်။

သားသားနားနား သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော ဖေဖေ့ကို ကျောင်းက ဆရာ၊ ဆရာမများက လေးလေးစားစား နှုတ်ဆက်ကြသလို တခြားကျောင်းသားမိဘများကလည်း ဖေဖေ့ကို တကူးတက လာရောက်နှုတ်ဆက်နေကြတာမို့ သစ်သစ်သည် ဖေဖေ့အတွက် ဂုဏ်တွေယူရင်း မျက်နှာလေးကို မော့ထားမိသည်။ ကိုရဲကို လှမ်းကြည့်လိုက်တော့ ကိုရဲသည်လည်း သစ်သစ်

www.burmeseclassic.com

www.burmeseclassic.com



...ဘက်ကြွကော မျက်နှာကလည်း အလွန်ပျော်ရွှင်နေပုံ ... ...သည်။

သစ်သစ်သည် ဘေးနားမှဖြတ်သွားသော သူငယ်ချင်း ...များကိုတွေ့လျှင် 'ဟော့... ဒါ ငါ့ဖေဖေလေ' လို့ မိတ်ဆက်... ...ရတာ မမောနိုင် မပန်းနိုင်ဖြစ်နေရသည်။ သစ်သစ်တို့ဖေဖေသည် သစ်သစ်တို့အပေါ် ဘယ်လောက်ချစ်ကြောင်း၊ ဘယ်လော... ဂရုစိုက်ကြောင်းနှင့် ဒါ့အပြင် သစ်သစ်ဖေဖေ ဘယ်လော... ချောမောလှပကြောင်းကို လူတွေအလယ်မှာ ထင်ထင်ရှားရှား ပြသခွင့်ရလိုက်သည့်အတွက် ရင်ထဲမှာ ကျလိကျလိနှင့် ကျေနပ်... မဆုံး ဖြစ်နေရသည်။

ဆုပေးပွဲမစခင် ကျောင်းအုပ်ဆရာမကြီးက မိန့်ခွန်း ပြောပြီး ကျောင်းသားမိဘများက ကျောင်းရန်ပုံငွေအတွက် ငွေ လှူပွဲကို ကျင်းပပေးသည်။ ထိုအထဲတွင် သစ်သစ်တို့ဖေဖေ ကျောင်းအတွက် ငွေသိန်းငါးဆယ် အလှူထည့်ဝင်ခဲ့ပါသည်။ ကျောင်းအုပ်ဆရာမကြီးက အလှူငွေကို လက်ခံရာတွင် ဖေဖေ အများဆုံးလှူသော အလှူရှင်မို့ ပထမဆုံး စင်ပေါ်တက်ရပါသည်။

ဖေဖေ၊ မေမေ၊ ကိုရဲနှင့် သစ်သစ်တို့မိသားစုက စင် ပေါ်တွင် ဆရာမကြီးလက်ထဲသို့ အလှူငွေပုံးကို ပေးအပ်တော့ ဓာတ်ပုံဆရာများက တဖျတ်ဖျတ်ဓာတ်ပုံရိုက်ကြပြီး လက်ခုပ် သြဘာသံများကလည်း တစ်ခန်းလုံးကို လွှမ်းမိုးသွားပါသည်။ သစ်သစ်သည် စင်ပေါ်မှ ပြန်ဆင်းလာသည့်အချိန်ထိ ကြက်သီး များ တဖြန်းဖြန်းထကာ စိတ်ထဲမှာလည်း အတိုင်းအဆမရှိ ကြည် နူးနေရလေသည်။



သစ်သစ်တို့ ဆုယူတော့ သစ်သစ်မှာ စင်ပေါ်ကနေ ...ဖေ့ကို ပျောက်သွားမှာစိုးသည့်အလား လှမ်းလှမ်းကြည့်မိသည်။ ...ဖေက စင်အောက်ကနေ ပြုံးရယ်ပြပြီး လက်ကလေးပြတော့ ...သစ်သစ်မျက်နှာက ပြုံးချိုသွားရသည်။

ထိုနေ့မှစ၍ ဖေဖေ့အရိပ်အာဝါသသည် ဘယ်လောက် ...မြသည် ဆိုတာရယ်၊ ဖေဖေသည် သစ်သစ်တို့မိသားစု ...တွက် တကယ့်ကို မရှိမဖြစ် လူသားတစ်ယောက်ဖြစ်သည် ...ဆိုတာရယ်ကို သစ်သစ် ယုံယုံကြည်ကြည်နှင့်ကို လက်ခံလိုက် ...ပါသည်။

(၃)

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၅၃ ၊

မေမေသည် ဆံပင်တွေ ဖရိုဖရဲနှင့် ခေါင်းအုံးမှာ မျက်နှာအပ်ပြီး ရှိက်ကြီးတငင် ငိုကြွေးနေလေသည်။ မေမေ့ကို ဤကဲ့သို့ မြင်တွေ့ရတိုင်း သစ်သစ်သည် အလွန်အမင်း စိတ်ဆင်းရဲသွားရကာ ကိုယ်တိုင်လည်း မေမေ့လို ငိုချင်မိသည်။ မေမေငိုတာယ်ဆိုကတည်းကိုက မေမေစိတ်ညစ်လို့ ဒါမှမဟုတ် ဒေါသထွက်လို့ တစ်ခုခုပဲဟု သစ်သစ်တွေးတတ်သလောက် တွေးမိသည်။

သစ်သစ်သည် မေမေ့အခန်းတံခါးလေးကို အသံမမြည်အောင် ပြန်ပိတ်ပြီး မေမေ့နားသို့ တရွေ့ရွေ့တိုးသွားမိသည်။ အငိုမတိတ်သေးသော မေမေ့ကိုကြည့်ရင်း သစ်သစ်တောင် ငိုရင်တောသေးတာ မေမေလည်း မောနေမှာပဲလို့ စဉ်းစားလိုက်မိသည်။ သစ်သစ်သည် မေမေ့ခေါင်းရင်းစားပွဲပေါ်ရှိ ရေဖလားထဲမှ ရေတစ်ခွက်ငှဲ့လိုက်ပြီး မေမေ့ပခုံးလေးကို ညင်သာစွာ အသာအယာပုတ်သပ်ပေးလိုက်မိသည်။

သစ်သစ်လက်ကလေးနှင့် မေမေ့အသားကို ထိလိုက်သောအခါ မေမေသည် ငိုနေတာကို ရပ်တန့်ပစ်လိုက်ပြီး အသံ

www.burmeseclassic.com

www.burmeseclassic.com



မထွက်ဘဲ ရှိုက်နေကာ ငြိမ်သက်နေသည်။ ခဏနေတော့မှ
သည် သစ်သစ်ဘက်သို့ ခပ်ဖြည်းဖြည်းလေး လှည့်လာပြီး
သည်။ မေမေ့ပါးပြင်ဖြူနုနုလေးသည် ငိုထားသောကြောင့်
နေကာ မျက်လုံးထဲမှာလည်း မျက်ရည်အစအနများကို တွေ့
ပါသေးသည်။ သစ်သစ်သည် မေမေ့ကို အားပေးသလို ပြုံး
လိုက်ရင်း-

"မေမေ ရေသောက်လိုက်နော်။ မေမေ မောနေ

မေမေသည် သစ်သစ်ကို ငေးကြည့်နေရင်းမှ မျက်
လက်ကျန်များကို လက်ဖမိုးနှင့် ပွတ်သပ်လိုက်ရင်း သစ်
စကားကို နားထောင်ကာ လက်ထဲမှ ရေကိုယူသောက်ပါသည်
သစ်သစ်သည် ရေခွက်လေးကို စားပွဲပေါ်တွင် နေရာတကျ
ထားရင်း ခုတင်ဘေးတွင် ဒူးလေးထောက်ပြီး ထိုင်လိုက်ပါသ
ပြီးတော့မှ တုန်ရီနေသော မေမေ့လက်သွယ်သွယ်လေး
လှမ်းကိုင်ရင်း မေမေ့ကို စကားတွေ ပြောမိသည်။

"မေမေ… ဖေဖေ့ကြောင့် ငိုနေတာလားဟင်"

သစ်သစ်မေးခွန်းကြောင့် မေမေ့မျက်ဝန်းများသည်
ခနဲဖြစ်သွားကာ သစ်သစ်လက်ထဲမှ သူ့လက်တွေကို ပြန်ဆွဲ
ပြီး မျက်နှာကို အုပ်ထားလိုက်သည်။ ပြီးတော့မှ ငိုသံဖြင့်
စကားစသည်။

"ဖေဖေ့ကြောင့် ဟုတ်လား။ ဘယ်ဖေဖေကို
တာလဲ။ ဖေဖေ… ဖေဖေ… အို… ဘယ်ဖေဖေမှ မ
ဘူး သမီးရယ်။ မေမေတော့ သိပ်ကံဆိုးတာပဲ။ ဟုတ်တ
သမီးပြောတာ မှန်တယ်။ ဖေဖေ့ကြောင့် မေမေ ငိုနေရ

မေ မျက်ရည်ကျအောင် သူတို့က အမြဲလုပ်ခဲ့တယ်။ ဖေဖေ
ကို မေမေ မုန်းတယ်။ သိပ်မုန်းတယ်၊ အို… အရမ်းမုန်း
ယ်။ သမီး… သမီးလည်း ဖေဖေ့ကို မချစ်ရဘူးနော်။ မုန်း
ယ် ကြားလား။ သမီးကိုလည်း သမီးဖေဖေက မျက်ရည်ကျ
င် မေမေ့လို အမြဲငိုနေရအောင်လုပ်ဦးမှာပဲ။ သမီး မကြောက်
လားဟင်။ နောက် သမီးဖေဖေနဲ့တွေ့ရင် မခေါ်နဲ့၊ မုန်းတယ်
ပြောလိုက်၊ ကြားလား သမီး၊ မေမေပြောတာ ကြားရဲ့လား"

မေမေသည် သစ်သစ် ပခုံးလေးကိုကိုင်ရင်း ပြော
၊ လက်ကလေးများကိုကိုင်ရင်း ပြောလိုက်၊ နောက် သူ့
သူ တစ်ယောက်တည်း ရေရွတ်နေသလိုပြောလိုက်နှင့် မေမေ
ချင်သော အဓိပ္ပာယ်ကို သစ်သစ် ကောင်းကောင်း နား
ည်မိပါ။ သို့သော်လည်း ဂဏာမငြိမ်ဖြစ်နေသည့် မေမေ့
ဝန်းများကိုကြည့်ရင်း မေမေ့ကို သစ်သစ် အရမ်း သနား
မိသည်။

မေမေရယ်… မေမေ မခေါ်နဲ့ဆိုရင်လည်း သမီး
ကို မခေါ်ပါဘူး။ ဒါပေမယ့် ဖေဖေက သမီးကို ငိုအောင်
လုပ်မယ်ဆိုတာကိုတော့ သမီး မယုံပါဘူး။

သစ်သစ်သည် ကိုယ့်ဟာကိုယ် စိတ်ထဲမှာကျိတ်ပြီး
ပြောလိုက်ရင်း မေမေ့အိပ်ရာပေါ်တွင် ခေါင်းလေးကို
ကာ အသာအယာ လှဲလိုက်မိသည်။

၄၅

www.burmeseclassic.com

www.burmeseclassic.com



'စဝ်နိုင်အကြောင်း ကြားပြီးပြီလား မနန်းခိုင်'

ကြီးကြီးနန်းက သစ်သစ်ကို ထမင်းခွံ့နေစဉ်မှာပင် မေသည် ဒေါကြီးမောကြီးဖြင့် သစ်သစ်တို့နှစ်ယောက်နားကို ောက်လာခဲ့သည်။ သစ်သစ်သည် ကြီးကြီးနန်းကို ချွဲပြီး ထမင်း ိုင်းကာ ဇိမ်ရှိနေသည့်အချိန်တွင် မေမေ့၏ ဒေါသမျက်နှာကို ော်တရက် မြင်လိုက်ရသဖြင့် ထမင်းတွေက လည်ချောင်းဝမှာ စ်သွားရသည်။

'သူ့ကိုယ်သူ ကုမ္ပဏီပိုင်ရှင်ကြီးလုပ်ပြီး ရုံးမှာ ကောင် တွေ တရုန်းရုန်းနဲ့ နန့်ကြောဆွဲနေတယ်လေ'

'သင်းမြမြရယ် စိတ်ကို အေးအေးထားပါ။ ကလေး ည်းရှိနေတယ်။ စကားကို ထိန်းမှပေါ့'

'အို... သူ့အကြောင်းကြားရရင် သင်းမြ ကိုယ့်စိတ် ိယ် ဘယ်လိုမှ မထိန်းနိုင်ဘူး။ သိပ်မုန်းဖို့ကောင်းတာပဲ သိ း မနန်း'

'သေချာရဲ့လားဟယ်၊ ကိုယ်တိုင်လည်းမြင်ရတာ ုတ်ဘဲနဲ့။ သူများပြောတာကို ချင့်ချိန်ပြီးယုံမှပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အံမယ်လေး… သေချာတာမှ ဟိုဘက်ကမ်းတောင် လွန်နေသေးတယ်။ သင်းမြတို့ပိုက်ဆံတွေနဲ့ သူ့ကိုယ်သူ သူဌေး လုပ်နေတာ နည်းနည်းလေးမှ သင်းမြ မကျေနပ်ပါဘူး'

'သြော်…'

ကြီးကြီးနန်းသည် တစ်ခုခုကိုပြောမလို့လုပ်ပြီးမှ ဘာမှ ပြန်မပြောတော့ဘဲ သစ်သစ်ကို ရေလေးလှမ်းတိုက်သည်။ သစ် သစ်သည် လည်ချောင်းဝတွင်နင်နေသော ထမင်းလုပ်ကို ရေနှင့် မနည်းမျောချရင်း ထမင်းဆက်စားချင်စိတ်လည်း ပျောက်သွား ရသည်။

'ကြည့်ထား မနန်းခိုင်၊ သူလည်း စဝ်ခိုင်၊ ဒီကလည်း သင်းမြမြပဲ။ သင်းမြမြ ဘာကောင်မလဲဆိုတာကို သူ ကောင်း ကောင်း သိစေရမယ်'

မမေသည် ဒေါသတကြီးကြိမ်းဝါးရင်း ထိုင်ခုံတစ်ခု ကို ဆောင့်ကန်ကာ ထမင်းစားခန်းထဲမှ ထွက်သွားလေသည်။ ကြီးကြီးနန်းသည် မမေ့နောက်ကျောပြင်ကို ငေးကြည့်ရင်း သက် ပြင်းတစ်ချက် ချသည်။

ပြီးတော့ သစ်သစ်အတွက် ထမင်းလုပ်ခွဲဖို့ ဟန်ပြင် သည်။ သစ်သစ်သည် ကြီးကြီးနန်းလက်ထဲမှ ထမင်းလုပ်ကို ကြည့်ရင်း ခေါင်းခါလိုက်ကာ-

'သစ်သစ် ထမင်းဝပြီ ကြီးကြီးနန်း'ဟု ပြောပြီး ထိုင်ခုံပေါ်မှ လျှောဆင်းလိုက်ပြီး ကိုယ့်အိပ်ခန်းထဲကို ဝင်သွား လိုက်သည်။ ကြီးကြီးနန်း စိတ်မကောင်းဖြစ်ပြီး ကျန်ခဲ့မှာ သိနေသော်လည်း ကိုယ်ကိုယ်တိုင် ခံစားလိုက်ရသည့် စိတ်



ကောင်းမှုကို မျက်ရည်တွေအဖြစ် ပြောင်းလဲမလာခင် ကြီးကြီး နန်းရှေ့မှ မြန်မြန်ထွက်လာခဲ့ရသည်ဆိုတာကိုတော့ နောင်တစ် ချိန်တွင် ကြီးကြီးနန်းသိအောင် သစ်သစ် ပြောပြချင်ပါသေး သည်။

၁၄

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၅၅၊

'မနန်းခိုင်… မနန်းခိုင် ဘယ်မှာလဲ'

ညဘက် ကြီးကြီးနန်းက စာဖတ်ခန်းထဲတွင် သစ်သစ်တို့ စာသင်ပေးနေပြီး ကိုရဲက သူ့စာကြည့်စားပွဲလေးမှာ စာကျက်နေစဉ် အောက်ထပ်မှ မေမေ့ခေါ်သံကြောင့် အားလုံး တုန်နဲ့ ဖြစ်သွားရသည်။ ကြီးကြီးနန်းက ကပျာကယာ 'မနန်း အပေါ်မှာ' လို့ အသံပေးလိုက်စဉ် လှေကားတစ်လျှောက် တက်လာသော မေမေ့ခြေသံများကို နားထောင်ရင်း သစ်သစ် ရင်တွေ ဒိတ်ဒိတ်ခုန်လာရသည်။

မေမေသည် လက်ထဲမှာ ရေခွက်တစ်ခွက်ကိုင်ရင်း စာကြည့်ခန်းရှေ့ အခန်းတံခါးဝမှာ ခပ်မတ်မတ်ရပ်နေလေသည်။ မျက်နှာပေါ်မှာတော့ တစ်ခုခုကို ကျေနပ်သည့်အသွင်သဏ္ဌာန်က အတိုင်းသားပေါ်လွင်နေသည်။

'၇ နာရီတောင် ထိုးနေပြီ သင်းမြမြရယ်၊ မိုးလင်း ကတည်းက ပျောက်သွားလိုက်တာ တစ်နေကုန် ဘယ်လျှောက် သွားနေတာလဲ'

'ဟင်း… ဟင်း… ဟင်း… ရှင်းစရာရှိတဲ့ ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



တွေ သွားရှင်းနေတာလေ မနန်းခိုင်ရဲ့'

'ရှင်းစရာရှိတာတွေ'

'အဟက်... ဟက်... ဟုတ်တယ် မနန်းခိုင်၊ ဒီနေ့ သင်းမြ ဘယ်သွားတယ်ထင်လဲ'

'ဟင်... ဘယ်သွားတာလဲ'

'မန္တလေးကိုပေါ့'

'မန္တလေးထိတောင် ဘာသွားလုပ်တာလဲ'

'စဝ်နိုင်ရဲ့ ဟံသာဝတီကုမ္ပဏီကို သွားတာပေါ့။ ဒီနေ့ ကံကောင်းချင်တော့ စဝ်နိုင်တို့က သင်းမြမြ ပြန်တဲ့အထိ သူ့ ကုမ္ပဏီကိုတောင် မရောက်လာသေးဘူး။ အဆင်က ပြေလိုက် တာ ပြောမနေပါနဲ့တော့'

'ဟယ်... ဘာတွေများ သွားလုပ်လာပြန်တာလဲ ညီမ ရယ်။ ဟိုတစ်ယောက်ရဲ့ ဒေါသကိုလည်း သိရဲ့သားနဲ့။ မိုးတော့ မီးလောင်တော့မှာပဲ'

'အဲလို သူ ဒေါသထွက်နေတာကို သင်းမြက အမြဲ မြင်ချင်တာ။ စဝ်နိုင်က ဒေါသထွက်ရင် သိပ်ချစ်ဖို့ကောင်းတာ ပဲနော် သိလား မနန်း၊ အဟင်း ဟင်း ဟင်း...'

မေမေက သူ့ဟာသူပြောပြီး ကျေနပ်စွာရယ်နေသော မယ့် ကြီးကြီးနန်း၏မျက်နှာကြီးကတော့ တဖြည်းဖြည်း မှုန်မှိုင်း လာရသည်။

'သူ့ကုမ္ပဏီမှာ ဘာသွားလုပ်ခဲ့လဲ သင်းမြမြ'

'အဟမ်း... ဘာသွားလုပ်ခဲ့လဲဆိုတော့ သိပ် ထွေ ထွေထူးထူးတော့ မဟုတ်ပါဘူး။ သူသွားလေရာ တတွဲတွဲခေါ်



တဲ့ သူ့ရဲ့စာရေးမ စံပယ်ဆိုတဲ့ကောင်မကို ရုံးခန်းထဲမှာ ပါး ချက်ဆင့်ပြီး ရိုက်ပစ်ခဲ့လိုက်တယ်'

'ဘုရား... ဘုရား... အံမယ်လေး သင်းမြရယ်၊ ပြဿနာတွေတော့ တက်ကုန်တော့မှာပဲ။ ငါ့နှယ် သေသာ သေ လိုက်ချင်တော့တယ်'

'မနန်းခိုင် ဘာသိလို့လဲ။ ကောင်မရဲ့အချိုးက သူ့ကိုယ် ကုမ္ပဏီပိုင်ရှင်လိုလို ဘာလိုလိုနဲ့ တခြားဝန်ထမ်းတွေအလယ် ကောင်းကောင်း အရှက်ကွဲသွားအောင် သင်းမြမြက လက် ပြလိုက်တာပေါ့။ ဘယ်ရမလဲ'

'အံမယ်လေး... ဒီပြဿနာက ဒီတင်ပြီးမယ်ထင် လား သင်းမြ၊ စဝ်နိုင်သိရင် နင်တို့နှစ်ယောက် ထသတ်ကြဦး မယ်။ ငါ့နှယ်နော်'

'စဝ်နိုင်များ ဂရုမစိုက်သေးဘူး။ သိလား မနန်းခိုင် စကားက မပြီးသေးဘူး။ စံပယ်ဆိုတဲ့ကောင်မက ပါးနှစ်ချက် ဆင့်ရိုက်တာတောင် မာန်ကမကျသေးလို့ သင်းမြက ဆောင့်တွန်း လိုက်ပြီး သူ လဲကျသွားတော့မှ သူ့ကျောကုန်းကို ခြေထောက် ဆပ်ကန်ပစ်ခဲ့လိုက်တယ်။ တစ်ခါတည်း မှတ်လောက်သား ရောက်ကို ဖြစ်သွားရောပဲ။ အဟင်းဟင်း... အဲ့ဒီလိုပဲ လုပ် ရမယ် မနန်းရေ။ စဝ်နိုင်ရဲ့ဇနီးဟာ သင်းမြမြကလွဲပြီး တခြား ဘယ်သူမှ မရှိစေရဘူး။ အမြှောင်တွေ၊ အငယ်တွေ သွားစမ်း၊ လုံး ညောင်းပဲ'

မေမေ၏ အားရပါးရ စကားပြောသံအပြီးမှာတော့ ထိုတ်ခန်းတွင်ရှိနေသော လူသားသုံးယောက်တို့သည် တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရာ လှုပ်ရှားမှုလေးတောင်မရှိဘဲ အပ်ကျသံကြားရလော အောင်ကို ငြိမ်သက်သွားကာ မေမေ့ကို ငေးကြည့်နေမိကြ သည်။

ပြီး

နံ ၊ ၅၆ ၊

အောက်ထပ်မှာ ဝုန်းဒိုင်းကျဲဆူညံသံများကို ကြားလိုက် ကြောင့် စာကြည့်ခန်းထဲတွင် စာဖတ်နေကြသော သစ်သစ် မောင်နှမနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြကာ မနေ့ကကိစ္စနှင့်ပတ်သက်၍ ဖေဖေနှင့်မေမေ ရန်ပွဲစတင်ပြီဆိုတာကို ကိုယ်စီ ရိပ်မိလိုက်ကြသည်။

မေမေ၏ အော်ကြီးဟစ်ကျယ် စကားပြောသံ၊ ဖေဖေ့ မိုးခြိမ်းသံကဲ့သို့ ပြင်းထန်လှသော ဒေါသပေါက်ကွဲသံတို့က သစ်နားထဲမှာ ဘယ်လိုမှ သည်းညည်းမခံနိုင်လောက်အောင် ကျယ်လောင်လာရသည်။ ရန်မဖြစ်ကြပါနဲ့လို့ သူတို့လို သစ် ဟစ်အော်ပြောလိုက်ချင်သော်လည်း အသံလှိုင်းတို့က လည် ချောင်းဝမှာ တစ်ဆို့နေသည်။

ဝမ်းနည်းမှုကြောင့် ဖြစ်တည်လာသော မျက်ရည်တို့ ပြင်ပေါ် ကျမလာခင် မျက်တောင်တွေကို ပုတ်ခတ်ပုတ်ခတ် ရင်း စာကြည့်ခန်းထဲမှ အောက်ထပ်ဆင်းသည့် လှေကား သို့ ထွက်လာခဲ့လိုက်သည်။

တစ်ယောက်ကိုတစ်ယောက် နာကြည်းရန်းတီးစွာ

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုနေသော စကားသံတို့က သစ်သစ်ကို ပိုလို့ ဝမ်းနည်း သွားစေသည်။ လှေကားထစ်အောက်ဆုံးရောက်တော့ ဖေဖေနှင့် မေမေကို မြင်သာသည့် အခန်းကွယ်လေးကနေ ချောင်းလို့ကြည့် မိသည်။ လက်သီးကို တင်းတင်းဆုပ်ပြီး မေးကြောကြီးများ ထောင်နေအောင် စိတ်ဆိုးနေသော ဖေဖေ့မျက်နှာကို ကြောက် လန့်အားငယ်နေသည့်ကြားမှ လွမ်းလွမ်းဆွတ်ဆွတ် ကြည့်မိ သည်။ ဖေဖေ့ကို သစ်သစ်တို့ မတွေ့ရတာ ကြာနေပြီမဟုတ် လား။ သစ်သစ် ပခုံးကို တစ်စုံတစ်ယောက်က လာကိုင်တော့ သစ်သစ် လန့်သွားကာ ပြူးပြူးပျာပျာ လှည့်ကြည့်လိုက်မိသည်။ ကိုရဲသည် သစ်သစ်လိုပင် မျက်လုံးအိမ်ထဲတွင် မျက်ရည်တွေ ရစ်ဝဲကာ ဖေဖေနှင့်မေမေ၏ရန်ပွဲကို ငေးကြည့်နေပါသည်။

အခု ဖေဖေ စိတ်ဆိုးနေတာ မေမေ့ကြောင့်ဆိုတာ သစ်သစ်တို့ သိနေသော်လည်း 'ဖေဖေ့ကို စိတ်ဆိုးအောင် မလုပ် ပါနဲ့တော့ မေမေရယ်' လို့တော့ သွားပြောပြရဲသည့်ခွန်အားမျိုး သစ်သစ်တို့မောင်နှမနှစ်ယောက်လုံးတွင် မရှိနေသေးတာကို ကိုယ့်ကိုယ်ကို ဒေါသဖြစ်မိသည်။

သစ်သစ်တို့ ငေးကြည့်နေတုန်းမှာပင် ဖေဖေသည် ဒေါသတွေ အရမ်းထွက်လာပြီး မေမေ့ကို အားနှင့်ဆောင့်တွန်း လိုက်တာကို အလန့်တကြား တွေ့လိုက်ရလေသည်။ မေမေသည် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲပြုတ်ကျသွားပြီး အရှိန်နှင့် လျှောခနဲ ပါသွားကာ ဧည့်ခန်းထောင့်ရှိ စားပွဲစွန်းနှင့် ခေါင်းက ဒုတ်ခနဲ သွားဆောင့်မိလေသည်။ မေမေ့နဖူးပေါ်မှ သွေးများဖြာကျလာ သည်ကို ရုတ်တရက် မြင်လိုက်ရသည့်အခါတွင် သစ်သစ် မျက်



လုံးတွေ ပြာခနဲဖြစ်သွားကာ မေမေ့အနားသို့ ဘယ်လိုလုပ်ပြီး ရောက်သွားလဲတောင် မသိလိုက်ပေ။

မေမေ့၏ နာကျင်ကြေကွဲသံ၊ ကြီးကြီးနန်း၏ ဝင် ရောက်ဖျန်ဖြေသံများအကြားမှာ သစ်သစ်သည် ရှိုက်၍ရှိုက်၍ ငိုကြွေးရင်း မေမေ့ကို အရမ်းသနားသွားမိကာ ဖေဖေ့ကိုလည်း အရမ်းကြောက်သွားမိသည်။ မေမေ သနားပါတယ် ဖေဖေရယ်၊ မေမေ့ကို နာအောင်မလုပ်ပါနဲ့လို့ စကားပြောဖို့ ကြိုးစားနေတုန်း မှာပင် ဖေဖေသည် သစ်သစ်တို့အားလုံးကို ကျောခိုင်းကာ ဧည့် ခန်းထဲမှ ထွက်သွားလေသည်။

ဟိုနေ့က သစ်သစ်သည် ဖေဖေ၏ ရက်စက်စိမ်းကား မှုကို တစိမ့်စိမ့်မြင်ယောင်ရင်း တစ်ညလုံး ရှိုက်ကြီးတငင် ငိုကြွေး ခဲ့ရလေသည်။

ဟ

www.burmeseclassic.com

www.burmeseclassic.com

ခန်း ၊ ၅၇၊

'ဒါ သက်သက် လူပါးဝတာ မနန်းခိုင်ရဲ့။ သင်းမြ ကြိုက်တာကို တမင်လုပ်ပြပြီး သင်းမြကို စိမ်ခေါ်တာ။ သူ င်းမြကို စိတ်ဆင်းရဲအောင်လုပ်ပြီး အနုနည်းနဲ့ သတ်နေတာ။ င်းမြ သူ့ကိုမုန်းတယ်၊ အရမ်းမုန်းတယ်'

မေမေ့အခန်းဝမှာ တွေတွေလေးရပ်ရင်း သစ်သစ်သည် ရေရာရာ မသိသေးသော အကြောင်းအရာတစ်ခုကို နား ထောင်ချင်ဘဲ နားထောင်နေရပြန်လေသည်။ မေမေ့အနားတွင် ကြီးကြီးနန်းရှိနေသော်လည်း ကြီးကြီးနန်းသည် မေမေ့အတွက် ချေသိမ့်စရာ စကားကို ရှာတွေ့ဟန်မတူ။ တိတ်ဆိတ်နေလေ သည်။ သစ်သစ်သည် မေမေနှင့်ကြီးကြီးနန်း မမြင်အောင် အခန်း နံလေးမှာ ကျောမှီထိုင်ရင်း မေမေ့စကားသံတွေကို ဝမ်းနည်း စွာ နားထောင်နေမိသည်။

'စဉ်းစားကြည့်ပါဦး မနန်းရယ်။ အဲဒီ စံပယ်ဆိုတဲ့ ကောင်မကို သူက အိမ်တစ်ဆောင် မီးတပြောင် ထားလိုက်ရုံ အပြင် လုပ်ကိုင်စားဖို့ အရင်းအနှီးတောင် ထုတ်ပေးလိုက်သေး တယ်တဲ့။ အဲဒီကောင်မက စဝ်နိုင်ကို ချူစားနေတာ မနန်းရဲ့။

www.burmeseclassic.com

www.burmeseclassic.com



အခု သူဝယ်ပေးလိုက်တဲ့ အိမ်ပေါ်မှာ မိဘတွေပါ ခေါ်တင်ပြီး တစ်အိမ်လုံးတက်စားနေကြတာ။ သူ နွားကျတာ အရေးမကြီး ပေမယ့် သင်းမြကတော့ ရှက်လွန်းလို့။ သူ သင်းမြကို တမင်... တာ၊ မခံချင်အောင်ကို တမင်လုပ်တာ မနန်းရဲ့။ သင်းမြ သူ့ကို သတ်ချင်တယ်။ သေအောင် သတ်ချင်တယ်။ အဟင့်... ဟီး... ဟီး...'

ပြောပြောဆိုဆို ငိုကြွေးလိုက်သော မမေ့အသံကို စိတ်... မချမ်းမမြေ့ဖွယ်ရာ ကြားလိုက်ရသည့်အချိန်မှာတော့ သစ်သစ် လက်ဖျားကလေးတွေ အေးစက်လာကာ မျက်ရည်များကလည်း တားမရဆီးမရ ပိုးပိုးပေါက်ပေါက် ကျလာရတော့သည်။

## အခန်း ၊ ၃၈ ၊

ဖေဖေ ခြံထဲမှ ကားမောင်းထွက်သွားသံကို ကြားလိုက်ရပြီး ထမင်းစားခန်းထဲတွင် မေမေ ပန်းကန်များကို ပစ်ပေါက်ခွဲသံများကို ဆက်တိုက် ကြားနေရသေးသော်လည်း ဒီတစ်ခါမှာတော့ သစ်သစ်သည် အောက်ထပ်ကို မဆင်းဖြစ်အောင် ကိုယ့်ခြေထောက်တွေကို လက်နှင့်ကိုင်ရင်း လှေကားအပေါ်ဆုံးထပ်မှာ ပေပြီးထိုင်နေမိသည်။

ဖေဖေနှင့်မေမေ၏ရန်ပွဲတွေက သစ်သစ်၏ နုနယ်လှသောစိတ်ကို ဘယ်လောက် ဒုက္ခရောက်စေသည်၊ ဘယ်လောက် မွန်းကြပ်စေသည်ဆိုတာကို သူတို့နားလည်အောင် သစ်သစ် ပြောပြချင်သည်။ သို့သော်လည်း အကြိမ်ကြိမ်အဖန်ဖန် မျိုသိပ် ကြိတ်မှိတ်ခဲ့ရသော စိတ်ခံစားမှုတို့က ကြာလေလေ သစ်သစ်ကို ပိုပြီး ဆွံ့အစေလေလေ ဖြစ်လာရသည်။ ပျော်ရွှင်မှုတွေ ပျောက်ဆုံးခဲ့ရတာကြာပြီဖြစ်သောကြောင့် တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကို ပြုံးမှပြုံးတတ်ပါသေးရဲ့လား သံသယဝင်မိသည်။ မျက်နှာပြင်ရှိ အကြောများက အလုပ်မလုပ်တာ ကြာနေပြီဖြစ်သောကြောင့် အမြဲလိုလို တင်းတင်းမာမာကြီး ဖြစ်နေတာကိုတော့ ကိုယ့်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် သတိထားမိသည်။ ကျောင်းမှာဆိုရင်လည်း ဘယ်သူနဲ့မှ သစ်သစ် စကားမပြောခြင်း၊ အိမ်မှာလည်း တစ်ချိန်လုံး ငြိမ် သက်နေမိကာ ဘာကိုမှ စိတ်မဝင်စားနိုင်ဘဲ တွေးနေ မှိုင်နေတာ နဲ့ပဲ အချိန်တွေကို ကုန်စေခဲ့ရသည်။ ဒီရန်ပွဲတွေ ဘယ်တော့ အဆုံးသတ်မလဲ သစ်သစ် စိတ်အားငယ်စွာ တွေးမိသည်။

'သမီး...'

သစ်သစ် ဘယ်လောက်တောင် ငေးနေမိလဲ မပြော တတ်။ အနားမှာ မေမေလာရပ်တာကိုတောင် သတိမထားမိလိုက် ဘဲ အသံကြားမှ မော့ကြည့်မိသည်။ မေမေသည် သစ်သစ်နံဘေး တွင် အသာဝင်ထိုင်ပြီး သစ်သစ်ပခုံးကိုဖက်ထားရင်း စကား စသည်။

'သမီးဖေဖေရဲ့ လုပ်ရပ်တွေ သမီးလည်းကြားတယ် မဟုတ်လား။ ယောက်ျားတွေဟာ သိပ်မုန်းဖို့ကောင်းတယ် သမီး ဘယ်လိုမှလည်း ယုံကြည်စရာမကောင်းတဲ့အပြင် ယုတ်မာ ကောက်ကျစ်တဲ့စိတ်ကလည်း အပြည့်ရှိသေးတယ်။ ဒီတစ်သက် သမီး ဘယ်တော့မှ ယောက်ျားမယူရဘူး။ မေမေ တားမြစ်တယ်။ သမီးလေး ယောက်ျားယူပြီး စိတ်ဆင်းရဲနေရတဲ့ဘဝကို မေမေ မမြင်ရက်ဘူး။ မေမေ့ကို သမီး တကယ်ချစ်တယ်ဆိုရင် မေမေ့ စကားကို နားထောင်နော် သမီး'

သစ်သစ်သည် မေမေ့ကို မျက်လုံးဝိုင်းကြီးများဖြင့် မော့ကြည့်ရင်း ခေါင်းကို ကယောင်ကတမ်း ညိတ်ပြလိုက်မိ သည်။ မေမေသည် သစ်သစ်၏ခေါင်းမှ ဆံပင်လေးများကို ဖွဖွ လေးကိုင်ရင်း ခပ်ပြုံးပြုံးလေး စကားဆက်ပြောသည်။



'အချစ်ဆိုတာ အရမ်း ပူလောင်လွန်းပါတယ် သမီး ရယ်။ မေမေ့ဘဝမှာလေ ကိုယ်လိုချင်တာ ဘယ်တော့မှ မရခဲ့ ဘူး။ ကိုယ်ဖြစ်ချင်တာတွေလည်း ဘယ်တော့မှ မဖြစ်ခဲ့ရဘူး။ ဒီ့အတွက် မေမေ အမြဲတမ်း စိတ်ဆင်းရဲခဲ့ရတယ်။ အခု သမီး ဖေဖေ မိန်းမတစ်ယောက်နဲ့ရှုပ်နေတဲ့ကိစ္စမှာ မေမေ ဝင်ပါတာ အပြစ်ရှိတယ်လို့ သမီးထင်သလား။ မေမေဟာ ကိုယ်လိုချင်တဲ့ အရာ ဘာဆိုတာကို သေသေချာချာ သိခဲ့ပါလျက်နဲ့ ယူရဲတဲ့ သတ္တိမရှိခဲ့လို့ မေမေ့ဘဝတစ်လျှောက်လုံး အရှုံးတွေကိုပဲ ရင်ဆိုင် ခဲ့ရတယ်။ သမီးကိုတော့ မေမေ ဒါမျိုး မဖြစ်စေချင်ဘူး။ ကိုယ့် ရင်ထဲက ဆန္ဒမှန်သမျှကို ရဲရဲဝံ့ဝံ့ အကောင်အထည်ဖော်ရဲတဲ့ သတ္တိမျိုး သမီး အမြဲမွေးရမယ်။ ကြားလား သမီး'

အဲဒီနောက် မေမေသည် ဘာစကားမှ ဆက်မပြော တော့ဘဲ စဉ်းစားနေပြန်သည်။ သစ်သစ်သည် မေမေ့ပေါင်ပေါ် တွင် ခေါင်းလေးကိုမှီလိုက်ရင်း မေမေ့စကားတွေကို အကြိမ် ကြိမ် ကြားယောင်ကာ အဓိပ္ပာယ်တွေကို တတ်သလောက် မှတ် သလောက်ဉာဏ်လေးဖြင့် ဖော်ယူကြည့်နေမိလေသည်။

၀၆

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၁၉ ၊

'သူတို့နှစ်ယောက်မပြတ်ကြသေးဘူး မနန်းရဲ့။ သင်းမြ ခုလုပ်မှ ဖြစ်တော့မယ်'

'ဘာတွေ လျှောက်လုပ်ဦးမလို့လဲ ညီမရယ်။ မနန်းခိုင် င်လေးကို သေချာမေးကြည့်ပြီးပါပြီ။ ဒီလိုပဲ မိတ်ဆွေတွေ ဆက်ဆံနေတဲ့သဘောပဲ ရှိပါတယ်'

'မိတ်ဆွေ မိတ်ဆွေနဲ့ အိမ်ပေါ်ကို တက်လာရင် ဘယ် လုပ်မလဲ မနန်းခိုင်။ သင်းမြတော့ စဝ်နိုင်ကို မယုံဘူး'

'သင်းမြရယ်... အသက်ကလေးတွေလည်း တဖြည်း ကြီးလာကြပြီ။ ကလေးတွေလည်း ငယ်တော့တာမဟုတ် ဘာလုပ်လုပ် သူတို့အတွက် နည်းနည်းတော့ ထည့်စဉ်းစား ပါ'

'တစ်ခါတလေတော့လည်း သင်းမြ လိမ္မာချင်ပါတယ် နန်းခိုင်ရယ်။ ဒါပေမယ့် တစ်ခါတလေ သင်းမြ အရမ်း ဆိုး တယ်။ စဝ်နိုင်ကို ဒေါသထွက်အောင် လုပ်ချင်တယ်။ သူ ဒေါသထွက်ရင် သင်းမြ သိပ်ပျော်တာပဲ'

'မဟုတ်တာ...'

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးနန်းက စိတ်ရှုပ်ထွေးစွာ ခေါင်းကို ခါယမ်း လိုက်တော့ မေမေက ကြီးကြီးနန်းမျက်နှာကိုကြည့်ပြီး အဓိပ္ပာယ် မရှိ ထရယ်သည်။ ပုဇွန်ခြောက်နိုင်နိုင်၊ ငရုတ်သီးစိမ်းစပ်စပ် ငါးပိများများနှင့် မက်မန်းသီးသုတ်ကို ကြီးကြီးနန်းက သစ်သစ် အတွက် သုတ်ပေး၍ ဒန်းလေးပေါ်တွင် စိတ်လိုလက်ရထိုင်ပြီး စားနေစဉ် မေမေ ရောက်လာခြင်းဖြစ်သည်။ မေမေသည် အ ကထက်စာရင် အများကြီး ပိန်ကျသွားတာကို သစ်သစ် သ ထားမိသည်။ ဖြူဖွေးသောအသားအရည်သည် သွေးမရှိသယော ဖြူရော်ရော်နှင့် မေမေ့ကိုကြည့်ရတာ အားအင်ကုန်ခမ်း သယောင် ကိုယ်ပါရောပြီး ခံစားမိသည်။ မေမေ့မှာ စိတ် ဒ မှုဒဏ်တွေ ဘယ်လောက်များများ ခံစားနေရသလဲ။ စိတ်ထော လို့ကိုယ်ကြေရသည့် ဝေဒနာမျိုး မေမေ့မှာ စွဲကပ်နေပြီလား သစ်သစ် မေမေ့ကို စိတ်ပူမိပါသည်။

'ကိုယ့်စိတ်နဲ့ကိုယ် ပြန်သေနေရတဲ့အဖြစ်မျိုး ဘာ ဖန်တီးချင်ရတာလဲ သင်းမြရယ်။ စိတ်တွေကို လျှော့ကြစမ်းပါ မနန်း ကြားထဲက တောင်းပန်ပါတယ်'

'မနန်းခိုင်… စဝ်နိုင်က သင်းမြကိုဆိုရင် သိပ်မုန်း ပဲနော်။ ဘာဖြစ်လို့လဲ မနန်း သိလားဟင်'

'ကလေးရှေ့မှာကွယ်၊ မဟုတ်တာတွေ လျှောက်ပြော မနေနဲ့။ တစ်ဖက်နဲ့တစ်ဖက် နားလည်မှုလေးထားပြီး လျှော့လိုက် ကြရင် ပြေလည်မယ့်ကိစ္စကို ဘာမဟုတ်တာတွေနဲ့ အလ တင်းခံနေကြတယ်'

'အင်း… လျှော့ရမယ်၊ လျှော့ရမယ် ဟုတ်လား မန



အဟင်းဟင်း… သင်းမြက လျှော့ချင်ပါတယ်။ အင်း… ဒါပေမယ့် ခုတော့မဟုတ်သေးဘူး။ လောလောဆယ်မှာတော့ ဟို ကောင်မနဲ့ကိစ္စကို အပြတ်ရှင်းပစ်ရဦးမယ်။ တွေ့ကြသေးတာ ပေါ့ စံပယ်ရယ်။ ဒီတစ်ခါ အရင်တစ်ခေါက်ကထက် ပိုဆိုးမယ် မှတ်ပါ'

ကြီးကြီးနန်းနှင့်သစ်သစ်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိသည်။ ပြီးတော့ ကြီးကြီးနန်းက ဘာကိုတွေးနေသည် သစ်သစ် မသိနိုင်သော်လည်း သစ်သစ် မျက်လုံးထဲမှာတော့ မေမေပြောပြောနေသည့် စံပယ်ဆိုသော မိန်းမတစ်ယောက်၏ အသွင်သဏ္ဌာန်ကို ပုံဖော်ကြည့်နေမိသည်။ ဖေ ေဖနှင့်မေမေတို့ကြားမှာ ပြဿနာကို ဆေးရောင်စုံခြယ်နေ သော စံပယ်ဆိုသော မိန်းမကို သစ်သစ် မုန်းပစ်ရမည်လား။

လူတွေကို သစ်သစ် မမုန်းချင်ပါ။

မမုန်းချင်ဘဲ မုန်းရမည့်အခြေအနေတွေကို သစ်သစ် ဘယ်လောက်ထိ၊ ဘယ်လောက်ကြာကြာအထိ ရင်ဆိုင်နေရဦး မလဲ။

သစ်သစ် ခါးသီးစွာ တွေးနေမိသည်။

ဇ

www.burmeseclassic.com

www.burmeseclassic.com

## န်း ၊ ၆၀ ၊

မေမေသည် မနေ့က မနက်အစောကြီးကတည်းက
တစ်စီးနှင့် အိမ်ကထွက်သွားတာ ညက ဘယ်အချိန်မှ ပြန်
က်လာလဲ သစ်သစ်တို့တောင် မသိလိုက်ပါ။ ကြီးကြီးနန်း
သူ့သူငယ်ချင်းအိမ်မှာ အိပ်ချင်အိပ်မှာပေါ့လို့ သစ်သစ်ကို
ရင်း အိပ်ရာအတင်းဝင်ခိုင်းတော့ သစ်သစ်မှာ မေမေ့ကို
ပူနေမိပြီး တော်တော်နှင့် အိပ်မပျော်ခဲ့ပါ။

ဒီနေ့မနက် သစ်သစ် အိပ်ရာနိုးလာတော့ မေမေ့ကို
ခုတင်ပေါ်တွင် ပက်လက်ကလေး လှဲနေတာကိုတွေ့လိုက်ရ
ဖြင့် သစ်သစ် ဝမ်းသာသွားမိသည်။

'မေမေ ဘယ်အချိန်က ပြန်ရောက်လာတာလဲဟင်။
စ်သစ်က မေမေ့ကို စိတ်ပူနေတာ'

သစ်သစ်က မေမေ့ကိုယ်လုံးလေးကို လှုပ်ကိုင်ပြီးပြော
တော့ မေမေ့မျက်ဝန်းတွေက သစ်သစ်ကိုမကြည့်ဘဲ မြင်နေရ
သော ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်ကို ငေးကြည့်နေ
သည်။ မေမေ့မျက်ဝန်းမှာ မျက်ရည်စတွေ မြင်တွေ့ရလို့
စ်သစ် အနည်းငယ် စိတ်သက်သာရာရသွားသော်လည်း စကား

www.burmeseclassic.com

www.burmeseclassic.com



ပြန်မပြောသဖြင့် သစ်သစ် နည်းနည်းတော့ စိတ်ညစ်သွားမိ
ဘာထပ်ပြောရင် ကောင်းမလဲ စဉ်းစားနေစဉ်မှာပင် အခန်း
သို့ ကြီးကြီးနန်းနှင့်ကိုရဲ ဝင်လာပါသည်။ ကြီးကြီးနန်းလက်
တွင် နွားနို့တစ်ခွက်ပါလာပြီး မေမေ့အနားတွင် ညင်ညင်
သာ ဝင်ထိုင်ပါသည်။ ကိုရဲကတော့ သစ်သစ်အနားရောက်
ကာ ပြုံးနေသောမျက်နှာနှင့် မေမေ့လက်ကို ခပ်ဖွဖွကိုင်သည်
ပြီးတော့မှ -

'မေမေ သားတို့အောင်စာရင်းတွေ ဒီနေ့ပဲ ထွက်တယ်
ဘာသာစုံဂုဏ်ထူးနဲ့ သားတို့ကျောင်းမှာ သား ပထမရ
မေမေ'

ကိုရဲစကားကြောင့် သစ်သစ်သည် အရမ်းဝမ်း
သွားရကာ ကိုရဲကို ဖက်နမ်းလိုက်သည်။ ဒီတော့မှ ငေးနေ
မေမေ့မျက်လုံးများသည် ကိုရဲဆီသို့ ရွေ့လျားလာကာ
သဲ့သဲ့ဖြင့်-

'သားက သိပ်တော်တာပဲ ဆရာဝန်ကြီးဖြစ်အောင်
လုပ်နော် သား'

'ဟုတ်ကဲ့ပါ မေမေ'

'မေမေ သစ်သစ်လည်း စာမေးပွဲအောင်တယ်၊
လည်း စာမေးပွဲအောင်တယ်ဆိုတော့ သမီးတို့ကို ဘာဆု
လဲ'

'အေး… ဟုတ်တာပေါ့ သင်းမြရဲ့။ ကလေးတွေ
တစ်ခုခုတော့ ဆုချပေးပေါ့'

ကြီးကြီးနန်းစကားကြောင့် မေမေသည် အနည်း

ရွှန်းလာကာ လှဲနေရာမှ ထထိုင်ဖို့ ကြိုးစားလိုက်သည်။
ကြီးကြီးနန်းနှင့် ကိုရဲ အကူအညီဖြင့် ခေါင်းအုံးလေးကိုမှီပြီး
မေထိုင်အပြီးမှာ ကြီးကြီးက မေမေ့လက်ထဲကို နွားနို့ခွက်
ထည့်သည်။ မေမေက ဒီတစ်ခါတော့ မငြင်းဘဲ နွားနို့ကို
လိုက်ရ သောက်ပါသည်။ ပြီးတော့မှ-

'သားတို့သမီးတို့ လိုချင်တာပေးမှာပေါ့။ ကဲ… ဘာ
ချင်လဲပြော။ မေမေကိုယ်တိုင် ဝယ်ပေးမယ်'

'ဒါဆိုရင် သား စဉ်းစားလိုက်ဦးမယ် မေမေ၊ ခု
လောလောဆယ် မစဉ်းစားရသေးဘူး။ သစ်သစ် နင်ကော စဉ်း
ပြီးပြီလား'

'ဟင့်အင်း… သစ်သစ်လည်း နောက်မှ မေမေ့ကို
ပါ့မယ်။ ခု မေမေက သိပ်နေကောင်းတဲ့ပုံ မပေါ်ဘူး။
မေ ကျန်းမာအောင်နေနော်။ ဒါမှ သစ်သစ်လိုချင်တာကို
လို့ရမှာ'

သစ်သစ်က အလိုက်သိစွာ ပြောလိုက်တော့ ကြီးကြီး
က သဘောကျစွာ ရယ်လိုက်သလို မေမေ့မျက်နှာလေးက
ည်း အနည်းငယ် ပြုံးသွားပါသည်။ မေမေသည် ထိုနေ့က
ကောင်းပုံမရသော်လည်း မျက်နှာလေးက ကြည်လင်နေသဖြင့်
သစ် စိတ်တော့ ချမ်းသာမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၆၁ ၊

ညဘက် အိပ်ခန်းထဲတွင် သစ်သစ်တစ်ယောက်တည်း ကာတွန်းဖတ်နေစဉ် မေမေသည် သစ်သစ်အခန်းထဲကို ရောက်လာပါသည်။ မေမေသည် ဆံပင်များကို ဒီအတိုင်း ဖားလျားချထားပြီး လက်ထဲမှာလည်း စာအိတ်အဖြူလေးတစ်ခုကို ကိုင်ထားပါသည်။ မေမေ့မျက်နှာကိုကြည့်မိတော့ ပုံမှန်အတိုင်း အေးအေးဆေးဆေး အနေအထားမို့ သစ်သစ်သည် မေမေ့ကို ပြုံးပြလိုက်ရင်း-

'မေမေ မအိပ်သေးဘူးလား။ သစ်သစ်က မေမေ့ကို အိပ်နေပြီထင်တာ။ ခုပဲ စာအုပ်ဖတ်ပြီးရင် မေမေ့ကို လာချောင်းတော့မလို့'

'စာရေးနေလို့ သမီးရဲ့၊ မေမေ ခုပဲ အိပ်တော့မှာပါ'

'ဘာစာတွေရေးနေတာလဲ မေမေရဲ့'

မေမေ့မျက်နှာလေးသည် သစ်သစ်၏ စာကြည့်မီး မီးရောင်အောက်တွင် ဝင်းပပလေးဖြစ်နေပါသည်။ သေးသွယ်သော မျက်ခုံးမွေးအောက်မှ မျက်ဝန်းများကလည်း ခါတိုင်းလို ဖျော့တော့မနေဘဲ အရောင်လက်နေပါသည်။ မေမေက သစ်သစ်

www.burmeseclassic.com

www.burmeseclassic.com



နဖူးလေးကို တစ်ချက်ခပ်ဖွဖွနမ်းရင်း လက်ထဲသို့ သူကိုင်လာသော စာအိတ်လေးကို ထည့်သည်။

'သမီးဖေဖေကို ပေးပေးနော် သမီး၊ မေမေက ပေးခိုင်းတယ်လို့ ပြော'

'ဖေဖေ့အတွက်... ဟင်း... ဖေဖေက သမီးတို့ဆီ အမြဲလာတာမှ မဟုတ်တာ။ သစ်သစ်က ဘယ်လိုပေးရမှာလဲ'

'အင်း... သူလာမှာပါ သမီးရယ်'

'ဘယ်နေ့လာမယ် မေမေ သေချာသိလို့လား'

'အဟင်း... ဒီတစ်ရက်နှစ်ရက် ဒါမှမဟုတ် တစ်ပတ်အတွင်းပေါ့ သမီးရဲ့။ သမီးဖေဖေ လာမှာပါ။ လာရင်သာ ဒီစာကို သေချာပေးပေး ဟုတ်ပြီလား။ ကဲ... သမီးလည်း စာဖတ်ပြီးရင် အိပ်တော့။ မေမေလည်း အိပ်တော့မယ်'

မေမေသည် စကားကိုမြန်မြန်ဖြတ်ကာ သစ်သစ်ပါးလေးကို ထပ်မံမွှေးကြူလိုက်ပြီး သစ်သစ်ကို သူ့ရင်ခွင်ထဲမှာ ခပ်ကြာကြာလေး ဖက်ထားပါသည်။ သစ်သစ်ကလည်း မေမေ့ကို ပြန်ဖက်ထားရင်း အသာလေးငြိမ်နေလိုက်သည်။ အတော်လေးကြာတော့မှ မေမေသည် ဖက်ထားရာမှခွာလိုက်ကာ သစ်သစ်ကို တစ်ချက်လေးတောင် စောင်းငဲ့မကြည့်တော့ဘဲ သစ်သစ်အခန်းထဲမှ ထွက်သွားတော့သည်။

သစ်သစ်သည် မေမေပေးခဲ့သော စာအိတ်ထူထူရှည်ရှည်လေးကို လှည့်ပတ်ကြည့်ပြီး ခေါင်းအုံးအောက်သို့ ထည့်ထားလိုက်သည်။ မေမေက ဖေဖေ့ကိုစာပေးတယ်ဆိုတော့ တောင်းပန်တဲ့စာပဲ ဖြစ်ရမယ်။ ဒါဆို ဖေဖေကလည်း ကျေနပ်



…း မေမေနဲ့ပြေလည်ရင် သစ်သစ်တို့မိသားစုလေး သိပ်ကိုပျော်…ကောင်းမှာပဲလို့ ကိုယ်လိုရာတွေး စိတ်ကူးယဉ်ရင်း ကာတွန်း…အုပ်ကိုတောင် ပြီးအောင်ဆက်မဖတ်တော့ဘဲ အိပ်ရာ စော…ဝင်လိုက်လေသည်။

ဖြ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊၆၂၊

မနက်ကျတော့ သစ်သစ်သည် အိပ်မက်တွေ ကယောင်ကတမ်းမက်ရင်း အိပ်ရာမှလန့်နိုးလာခဲ့သည်။ နာရီကိုကြည့်လိုက်တော့ မနက် ၆နာရီပဲရှိသေးပြီး အပြင်ဘက် အောက်ထပ်ဆီကတော့ လူသံတချို့ကို ကြားနေရသည်။ ပြန်လည်းအိပ်လို့ မရတော့တာနှင့် သစ်သစ်သည် ခေါင်းအုံးလေးကိုဖက်ရင်း တစ်ညလုံးမက်ခဲ့သော အိပ်မက်တွေကို ပြန်စဉ်းစားနေမိသည်။

အိပ်မက်ထဲတွင် မေမေသည် တစ်နေရာရာကို သွားမည့်သဘောနှင့် သစ်သစ်ကို လာနှုတ်ဆက်နေသည်။ မေမေက ဆံပင်တွေကို ဖားလျားချထားပြီး အင်္ကျီအနက်၊ လုံချည်အနက်နှင့် လည်ပင်းမှာလည်း ပုဝါအနက်လေးကို ပတ်ထားပါသည်။ သစ်သစ်က 'မေမေ ဘယ်သွားမှာလဲ၊ သစ်သစ်လည်း လိုက်မယ်' လို့ မေမေ့လက်ကို အတင်းဆွဲပြီးပြောတော့ မေမေက ခပ်ပြုံးပြုံးနှင့် သူ့လက်ကို အသာအယာပြန်ရုန်းကာ 'သမီးငယ်သေးတယ်' လို့ ပြောသည်။ သစ်သစ်က 'ဟင့်အင်း… ဟင့်အင်း… လိုက်မှာပဲ' ဆိုပြီး မေမေ့လက်ကို အတင်းပြန်ဆွဲတော့ တခိုးခိုးတခစ်ခစ်ရယ်မောရင်း သစ်သစ်ကို ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'မေမေ့ကိုချစ်တယ်ဆိုရင် မေမေ့စကားကို နားထောင်ရမယ် သမီးရဲ့။ မေမေမရှိတဲ့အချိန်မှာလည်း မေမေမှာခဲ့တာတွေ မမေ့နဲ့ဦးနော်။ ယောကျာ်းမယူရဘူး။ ပြီးတော့ သမီးဖေဖေဟာ အင်မတန်မုန်းဖို့ကောင်းတဲ့သူ။ ဒီအတွက် သမီး သူ့ကို မုန်းရမယ်။ မမေ့ရဘူးနော် သမီးလေး'လို့ ထပ်ပြောသည်။ နောက်တော့ မေမေသည် သစ်သစ် ကြည့်နေရင်းမှပင် အခိုးအငွေ့တွေလိုဖြစ်ကာ ပျောက်ကွယ်သွားလေသည်။

သစ်သစ်သည် မိုးလင်းသည့်အထိ ထိုအိပ်မက်တစ်ခုတည်းကိုပဲ ထပ်တလဲလဲမက်ရင်း ရင်တွေခုန်ကာ အိပ်ရာမှနိုးခဲ့ရသည်။ ညကပဲ မေမေ့ကို ကြည်ကြည်လင်လင်တွေ့ရသေးတဲ့ ဥစ္စာကို ပေါက်ကရတွေမက်သော ကိုယ့်အိပ်မက်ကို စိတ်လည်းဆိုးသွားမိသည်။

ညက မေမေပေးသွားသော စာအိတ်လေးကို ခေါင်းအုံးအောက် နှိုက်ကြည့်လိုက်တော့ စာအိတ်လေးက အနည်းငယ်တွန့်လိမ်ပြီး ထွက်လာသည်။ သစ်သစ်သည် မေမေ့စာအိတ်ကလေး ထပ်ကြေသွားမှာကိုစိုးရိမ်ပြီး အိပ်ရာမှထကာ ဘီရိုအံဆွဲထဲသို့ သွားထည့်လိုက်သည်။ ပြီးတော့ မျက်နှာသစ်၊ သွားတိုက်၊ ရေတစ်ခါတည်းချိုးပြီး မနက်စာကို ဘာစားရင်ကောင်းမလဲစဉ်းစားကာ အဝတ်အစားလဲလိုက်သည်။ တို့ဟူးနွေး မစားရတာကြာပြီမို့ ဈေးထဲမှာ အိမ်က တစ်ယောက်ယောက်ကို သွားဝယ်ခိုင်းဦးမှပဲလို့ အကြံရပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

သစ်သစ် အိပ်ခန်းတံခါးဖွင့်ဖွင့်ချင်း မျက်စောင်းထိုးလောက်ရှိ မေမေ့အခန်းဝမှာ လူ သုံးလေးယောက်ရပ်နေတာကို



တွေ့လိုက်ရသည်။ အပေါ်ထပ်တွင် အိပ်ခန်းလေးခန်းရှိသည့်အနက် သစ်သစ်နှင့်ကိုရဲအခန်းက ကပ်လျက်ဖြစ်ပြီး မေမေနှင့်ကြီးကြီးနန်းအခန်းက သစ်သစ်တို့အခန်းနှင့် မျက်စောင်းထိုးဘက်လောက်တွင် ကပ်လျက်တည်ရှိပါသည်။ ဖေဖေကတော့ အရင် ဘိုးဘိုးဘွားဘွားတို့နေခဲ့သော အောက်ထပ်အခန်းတွင်နေပါသည်။ ယခု ကြီးကြီးနန်းအခန်းတံခါးကလည်း ဟောင်းလောင်းပွင့်နေသလို ကိုရဲအခန်းတံခါးကလည်း ပွင့်နေသဖြင့် မနက်စောစောစီးစီး ဘာတွေဖြစ်နေကြတာလဲလို့ သစ်သစ် အံ့သြသွားမိရင်း ခြေလှမ်းတွေက မေမေ့အခန်းဘက်ကို ခပ်မြန်မြန်လေး လျှောက်သွားမိသည်။ ပြီးတော့ တံခါးဝမှာရှိနေသော လူတွေကို အတင်းတိုးပြီး မေမေ့အခန်းထဲကို ရောက်အောင် ဝင်လိုက်ပါသည်။

သစ်သစ် ပထမဆုံးမြင်လိုက်ရသော မြင်ကွင်းမှာ အိပ်ရာပေါ်တွင် ပက်လက်အနေအထားဖြင့် အိပ်နေသော မေမေ့ကိုယ်လုံးလေးကို ဂွမ်းစောင်ဝါဝါကြီးဖြင့် ရင်ဘတ်ပေါ်ထိ လွှမ်းခြုံပေးထားပြီး ခေါင်းရင်းနံဘေးမှာတော့ ကြီးကြီးနန်းနှင့်ကိုရဲသည် မျက်ရည်တွေကျကာ တရှုံ့ရှုံ့ ငိုကြွေးနေကြပါသည်။ နားကြပ်ကိုင်ထားသည့် ဆရာဝန်နှင့်တူသော လူတစ်ယောက်လည်း ရှိနေပြီး ဘေးနားမှာလည်း အိမ်ရှိ အလုပ်သမားတချို့ကိုလည်း မျက်နှာမကောင်းစွာ တွေ့လိုက်ရသည်။ သစ်သစ်သည် တဒိတ်ဒိတ်ခုန်နေသော ကိုယ့်ရင်ခုန်သံကို ကျယ်လောင်စွာကြားနေရင်း အားလုံးကို မျက်လုံးဝိုင်းဖြင့် လျှောက်ကြည့်နေမိသည်။ သစ်သစ်နှင့် ပထမဆုံး မျက်လုံးချင်းဆုံမိသူမှာ ကြီးကြီးနန်းပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ ကြီးကြီးနန်းသည် သစ်သစ်နှင့် မျက်လုံးချင်းဆုံမိသည့် တစ်ခဏမှာပင် မျက်ရည်များက ပိုလို့ပင် ပိုးပိုးပေါက်ပေါက်ကျလာကာ သစ်သစ်ကို တစ်လုံးချင်း စကားစပြောသည်။

'သမီးမေမေ အသက်မရှိတော့ဘူး'

သစ်သစ်သည် ကြီးကြီးနန်း၏ စကားသံကို သေချာပြတ်ပြတ်သားသား ကြားလိုက်ရသော်လည်း စိတ်ထဲမှာတော့ဘာမှ မသိလိုက်သလိုဖြစ်ကာ မေမေ့မျက်နှာကိုပဲ ငေးပြီး ကြည့်နေမိသည်။ မေမေ့၏မျက်နှာသည် ဖြူဖွေးနေပြီး အိပ်မက်ထဲမှာသစ်သစ်ကို မေမေ လာနှုတ်ဆက်သွားစဉ်က မျက်နှာနှင့် ထပ်တူထပ်မျှ တူညီနေသည်ဆိုတာကို သစ်သစ် ကောင်းကောင်း မှတ်မိလိုက်သည်။

ကြီးကြီးနန်းက မေမေ အသက်မရှိတော့ဘူးလို့ ပြောပါသည်။ အသက်မရှိတော့ဘူးဆိုတာ သေဆုံးသွားတာနဲ့ အတူတူပဲပေါ့။ မေမေသေပြီဆိုရင် မေမေ သစ်သစ်တို့နဲ့အတူတူနေလို့ဘယ်လိုလုပ်ရတော့မှာလဲ။ ဘာတွေဖြစ်ကုန်ကြတာလဲ။ မေမေကဘာလို့သေရတာလဲ။ ဟင့်အင်း… မေမေသေတာ သစ်သစ်ဖြင့်မယုံပါဘူး။ ညကတောင် သစ်သစ်အခန်းထဲလာပြီး သစ်သစ်တို့အကြာကြီးဖက်သွားသေးတဲ့ဥစ္စာ။ အခုမနက်မှ ဘယ်လိုဖြစ်ရတာလဲ။ မဟုတ်နိုင်ဘူး၊ မဖြစ်နိုင်ဘူးလို့ ခါးသီးစွာတွေးရင်းမေမေ့အနားသို့ ဖြည်းညင်းစွာ တိုးကပ်သွားမိသည်။ ပြီးတော့ဖြူဆွတ်ဆွတ် မေမေ့ပါးပြင်လေးကို လက်နှင့် အသာအယာလေးကိုင်ကြည့်မိသည်။ မေမေ့ပါးလေးက အေးစက်လို့နေပါလား။ကြီးကြီးနန်းနဲ့ကိုရဲကလည်း အလကားစွတ်ငိုနေကြတယ်။ ဘာ



ဘွမှန်းလည်း မသိဘူး။ သစ်သစ်ကတော့ မငိုပေါင်။ မေမေအသက်မရှိတော့ဘူးဆိုတာကို ယုံမှမယုံတာ။ သစ်သစ်သည်ကြီးကြီးနန်း၏မျက်နှာကို တစ်ချက်မော့ကြည့်ရင်း-

'ကြီးနန်း မေမေ အိပ်ပျော်နေတာ ဖြစ်မှာပါ။ ငိုမနေနဲ့ တိတ် တိတ်'လို့ ခပ်တိုးတိုးလေးပြောကာ နှစ်သိမ့်လိုက်သည့်အခါမှာတော့ ကြီးကြီးနန်း၏ငိုရှိုက်သံသည် ပိုလို့ကျယ်လောင်လာရင်း သစ်သစ်နားထဲမှာ လူတွေ၏ စကားပြောသံတချို့တို့ကို ဗလုံးဗထွေးကြားလာရကာ အမြင်အာရုံရော၊ အကြားအာရုံပါ တဖြည်းဖြည်း ဝေဝါးသလို ဖြစ်လာရသည်။

ကိုရဲက 'သစ်သစ် ငိုလိုက်လေ'လို့ တုန်တုန်ရီရီပြောလိုက်သံကို ခပ်ဝါးဝါးထပ်အကြားမှာ ရင်ထဲမှ ငိုချင်စိတ်တို့က တလိပ်လိပ်တက်လာသော်လည်း အတင်းကျိတ်မှိတ်မျိုချသဖြင့် လူတစ်ကိုယ်လုံး ထူထူထုံထုံကြီးဖြစ်ကာ ရင်ဘတ်ထဲမှာလည်း မခံမရပ်နိုင်အောင် အောင့်လာရသည်။

အဲဒီနောက် သစ်သစ်ကို တစ်စုံတစ်ယောက်က ပွေ့ယူလိုက်သည်ကို သိရှိလိုက်သော်လည်း မျက်ဝန်းထဲမှာတော့ ညကမေမေ့ပုံသဏ္ဌာန်ကို ပြန်မြင်လိုက်ရရင်း အသိစိတ်ကော မသိစိတ်ကပါ မေမေ့နောက်သို့ အပြေးအလွှား လိုက်သွားမိလေသည်။

မေမေရယ်…

သစ်သစ်ကို ထားမသွားပါနဲ့ဦး။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၆၃ ၊

'သမီးလေး နွားနို့လေးတော့ သောက်ပါ သမီးရယ်'

ကြီးကြီးနန်း၏စကားကို သစ်သစ် ခေါင်းခါပြလိုက်မယ့် ကိုယ့်ခေါင်းက နည်းနည်းလေးတောင် လှုပ်ရှားမှုဖြစ်လာဘူးဆိုတာ ကိုယ့်ဟာကိုယ်လည်း ရိပ်မိလိုက်ပါသည်။ စိတ်ထဲမှာခံစားနေရသောဝေဒနာက သစ်သစ်ကို ပြင်းထန်စွာ ဒုက္ခပေးနေတုန်းပင် ဖြစ်သည်။ ဖြစ်ပျက်ခံစားခဲ့ရသော အကြောင်းအရာများက သစ်သစ်အတွက် ဒီဘဝတင်မဟုတ် နောင်ဘဝထိအောင် မေ့ပျောက်နိုင်ဖို့ဆိုတာက အမှန်ပင် မလွယ်ကူပေ။

'သမီးလေး… အစာမစားတာလည်း ကြာနေပြီ။ ဒီအတိုင်းဆို သမီးလေးပဲ ဒုက္ခရောက်မယ်။ ကြီးကြီးနန်း ရင်ကျိုးအောင်တော့ မလုပ်ပါနဲ့ သမီးရယ်။ ကြီးကြီးနန်းကို သနားရင် နွားနို့လေးတော့ နည်းနည်းသောက်ပါနော်'

တုန်ရီလှိုက်ခါနေသော ကြီးကြီးနန်းအသံက သစ်သစ်၏နှလုံးသားကို ပိုလို့ထိခိုက်စေပါသည်။ ဖြူလျော်ခြောက်သွေ့နေတဲ့ နှုတ်ခမ်းတွေက အစာကို လက်မခံတာပါ။ ကြီးနန်းရယ်… သစ်သစ်က လက်မခံတာမဟုတ်ပါဘူး။ စိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောနေမိသည်။ မျက်ဝန်းတွေကတော့ ကိုယ့်သွေးကြောထဲက တစ်စက်ချင်း တစ်စက်ချင်း စိမ့်ဝင်နေသည့် ဂလူးကို့စ်ပုလင်းကို အဓိပ္ပာယ်မဲ့ ငေးစိုက်ကြည့်နေမိသည်။

'သစ်သစ်... ညီမလေး၊ ကိုရဲ ညီမလေးကို ပြောစရာ ရှိတယ်'

ကိုရဲ့အသံက ကြီးနန်းအသံလောက် တုန်ယင်မနေသော်လည်း အနည်းငယ်တော့ ယိုင်နဲ့နဲ့ဖြစ်နေကာ သစ်သစ်နားထဲမှာ လည်း တိုးတိုးလေးသာ ကြားရပါသည်။

'ဖေဖေက ညီမလေးကို စာပေးလိုက်တယ်။ ညီမလေး မဖတ်နိုင်ဘူးဆိုရင် ကိုရဲ့ကို ဖတ်ပြလိုက်ပါတဲ့။ ကိုရဲ ဖတ်ပြ မယ်နော်'

ကိုရဲက သစ်သစ်၏ သဘောတူခွင့်ပြုချက်ကို တောင်း ယူမနေဘဲ စာရွက်ခေါက်ကို ဖြန့်လိုက်သည့်အသံ သစ်သစ် ကြားလိုက်ရသည်။ 'သစ်သစ် ဖေဖေ့ကိုမုန်းတယ်၊ ဖေဖေ့မျက် နှာ၊ ဖေဖေ့အသံကို တစ်ခုမှ မမြင်ချင် မကြားချင်သလို ဖေဖေ ရေးသည့်စာထဲက အကြောင်းအရာတွေကိုလည်း သစ်သစ် သိ တစ်ခုမှ မသိချင်ဘူးလို့' ပါးစပ်က အော်ပြောလိုက်ချင်သော် လည်း ကိုယ့်အသက်တောင် မနည်းရှူသွင်းနေရသည့်အချိန်မှာ သစ်သစ် လုပ်ချင်တာတွေ ဘယ်အရာကိုမှ မဖန်တီးနိုင်အောင် ဖြစ်နေရပါလားဆိုတာကို ကိုယ့်ကိုယ်ကို နားလည်လိုက်သည်။ ထိုအခိုက်အတန့်လေးအတွင်းမှာပဲ ကိုရဲဆီမှ ခပ်ဖြည်းဖြည်း တိတိကျကျ ဖတ်လိုက်သော စကားသံတို့ကို သစ်သစ် ဆက် ကြားလိုက်ရပါသည်။

*သစ်သစ်...*

*ဖေဖေ့ကို တစ်သက်လုံးမုန်းချင်တယ်ဆိုရင် သစ်သစ်မှာ လုံလောက်တဲ့ခွန်အားတစ်ခုတော့ ရှိဖို့ လိုအပ်တယ်လို့ ဖေဖေ ယုံကြည်တယ်။ နောက်ပြီး သစ်သစ် ဒီလိုနေနေတာဟာ ပြိုင်ပွဲ တစ်ခုကို မစခင်ကတည်းက အရှုံးပေးလိုက်တာ နဲ့ အတူတူပဲဆိုတာ သစ်သစ် သတိထားမိရဲ့ လား။ သစ်သစ်မေမေ မှာခဲ့တဲ့အတိုင်း ဖေဖေ့ ကို တုံ့ပြန်ဖို့အတွက် အခု သစ်သစ် သုံးနေတဲ့ နည်းက မှားယွင်းနေတယ်လို့ ဖေဖေထင်တယ်။ လူတစ်ယောက်ကို ရေရှည်တိုက်ခိုက်ချင်တယ် ဆိုရင် အရင်ဆုံး ကိုယ့်ကိုယ်ကို ကျန်းမာအောင် ကြိုးစားပါ။ ဒါမှလည်း ပွဲတစ်ပွဲက တစ်ဖက် သတ် မဖြစ်တော့မှာပေါ့။ သစ်သစ်ရဲ့အမုန်း တွေနဲ့ရင်ဆိုင်ဖို့ ဖေဖေကတော့ အမြဲ အဆင်သင့် ရှိနေပါတယ်။ သစ်သစ်မေမေ ကျေနပ်နိုင် အောင် သေချာစဉ်းစားနိုင်ပါစေ။*

***ဖေဖေ***

ဖေဖေ့စာက ခပ်တိုတိုပေမယ့် သစ်သစ်နားထဲမှာတော့ ဖေဖေ့၏စကားသံတွေကို ဆက်လက်ပြီး ကြားနေရသေးသည်လို့ ထင်ယောင်နေမိသည်။

သစ်သစ်၏နှုတ်ခမ်းပေါ်တွင် ပျော့တော့သည့်အပြုံး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ထင်ဟပ်လာသည်။ ဖေဖေပြောတာတွေအားလုံး အ လုံးနိုးပါး မမှန်သော်လည်း ရှေ့ဆက်ပြီး ဘာလုပ်ရမည်ဆိုတာ သစ်သစ် နားလည်လိုက်ပါသည်။

ဖေဖေ့ကို သစ်သစ်က တိုက်ခိုက်နေတယ်လို့ ဖေ ယူဆနေတယ်တဲ့လား။ သစ်သစ် ဖေဖေ့ကို တိုက်ခိုက်ဖို့ တုန်းကမှ စိတ်ကူးမရှိခဲ့ပါဘူး ဖေဖေရယ်။ ဒါပေမယ့် ဖေဖေက သစ်သစ်ကို အဲလိုထင်နေပြီဆိုမှတော့ သစ်သစ် ဖေဖေ့ကိုတိုက်ခိုက်ဖို့ဆိုတာ နည်းနည်းတော့ စိတ်ဝင်စား ပေါ့။ တစ်ယောက်ကိုတစ်ယောက် ဘယ်တော့မှ စိတ် ကြေးနော် ဖေဖေ။

ဖွ

အခန်း ၊ ၆၄ ၊

မနက်ဖြန်ဆိုရင် သစ်သစ် တက္ကသိုလ်ဆက်တက်ဖို့ အတွက် မန္တလေးကို ပြောင်းရတော့မည် ဖြစ်သည်။ ယခုလက်ရှိ နေသောအိမ်ကြီးကို ရောင်းပစ်တော့မည်လို့လည်း ကြီးနန်းက ပြောပါသည်။ မန္တလေးကို ပြောင်းရွှေ့ဖို့အတွက် သစ်သစ်စိတ် တွေ သိပ်တက်ကြွမနေသော်လည်း ဒီအိမ်ကြီးမှာဆက်နေဖို့ကို ပြန်တော့လည်း သစ်သစ် သိပ်ပြီး စိတ်မဝင်စားတော့ပါ။

အချိန်တွေ သူ့အကန့်အသတ်နှင့်သူ နောက်မှာကျန်ခဲ့ ဆိုသော်လည်း သစ်သစ်မျက်ဝန်းထဲမှာတော့ မေမေ့အရိပ်တွေ၊ မေမေ့စကားသံတွေက အမြဲလိုလိုပင် လွှမ်းမိုးလျက်ရှိတုန်းပင် သည်။ ဒီအရိပ်၊ ဒီအသံ၊ ဒီခံစားမှုတွေနှင့်ဝေးအောင် သစ်သစ် နှင့် ဒီအိမ်ကြီးက ထွက်ခွာနိုင်ခဲ့လျှင် ခံစားခဲ့ရသော ဝေဒနာ တစ်စွန်းတစ်စ သက်သာစေနိုင်သည်လို့ သစ်သစ် မျှော်လင့် ပါသည်။ ဒါကြောင့်လည်း ဒီအိမ်ကြီးကိုစွန့်ခွာဖို့အရေးမှာ ဖေဖေ သည်ဆိုတာကို သိနေခဲ့သော်လည်း ကြီးကြီးနန်းကို ဘာ စ်ခုမှ စောဒကမတက်ဖြစ်တော့ဘဲ လွယ်လွယ်ကူကူ ခေါင်း တ်ပြလိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ မနက်ဖြန်ဆိုရင် သစ်သစ်တို့မွေးကတည်းက နေထိုင်လာခဲ့သော ဒီအိမ်ကြီးကို သစ်သစ် စွန့်ခွာရတော့မည်။ တစ်အိမ်လုံးလည်း ပစ္စည်းတွေအားလုံးနီးပါး သိမ်းပြီးကာ သစ်သစ်အခန်းထဲမှာလည်း သိမ်းစရာပစ္စည်း အနည်းအကျဉ်းသာ ကျန်ပါတော့သည်။

သစ်သစ်သည် ခုတင်ပေါ်တွင်ထိုင်ရင်း ကိုယ့်အခန်းလေးကို လှည့်ပတ်ကြည့်နေမိရာမှ တစ်စုံတစ်ရာကို သတိရကာ ခုတင်ပေါ်မှထပြီး အခန်းထောင့်ရှိ ဘီရိုတံခါးကို ဆွဲဖွင့်လိုက်သည်။ ဘီရိုထဲတွင် သစ်သစ်၏ အဝတ်အစားသုံးလေးစုံနှင့် အဖြူရောင် သစ်သားသေတ္တာရှည်ရှည်သေးသေးလေးတစ်လုံးသာ ရှိနေပါသည်။ သစ်သစ်သည် သေတ္တာလေးကို အတန်ကြာငေးစိုက်ကြည့်နေပြီးမှ ဖြည်းညင်းစွာ လှမ်းယူလိုက်သည်။ ပြီးတော့ သေတ္တာလေးကို ရင်ခွင်ထဲမှာထည့်ပြီး ခုတင်ပေါ်သို့ ပြန်လာထိုင်လိုက်သည်။ နောက် သေတ္တာလေးကို ခုတင်ပေါ်ချကာ အဖုံးလေးကို ညင်သာစွာဖွင့်လိုက်ပါသည်။

သေတ္တာလေးထဲမှာရှိနေသောအရာက တခြား ထွေထွေထူးထူးတော့ မဟုတ်ပါ။ အဖြူရောင်စာအိတ်ရှည်ရှည်လေးတစ်ခုနှင့် စာရွက်ခေါက်လေးတစ်ခုသာ ဖြစ်ပါသည်။ အဖြူရောင်စာအိတ်ရှည်လေးမှာ မေမေ မဆုံးခင်က ဖေဖေ့ကိုပေးခိုင်းသွားသောစာအိတ်ဖြစ်ပြီး စာရွက်ခေါက်လေးကတော့ သစ်သစ် မကောင်းစဉ်က ဖေဖေရေးပြီး ကိုရဲကဖတ်ပြခဲ့သော စာရွက်ကလေး ဖြစ်ပါသည်။

မေမေဆုံးပြီးကတည်းက ဖေဖေနှင့်တစ်ခါမှ မျက်နှာ



ချင်းမဆိုင်ခဲ့မိသောကြောင့် မေမေ ပေးခိုင်းခဲ့သော ထိုစာလေးကို ဖေဖေ့ကို သစ်သစ် မပေးဖြစ်ခဲ့ပါ။ ယခုဆိုရင် ဒီစာလေးသည် သစ်သစ်လက်ထဲတွင် ရောက်ရှိနေခဲ့သည်မှာ အချိန်သုံးနှစ်ကျော်ကြာခဲ့ပြီ ဖြစ်သည်။ လွန်ခဲ့သောခြောက်လလောက်ကတော့ သစ်သစ် ဘီရိုတွေရှင်းရင်း ဖေဖေ့စာနှင့်မေမေ့စာကို ဘာရယ်မဟုတ် ဒီသေတ္တာလေးထဲမှာ အတူတူထည့်ထားလိုက်မိသည်။ ထည့်ပြီးကတည်းက သစ်သစ်လည်း ဒီသေတ္တာလေးကို တစ်ကြိမ်မှ ဖွင့်မကြည့်ဖြစ်တော့ပေ။ ယခု အိမ်ပြောင်းတော့မယ်ဆိုပြီး ပစ္စည်းတွေသိမ်းတော့ ဒီသေတ္တာလေးကို ကိုယ်နဲ့အတူသယ်သွားဖို့စဉ်းစားမိရင်း ဖယ်ထားလိုက်မိခဲ့သည်။ ယခု သစ်သစ်လက်ထဲတွင် မေမေ့၏စာအိတ်လေးက ဟိုး ကုန်လွန်ခဲ့သောနှစ်များစွာကလိုပင် သပ်သပ်ရပ်ရပ် ရှိနေပါသေးသည်။ မေမေသည် နောက်ဆုံးအချိန်မှာ ဖေဖေ့ကို ဘာတွေရေးသွားခဲ့လဲဆိုတာ တစ်သက်လုံး သစ်သစ် စိတ်မဝင်စားခဲ့သော်လည်း ဒီနေ့မှာတော့ သစ်သစ်စိတ်ထဲ သိချင်စိတ်က ပြင်းပြစွာပေါ်လာပါသည်။

မေမေ့၏စာအိတ်လေးကို ဖောက်ဖတ်သင့်၊ မဖတ်သင့် အချိန်ကြာကြာ သစ်သစ် စဉ်းစားနေမိသည်။ နောက်တော့ ဖေဖေ့ကို တိုက်ခိုက်ဖို့အတွက် မေမေ့စာထဲမှာ သစ်သစ်အတွက် အသုံးဝင်နိုင်သည့် ဖေဖေ့အားနည်းချက်(သို့)လျှို့ဝှက်ချက် တစ်ခုတလေ ပါလေနိုး မျှော်လင့်ချက်ဖြင့် သစ်သစ်သည် မေမေ့စာလေးကို ခပ်မြန်မြန်လေးပင် ဖောက်ဖတ်လိုက်မိပါတော့သည်။

ဪ

www.burmeseclassic.com

www.burmeseclassic.com

## န်း ၊ ၆၅ ၊

ဒီနေ့ သစ်သစ် အတန်းစောစောပြီးတာမို့ ကားတစ် စီးနှင့် ယ်သွားရင်ကောင်းမလဲ စဉ်းစားနေမိသည်။ အိမ်ကို လည်း ပြန်ချင်သေး၊ ကိုရဲကျောင်းကိုလည်း မသွားချင်၊ တခြား ည်ပတ်စရာ ခင်မင်ရင်းနှီးသော သူငယ်ချင်းကလည်း မရှိ မို့ ကားလမ်းမပေါ်တွင် သစ်သစ်ကားလေးကို ဦးတည်ရာမဲ့ ျာက်မောင်းနေမိသည်။

ဒီ ကားလေးမောင်းတတ်တာကပဲ သစ်သစ်အတွက် ပွင်းပြေစရာ ဖြစ်နေရသည်။ ဖေဖေ့အစီအစဉ်နှင့် ကားမောင်း တ်ခဲ့သော်လည်း ယခုအချိန်ထိ ဖေဖေ့ကို ကျေးဇူးတင်တယ် ပြောဖို့ ဝေလာဝေး၊ မျက်နှာချင်းဆိုင်ရမှာတောင် သစ်သစ် တွန့် တ်နေတုန်းပင် ဖြစ်သည်။ အိမ်ကို တစ်ရံတစ်ခါ လာသည့် န်များတွင် ဖေဖေ့မျက်နှာချောချောကို ချောင်းကြည့်ရုံလောက် င်သာ သစ်သစ် တင်းတိမ်နေခဲ့သည်။

သစ်သစ်သည် ဖေဖေ့ကို ချောင်းကြည့်မိသောအတွေး တွေးလိုက်မိသည့်တစ်ခဏတွင် ယခု ဘယ်သွားရမှန်း စဉ်းစား ရသေးမယ့်အတူတူ ဖေဖေ့ရုံးရှိရာဘက်ကို သွားကြည့်ရင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမလား စိတ်ကူးရလိုက်မိသည်။ အဲဒီနောက် သစ်သ
သည် ကားလေးကို ဖေဖေ့ရုံးရှိရာဘက်သို့ ဦးတည်လိုက်သည်
ဖေဖေ့ရုံးက နှစ်ထပ်တိုက်မြင့်မြင့်ကြီးဖြစ်ပြီး ရှေ့
နှင့်ကပ်လျက်နားတွင် တည်ရှိပါသည်။ လမ်းမပေါ်မှာ ကား
ကော၊ စက်ဘီးတွေကော၊ ဆိုင်ကယ်တွေကောက မျက်စိနော
ရလောက်အောင် ဥဒဟိုသွားလာနေကြသည်မို့ သစ်သစ်ကား
ဖေဖေ့ရုံးရှေ့ရောက်လာသော်လည်း ကားရပ်စရာနေရာ ရှာမ
ဖြစ်နေရသည်။ ဒါပေမယ့်လည်း ရုံးရှေ့မှာ ဖေဖေ့ကား ရပ်
သည်ကို မတွေ့ရသောကြောင့် ဖေဖေမှရှိရဲ့လား သံသယဖြစ်
ကားကို နောက်တစ်ပတ် ပြန်ပတ်လိုက်သည်။

ဒီတစ်ခေါက် သစ်သစ်ကား ဖေဖေ့ရုံးရှေ့ကို ပြ
အရောက်မှာတော့ အခုမှ ရုံးကိုပြန်ရောက်လာပုံရသည့် ဖေဖေ့
ကားနှင့် တည့်တည့်တိုးပါတော့သည်။ သစ်သစ်မှာ ဖေဖေ့
ရုတ်တရက်မြင်လိုက်ရ၍ လန့်ဖျတ်သွားရကာ ကားဘရိတ်ကို
တောင် ကယောင်ကတန်း နင်းလိုက်မိသည်။ ဖေဖေသည် အ
ရောင်ရုပ်အင်္ကျီနှင့် ဘောင်းဘီအညိုဖျော့ဖျော့ကို သပ်ယပ်
ဝတ်ဆင်ထားကာ သစ်သစ်ရှိရာဘက်ကို တစ်ချက်လေးတော
သတိမပြုမိဘဲ သူ့ကားကို ရုံးရှေ့မှာရပ်ကာ ရုံးထဲကို ဝင်သွား
ပါသည်။

ဖေဖေ ရုံးထဲဝင်သွားတော့မှ သစ်သစ်သည် ကား
ဖြည်းလေးစွာ ဆက်မောင်းလာခဲ့လိုက်သည်။ နောက်ဘက်
မှာတော့ သစ်သစ်ကြောင့် ကားတွေ၊ ဆိုင်ကယ်တွေက လမ်း
ပေါ်တွင် အနည်းငယ် ပိတ်ဆို့သွားရလေသည်။



သစ်သစ်သည် အိမ်ကိုပြန်လာသည့် လမ်းတစ်လျှောက်
လုံး ဖေဖေနှင့်မေမေ့အကြောင်းကို ယှဉ်တွဲစဉ်းစားလာမိသည်။
ဖေဖေက သစ်သစ်ကို စွပ်စွဲခဲ့တယ်နော်။ ဖေဖေ့ကို သစ်သစ်က
တိုက်ခိုက်နေတယ်လို့လေ။ တကယ်တမ်း တိုက်ခိုက်ခဲ့တဲ့လူက
သစ်သစ်မဟုတ်ပါဘူး ဖေဖေရယ်။ ဖေဖေက တိုက်ခိုက်ခဲ့တာ
ပါ။ သစ်သစ်နဲ့မေမေ့ရဲ့ နှလုံးသားတွေကို ဘယ်လိုမှပြန်ပြီး
နလံမထူနိုင်အောင် ဖေဖေက တိုက်ခိုက်ခဲ့တာပါ။

ဖဒ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၆၆ ၊

သစ်သစ်၏ ခေါင်းအုံးတစ်ခုလုံးသည် သစ်သစ်၏ မျက်ရည်တို့ဖြင့် ရွဲနစ်စိုထိုင်းနေပါတော့သည်။ ရင်နှင့်မမျှ ခံစားခဲ့ရသောဝေဒနာတို့က တစ်ခုမပြီးခင် နောက်တစ်ခု အစဉ်လိုက် ပေါ်ပေါက်လာခဲ့သည်မို့ အနာမကျက်ခင် ဒီအနာပေါ်မှာပဲ နောက်ထပ်အနာတစ်ခု ထပ်ရလိုက်သလို နာကျင်မှုဝေဒနာက မခံမရပ်နိုင်လောက်အောင် ဆိုးရွားလွန်းပါသည်။

လွန်ခဲ့သောတစ်ပတ်က ကြီးကြီးနန်းသည် နေ့လယ်ပိုင်း ရေမိုးချိုးခေါင်းလျှော်ပြီး သနပ်ခါးခြေဆုံးခေါင်းဆုံးလူးကာ သစ်သစ်အနားကို 'ခေါင်းမူးလိုက်တာသမီးရယ်' ဆိုပြီး ရောက်လာခဲ့သည်။ သစ်သစ်ကလည်း ဘာမှသေချာနားမလည်တော့ 'ကြီးနန်း တစ်ရေးလောက်အိပ်လိုက်ပါလား' လို့ ပြောနေတုန်းမှာပင် ကြီးကြီးနန်းသည် သူ့ခန္ဓာကိုယ်ကို ဆက်လက်ပြီးမထိန်းနိုင်တော့ဘဲ သစ်သစ်ကိုယ်ပေါ်သို့ ငိုက်ခနဲကျသွားလေသည်။ ရုတ်တရက်ကလည်းဖြစ်ပြန်၊ အရှိန်နဲ့ကလည်း ဖြစ်ပြန်တော့ သစ်သစ်သည်လည်း ဘယ်လိုမှ မထိန်းလိုက်နိုင်ဘဲ နှစ်ယောက်သား ကြမ်းပြင်ပေါ်သို့ ဖုန်းခနဲ ပစ်ကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်သစ်သည် အသံများပြာသွားအောင် ဒေါ်ဒေါ်လှိုင်တို့ကို အော်ခေါ်ကာ ရုတ်တရက် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိအောင် ထိတ်လန့်ကြောက်ရွံ့ကာ ပျာယာတွေခတ်သွားရသည်။ အရေးအကြောင်းဆို ကိုရဲကလည်း အိမ်မှာမရှိ၊ ဆရာဝန်ကို ဘယ်မှာသွားခေါ်ရမှန်းလည်းမသိနှင့် သစ်သစ်သည် ကြီးကြီးနန်းကို ပွေ့ဖက်ထားပြီး အားပါးတရသာ ထိုင်ငိုနေလိုက်တော့သည်။

နောက်ဆုံး ဒေါ်လှိုင်က ဖေဖေ့ကိုဖုန်းဆက် အကြောင်းကြားတော့မှ ဆရာဝန်ခေါ်ပြီး ဖေဖေ ရောက်လာခဲ့သည်။ သို့သော် ကြီးကြီးနန်းအသက်ကို မမီလိုက်တော့။ ရုတ်တရက်ဦးနှောက်သွေးကြောပြတ်ခြင်းတဲ့။

သစ်သစ်သည် အခန်းထဲမှာ တစ်ယောက်တည်း လှဲလိမ့်ငိုရင်း သစ်သစ်ကို ဘယ်တုန်းကမှ မျက်နှာသာမပေးခဲ့သည့် ကံကြမ္မာကို နာကြည်းသွားမိသည်။ သေခြင်းတရားသည် သစ်သစ် တွယ်တာရသောသူတွေကို အချိန်ခဏလေးအတွင်းမှာပင် တစ်ယောက်ပြီးတစ်ယောက် ဆွဲခေါ်ယူသွားခဲ့သည်။

မေမေ မရှိခဲ့ကတည်းက ကြီးနန်းတစ်ယောက်တည်းကိုသာ အားကိုးတကြီးတွယ်တာခဲ့ရသော သစ်သစ်အဖို့ ကြီးနန်းမရှိတော့ဘူးဆိုသည့်အတွေးကို တွေးမိတိုင်း ရင်ထဲမှာ ဆောက်တည်ရာမရဖြစ်ကာ ရူးသွပ်သွားချင်သလို ဖြစ်သွားရသည်။ လောကကြီးမှာ ဖြစ်ပျက်ခံစားနေရသည့်အရာတွေကို ဘာတစ်ခုမှ လက်မခံနိုင်တော့သည့် အရူးမတစ်ယောက်ဖြစ်သွားရင် သိပ်ကိုကောင်း



မှာပဲလို့လည်း တောင့်တမိသည်။

ယခုတော့ ကြီးကြီးနန်းအတွက် ရက်လည်ဆွမ်းတောင်သွပ်ပြီးခဲ့ပြီဖြစ်သည်။ ထားသွားရက်တဲ့သူတွေက စိတ်ချလက်ချထားသွားနိုင်ခဲ့ကြပေမယ့် ကျန်ရစ်ခဲ့ရသူတွေ၏ နှလုံးသားထဲမှာတော့ ဘယ်၍ဘယ်မျှ ခံစားခဲ့ရသည်ဆိုတာ ကြီးနန်းကော မေမေပါ သိချင်မှ သိကြပေလိမ့်မည်။ ဒါမှမဟုတ် မသိချင်ယောင်ဆောင်သွားကြတာလည်း ဖြစ်နိုင်ပါသည်။

အိမ်ရှေ့တွင် မနက်ကတည်းက ဖေဖေရောက်နေပြီး ကိုရဲနှင့် စကားပြောနေမှန်း သစ်သစ် သိပါသည်။ ဘာတွေပြောဆိုနေကြလဲဆိုတာကိုတော့ သစ်သစ်လည်း မခန့်မှန်းတတ်။ ဖေဖေသည် သစ်သစ်တို့မောင်နှမနှစ်ယောက်အတွက် ဘာတွေများ ထပ်ပြီး စီမံခန့်ခွဲမှုတွေ လုပ်ဦးမှာလဲ။ ကိုရဲကကော ထုံးစံအတိုင်း ဖေဖေ့ဆန္ဒတွေကိုလိုက်ပြီး အကောင်အထည်ဖော်ပေးဖို့လွယ်လွယ်ကူကူ ခေါင်းညိတ်ဦးမှာလား။ သစ်သစ်ကကော ဘယ်အချိန်မှများ ဖေဖေ့ရဲ့လောင်းရိပ်အောက်က ရုန်းထွက်နိုင်မှာလဲ။ စိတ်ထဲမှာကော တကယ်ရုန်းထွက်ချင်စိတ်ရှိရဲ့လား။

သစ်သစ်အတွက် အားကိုးစရာမရှိတော့တဲ့ဘဝမှာ ကိုရဲနှင့်ဖေဖေဆိုသော ယောကျ်ားသားနှစ်ယောက်သည် သစ်သစ်အပေါ် ဘယ်အတိုင်းအတာလောက်ထိ အကာအကွယ်ပေးကာ ခိုင်ခိုင်မာမာ ရပ်တည်ပေးဦးမှာလဲ။

အို…

သစ်သစ်သည် အစိုးမရသောအတွေးတွေနှင့် ခေါင်းကို သွက်သွက်ခါအောင် ရမ်းလိုက်ကာ အသံထွက်အောင် အော်ရယ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သော်လည်း ရယ်သံများသည် ငိုသံအဖြစ်သို့ သူ့အလိုလို ပြောင်းလဲသွားသည်ကို အံ့သြဖွယ်ရာ ကြုံကြိုက်လိုက်ရလေ သည်။

ဖြ

အခန်း ၊ ၆၇ ၊

ဆရာ စာသင်နေစဉ် ထိုင်နေကျခုံတန်းလျားလေးမှာ အဖော်မဲ့စွာ တစ်ယောက်တည်းထိုင်ပြီး ဆရာ စာသင်တာကို နားထောင်နေတုန်း သစ်သစ်နံဘေးကို လူတစ်ယောက် ဝင်ထိုင် လိုက်မှန်းသိလိုက်တာမို့ သစ်သစ် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ သည်။

မိန်းကလေးတစ်ယောက်…

အတန်းထဲမှာ အမြဲလိုလို ရယ်ရယ်မောမောရှိလှကာ လူချစ်လူခင်များလှသော သူမကို တခြားရွယ်တူ အတန်းဖော် များနှင့် အမြဲစည်စည်ကားကား ပြုံးပျော်နေတာကို သစ်သစ် သတိထားမိပါသည်။ ထိုင်စရာခုံမရှိတော့တာမို့ သစ်သစ်နံဘေး ဝင်ထိုင်ရင်း သစ်သစ်ကို သွက်သွက်လက်လက် ပြုံးပြလိုက်သော သူမကို သစ်သစ်ရင်ထဲ ပြုံးပြချင်စိတ်ရှိနေပါသော်လည်း မျက်နှာ ပေါ်ရှိအကြောများကို အလွယ်တကူ မလှုပ်ရှားနိုင်သောကြောင့် သစ်သစ်မျက်နှာပေါ်မှာကော နှုတ်ခမ်းပေါ်မှာပါ အပြုံးရိပ်ဟူ၍ နည်းနည်းလေးမှတော့ သမ်းမသွားနိုင်ဘူးဆိုတာ သစ်သစ် အကြွင်းမဲ့ ယုံကြည်လိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်သစ်သည် တစ်ဖက်မိန်းကလေးပေါ်တွင် သစ်သစ် စိတ်ထဲ တစ်ခါမှ မပေါ်ပေါက်ဖူးသည့် 'အားနာစိတ်' ကလေး အနည်းငယ် ဖြစ်သွားရသည်။ အတန်းထဲမှ တခြားမိန်းကလေး များနှင့် ပတ်သက်၍ ခေါ်ချင်ပြောချင်စိတ် သစ်သစ်မှာ မရှိ သော်လည်း သွယ်လျသောခန္ဓာကိုယ်လေးနှင့်လိုက်ဖက်စွာ ဆံပင် ရှည်ကြီးတယမ်းယမ်းနှင့် သိပ်လည်းရှိုးမများသည့်၊ မာနလည်း ကြီးပုံမပေါ်သည့်၊ ထို့အပြင် သဘောလည်းကောင်းပုံရသည့် ဘေးနားမှ မိန်းကလေးကိုတော့ သစ်သစ် စကားပြောချင်စိတ် ဖြစ်မိပါသည်။

သစ်သစ်သည် ဘေးနားမှာထိုင်နေသော သူမကို မျက် လုံးလေးစွေပြီး အသာခိုးအကြည့်မှာ သူမသည် သစ်သစ် ပြုံး မပြုံးပြလိုက်တာကို ဘာမှမဖြစ်စွာ ဆရာ စာသင်နေတာကို စိတ်ပါလက်ပါ နားထောင်နေပါသည်။

ဘေးတိုက်မြင်နေရသော သူမမျက်နှာလေးက နှာတံ ချွန်ချွန်၊ ပန်းနုရောင် မထူမပါးနှုတ်ခမ်းပြည့်ပြည့်လေးနှင့် ဘယ် ဘက်မျက်ခုံးအပေါ်လေးမှာ မှဲ့နက်ကလေးတစ်လုံးရှိနေ၍ နှစ်လိုဖွယ်ရာ အေးချမ်းသောအသွင်ကို ဆောင်နေပါသည်။

သစ်သစ်သည် သူမမျက်နှာကို တစေ့တစောင်း ခိုး ကြည့်ရင်း ရင်ထဲမှ စကားပြောချင်စိတ်က ဆက်ထိန်းထား၍ မရလောက်အောင် နိုးထလာကာ ဆရာ မသိအောင် ခပ်တိုးတိုး လေး စိတ်လိုလက်ရ စကားပြောလိုက်မိသည်။

'တို့နာမည်က သင်းမင်းသစ်ပါ။ အိမ်မှာတော့ သစ် သစ် လို့ပဲ ခေါ်ကြတယ်။ သူ့နာမည်က ဘယ်လိုခေါ်လဲဟင်'

အမှတ်မထင် သစ်သစ်က စကားစပြောလိုက်တာမို့ သူမ၏မျက်နှာသည် ရုတ်တရက် အံ့သြသွားပုံရပြီး ချက်ချင်းပင် သင်းသစ်ကို ဟက်ဟက်ပက်ပက် ရယ်ပြပါသည်။ ပြီးတော့ ဘောလ်ပင်လေးနှင့် လက်ထဲကစာရွက်ပေါ်မှာ တစ်စုံတစ်ရာကို ရေးသည်။ ပြီးတော့ သစ်သစ်ဘက်ကို တိုးပြသည်။ စာရွက် ပေါ်မှာရေးထားသောစာများမှာ 'ရွှေမှုန်လို့ခေါ်ပါတယ်' ဟူ၍ ဖြစ် သည်။

သစ်သစ်က စာဖတ်ပြီး သူမမျက်နှာကို ပြန်အမော့ ကြည့်မှာ ရွှေမှုန်ဆိုသောသူမ သစ်သစ်ကို ထပ်မံရယ်အပြမှာ တော့ ရွှေမှုန်အပြုံးများသည် သစ်သစ်ဆီသို့ ကူးစက်သွားရကာ သင်းသစ်မျက်နှာပေါ်ရှိ အကြောများက အနည်းငယ် အလုပ်လုပ် လိုက်သည်ကို သစ်သစ် သတိထားမိလိုက်ပါသည်။

ထိုနေ့မှစ၍ သစ်သစ်အတွက် ဘဝတွင် ပထမဆုံး သော မိန်းကလေးသူငယ်ချင်းအဖော်တစ်ယောက် ရရှိခဲ့ပါသည်။ ရွှေမှုန်ဟုခေါ်သော 'လင်းရွှေမှုန်' ဆိုသော မိန်းကလေးသည် သစ်သစ်ဘဝကို အပြောင်းလဲကြီး ပြောင်းလဲပေးနိုင်မည့် မိန်း ကလေးမှန်း ထိုစဉ်က သစ်သစ် လုံးဝ မရိပ်မိခဲ့ပေ။

ဝ၃

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊၆၈၊

သစ်သစ်သည် ကိုရဲနှင့်ရွှေမှုန်ကို မိတ်ဆက်ပေးလိုက်သည့်အခါမှာတော့ ကိုရဲ၏ သူ့စိတ်ထဲ မိန်းကလေးတစ်ယောက်အပေါ် မြတ်နိုးချစ်ခင်သွားမှုကို ထင်ထင်ရှားရှားပင် မြင်တွေ့လိုက်ပါသည်။ ရွှေမှုန်ကတော့ သူ့မူရင်းပုံစံအတိုင်း ရယ်ကာမောကာ သွက်လက်စွာဖြင့် တခြားမိန်းကလေးတွေလို ရှိုးတိုးရှန့်တန့် အမူအယာတစ်ခုမှ မတွေ့လိုက်ရဘဲ သူမ၏အစ်ကိုတစ်ယောက်ပုံစံလို ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံလိုက်ပါသည်။

သစ်သစ် ရွှေမှုန့်အပေါ်မှာ အချိန်ခဏတာအတွင်း ခင်မင်တွယ်တာသွားခဲ့သည်မှာ အထက်ပါအချက်များလည်း ပါဝင်ခဲ့ပါသည်။ ရွှေမှုန့်တွင် မိန်းကလေးတိုင်းလိုလိုတွင် တွေ့ရတတ်သည့် ဟန်ဆောင်ခြင်း၊ မူယာမာယာများခြင်း၊ အိုက်တင်ခံတတ်ခြင်း၊ စကားပိုတွေပြောတတ်ခြင်း စသည့် ပုံသဏ္ဍာန်များကို သစ်သစ် တစ်ခါမှ မတွေ့ဖူးခဲ့ပါ။ ရွှေမှုန်သည် ချမ်းသာသော အသိုင်းအဝန်းမှ ကြီးပြင်းလာပုံရသော်လည်း သူမကိုယ်သူမ ဘယ်တော့မှ သူများတကာ မျက်စိနောက်လောက်အောင် ဝတ်စားဆင်ယင်၊ ပြင်ဆင်မှုကို တစ်ကြိမ်တစ်ခါမှ မတွေ့ရပါ။ အား

www.burmeseclassic.com

www.burmeseclassic.com



လုံးနှင့် လိုက်လျောညီထွေ ဆက်ဆံတတ်ပြီး ကိုယ့်ကိုယ်ကို အမြဲ နှိမ့်ချဆက်ဆံလေ့ရှိသော ရွှေမှုန့်ပုံစံလေးက သစ်သစ်အတွက် တော့ ပိုလို့ ခင်မင်ဖွယ်ဖြစ်ခဲ့ရသည်။

တစ်ဦးတည်းသောအစ်ကို ကိုရဲကလည်း သစ်သစ်ကဲ့သို့ပင် ရွှေမှုန့်အပေါ် မြတ်နိုးချစ်ခင်သည့် အမူအယာကိုတွေ့ရသော သစ်သစ်စိတ်ထဲ ကျိတ်၍ ပီတိဖြစ်မိသည်။ ကိုရဲ တစ်ချိန်ချိန် မိန်းမယူခဲ့ပါလျှင် ရွှေမှုန့်လို မိန်းကလေးမျိုးနဲ့ပဲ သစ်သစ် တစ် အိမ်တည်း အတူတူနေချင်ပါသည်။

သို့ပါသော်လည်း ကိုရဲကသာ ရွှေမှုန့်အပေါ် ချစ်မြတ် နိုးသည့် အမူအယာတွေ့ရသော်လည်း ရွှေမှုန်က ကိုရဲအပေါ် အစ်ကိုတစ်ယောက်ထက်ပိုသည့် ဆက်ဆံမှုမျိုး သစ်သစ် မတွေ့ ရပါ။

ဒါပေမယ့်…

ရွှေမှုန့်မှာ တခြားချစ်သူရှိနေသည့် အရိပ်အယောင်မျိုး ကိုလည်း သစ်သစ် မမြင်မိပါ။ သစ်သစ်က သူတို့နှစ်ယောက်ကို မြန်မြန်နီးစပ်စေချင်ကာ ချစ်သူတွေ ဖြစ်လာသည်ကို မြင်ချင် မိသော်လည်း ကိုရဲက သူ့ဝသီအတိုင်း နှုတ်နည်းပြီး ရွှေမှုန်က လည်း သံယောဇဉ်ထပ်ပိုမည့် အရိပ်သဏ္ဍာန် မတွေ့ရလျှင်တော့ သူတို့နှစ်ယောက်ကိစ္စက အချိန်အကြာကြီး ထပ်စောင့်ရဦးမည် ဆိုတာကို သစ်သစ် သဘောပေါက်ပါသည်။

ကိုရဲမွေးနေ့တုန်းက ရွှေမှုန့်ကိုအိမ်ခေါ်ပြီး စကား လွတ် လွတ်လပ်လပ် ပြောနိုင်အောင် သစ်သစ် ရှောင်ပေးခဲ့သော်လည်း သူတို့မျက်နှာများ ကြည့်ရသည်မှာ သိပ်ပြီး ထွေထွေထူးထူး



ပြောင်းလဲဟန်မျိုး မတွေ့ရပါ။ ဒါပေမယ့်လည်း သစ်သစ်ကတော့ ကိုရဲကို တစ်ခါတည်း ရာဇသံပေးထားလိုက်ပါသည်။

'ကိုရဲနော်… ရွှေမှုန်ကလွဲပြီး တခြား ဘယ် မိန်း ကလေးကိုမှ မချစ်ရဘူး'လို့ပေါ့။

၁၉

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၆၉ ၊

ရွှေမှုန်တို့အိမ်မှဒန်းလေးကို သစ်သစ် တစ်ယောက် တည်း အရှိန်ပြင်းပြင်းလွှဲစီးရင်း သဘောတွေကျနေမိသည်။ ရွှေမှုန်က သစ်သစ်တို့စားဖို့ အစားအသောက်တွေကို ပြင်ဆင် နေတုန်းမှာ သစ်သစ် တစ်ယောက်တည်း ပျင်းနေမှာစိုးသဖြင့် ဒန်းလာစီးခိုင်း၍ သစ်သစ် စီးကြည့်ရင်း သဘောကျသွားခြင်း ဖြစ်သည်။

တည်းပင်ကြီး၏အရိပ်အောက်မှ လွတ်သွားသည့် အချိန်တွင် မျက်နှာပေါ်သို့ ဖျတ်ခနဲ ဖျတ်ခနဲ ကျရောက်လာသော မနက်ခင်း၏နေခြည်နုက မျက်လုံးတွေကို ကျိန်းမသွားစေဘဲ အနွေးဓာတ်ကိုသာ ပေးနေပါသည်။

သစ်သစ်သည် ဒန်းလေးကို စီးကောင်းကောင်းနှင့် စီးနေရင်း မျက်လုံးများက ဘေးဘီဝဲယာကို လျှောက်ကြည့်နေမိရာ ရွှေမှုန်တို့အိမ်၏ဘယ်ဘက်တွင်ရှိနေသော အဖြူရောင် နှစ်ထပ်တိုက်မြင့်မြင့်တစ်လုံးကို သတိထားလိုက်မိသည်။ သစ်သစ် ဒန်းစီးနေသော နေရာကကြည့်လျှင် ထိုအိမ်၏အပေါ်ထပ် ဝရန်တာလှလှလေးတစ်ခုကို လှမ်းမြင်နေရပါသည်။ ထိုသို့ သစ်သစ်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ငေးနေစဉ်မှာပင် ဝရန်တာတံခါးက ဖျတ်ဆိုဖွင့်လာတော့ ညဝတ်အင်္ကျီ ဖရိုဖရဲနှင့် သစ်သစ်တို့အရွယ် လူငယ်တစ်ယောက် မျက်လုံးတွေပွတ်ပြီး ဝရန်တာဘက် အိပ်ချင်မူးတူးပုံစံနှင့် ထွက်လာတာတွေ့လိုက်ရသောကြောင့် သစ်သစ် မျက်လုံးတွေကို ကပျာကသီပင် လွှဲလိုက်သည်။

ဒန်းစီးနေသော်လည်း ထူးခြားသောမျက်နှာနှင့် သူ့ပုံသဏ္ဌာန်ကို သစ်သစ် ထင်ထင်ရှားရှားပင် တွေ့လိုက်ရပါသည်။ သူကတော့ လောကကြီး၏အလင်းရောင်ကို ခုမှ မြင်ဖူးသယောင် မျက်လုံးတွေ ပုတ်ခတ်ပုတ်ခတ်နှင့်ဖြစ်နေတာမို့ သစ်သစ်ကို တွေ့ချင်မှတွေ့လိမ့်မည်လို့ သစ်သစ် စဉ်းစားနေမိသည်။

သူ ဘယ်သူလဲ။

ရွှေမှုန်နဲ့ အိမ်နီးနားချင်းဆိုတော့ ရွှေမှုန်နဲ့ကော ခင်သလား။ သစ်သစ် စိတ်ဝင်တစား တွေးနေမိသည်။ သစ်သစ်သည် ခဏလေးမြင်လိုက်ရသော သူ့မျက်နှာကို မြင်ယောင်ရင်း နောက်တစ်ကြိမ် အဲဒီအိမ်ဘက်ကို လှည့်ကြည့်ချင်သည့်စိတ်ကို မနည်းမျိုသိပ်ထားရရင်း သစ်သစ်ရင်တွေ ခုန်နေသည်ဆိုတာကို သတိထားမိလိုက်သည်။ ယောကျ်ားလေးတစ်ယောက်နှင့် ပတ်သက်၍ ဒီလိုခံစားမှုမျိုး တစ်ကြိမ်တစ်ခါမှ မခံစားခဲ့ဖူးသောကြောင့် ရင်ထဲမှာ ရှက်သလို၊ ကြောက်သလို၊ အားငယ်သလို တစ်မျိုးကြီး ကတုန်ကယင် ခံစားလိုက်ရလေသည်။ သူကော သစ်သစ်ကိုတွေ့နိုင်လား၊ သစ်သစ်ကိုများ ကြည့်နေမလား တစ်ယောက်တည်း မရေမရာတွေကို စိတ်ကူးယဉ်ကြည့်နေမိပြန်သည်။



အတန်ကြာတော့မှ သစ်သစ်သည် ကိုယ့်စိတ်ကိုယ် ရဲဆေးတင်ရင်း တစ်ဖက်ခြံကို ဖျတ်ခနဲ ထပ်ခိုးကြည့်လိုက်သည်။ ဒီတစ်ခါတော့ သစ်သစ်ရင်ထဲ ဟာခနဲ ဖြစ်သွားပါသည်။ သူသည် ဝရန်တာတွင် ရှိမနေတော့ပါ။ သစ်သစ်သည် အနည်းငယ် စိတ်မာတ်ကျသလိုဖြစ်သွားရင်း ခုနက လွတ်လပ်ပျော်ရွှင်နေသော စိတ်ကလေးများလည်း ထွက်ပြေးသွားကြသလို ခံစားလိုက်ရသည်။ သစ်သစ်၏ ခန္ဓာကိုယ်လေးက လေထဲမှာ လွင့်မျောနေသလို သစ်သစ်၏စိတ်တွေကလည်း ရုတ်တရက် လွယ်လွယ်ကူကူ ဖမ်းလို့မရနိုင်တော့လောက်အောင် အတားအဆီးမဲ့ လွင့်မျောနေလေသည်။

သဘ်သစ်သည် ဒန်းစီးနေရင်းမှ နားထဲတွင် အသံတစ်ခု ကြားလိုက်ရသောကြောင့် အသံလာရာ ပုဏ္ဏရိက် ခြံစည်းရိုးဘက်ကို မျက်လုံးရောက်သွားပါသည်။ ခြံစည်းရိုးသည် သစ်သစ်ရှိနေသောနေရာနှင့် ခပ်ဝေးဝေးတွင် ရှိနေသော်လည်း သစ်သစ်နေရာကနေ လှမ်းမြင်နိုင်ပါသည်။ ရွှေမှုန်တို့ခြံက တစ်ဖက်တွင် အုတ်တံတိုင်းကာထားပြီး ဒီဘက်ခြံနဲ့ကတော့ ပုဏ္ဏရိက် စည်းရိုးကိုသာ ကာထားပါသည်။ သစ်သစ် ကြည့်နေတုန်းမှာပင် လူတစ်ယောက်သည် ခြံစည်းရိုးအောက် ခွေးတိုးပေါက်လို နေရာမျိုးမှ ကုန်းကုန်းကွကွနှင့် အတင်းတိုးထွက်လာတာကို တွေ့လိုက်ရသဖြင့် သစ်သစ်ရင်တွေတုန်ကာ လန့်သွားရသည်။ သူကတော့ သစ်သစ်ဘက်ကို တစ်ချက်လှည့်မကြည့်ဘဲ သူ့ခန္ဓာကိုယ်ကြီး အပြင်ကိုရောက်သည်နှင့် ဖုတ်ဖက်ခါကာ အိမ်နောက်ဖေးသို့ ပြေးထွက်သွားတာကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်သစ်သည် စီးနေသောဒန်းလေးကို တုန့်ခနဲနေ အောင်ရပ်လိုက်ရင်း ခုနကဝင်လာသောသူ၏မျက်နှာကို မြင်ယောင်နေမိသည်။

သေချာပါတယ်။ သူမှသူအစစ်။

ခုနက ဝရန်တာကိုထွက်လာတဲ့ သူပါ။ သစ်သစ် အဲလောက်တော့ မမှားနိုင်ဘူးထင်တယ်။ အဲဒီလူက အခု ဒီဘက်ခြံကို ရောက်လာတယ်ဆိုတော့ ရွှေမှုန်နဲ့သူငယ်ချင်းတွေလားဒါမှမဟုတ် အမျိုးတော်သလား။

အဲဒီလူကလည်း ခြံစည်းရိုးမှာ ဟိုဘက်ဒီဘက်ကူးတဲ့ တံခါးပေါက်လေး ရှိနေပါလျက်နဲ့ ဘယ်လိုဖြစ်လို့ ခွေးတိုးပေါက်ကနေ ခက်ခက်ခဲခဲ လာနေရတာလဲ။ ရွှေမှုန်နဲ့ သိပ်ခင်ကြသလားချစ်သူတွေကော ဖြစ်နိုင်လား။

တစ်ခဏအတွင်းမှာပင် သစ်သစ်ခေါင်းထဲ သိချင်သည့် အချက်အလက်များက အတင်းကာရော ဝင်လာကြသည်။ သစ်သစ်သည် ဒန်းလေးပေါ်မှ ထရပ်လိုက်ရင်း အိမ်ထဲကို လိုက်ဝင်သွားဖို့ကောင်းလား၊ မကောင်းဘူးလား ချီတုံချတုံ စဉ်းစားနေမိပြန်သည်။ နောက်တော့ သစ်သစ်သည် အသက်ကို ဝအောင်တစ်ချက်ပြင်းပြင်းရှူရှိုက်လိုက်ပြီး ခြေလှမ်းများကို အိမ်ထဲဆီသို့ ဦးတည်လိုက်မိလေသည်။



အခန်း ၊ ၇၀ ၊

"အဲဒါ ပြောပေးပါ ရွှေမှုန်ရယ်နော်။ သစ်သစ်အိပ်လည်းအိပ်ချင်နေပြီ။ ဖုန်းသံက ခဏခဏမြည်နေတော့ ကိုရဲကိုင်မိမှာလည်း စိုးလို့ပါ။ ပြောပေးပါနော် ရွှေမှုန်။ ထပ်မဆက်ပါနဲ့တော့လို့။ ကျေးဇူးပဲနော်၊ good night"

သစ်သစ်သည် ဖုန်းခွက်လေးကို ပြန်ချလိုက်ရင်း ဖက်ခေါင်းအုံးကို ရင်ဘတ်ထဲ တင်းတင်းကျပ်ကျပ်ဖက်ထားပြီး အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ်လှဲလိုက်မိသည်။ မျက်လုံးထဲမှာကလည်း မောင်မောင်၏ ချိုကြည်နေသောမျက်နှာ၊ နားထဲမှာလည်း မောင်မောင်၏ ချိုလွင်နေသော စကားသံ။

အို… မောင်မောင်ရယ်

သစ်သစ်တော့ မောင်မောင့်ကို ချစ်မိနေပြီလား မသိပါဘူးလို့ ခပ်ရှက်ရှက်ကလေး တွေးမိသည်။ မောင်မောင်က သိပ်ဆိုးတဲ့လူတစ်ယောက်ပဲ။ ဟိုတစ်နေ့က ရွှေမှုန်တို့အိမ်မှာတွေ့ပြီး ဘယ်ကဘယ်လို ဖုန်းနံပါတ်ကိုရသလဲမသိ။ သစ်သစ်ဆီကို မနားတမ်း ဆက်တော့သည်။ ရွှေမှုန်ကတော့ ဖုန်းနံပါတ်ကို သူ မပေးပါဘူးလို့ ပြုံးဖြီးဖြီးလေးပြောပေမယ့် မောင်မောင် ဒီ

www.burmeseclassic.com

www.burmeseclassic.com



လောက် အကဲပိုနေတာ ရွှေမှုန့်လက်ချက် အနည်းငယ်တော့ ပါလိမ့်မည်လို့ သစ်သစ် သဘောပေါက်ပါသည်။

မနက်ကလည်း ကျောင်းကို ခပ်တည်တည်နှင့် ရောက်လို့လာသည်။ ဆံပင်ခွေခွေလိမ်လိမ်လေးနှင့် မောင်မောင့်မျက်နှာက တကယ့်ကလေးလေးတစ်ယောက်လို အပြစ်ကင်းစင်ကာ ချောမောလွန်းနေသည်။ ဖေဖေကော၊ ကိုရဲပါ တစ်ယောက်တစ်မျိုး ကြည့်ကောင်းပြီး ယောကျ်ားပီပီသသနှင့် လူချောစာရင်းများတွင် ပါဝင်ကြပေမယ့် မောင်မောင်ချောပုံနှင့်တော့ မတူလှပါ။ မောင်မောင်က တည်ငြိမ်ရင့်ကျက်သည့်ပုံရသည်ထက် သွက်လက်ပြီး ချစ်စရာကောင်းသည့်ပုံစံက ပိုနေရသည်။

အတွေးတွေထဲမှာ မောင်မောင့်အကြောင်းက ရောက်နေရပြီဆိုတော့ သစ်သစ်မျက်နှာပေါ်မှာ ပန်းနုရောင်လွှမ်းကာ နှုတ်ခမ်းပေါ်မှာလည်း အပြုံးပန်းတို့က ပွင့်လာရသည်။ ရွှေမှုန့် မောင်မောင့်ကို ပြောကောပြောရဲ့လားလို့ သိချင်ပြန်လာသဖြင့် လက်က ရွှေမှုန့်ဖုန်းနံပါတ်ကို ကောက်နှိပ်လိုက်မိသည်။ ရွှေမှုန့်ဖုန်းက engage ဖြစ်နေပါသည်။ မောင်မောင့်ဖုန်းနံပါတ်ကို ထပ်နှိပ်ကြည့်လိုက်တော့လည်း engage က ဖြစ်နေတုန်း။ ဟင်း... သစ်သစ် ပြောခိုင်းတာဖြင့် နည်းနည်းလေး။ သူတို့က ခုချိန်ထိ မပြီးနိုင်သေးဘဲ ဘာတွေများ စကားရှည်နေကြပြန်တာလဲလို့ မနာလိုစွာ တွေးလိုက်မိသည်။

မကျေမနပ်နှင့် သစ်သစ်သည် ဖုန်းကို ဝှပ်ခနဲပြန်ချလိုက်ရင်း မျက်လုံးကို စုံမှိတ်ပစ်လိုက်တော့ မျက်ဝန်းထဲမှာ မောင်မောင့်မျက်နှာအပြင် ရွှေမှုန့်မျက်နှာကိုပါ ယှဉ်တွဲမြင်လိုက်



ရလေသည်။ တကယ်တော့ ရွှေမှုန့်ဟာ သစ်သစ်နဲ့စာရင် မောင်မောင်နဲ့ ပိုလိုက်ဖက်သူပါ။ သူတို့နှစ်ယောက်လုံးက အမြဲ ပြုံးယောင်နေကြတာမို့ ဘေးကထိုင်ကြည့်နေတဲ့သူကိုတောင် စိတ်ကြည်လင်သွားအောင် ဖန်တီးနိုင်ကြတဲ့သူတွေပါ။

သူတို့နှစ်ယောက်ဟာ သိပ်ကိုလိုက်ဖက်ကြတဲ့အပြင် ဟိုးငယ်ငယ်လေးကတည်းက ရင်းနှီးခဲ့ကြတဲ့ သူငယ်ချင်းတွေတဲ့။ ဒါဆို သူတို့ ဘာလို့ ချစ်သူရည်းစားတွေ မဖြစ်ခဲ့ကြတာလဲ။

အင်း...

သူငယ်ချင်းဖြစ်တာနဲ့ ချစ်သူရည်းစားဖြစ်ရမှာလား။ ဒါလည်း မဟုတ်သေးပါ။ အို... ဘာပဲဖြစ်ဖြစ် ရွှေမှုန့်နဲ့မောင်မောင် ရည်းစားမဟုတ်ဘူးဆိုရင်လည်း ပြီးတာပါပဲ။ ကိုရဲကလည်း ရွှေမှုန့်ကို သဘောကျနေပြီပဲဥစ္စာ။ ပြီးတော့ မောင်မောင်ကလည်း သစ်သစ်ကို သဘောကျနေပြီ ထင်တာပဲ။

ထင်တာပါပဲ...။

၄၅

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၇၁ ၊

သစ်သစ် အိပ်ရာမှနိုးလာတော့ လူတစ်ကိုယ်လုံး ချွေးတွေဖြင့် ရွဲနစ်နေကာ အသက်တောင် ကောင်းကောင်းမရှူနိုင်တော့ဘဲ မောဟိုက်နွမ်းနယ်နေရလေသည်။ နာရီကို ကြည့်လိုက်မိတော့ မနက် ၄နာရီထိုးခါနီးနေပြီ ဖြစ်သည်။ သစ်သစ်သည် စားပွဲပေါ်မှ ရေတစ်ခွက်ကို ခပ်ဖြည်းဖြည်း ထသောက်လိုက်ပြီး ညဝတ်အင်္ကျီကို ထလဲလိုက်သည်။ နဖူးပြင်ပေါ်မှ သီးနေသော ချွေးစက်တို့ကို တဘက်တစ်ထည်ဖြင့် ခပ်ကြမ်းကြမ်း ဆွဲသုတ်လိုက်ရင်း အိပ်ရာပေါ်ပြန်တက်လိုက်သည်။ ယခုမှပဲ ဖွင့်ထားသော အဲယားကွန်းအရှိန်ကြောင့် လူက နည်းနည်းအေးသလို ဖြစ်လာရကာ စောင်ကို ပခုံးပေါ်ထိဆွဲခြုံရင်း မျက်လုံးများကို အတင်းဖွတ်မှိတ်ကြည့်မိသည်။ ရင်ထဲမှာ တုန်ခါနေသောအရှိန်ကြောင့် သစ်သစ်မျက်ခွံများက ငြိမ်သက်မနေကြဘဲ လှုပ်... လှုပ်... လှုပ်လှုပ်နှင့် မျက်လုံးကို ပိတ်မရဘဲ ဖြစ်နေရသည်။

သစ်သစ်သည် သက်ပြင်းတစ်ချက်ကို ရူးခနဲမှုတ်ထုတ်လိုက်ရင်း အိပ်မရမယ့်အတူတူ မျက်လုံးတွေကို ပြန်ဖွင့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်ဝန်းများက ခပ်မှောင်မှောင်တွေ့နေရသော မျက်နှာ ကျက်မှ ဖောက်ထွက်ပြီး ကြယ်တွေဖြင့်လင်းလက်နေသော ကောင်းကင်ယံကြီးတစ်ခုကို လှမ်းမြင်နေရသလို စိတ်ထဲမှာ ခံစားမိသည်။

သစ်သစ်အိပ်မက်ထဲမှာ မေမေ့ကို တွေ့ခဲ့ပါသည်။ မေမေ၏ပုံစံသည် သစ်သစ်ကို နောက်ဆုံး လာနှုတ်ဆက်သွားသည့်ပုံသဏ္ဍာန်နှင့် တထေရာတည်းပဲ ရှိနေပါသေးသည်။ သစ်သစ်က မေမေ့ကိုတွေ့တွေ့ချင်း ဝမ်းသာအားရဖြစ်သွားပြီးကာ မေမေ့ဆီ အပြေးလေး သွားလိုက်ပေမယ့် မေမေသည် သစ်သစ်နှင့်ဝေးသောနေရာသို့ သူ့အလိုလို ရွေ့သွားပြန်သည်။ သစ်သစ်ကို စိမ်းစိမ်းကားကားကြီး ကြည့်နေပါသည်။ မေမေ့၏ အဲလိုအကြည့်တွေကို ကြုံရပြန်တော့ သစ်သစ်စိတ်ထဲ ကြောက်သလို၊ ဝမ်းနည်းသလိုကြီး ခံစားလိုက်ရသည်။

မေမေသည် သစ်သစ်အနားကိုမလာဘဲ ခပ်လှမ်းလှမ်းကပင် စကားပြောပါသည်။ သစ်သစ်ကို မေမေမှာခဲ့တဲ့ စကားတွေ သစ်သစ်မေ့ပြီလား။ ယောကျ်ားတွေမကောင်းဘူး။ သစ်သစ် ယောကျ်ားမယူရဘူးဆိုတာတွေလေ။ အခုတော့ သစ်သစ်က မေမေ့လိုခံစားရအောင် လမ်းစတွေရှာနေပြီပေါ့ ဟုတ်လား။ မေမေ့မျက်လုံးတွေက စိမ်းကားနေသလို မေမေ့အသံတွေ ဒေါသသံတွေ ပါနေပါသည်။ သစ်သစ်က မေမေ့ကို ကြောက်လန့်တကြား ခေါင်းခါပြရင်း 'သစ်သစ် မောင်မောင့်ကိုချစ်နေလို့ပါ မေမေရယ်၊ သစ်သစ်ကို ခွင့်လွှတ်ပါ'လို့ တောင်းတောင်းပန်ပန်လေး လှမ်းပြောလိုက်ပေမယ့် မေမေ့မျက်နှာက



ပိုလို့တောင် တင်းမာသွားရသည်။

နင်ကသာချစ်နေ ဟိုက သူ့အိမ်ဘေးက ကောင်မနဲ့ မရှင်းမရှင်းဖြစ်နေတာ နင် မသိဘူးလား။ နင် အဲ့တာကို ဟိုနှစ်ယောက်က ထိုင်ဟားနေတာ နင် သိရဲ့လား။ နင် အဲဒီကောင်နဲ့ လုံးဝမယူရဘူး။ ယူရင် ငါ့အကြောင်း သိမယ်ဆိုပြီး မေမေက ထွက်သွားတော့ သစ်သစ်မှာ မေမေ့နောက်ကနေ မီအောင် အပြေးလိုက်ရတာ လူတစ်ကိုယ်လုံး မောဟိုက်လာစေတော့သည်။ တရွေ့ရွေ့သွားနေသော မေမေ့ကို ဘယ်လိုပဲမီအောင်ပြေးပြေး ဘယ်လိုမှကို လိုက်လို့မမီနိုင်။ ကြာတော့လည်း သစ်သစ် လက်ပန်းကျလာသည်။ မပြေးနိုင်တော့။ မေမေကလည်း တဖြည်းဖြည်း ဝေးလို့သွားခဲ့သည်။

သစ်သစ်သည် ကိုယ့်အိပ်မက်ကိုယ် စိတ်တိုင်းမကျမှာတွေးရင်း စိတ်ထဲမှာ လက်မခံနိုင်ဖြစ်နေရသည်။ တကယ်တော့ မေမေက ဘာမှလည်း သေချာသိတာမှ မဟုတ်တာ။ မောင်မောင်နဲ့ရွှေမှုန်နဲ့က တကယ့်ငယ်သူငယ်ချင်းတွေပါ မေမေရယ်။ သူတို့နှစ်ယောက် ဘယ်လောက်ရိုးသားကြတယ်ဆိုတာ သစ်သစ် အသိဆုံးပါ။ ခုဆိုရင် မောင်မောင်နဲ့သစ်သစ်ဟာ တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်ကတောင် အပျောက်မခံနိုင်တဲ့ ချစ်သူတွေဖြစ်နေကြပါပြီ။ သမီး မောင်မောင့်ကို မခွဲခွာရစေနဲ့ မေမေရယ်။ ဘယ်လိုအကြောင်းကြောင့်နဲ့မှ သစ်သစ် မောင်မောင့်ကို အဆုံးရှုံးမခံနိုင်ပါဘူး။ မေမေ့စကားကို သမီး နားမထောင်တာလည်း မဟုတ်ရပါဘူး မေမေရယ်။

သမီးကို ခွင့်လွှတ်ပါနော်။

www.burmeseclassic.com

www.burmeseclassic.com



သစ်သစ် မောင်မောင့်ကို မခွဲပါရစေနဲ့။ သစ်သစ် မောင်မောင့်ကို သိပ်ချစ်တယ် မေမေ။ အရမ်းကိုချစ်တယ်။

သစ်သစ်သည် တစ်ယောက်တည်းတွေးရင်း ငေးရင်း ရေရွတ်ရင်းနဲ့မှ ဝမ်းနည်းလာကာ နားထင်ပေါ်သို့ မျက်ရည် ပေါက်ကြီးများက တစ်ပေါက်ချင်း လိမ့်ဆင်းလာတော့သည်။

ဇွဲ

အခန်း ၊ ၇၂ ၊

မောင်မောင်က ဘူးသီးကြော်နှင့် အာပူလျှာပူကို အားပါးတရ စားနေပေမယ့် သစ်သစ်ကတော့ မောင်မောင့်ကို ငေးကြည့်ရင်း ဘာမှမစားနိုင်အောင် ဖြစ်နေရသည်။ ဒီအင်းလျား ကန်ဘောင်ပေါ်ကဘူးသီးကြော်ဆိုင်ကို ခေါ်လာတဲ့သူက သစ်သစ် ဖြစ်ပြီး ဒီရောက်လို့ မစားနိုင်တဲ့သူကလည်း သစ်သစ်ပင် ဖြစ် ပါသည်။ မောင်မောင်ကတော့ သစ်သစ်ခေါ်တဲ့နောက်လိုက်လာ ကာ ဘာအပူအပင်မှမရှိဘဲ စားစရာရှိတာကို အေးအေးဆေးဆေး ပင် စားနေလေသည်။ သစ်သစ်သည် မောင်မောင့်မျက်နှာ ဖြူ ဖြူသန့်သန့်လေးကိုကြည့်ပြီး ရင်ထဲမှာ ကြီးစွာသော ချစ်မြတ်နိုး ခြင်းစိတ်တွေက တဖွားဖွား ပေါ်ပေါက်လို့လာရသည်။

'မောင်မောင်'

'ပြော… ဘာမှလည်း မစားဘူး။ စားလေ၊ ဘာလုပ် နေတာလဲ'

မောင်မောင်က သစ်သစ်ခေါ်သံကြောင့် ပြန်ထူးရင်း သစ်သစ် ဘာမှမစားသည်ကို သတိထားမိသွားသောကြောင့် ဘူးသီးကြော်ပန်းကန်ကို ရှေ့သို့တိုးပေးကာ မျက်မှောင်ကုတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းထုတ်တော့သည်။

'မောင်မောင်··· သစ်သစ်က တစ်ခါတစ်ခါကျရင် သိပ်ဆိုးတာပဲနော်။ အဲလို သစ်သစ်ဆိုးခဲ့တဲ့အခါတိုင်း မောင်မောင် သစ်သစ်ကို နားလည်စွာနဲ့ အလိုလိုက်ခဲ့တာတွေကို သစ်သစ် အမြဲ ကျေးဇူးတင်မိပါတယ်'

'အပေါ်း ဟား ဟား··· သစ်သစ်လေးရယ်၊ ဘာတွေလျှောက်ပြောနေတာလဲ။ သစ်သစ်ကို မောင်မောင်ကချစ်တော့ သစ်သစ် ဘယ်လောက်ပဲဆိုးဆိုး မောင်မောင် သည်းညည်းခံပြီး အလိုလိုက်မှာပေါ့။ ဒါ ဘာကို ကျေးဇူးတင်ရမှာလဲ'

'ဟင့်အင်း··· သစ်သစ် သိတယ်။ တစ်ခါတလေ မောင်မောင့်ကို သစ်သစ် ရန်လိုနေမိတာတွေ၊ ကြုံတဲ့ကောင်မလေးတွေနဲ့ လျှောက်သဝန်တိုနေမိတာတွေ၊ ဘာမဟုတ်တာလေးတွေကို ထိုင်ရစ်ပြီး ဂျီကျနေမိတာတွေ အားလုံး အားလုံးပါ။ တခြားဟာတွေလည်း အများကြီး ကျန်ပါသေးတယ်။ သစ်သစ် မကောင်းပါဘူး။ အဲဒါကို သစ်သစ် သိနေပါတယ်'

သစ်သစ်က စကားကို ခပ်ဖြည်းဖြည်းနှင့် လေးလေးနက်နက်ပြောမိရင်း မျက်ဝန်းထဲမှာ မျက်ရည်ဥလေးတွေက ရစ်ဝိုင်းလို့ ဖြစ်တည်လာသည်။ မောင်မောင်သည် သစ်သစ်မျက်နှာလေးကို သေချာအကဲခတ်ရင်း လက်ထဲမှဇွန်းကိုချလိုက်ကာ သစ်သစ်လက်ကလေးကို အသာအယာ လာလို့ဆုပ်ကိုင်ပါသည်။ သစ်သစ်သည် မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း မောင်မောင့်မျက်နှာကို တည့်တည့်ကြည့်ပြီး စကားကို ဆက်ပြောလိုက်သည်။



'မောင်မောင့်ကိုလေ သစ်သစ် အရမ်းချစ်တာပဲ။ အဲလို အရမ်းချစ်မိတဲ့စိတ်တွေကြောင့် မောင်မောင့်ကို ခဏခဏစိတ်ညစ်အောင် သစ်သစ်လုပ်မိတယ်။ သစ်သစ် မှားနေတယ်ဆိုတာ ကိုယ့်ကိုယ်ကို ရိပ်မိပေမယ့် ခုထိတော့ သစ်သစ် ပြင်လို့မရသေးဘူး မောင်မောင်ရယ်။ မောင်မောင် သစ်သစ်နဲ့ပတ်သက်လို့ စိတ်ညစ်သွားတာမြင်ရတိုင်း သစ်သစ်ကိုယ်တိုင်လည်း စိတ်ဆင်းရဲမိရသလို သစ်သစ်ကို မောင်မောင် ထားခဲ့မှာကိုလည်း တပြိုင်တည်း စိတ်ပူမိပါတယ်'

'သစ်သစ်ရာ မနက်စောစောစီးစီး ဘာလို့ စိတ်မကောင်းစရာတွေ တွေးပြီး ပြောနေရတာလဲ။ သစ်သစ်ကို မောင်မောင် ဘယ်တော့မှ ထားမသွားဘူးဆိုတာကို သစ်သစ် ယုံစမ်းပါ။ တချို့ သစ်သစ်ဖြစ်ချင်တဲ့ဆန္ဒတွေကို မောင်မောင် ချက်ချင်း မဖြည့်ဆည်းပေးနိုင်ခဲ့ပေမယ့် တစ်ချိန်ချိန်မှာ ဖြည့်ဆည်းပေးနိုင်ဖို့ မောင်မောင့်ခေါင်းထဲ အမြဲထည့်ထားပါတယ်။ ပြီးခဲ့တာတွေ ပြန်ပြန်မတွေးပါနဲ့ သစ်သစ်ရယ်။ မောင်မောင်တို့ နှစ်ယောက်ရဲ့အနာဂတ်ကို ဘယ်လိုပျော်စရာကောင်းအောင် ဖန်တီးမလဲဆိုတာကိုပဲ စဉ်းစားစမ်းပါ'

မောင်မောင်က သစ်သစ်ကို ကြင်နာစွာ အားပေးဖြေသိမ့်ပေးတော့ မောင်မောင့်မျက်နှာလေးကိုကြည့်ပြီး သစ်သစ် ကျေးဇူးတွေ တင်နေမိသည်။ မောင်မောင် သစ်သစ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ သိရလေ သစ်သစ်ရင်ထဲ အတိုင်းအဆမရှိ ကြည်နူးရလေ ဖြစ်ရပါသည်။

'တစ်ခါတလေ မောင်မောင့်ကို သစ်သစ် စိတ်ဆိုးတွေ

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပြီး ဂျီကျမိတယ်။ ပြဿနာရှာမိတယ်။ ဒါတွေဟာ တကယ်တော့ သစ်သစ်လည်း မလုပ်ချင်ပါဘူး။ ဒါပေမယ့် မောင်မောင်ရယ် မေမေက မောင်မောင်နဲ့သစ်သစ်ကို သဘော မတူဘူး မဟုတ်လား'

'သစ်သစ် ဘာတွေလျှောက်ပြောနေပြီလဲကွာ။ ဘယ်က မေမေက ပါလာပြန်တာလဲ။ သစ်သစ်မေမေက သေသွားပြီ ဥစ္စာ'

'မေမေက အပြင်မှာသာသေတာ မောင်မောင်ရဲ့။ ညတိုင်း သစ်သစ်ဆီ အမြဲလာတယ်'

'မဟုတ်တာတွေကွာ'

'တကယ်ပြောတာ မောင်မောင်ရဲ့။ မောင်မောင် မဟုတ်တာလုပ်နေပြီဆိုရင် မေမေက သစ်သစ်ကို အကုန်လာ ပြန်ပြောပြတာ။ အဲဒီအခါကျရင် မောင်မောင် တကယ်ဟုတ်ဟုတ် မဟုတ်ဟုတ် သစ်သစ်က မောင်မောင့်ကို ရန်လိုမိရော။ အဲဒီမှာတင် မောင်မောင်နဲ့သစ်သစ် ပြဿနာတွေဖြစ်ရတော့တာပဲ'

'ဟင်... သစ်သစ်ရယ် ခက်တာပါပဲ။ ကယောင်ချောက်ချားမက်တဲ့ အိပ်မက်တွေကို တကယ် အပြင်မှာ အတည်ယူလို့မှမရတာ။ ဒါကို သစ်သစ် လက်ခံတတ်ရမယ်လေ။ နားလည်နိုင်ရမယ်လေ'

'မေမေ့ကို သစ်သစ်ကြောက်တယ် မောင်မောင်။ တစ်ခါတစ်ခါ မေမေ့မျက်နှာက သိပ်ကိုကြောက်ဖို့ကောင်းတာပဲ။ သစ်သစ်နဲ့မောင်မောင်ယူရင် သူ ရအောင်ခွဲပြမယ်လို့ ပြောတယ်။ သစ်သစ်လေ သစ်သစ် မောင်မောင်နဲ့ခွဲရမှာကိုတော့ အကြောက်



ဆုံးပါ မောင်မောင်ရယ်'

'ကဲ...'

မောင်မောင်သည် စကားကိုဆက်မပြောတော့ဘဲ စိတ်မောသည့်ဟန်နှင့် သက်ပြင်းချသည်။

သူ့ဆံပင် ခွေလိမ်လိမ်တွေကို ပိုလို့ရှုပ်ထွေးသွားအောင် ခေါင်းတစ်ချက်ကုတ်သည်။ နောက်တော့ အိတ်ကပ်ထဲမှ ပိုက်ဆံ နှစ်ရာတန်တစ်ရွက်ကိုထုတ်ကာ စားပွဲပေါ်ချပြီး သစ်သစ်လက်ကို ဆွဲကာ ရပ်ထားသောကားနားသို့ လျှောက်လာကြသည်။ သစ်သစ်ကို ကားတံခါးဖွင့်ပေးပြီး ထိုင်ခိုင်းအပြီးမှာတော့ မောင်မောင်သည်လည်း ကားထဲသို့ ဝင်ထိုင်ပါသည်။

ပြီးတော့ ကားစက်မနှိုးခင်မှာ သစ်သစ်ကို စကားတစ်ခွန်း ပြောပါသည်။

'သစ်သစ်... သစ်သစ် မောင်မောင့်မေမေနဲ့ တွေ့ချင်တယ်လို့ တောင်းဆိုထားတဲ့ကိစ္စလေ အဲဒါ ခုပဲ မေမေနဲ့ မိတ်ဆက်ပေးဖို့ မောင်မောင်တို့အိမ်ကို သွားကြမယ်နော်။ သစ်သစ်ကို မောင်မောင်ချစ်တယ် သိလား'

သစ်သစ်သည် မောင်မောင့်စကားအဆုံးမှာ မောင်မောင့်ပခုံးပေါ် မှီချလိုက်ရင်း မောင်မောင့်လက်မောင်းလေးကိုလည်း အားကိုးတကြီး ဖက်ထားလိုက်မိလေသည်။ သစ်သစ်လည်း မောင်မောင့်ကိုချစ်ရတာ ရင်နဲ့မဆုံ့နိုင်အောင်ပါပဲ မောင်မောင်ရယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၇၃ ၊

သစ်သစ်သည် မနက် ၃နာရီလောက်တွင် အိပ်ရာမှ ဖျတ်ခနဲ မောကြီးပန်းကြီး နိုးလာခဲ့သည်။ အိပ်ရာက နိုးနိုးချင်း လက်က ဘေးဘက်ကို ကပျာကယာစမ်းကြည့်မိတော့ ပွန္နေးနေသော မောင်ဖောင့်လက်ကလေးကို အရင်စမ်းမိသည်။ အလင်းရောင် မှုန်ဝါးဝါးအောက်တွင် သစ်သစ်ချစ်ရသော မောင်မောင်သည် တကာယ့်ကို အပူအပင်ကင်းစွာနှင့်ကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပါသည်။

မောင်မောင် ဘေးနားမှာရှိနေ၍ သစ်သစ်စိတ်တွေ အနည်းငယ် သက်သာရာရသွားသော်လည်း တလှပ်လှပ်ဖြစ်နေသော ရင်ဘတ်အစုံက ချက်ချင်း အမောမပြေနိုင်သေး ဖြစ်နေရသည်။ သစ်သစ်သည် မောင်မောင်နိုးမသွားအောင် အိပ်ရာမှ အသာအယာထလိုက်ရင်း စားပွဲပေါ်တွင် အဆင်သင့်တင်ထားသော သောက်ရေခွက်ထဲမှရေကို တစ်ကျိုက်ချင်း သောက်လိုက်မိသည်။ ရေအေးအေးတွေ ခန္ဓာကိုယ်ထဲကို စိမ့်ဝင်သွားတော့မှ လူက အနည်းငယ် သက်သာရရှသွားသလို စိတ်ကလည်း အနည်းငယ် ငြိမ်သက်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်သစ်သည် ခုတင်ပေါ်တွင်အိပ်နေသော မောင်မောင့်ဘက်သို့ တစ်ချက်လှည့်ကြည့်ရင်း အပြင်ဘက်ဝရန်တာ တံခါးနားသို့ တစ်လှမ်းချင်း အသံမကြားအောင် လျှောက်သွားလိုက်သည်။ ပြီးတော့ တံခါးဘုကို အသံမမြည်အောင် လှည့်ဖွင့်လိုက်ပြီး ဝရန်တာသို့ ထွက်ရပ်လိုက်လေသည်။ သစ်သစ်သည် ဝရန်တာတံခါးကို အပြင်မှ သေချာပြန်စေ့ထားလိုက်ပြီး လသာရမ်းနားသို့ တဖြည်းဖြည်းလျှောက်သွားလိုက်သည်။

မနက် ၃နာရီလောက်အချိန်မို့ လောကကြီးတစ်ခုလုံးသည် လမ်းမပေါ်က ကားသံလေးမျှတောင် မကြားရကာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ရံဖန်ရံခါတွင်တော့ ပိုးကောင်လေးတွေ၏အော်သံကို ကြိုကြားကြိုကြား ကြားနေရပါသည်။ သစ်သစ်သည် အေးချမ်းသော ပတ်ဝန်းကျင်၏တုံ့ပြန်မှုကို ခံစားရင်း ကောင်းကင်ကြီးကိုမော့ကြည့်ကာ အသက်ကိုဝအောင် ရှူသွင်းလိုက်သည်။

မေမေ…

သစ်သစ်ရဲ့မေမေ ဒေါ်သင်းမြွေး။

ဒီညလည်း သစ်သစ်ရဲ့ အိပ်မက်ထဲကို ရောက်လို့လာပြန်ပြီ ဖြစ်သည်။ သစ်သစ်နှင့်မေမေသည် အိပ်မက်ထဲတွင် စကားတွေ အများကြီး ပြောဖြစ်ကြပါသည်။ ပြီးတော့ မေမေက သစ်သစ်ကို တရားခံစစ်သလို စစ်ချက်တွေ ထုတ်နေပါသေးသည်။ 'မေမေ့စကားကိုနားမထောင်ဘဲ သစ်သစ် အိမ်ထောင်ပြုခဲ့တဲ့အတွက် အခု သစ်သစ် နောင်တရနေပြီလား' တဲ့။

ဟင့်အင်း… အဲလိုတော့ မဟုတ်ပါဘူး မေမေရယ်။



မောင်မောင်နဲ့ လက်ထပ်လိုက်ရတဲ့အတွက် ဘယ်တော့မှလည်း မှားတယ်လို့ ထင်မိမှာမဟုတ်သလို ဘယ်တော့မှလည်း နောင်တရမှာတော့ မဟုတ်ပါဘူး။ သစ်သစ်မှာ အခက်အခဲက တစ်ခုတည်းပဲ ရှိတာပါ။ အဲဒါကတော့ မောင်မောင့်ရဲ့ အသိုင်းအဝိုင်းထဲမှာ သူတို့တွေနဲ့ တစ်ထပ်တည်းကျအောင် သစ်သစ် မနေနိုင်ခြင်းပါပဲ။ မေမေလည်း မောင်မောင့်အမေအကြောင်း သိတယ်မဟုတ်လား။ သူက သူ့လက်ထဲက သူ့သားကို သစ်သစ်က လုသွားတယ်ထင်ပြီး အလကားနေရင်း သစ်သစ်ကို ရန်လိုနေတာ။ သစ်သစ်ကလည်း ရှင်းရှင်းပဲ။ မောင်မောင့်ရဲ့ ချစ်တတ်တဲ့စိတ်တွေအားလုံးကို သစ်သစ်တစ်ယောက်တည်းပဲ အကုန်လိုချင်တာ။ ဟိုဟာက ၅၂စတို့၊ ဒီဟာက ၁၅၀၀မေတ္တာပါတို့ ဘာတို့ညာတို့နဲ့လည်း သစ်သစ်ကို နှိုင်းယှဉ်မပြနဲ့။ သစ်သစ်မသိချင်ဘူး။ သစ်သစ်သိတာက မောင်မောင်ဟာ သူ့ဘဝမှာ ဘယ်သူနဲ့ပဲယှဉ်ယှဉ် သစ်သစ်ကိုသာ နံပါတ်တစ်နေရာထားပြီး ဦးစားပေးရမယ်။ အဲဒီတော့ သစ်သစ်ကလည်း အဲလိုမျိုးဖြစ်အောင် အမြဲကြိုးစားနေမှာပဲ။ ဒါ တရားပါတယ် မေမေရယ်။ သစ်သစ်ချစ်သူရဲ့စိတ်တွေ သစ်သစ်ဆီမှာပဲ အမြဲနစ်မျောနေအောင် သစ်သစ် ဟတ်သလောက် ဖန်တီးနေတာ သစ်သစ်တရားပါတယ်။

တစ်ခု ခက်နေတာတော့ရှိတယ် မေမေရဲ့။ မောင်မောင်က သူ့အမေနဲ့သစ်သစ် ပြဿနာတက်မှာစိုးလို့ အမြဲတမ်း ကြားထဲကနေ ကာဆီးကာဆီးလုပ်လေ့ရှိတယ်။ သစ်သစ်ကလည်း အဲဒါကိုမကြိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



သူ သူ့အမေဘက်ကနေ အဲလို ကာဆီးကာဆီး ဝင်ပြောရင် သစ်သစ် မောင်မောင့်ကို မုန်းမိတယ်။ နှစ်ယောက်တည်းနေရတဲ့ ဟန်းနီးမွန်းခရီးတုန်းကတော့ သိပ်ပျော်ဖို့ကောင်းပါတယ် မေမေရာ။ ဒါပေမယ့် သူ့အိမ်ကိုလည်း ပြန်ရောက်ရော အဲဒီပျော်ရွှင်မှုလေးတွေက ကြက်ပျောက်ငှက်ပျောက်ပဲ။ အစက လက်ထပ်ပြီးရင် သစ်သစ်အိမ်မှာပဲ နေချင်ပေမယ့် မောင်မောင်က ဒါတစ်ခုတော့ မောင်မောင့်ကိုလိုက်လျောဆိုတဲ့ စကားနဲ့ အတင်းတောင်းပန်ထားခဲ့လို့ သစ်သစ်လေ အဲဒီ ဒေါ်တင်မေငြိမ်းဆိုတဲ့ မိန်းမကြီးနဲ့အတူ တစ်မိုးအောက်မှာ အတူတူနေခဲ့ရတယ်။ ဒီအတွက် သစ်သစ် စိတ်မချမ်းသာခဲ့ဘူး။

မောင်မောင့်အမေက ပစ္စည်းဥစ္စာကို သိပ်မက်တာ မေမေရဲ့။ သစ်သစ်နဲ့စတွေ့တုန်းကဆို သစ်သစ်မျိုးရိုးကို လျှောက်မေးနေတာနဲ့ သစ်သစ်လည်း အမြင်ကပ်ပြီး ဘုတောပစ်လိုက်တယ်။ ဖေဖေက အရှမ်းချမ်းသာတဲ့ ပညာတတ်သူဌေးကြီးတစ်ယောက်ပါလို့ ပြောပြလိုက်ရင် သစ်သစ်ကို သူ့သားအတွက် ကန်တော့ပွဲနဲ့တောင် လာတောင်းပေးဦးမလား မသိဘူး။ ဟင်း… သစ်သစ်က ပေါက်ကရတွေ လျှောက်ပြောလိုက်တော့ ဖြစ်သွားတဲ့မျက်နှာ မေမေ မတွေ့လိုက်ရတာ တကယ်နှာတာပဲ။

ဘာပဲဖြစ်ဖြစ် ဒီမိန်းမကြီးကိုတော့ သစ်သစ် ကြည့်မရတာ အမှန်ပဲ မေမေ။ သူက သစ်သစ်ထက် ဟိုဘက်အိမ်က ရွှေမှုန်ကို ချွေးမတော်ချင်နေတာ သစ်သစ် သိသွားပြီ။ အစတုန်းက မေမေ သတိပေးတာကို သစ်သစ်က ယုံချင်ခဲ့တာမဟုတ်ဘူး။ အခုတော့ အသွားကြီးက မတော်လိုက်ရတဲ့ချွေးမကို တသသ



ဖြစ်နေတာမို့ သစ်သစ်တောင် ရွှေမှုန့်ကို သိပ်အရောဝင်တော့တာမှ မဟုတ်တာ။ ယောင်းမမတော်ရရင် နေပါစေ မေမေရယ်။ ကိုရဲအတွက် ကောင်မလေးချောချောတွေများ ပုံလို့။ ဘယ်နားထားရမှန်းတောင် မသိဘူး။ အခိုကက မေမေပြောသလို မယားပြိုင်မဖြစ်ဖို့ဘဲ မဟုတ်လား မေမေရဲ့။ ဟင်း ဟင်း ဟင်း… ဒီလောက်လည်း သစ်သစ် သိပါတယ်။

မေမေပြောသလို ယောကျ်ားတွေက မယုံရဘူးဆိုတဲ့ စကားကိုလည်း သမီး အမြဲတမ်း ခေါင်းထဲထည့်ထားပါတယ်။ ဒါကြောင့် မောင်မောင့်နောက်ဆို သမီး အမြဲတမ်း တကောက်ကောက်လိုက်တာပေါ့။

အင်းပါ မေမေရယ်။

အဲဒါကိုလည်း သစ်သစ် မမေ့ပါဘူး။

မောင်မောင်နဲ့ရွှေမှုန်တို့ရဲ့ ဆက်ဆံရေးကို အနှောက်အယှက်ဖြစ်သွားအောင် သူတို့နှစ်ယောက်ပဲတိုးတယ်ဆိုတဲ့ ဟိုးခြံစည်းရိုးဘေးက ခွေးတိုးပေါက်နဲ့ ဒန်းနှစ်ခုကို ဖျက်ဆီးဖို့မဟုတ်လား။

မပူပါနဲ့ မေမေရာ။ ဒီရက်ပိုင်းအတွင်းမှာပဲ သစ်သစ်အကောင်အထည် ဖော်လိုက်တော့မှာပါ။ မေမေလည်း သစ်သစ်ကို နည်းနည်းတော့ကူပေါ့နော်။

မေမေရယ်… သမီး အဲလိုလုပ်လိုက်လို့ ဖေဖေ မေမေ့အပေါ် ရက်စက်စိမ်းကားခဲ့သလို မောင်မောင်လည်း သမီးအပေါ်မှာ ပစ်ပစ်ခါခါလုပ်သွားမှာကိုတော့ စိတ်ထဲမှာ နည်းနည်းတော့ကြောက်တယ်။ ဒါပေမယ့် မောင်မောင်ဟာ ဖေဖေ့လောက်တော့

www.burmeseclassic.com

www.burmeseclassic.com



မရက်စက်လောက်ဘူးလို့ သစ်သစ် ထင်ပါတယ်။ မောင်မောင်က သစ်သစ်ကို တကယ်ချစ်တာ မေမေရဲ့။

ဖေဖေကတော့··· ဖေဖေကတော့ မေမေ့ကို တကယ်မှ မချစ်ခဲ့တာနော်။ သမီးကို မအော်ပါနဲ့မေမေရဲ့။ အဲဒါ ဘယ်သူမှပြောတာ မဟုတ်ဘူး။ မေမေပဲပြောတာလေ။ မေမေ ရေးနိုင်းခဲ့တဲ့စာလေးနဲ့ ဖေဖေ သမီးကိုရေးထားတဲ့စာလေးကို သေတ္တာလေးတစ်ခုထဲမှာ အတူတူသိမ်းထားပါတယ် မေမေရဲ့။ မေမေတို့လူချင်းပေါင်းလို့မရတော့ပေမယ့် စာလုံးလေးတွေချင်းတော့ပေါင်းလို့ရအောင်ဆိုတဲ့ သဘောနဲ့ပေါ့ မေမေရယ်။ အဟင်း-- ဟင်း ဟင်း··· မေမေက ခုမှရယ်တယ်။ သစ်သစ်တော်တယ် မဟုတ်လား။

လောကကြီးတစ်ခုလုံးသည် တိုက်မြင့်ပေါ်ရှိ ဝရန်တာပေါ်က လူသားတစ်ယောက်၏ အသိစိတ်တွေကလွဲလျှင် တိတ်ဆိတ်ငြိမ်သက်နေတုန်းပင် ဖြစ်သည်။

ဖြ

အခန်း ၊ ၇၄ ၊

'သစ်သစ်ကြောင့် အန်တီ စိတ်အနှောက်အယှက် ဖြစ်ခဲ့ရတယ်ဆိုရင် သစ်သစ်ကို ခွင့်လွှတ်ပါ။ နောင်ကိုလည်း ဒီလိုမျိုးတွေမဖြစ်အောင် သစ်သစ် ဆင်ခြင်ပါ့မယ်။ သစ်သစ်အမှားတွေအတွက် အန်တီ့ကို သစ်သစ် ကန်တော့ပြီး တောင်းပန်ပါတယ်'

သစ်သစ်သည် စိတ်လိုလက်ရပင် ဒေါ်တင်မေငြိမ်းကို ဦးသုံးကြိမ်ချပြီး ကန်တော့လိုက်သည်။ ကန်တော့ပြီး ဒေါ်တင်မေငြိမ်းမျက်နှာကိုကြည့်လိုက်တော့ သစ်သစ်ကို ဘာမှပြန်မပြောဘဲ မျက်နှာကို တစ်ဖက်သို့လှည့်ထားတာမို့ သစ်သစ်စိတ်ထဲဝမ်းနည်းသွားရသည်။ မောင်မောင့်မျက်နှာကို လှမ်းကြည့်မိတော့ မောင်မောင်က သစ်သစ်ကို အားတုံ့အားနာမျက်နှာလေးနှင့် ကြည့်နေပါသည်။

သစ်သစ်သည် ကြမ်းပြင်ပေါ်မှထလိုက်ကာ အပေါ်ထပ် အခန်းဆီသို့ ပြန်တက်လာခဲ့သည်။ အခန်းထဲရောက်တော့ မနေ့က သစ်သစ်လက်ချက်နှင့် ကွဲသွားရသည့် ဝရန်တာမှန်တံခါးကို မောင်မောင်က စက္ကူတစ်ရွက်နှင့် ပြန်ကပ်ထားတာကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ သစ်သစ်သည် စိတ်မောလက်မောနှင့်ပင် အိပ်ရာပေါ်သို့ ထိုင်ချလိုက်သည်။

သစ်သစ်၏စိတ်တွေသည် တစ်ခါတစ်ရံတွင် ထိန်းမနိုင် သိမ်းမနိုင် ဆိုးဆိုးသွားတတ်သည်ကို ကိုယ်ကိုယ်ကိုယ်လည်း သတိထားမိပါသည်။ ဒီတော့လည်း ကိုယ့်ကိုယ်ကိုယ်တောင် မထိန်းနိုင်တာ သူများတကာကလည်း ဘယ်လိုလာပြီး ထိန်းနိုင်မှာတော့မှာလဲ။ မောင်မောင်တောင် သစ်သစ်ကို စိတ်ညစ်သေးတာ နဂိုကတည်းကမှ မကြည်ဖြူသည့် ယောက္ခမကြီးက ပိုလို့တောင် ဆိုးဦးမှာပေါ့။

သစ်သစ် အပြစ်မတင်ပါဘူး။ သစ်သစ်ဆိုးမှန်းသိတဲ့အတွက် သစ်သစ် ဘယ်သူ့ကိုမှ အပြစ်မတင်ချင်ပါဘူး။ ကိုယ့်ဘဝကိုယ်ပဲ စိတ်ပျက်အားငယ်နေမိပါတယ်။

'သစ်သစ်'

နောက်နားဆီမှာ မောင်မောင် ဘယ်အချိန်က ရောက်လာလဲ သစ်သစ် မသိလိုက်ပါ။ မောင်မောင်သည် သစ်သစ်ပခုံးလေးကို ခပ်ဖွဖွလေးဖက်ပြီး သစ်သစ်နံဘေးတွင် အသာအယာ ဝင်ထိုင်ပါသည်။

'မေမေက သစ်သစ်ကို ကြည်လင်သွားပါပြီ။ စိတ်ထဲဘာမှ ထားမနေနဲ့တော့နော်'

'မောင်မောင်ရယ် သစ်သစ်ဆိုးတာ ကိုယ့်ဟာကိုယ်အသိဆုံးပါ။ အန်တီ ချစ်ခင်လာအောင် သစ်သစ် မကြိုးစားဘဲ အန်တီမုန်းမယ့် အပြုအမူတွေချည်းကိုပဲ သစ်သစ် ရွေးချယ်လုပ်နေတာ သစ်သစ် သိပ်ကိုညံ့ပါတယ်။ ဒါတွေကို သိသိလျက်နဲ့



သစ်သစ် မလုပ်နိုင်တာ၊ မပြင်နိုင်တာ သစ်သစ်ရဲ့အားနည်းချက်ပါပဲ။ သစ်သစ် သိပ်စိတ်ညစ်တယ် မောင်မောင်ရယ်။ သစ်သစ် မပျော်တော့ဘူး'

'သစ်သစ်ရယ်… သစ်သစ်ဘေးမှာ မောင်မောင် ရှိပါသေးတယ်။ နောက်တစ်ခါ သစ်သစ်စိတ်ဆိုးရင် မောင်မောင့်ကိုပဲရိုက် သိလား။ ဘေးတွေကို လျှောက်မမဲနဲ့ပေါ့။ သစ်သစ်က စိတ်ဆိုးနေတုန်း ဘာမှမသိလိုက်ပေမယ့် ဘေးပတ်ဝန်းကျင်က ရှိသေးတယ် မဟုတ်လား။ မေမေက ဒါကိုပြောပြတာပါ'

'အင်းပါ၊ အင်းပါ။ သစ်သစ် လိမ္မာပါပြီ။ လိမ္မာအောင်လည်း နေပါ့မယ်။ ဟင်း… သစ်သစ် နားလည်ပါတယ် မောင်မောင်ရယ်။ နောက်တစ်ခါ သစ်သစ် စိတ်ဆိုးရင် မောင်မောင့်ကိုလည်း မရိုက်ပါဘူး။ သစ်သစ်ကိုသာ အခန်းလုံတစ်ခုထဲ ထည့်ပိတ်ရင်ပိတ်၊ ဒါမှမဟုတ် မလှုပ်နိုင်အောင်သာ ကြိုးနဲ့တုပ်ထားလိုက်တော့'

သစ်သစ်က မောင်မောင့်ရင်ခွင်ထဲမှာ မှီနွဲ့ရင်း ပြောလိုက်တော့ မောင်မောင့်ဆီမှ ခပ်တိုးတိုးရယ်မောလိုက်သံလေးကို သစ်သစ် ကြားလိုက်ရပါသည်။ ပြီးတော့ မောင်မောင်က သစ်သစ် နဖူးပြင်လေးကို ညင်သာစွာနမ်းရှိုက်ရင်း မေးခွန်းလေးတစ်ခုကို မေးပါသည်။

'သစ်သစ် ဘာလို့ အဲလို ဒေါသတွေ ထွက် ထွက်လာရတာလဲ'

သစ်သစ်သည် မောင်မောင့်ရင်ခွင်ထဲမှ ထွက်လိုက်ကာ မောင်မောင့်မျက်ဝန်းများနှင့် အကြည့်ချင်းဆုံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မေမေပေါ့ မောင်မောင်ရဲ့။ မေမေက သစ်သစ်အား မှာ အမြဲရှိနေတာ။ သစ်သစ် စိတ်မဆိုးခင်ကတည်းက မေမေ စိတ်ဆိုးနေပြီ။ အဲဒီအချိန်လေးမှာ မေမေပြောတာတွေအားလုံး သစ်သစ် ယုံမိတယ်။ ပြီးတော့ မေမေပြန်သွားမှ ဘာတွေ ပျက်ခဲ့လဲ သစ်သစ် မနည်း ပြန်စဉ်းစားရတယ်'

'ကျွတ်…'

မောင်မောင်က သစ်သစ်စကားတွေကို လက်မခံနိုင် စွာ တစ်ချက်ကြည့်ရင်း စုတ်တစ်ချက်သပ်သည်။ ပြီးတော့ ခေါင်း ကို ခါယမ်းသည်။ နောက် သက်ပြင်းတွေ တစ်ခုပြီးတစ်ခု ချ သည်။

မောင်မောင် သစ်သစ်ကို တကယ်ပဲ စိတ်ကုန်သွားပြီ လား။

သစ်သစ်ကို မယုံဘူးလား မောင်မောင်ရယ်။ သစ်သစ် ပြောတာတွေအားလုံး အမှန်တွေချည်းပါ။ သစ်သစ် ကိုယ်ချင်း ပါတယ်။

ကဲ… မောင်မောင် မယုံဘူးဆိုရင် နောက်တစ်ခါ မေမေလာရင် မေမေနဲ့မောင်မောင့်ကို တွေ့ပေးမယ်။ မောင်မောင် မေမေ့ကို မေးကြည့်ပေါ့ ဟုတ်ဘူးလား။



အခန်း ၊ ၇၅ ၊

ညနေဘက် ၆နာရီခွဲလောက်မှာ သစ်သစ်အိမ်ကို မောင် မောင် ပြန်လာခေါ်တော့ ချောင်ကျနေသော သစ်သစ်မျက်နှာကို ကြည့်ပြီး မောင်မောင်က-

'နေ့လယ်က အိပ်ရဲ့လား သစ်သစ်'

'အိပ်ပါတယ် မောင်မောင်ရဲ့'

'ဘယ်နှမိနစ် အိပ်တာလဲ။ ငါးမိနစ်ထဲလား။ လိမ္မာ တဲ့လူက မညာရဘူးနော်'

'ဟုတ်ပါဘူး။ အိပ်ပါတယ်ဆို။ ကဲ… ပြော၊ ဒီညနေ သစ်သစ် ဘာစားရမှာလဲ'

'Discover Hotel မှာ ညနေပိုင်း Seafood buffet ကောင်းတယ်တော့ပြောတယ်။ အဲဒါ စားမလား။ အခုမှ ၆နာရီ ခွဲ ရှိပါသေးတယ်။ ၉ နာရီခွဲထိ ရတယ်တဲ့'

'အင်း… ကောင်းတယ်၊ သွားမယ်လေ'

သစ်သစ်က တက်ဘက်ကြွကြွလေးပင် ပိုက်ဆံအိတ် လေးယူ၊ ဖိနပ်ကို ချက်ချင်းကောက်စီးပြီး အတင်းပင် ကားပေါ် တက်တော့သည်။ မောင်မောင်က ကားစက်နှိုးရင်း-

www.burmeseclassic.com

www.burmeseclassic.com



'ကိုရဲလည်း မတွေ့ပါလား'

'ခုနကမှ အပြင်ထွက်သွားတာ။ သူ့ရည်းစားဆီသွားတာ နေမှာပေါ့'

'အံမယ်... ယောက်ဖက စွံနေပြီပေါ့'

'အံမယ်လေး... သူ့ဘေးနားများ ကောင်မလေးတွေကို ပုံလို့'

သစ်သစ်က အစ်ကိုအတွက် ဂုဏ်ယူစွာ ပြောလိုက်သည်။ မောင်မောင့်ကို စိတ်ချမ်းသာအောင် နေ့လယ်ကအိပ်တယ်လို့ ပြောလိုက်ပေမယ့် တကယ်တော့ သစ်သစ် တစ်နေ့ခင်းလုံး မအိပ်ဖြစ်ဘဲ ငယ်ငယ်တုန်းကဓာတ်ပုံတွေကို ပြန်ကြည့်နေမိသည်။ မိသားစုပုံဆိုလို့ ရှားရှားပါးပါး ငယ်ငယ်က သစ်သစ်တို့ကျောင်းမှာ ဖေဖေ ပိုက်ဆံလိုက်လျှော်တုန်းက ရိုက်ထားသော ပုံတစ်ပုံကိုပဲ တွေ့ရသည်။

ပြီးတော့ ဖေဖေ ဘွဲ့ယူတုန်းက ပုံတချို့တွေ့ရသည်။ နောက် ဘိုးဘိုးဘွားဘွားနှင့် မေမေ့ပုံများ၊ သစ်သစ်နဲ့ကိုရဲ ငယ်ငယ်တုန်းကပုံများ...။ ဒါတွေကို ပြန်ထိုင်ကြည့်ရင်း တစ်နေ့လုံး အချိန်ကုန်သွားရသည်။

မနက်က မောင်မောင်တို့မေမေကို ထိုင်ကန်တော့ပြီး စိတ်တွေက နောက်ကျိုလာသဖြင့် နေ့လယ်ဘက်တွင် သစ်သစ်အိမ်ကို ခဏပြန်လာခဲ့သည်။ သူ့အမေနှင့် မျက်နှာချင်းဆိုင်မိမှာစိုးလို့လည်း ပါပါသည်။ ကိုယ့်ဟာကိုယ် ကားကို ပြန်မောင်းလာပြီး ညနေကျမှ မောင်မောင်က ပြန်လာကြိုပေးခြင်း ဖြစ်သည်။



'သစ်သစ် ငြိမ်နေပြန်ပြီ။ ဘာတွေလျှောက်စဉ်းစားနေပြန်ပြီလဲ'

'အဟင်း... မစဉ်းစားပါဘူး မောင်မောင်ရဲ့။ နေ့လယ်ကလေ အိမ်မှာ အယ်လ်ဘမ်တွေပြန်ကြည့်ရင်း သစ်သစ်တို့မိသားစုရိုက်ထားတဲ့ပုံတစ်ပုံကို တွေ့ရတယ်။ နောက်မှ မောင်မောင့်ကို ပြရမယ်။ သစ်သစ်ဖေဖေကော၊ မေမေကောက သိပ်ချောတာ မောင်မောင်ရဲ့'

'အောင်မယ်... ကိုယ့်ငါးချဉ် ကိုယ်ပြန်ချဉ်နေပြန်ပြီ'

'သစ်သစ်လေ တစ်ခါတစ်ခါ မေမေ့ကို သတိရသလို ဖေဖေ့ကိုလည်း သတိရတာပဲ'

'သစ်သစ်ဖေဖေက ရှိသေးတာပဲ မဟုတ်လား။ သစ်သစ်သွားတွေ့ပေါ့။ မိဘဆိုတာ ဘုရားနဲ့တစ်ဂိုဏ်းထဲ မဟုတ်လား သစ်သစ်ရဲ့။ သူတို့မှားမှားမှန်မှန် ကိုယ်က ငြဲမယူရဘူး။ သစ်သစ်အဖေ အဆင်မပြေရင်လည်း မောင်မောင်တို့ ထောက်ပံ့ပေးလို့ရတာပဲ'

'အဟင်း... ဟင်း ဟင်း... သစ်သစ်တို့ သူ့ကို ထောက်ပံ့ပေးစရာ မလိုပါဘူး မောင်မောင်ရဲ့။ ဖေဖေတို့များ ချမ်းသာလိုက်တာ သစ်သစ်တို့ ဆွေခုနစ်ဆက်မျိုးခုနစ်ဆက် တောင် စားလို့ကုန်မှာ မဟုတ်ဘူး'

'ဟင်... ဟိုတစ်ခါ သစ်သစ် မေမေ့ကိုပြောတော့ ဆင်းရဲတယ်ဆို။ နောက်မိန်းမနဲ့ဆို ဟုတ်ဖူးလား'

'မဟုတ်ပေါင်၊ အဲဒီတုန်းက သစ်သစ် အန်တီ့ကို ဘုဂလန့်တွေ လျှောက်ပြောလိုက်တာ။ တစ်ခုမှ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သစ်သစ်နဲ့ကိုရဲ့ အခုထိ ဘာအလုပ်မှမလုပ်ရဘဲ အေးအေးဆေး ဆေး ကျောင်းတက်ပြီး ထိုင်စားနေတာ ဖေဖေ့ကျေးဇူးကြောင့် ပေါ့။ ဖေဖေက နောက်မိန်းမလည်း မယူပါဘူး။ ယူရင်လည်း သစ်သစ်နဲ့တွေ့သွားမှာပေါ့'

'တော်ပါတော့ သစ်သစ်လေးရယ်၊ သူ့ဟာသူ လွတ်လွတ်လပ်လပ်နေတာ နေပါစေ။ ပြဿနာကို မီးထွန်းမရှာချင်ပါနဲ့။ နောက်မှ မောင်မောင်နဲ့သစ်သစ် သစ်သစ်ဖေဖေ့ဆီကို သွားတွေ့ကြတာပေါ့'

'ဖေဖေ့ကို သွားတွေ့ရမယ်'

'သစ်သစ်က လိမ္မာတယ်ဆို'

'အင်း… ဖေဖေကမှ သစ်သစ်ကိုမချစ်တာ'

'ဘယ်သူက ပြောလဲ'

'မေမေ ပြောတယ်'

'အာ… မဟုတ်တဲ့စကားတွေက စလာပြန်ပြီ'

'အင်းပါ၊ သစ်သစ် စဉ်းစားပါဦးမယ်။ ဟို တိုင်လည်း တိုင်ပင်ရဦးမယ်လေ'

'ဘယ်သူ့ကို တိုင်ပင်ဦးမှာတုန်း။ သစ်သစ်အမေကို လား။ ဒါဆိုလည်း လေကုန်ခံပြီး ပြောမနေနဲ့တော့။ ကြာရင် မောင်မောင်လည်း ရူးလိမ့်မယ်'

မောင်မောင့်အသံလေးက စိတ်မရှည်တော့သည့်အသံ ဖြစ်လာရတာမို့ သစ်သစ် သဘောကျစွာ ရယ်လိုက်မိသည်။ သစ်သစ်တို့ကားလေးက ဟိုတယ်ကြီး၏ရှေ့ ကားပါကင်သို့ ဖြည်းညင်းစွာဆိုက်ရောက်လာပါသည်။ ကားပေါ်ကဆင်းတော့



သစ်သစ်က မောင်မောင့်လက်တွေကို အတင်းဆုပ်ကိုင်ရင်း-

'ဖေဖေနဲ့ မောင်မောင့်ကိုလည်း သစ်သစ်တွေ့ပေးချင် ပါတယ်။ ဖေဖေက မောင်မောင့်ကိုဆို ချစ်မှာပါ။ ဟံသာဝတီ ဘဏ်ပိုင်ရှင် ဦးစဝ်နိုင်ဆိုတာ သစ်သစ်ရဲ့ဖေဖေပေါ့ မောင်မောင် ရဲ့'

မောင်မောင်က သစ်သစ်စကားကြောင့် မျက်လုံးလေး ပြင့်ကာ နှုတ်ခမ်းလေးမဲ့ရင်း 'သစ်သစ်အဖေက တကယ့် Big Boss ပဲ'လို့ မှတ်ချက်ချသည်။ အဲဒီနောက် သစ်သစ်တို့နှစ် ယောက်သား လက်ချင်းချိတ်ကာ ဟိုတယ်တွင်းသို့ ဝင်လာခဲ့ ကြသည်။ မှန်များဖြင့် ပတ်ပတ်လည်ကာရံထားသော Dinning Room ထဲသို့အရောက်တွင် စားပွဲတစ်ခုမှာနေရာယူပြီး သောက်စရာ Juce တစ်ခုမှာကာ မောင်မောင်က အစားအသောက် တွေယူဖို့ အရင်ထသည်။ များပြားလှသော စားချင်စဖွယ် အစား အစာတွေကို သစ်သစ် ဖန်းကန်ထဲထည့်နေစဉ်မှာပင် မောင်မောင့် ဆီမှ သစ်သစ်ကို လှမ်းပြောလိုက်သော စကားသံကို ကြားလိုက် ရသည်။

'ဟင်… ရွှေမှန်စုတ်ပါလား။ ကြည့်စမ်းပါဦး၊ မောင် မောင့်ကိုပြောတော့ သူ့သူငယ်ချင်းမွေးနေ့ သွားမလို့တဲ့။ အခု တော့ ဒီမှာ အတွဲနဲ့လာပြီး အကြည်ဆိုက်နေတာကိုး။ တွေ့လား သစ်သစ်'

မှန်တံခါးများ၏အပြင်ဘက် မြက်ခင်းပြင်ပေါ်ရှိ စားပွဲ တစ်လုံးတွင် နှစ်ယောက်တည်းထိုင်နေကြသော အတွဲတစ်တွဲ ဆီသို့ မောင်မောင်က လက်ညှိုးထိုးပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရွှေမှုန်တို့မျက်ခွက်များ ပြုံးဖြီးနေလိုက်တာ မျက်မှာ ပေါ် ပုရွက်ဆိတ်တက်မှာတောင် စိုးရတယ်။ ဘယ်အချိန်ကများ ရည်းစားရသွားလဲ မသိဘူး။ ပုံစံကတော့ သားသားနားနားပဲ။ အစုတ်မ… မောင်မောင့်ကို ဒိုင်လျှိုထားတယ်။ အခုနေ မောင် မောင်နဲ့သစ်သစ်ကိုသာတွေ့လိုက်ရင် ရွှေမှုန်တို့ အလိမ်ပေါ်ပြီး လန့်သွားမှာ မြင်ယောင်သေး အဟေး… ဟေး ဟေး…'

မောင်မောင်က သူ့ဟာသူ သဘောတကျ ရေရွတ်နေ စဉ်မှာ သစ်သစ်သည် လက်ထဲမှပန်းကန်ပြားကို စားပွဲပေါ်ချ ထားလိုက်ပြီး အပြင်ဘက်ကိုထွက်သည့် မှန်တံခါးနားသို့ တဖြည်းဖြည်း တိုးကပ်သွားမိသည်။

မျက်ဝန်းများက ရွှေမှုန်နှင့် ရယ်ကာမောကာ စကား ပြောနေသော ရှင်းရှင်းသန့်သန့် ယောက်ျားသားဆီမှ အကြည့် ကို တစ်ချက်မခွာမိ။ မြင်သထက်မြင်ရအောင် သေချာသထက် သေချာအောင် အာရုံကို ပိုလို့ စူးစိုက်ကာ ကြည့်မိသည်။ ကြည့် ရင်း ကြည့်ရင်းနဲ့မှ သစ်သစ်နားထဲ တစီစီအသံများ ကြားလာ ရကာ နားထင်နားအုံတွေ ကြီးလာရသလို လူတစ်ကိုယ်လုံး ရှိန်းတိန်းဖိန်းတိန်းကြီးဖြစ်ကာ မျက်ရည်တွေလည်း ဝိုင်းလာရ သည်။

ဟုတ်ပါတယ်။

သစ်သစ် အဲလောက်တော့ မျက်လုံးမမွဲသေးပါဘူး။

ဖေဖေမှ ဖေဖေအစစ်။

သစ်သစ်ရဲ့ဖေဖေ… သစ်သစ်ချစ်တဲ့ ဖေဖေ…။

ကိုရဲရဲ့ဖေဖေ… မေမေ့အချစ်ဆုံး ယောက်ျား။



ဘာဖြစ်လို့… ဘာဖြစ်လို့… ရွှေမှုန်နဲ့ အတူတူထိုင် နေရတာလဲ။

ဟင့်အင်း… ဟင့်အင်း… မထိုင်ရဘူး။ သစ်သစ် မကြိုက်ဘူး။ မကြိုက်ဘူး။ မေမေလည်း ကြိုက်မှာမဟုတ်ဘူး။

အဲဒီနောက် သစ်သစ်သည် မှန်တံခါးကို ကလစ်ခနဲ နေအောင် ဆွဲဖွင့်ကာ သူတို့နှစ်ယောက်နားဆီသို့ ခြေလှမ်းတွေ ကို ဦးတည်လိုက်မိသည်။

၆၄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊၇၆၊

သစ်သစ် မနက် အိပ်ရာကနိုးလာတော့ ဆယ်နာရီခွဲနေပြီ ဖြစ်သည်။ လိုက်ကာကြားမှ တစ်စွန်းတစ်စထွက်နေသော နေရောင်ခြည်စူးစူးကို မျက်လုံးလေးမှေးကာကြည့်ရင်း လူက အိပ်ရာထဲမှ ချက်ချင်းမထနိုင် ဖြစ်နေရသည်။ မောင်မောင်ကတော့ ဘယ်အချိန်ကတည်းက အိပ်ရာထဲမှ ထသွားလည်း မပြောတတ်ပါ။ အခန်းထဲမှာ မရှိတော့တာကိုတော့ သိနေပါသည်။ ညက မောင်မောင်လည်း တစ်နာရီထိုးလောက်မှ အိပ်ပျော်သွားတာကို သစ်သစ် သိနေပြီး သစ်သစ်ကိုယ်တိုင်လည်း မနက်ခြောက်နာရီ မိုးစင်စင်လင်းမှ အိပ်ပျော်သွားခဲ့ရခြင်း ဖြစ်ပါသည်။

လူတစ်ကိုယ်လုံးက ညောင်းညာကိုက်ခဲသလို ဖြစ်နေတာမို့ သစ်သစ်သည် အိပ်ရာပေါ်မှ ကြိုးစားထရင်း ရေချိုးခန်းထဲသို့ ဒယိမ်းဒယိုင် ဝင်လာခဲ့လိုက်သည်။ သွားတိုက်၊ မျက်နှာသစ်ပြီးနောက် လန်းဆန်းသွားအောင် ရေတစ်ခါတည်းချိုးဖို့ စိတ်ကူးရလိုက်တာမို့ ရေပန်းအောက်မှာ အကြာကြီး စိမ်ပြေနပြေ ရေချိုးနေမိသည်။

ရေမိုးချိုး အဝတ်အစားလဲပြီးနောက် သစ်သစ်သည်

www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံရှေ့တွင်ထိုင်ရင်း ကိုယ့်မျက်နှာကိုယ် သေချာကြည့်မိသည်။ အရင်က နားရွက်အောက်သာသာရှိသော ဆံပင်နက်နက်တို့က ယခု ပခုံးတောင် ထိနေပြီဖြစ်သည်။ အိပ်ရေးမဝသဖြင့် မျက်တွင်းများက ကျနေကာ ပါးရိုးများကလည်းငေါ်ပြီး ထွက်နေသလို ဖြစ်နေသည်။ အရင်က သွေးရောင်တို့လွှမ်းနေသော အနီရောင်နှုတ်ခမ်းတို့က ယခုတော့ ဖျော့တော့စွာဖြင့် မလှမပ ဖြစ်နေရသည်။ ဒီရက်ပိုင်းအတွင်း သစ်သစ် သိပ်ပိန်သွားတာ ကိုယ့်ကိုယ်ကိုယ် သတိထားမိသည်။ ညညဆို သစ်သစ် အိပ်မပျော်တာ အချိန်တွေ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ။

ဟင့်အင်း…

အဲဒါတွေကို သစ်သစ်ပြန်ပြီး မစဉ်းစားချင်ပါ။

သစ်သစ်သည် မောင်မောင်များ အောက်ထပ်မှာရှိနေမလား မျှော်လင့်ချက်ဖြင့် အခန်းတံခါးကို ခပ်ဖြည်းဖြည်းလေး ဖွင့်ကာ အောက်ထပ်ဆင်းမည့်လှေကားပေါ်သို့ ခြေချလိုက်သည်။ လှေကားတစ်ဝက်လောက်ကို သစ်သစ် ရောက်လာသည့်အချိန်တွင် အောက်ထပ် ထမင်းစားခန်းဘက်က ပျံ့လွင့်လာသော ဒေါ်တင်မေငြိမ်း၏အသံကို သစ်သစ် ကြားလိုက်ရသည်။

‘နေ့လယ်ပဲ ဆယ့်တစ်နာရီထိုးနေပြီ။ ဒီအချိန်ထိတောင် အိပ်ရာက မထသေးဘူးတဲ့။ ကြား ကြားဖူးပေါင်တော်။ ဗိုသလိုက်တဲ့ မိန်းမ။ မောင်မောင်တို့များ အတော့်ကို ပင်ပင်ပန်းပန်း ရှာဖွေလာရတယ် ထင်ပ’

မလိုမုန်းတီးစွာပြောလိုက်သော ဒေါ်တင်မေငြိမ်းစကားတွေကြောင့် သစ်သစ်ရင်ထဲ ထိတ်ခနဲဖြစ်သွားရကာ ခြေလှမ်း



များကလည်း တုံ့ခနဲ ရပ်သွားရသည်။

‘တစ်ဦးတည်းသောသမီးကလည်း ဖြစ်ပြန်၊ ချမ်းလည်း ချမ်းသာတယ်ဆိုတော့ ဒီလောက်တော့ရှိမှာပေါ့ ငြိမ်းရယ်’

‘အံမယ်လေး… ဖြူ မသိပါဘူး။ တင်မေငြိမ်းတို့များ သားမျက်နှာကြောင့် ဒီလိုချွေးမမျိုးကို အိမ်ပေါ်ခေါ်တင်ထားရတာ အိမ်ပူလွန်းလို့။ တော်ကြာနေ ရန်ဖြစ်ကြပြန်ပြီ၊ တော်ကြာနေရင် သတ်ကြပြန်ပြီ၊ ကြားလိုက်ရရင်လည်း သူ့အသံကြီးပဲ။ ဟိုဟာရိုက်ခွဲ၊ ဒီဟာရိုက်ခွဲကလည်း ရှိသေးတယ်။ ဟင်း… အသက်ကြီးမှ ဝဋ်ခံနေရတာလေ။ ဒါကြောင့် ငြိမ်းက အိမ်ကကောင်ကိုရော ရွှေမှုန်ကိုရော ယူကြပါလို့ပြောတာ။ အခုတော့ ကြားကဖြတ်သုတ်သွားတော့ ကိစ္စက အေးမသွားဘူးလား။ ပြောမပြောချင်ပါဘူး’

‘မနက်စောစော ဒေါသတွေထွက်မနေပါနဲ့ ငြိမ်းရယ်။ ကိုယ်နဲ့ပြေလည်ဖို့ထက် ကိုယ့်သားနဲ့ပြေလည်ရင် ပြီးရောဆိုပြီး စိတ်ကိုလျှော့လိုက်စမ်းပါ’

‘အဲလိုလျှော့ပြီး ပေးစားခဲ့တာပေါ့ ဖြူရဲ့။ ဒီထက်လျှော့ရရင်လည်း ငြိမ်း သေမှပဲအေးမယ်’

ဒေါသတကြီးပြောနေသံ၊ ဖျောင်းဖျပေးနေသံတို့က သစ်သစ်နားထဲ တစ်လှည့်စီ ကြားနေရပါသည်။ စကားသံတွေက သစ်သစ်ရင်ထဲကို ဗလောင်ဆူလာစေကာ လှေကားလက်ရန်းကို ကိုင်တွယ်ထားသော လက်ချောင်းလေးများကိုလည်း တုန်ယင်လာစေသည်။

‘မောင်မောင်ကလည်း ကြာလိုက်တာ’

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုပဲလေ၊ အိမ်နဲ့ လှည်းတန်းဈေး ဘာမှဝေးတာ မဟုတ်ဘူး။ အဲဒါကိုခိုင်းလိုက်ရင် ပေါ်မလာတော့ဘူး။ အင်း လည်း မိန်းမရပြီးကတည်းက ဘာမှသုံးလို့ မရတော့ဘူး'

'လှည်းတန်းမီးပွိုင့်က ကားကျပ်တတ်တယ် မဟုတ် လား။ အဲဒါကြောင့် ထင်ပါတယ်'

'မြူမှုန်တို့မင်္ဂလာပွဲရော ဘယ်တော့လုပ်မလဲ ဖြူ'

'မိုးမကျခင်ပေါ့ ငြိမ်းရယ်။ သူတို့ဟာသူတို့ စီစဉ်နေ တာပဲ'

'မောင်ချိုဇော်က အေးချမ်းပါတယ်။ အားလည်း ထိုး လောက်တယ်။ ဖြူ ကံကောင်းပါတယ်လေ။ မိရွှေမှုန်တစ်ယောက် ပဲ ကျန်တော့တယ်။ ခုချိန်ထိ ရည်းစားမရှိ ဘာမရှိနဲ့ တကယ်တို့ မောင်မောင် သူ့မိန်းမနဲ့ အဆင်မပြေလို့ကွဲရင် ရွှေမှုန်နဲ့ ပေးစား ပါနော် ဖြူ။ မောင်မောင့်အတွက် ရွှေမှုန်ဟာ အသင့်တော်ဆုံး မို့ပါ'

'ကဲပါ ငြိမ်းရယ်၊ မဖြစ်သေးတာတွေအတွက် ကြို စီစဉ်မနေပါနဲ့။ ဘာကိုပဲဖြစ်ဖြစ် ငြိမ်း စိတ်ချမ်းသာအောင် ငြိမ်း ကျေနပ်အောင် ဖြူ အမြဲဦးစားပေးမှာပါ။ ကဲ... ကျေနပ် တော်မူပြီလား'

အဘွားကြီးနှစ်ယောက်၏ အောင်ပွဲခံအနိုင်ရလိုက်သည့် ဟန်ဖြင့် သဘောတကျ ရယ်မောလိုက်သံတို့က သစ်သစ်နားထဲ မှာ အလန့်တကြား လျှံထွက်လာသည်။ မုန်းဖို့ကောင်းလိုက်တဲ့ မိန်းမကြီးတွေလို့ တွေးရင်း သစ်သစ်မျက်နှာလေးက အရုပ်ဆိုး သွားလောက်အောင် မဲ့ရွဲ့သွားရသည်။ ရင်ထဲမှာ အရှိန်အဟုန်နှင့်



ပေါ်ထွက်လာသော ဒေါသက သစ်သစ်ပါးစပ်ထဲရှိ သွားတွေကို တကျိုကျိုနှင့် အသံဖြစ်ပေါ်စေသည်။ စိတ်ရှိတိုင်းသာ လွှတ်ပေး လိုက်ရလျှင် အဘွားကြီးနှစ်ယောက်လုံး အဲဒီနေရာမှာတင် ပြာ ကျသွားမလား မပြောတတ်။

ကိုယ့်ဒေါသကိုယ် သတိနှင့်ထိန်းရင်း သစ်သစ်သည် လှေကားပေါ်မှ တုန်တုန်ယင်ယင် ဆက်ဆင်းလာပြီး ဧည့်ခန်း ဘက်သို့ ထွက်လာလိုက်သည်။ နောက်တော့ သစ်သစ် ကားသော့ ကို ယူသည်။ ဖိနပ်ချွတ်တွင် ဖိနပ်စီးနေစဉ် မျက်လုံးက ဧည့်ခန်း အဝင်ထောင့်ရှိ အဖြူရောင်ပေါ်မှာ ရွှေရောင်ကနုတ်တွေဖြင့် စီ ခြယ်ထားသော ပန်းရောင်စုံများဝေနေအောင်ထိုးထားသည့် အလှ ပန်းအိုးကြီးတစ်ခုဆီသို့ အကြည့်ကရောက်မိသည်။ ထိုအချိန်လေး မှာပင် နားထဲတွင် ဖျတ်ဆို သစ်သစ် အသံတစ်ခုကို ကြားလိုက် ရသည်။ မေမေ့အသံ။

အဲဒါ တင်မေငြိမ်း သိပ်မြတ်နိုးတဲ့ ပန်းအိုးလေ။ သူ့ ယောက်ျားက ချစ်သက်လက်ဆောင် ပေးထားတာတဲ့။ နင် သူ့ ကို လက်တုံ့မပြန်နိုင်သေးရင်တောင် သူနဲ့ပတ်သက်တဲ့ သက်မဲ့ ပစ္စည်းကိုတော့ ဖျက်ဆီးပစ်သင့်တာပေါ့။ ဒါမှလည်း တရား မယ်လေ။ ဘာကြည့်နေတာလဲ သစ်သစ်။ လုပ်လေ၊ လုပ်။ ကြောင်မနေနဲ့။ အချိန်မရှိဘူး။ အဲဒီပန်းအိုးကို ရိုက်ခွဲပစ်လိုက်၊ ရိုက်ခွဲပစ်လိုက်။ လုပ်လေ၊ ဟဲ့... ငါပြောနေတာ မကြားဘူး လား။ ငါ ဒေါသတွေထွက်လာပြီနော်။

သစ်သစ်၏မျက်လုံးများသည် တစ်ခဏအတွင်းမှာပင် မီးဝင်းဝင်းတောက်သွားပြီး ပန်းအိုးကြီးဆီသို့ ခပ်မြန်မြန်ပြေး

www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်ကာ အရှိန်ပြင်းပြင်းနှင့်ကို ဆောင့်တွန်းလိုက်လေသည်။ လှပသော ပန်းအိုးကြီး ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ဖရိုဖရဲ ပျက်စီးကျကွဲသွားသည့် ကျယ်လောင်လွန်းသောအသံက သစ်သစ်နားထဲမှာတော့ အလွန်ပင် နားဝင်ပီယံရှိလှကာ ချိုမြိန်လှလေသည်။ အဲဒီနောက် သစ်သစ်သည် ထမင်းစားခန်းထဲမှ ဒေါ်တင်မေငြိမ်းတို့၏ အလန့်တကြားအော်ဟစ်လိုက်သံများကို ကျောခိုင်းရင်း အိမ်ထဲမှ ပြန်ထွက်လာကာ ကားပေါ်တက်ပြီး ဦးတည်ရာမဲ့ မောင်းထွက်လာခဲ့လိုက်သည်။

ဖဖ

အခန်း ၊ ၇၇ ၊

သစ်သစ်သည် ဟံသာဝတီဘဏ်ရှေ့တွင် ကားကို ရပ်ထားမိသည်မှာ အချိန်တွေ ဘယ်လောက်ကြာနေပြီလဲ မပြောတတ်။ နာရီကိုကြည့်လိုက်တော့ ညနေ လေးနာရီခွဲနေပြီ ဖြစ်သည်။ ဗိုက်ထဲကလည်း တကျုတ်ကျုတ်နှင့် ဆာလောင်နေသည်။ ကိုယ့်အိမ်လည်း ကိုယ်မသွားချင်။ မောင်မောင့်အိမ်ကိုလည်း မပြန်ချင်။ တခြားလည်း သွားစရာ သစ်သစ်မှာ မရှိ။ ဖေဖေနဲ့တော့ စကားလေးနည်းနည်းလောက် ပြောချင်စိတ် ဖြစ်လာသည်မို့ ဒီဘဏ်ရှေ့တွင် အကြာကြီးလာစောင့်နေခြင်းပါ။ လူတွေသာ တစ်ယောက်ပြီးတစ်ယောက် တက်လိုက်ဆင်းလိုက်နှင့် အလုပ်ရှုပ်နေကြသည်။ ဖေဖေနှင့်တူသောသူဆို၍ တစ်ယောက်တလေတောင် မတွေ့ရပါ။

သစ်သစ်သည် ရင်ထဲမှာ မောပန်းနွမ်းနယ်လာသလိုလူကလည်း အားအင်ကုန်ခမ်းလာကာ စိတ်ဓာတ်တွေလည်း ကျလာရသည်။ တကယ့်တကယ်တမ်းကျတော့ သစ်သစ်မှာ အားကိုးစရာ တစ်ယောက်မှမရှိပါလား။ တိုင်ပင်ဖော်တိုင်ပင်ဖက်မိတ်ဆွေဆိုလို့ကလည်း တစ်ယောက်မှမရှိ။ သူငယ်ချင်းတွေ ဆို

www.burmeseclassic.com

www.burmeseclassic.com



လို့ကလည်း စုစုပေါင်းမှ ရွှေမှုန်တစ်ယောက်သာ ရှိသည်။ ရွှေမှုန် ကကော...။

အဟင်း... သူလည်းပဲ မနေ့ကကိစ္စနှင့်ပတ်သက်ပြီး သစ်သစ်ကို အတော်ပင် မုန်းတီးနေလောက်ပြီပေါ့။ သူလည်းပဲ တကယ်တော့ အလကားပါ။ သစ်သစ်အတွက် ယောင်းမ ကောင်းကောင်းလေးဖြစ်လို့ရရဲ့သားနဲ့ ဘာဖြစ်လို့များ မိထွေး လာဖြစ်ချင်ရတာပါလိမ့်။ ဖေဖေနဲ့ လာပတ်သက်နေတဲ့အတွက် အခုတော့ သစ်သစ်ကလည်း သူ့ကို မုန်းမိနေတာပါပဲ။

သစ်သစ်သည် ရွှေမှုန့်မျက်နှာ၊ ကိုရဲမျက်နှာ၊ ဖေဖေ့ မျက်နှာ၊ မောင်မောင့်မျက်နှာတို့ကို မျက်လုံးထဲမှာ ချာချာလည် အောင်မြင်ရင်း လူက ခေါင်းတွေမူးလာရသည်။ သေချာ စဉ်းစား ကြည့်ရင် သစ်သစ်အတွက် မျှော်လင့်ချက်က မောင်မောင်တစ် ယောက်သာ ဖန်တီးပေးနိုင်စွမ်းရှိသည်မို့ မောင်မောင့်ဆီသို့ ပြန် ရန်သာ သစ်သစ် ဆုံးဖြတ်လိုက်သည်။

သစ်သစ်သည် မောပန်းနွမ်းဟိုက်စွာနှင့်ပင် ကားကို ခြောက်မိုင်ခွဲသို့ ပြန်မောင်းလာရသည်။ ရင်ထဲမှာ ငိုချင်နေမေ မယ့် မျက်ရည်တို့က ခမ်းခြောက်နေသည်။ ဟိုရောက်ရင် ကြုံ ရဦးမည့် ပြဿနာတွေကိုလည်း ကြိုတင်ပြီး မစဉ်းစားချင်ပါ။ ဘာတွေများ ဖြစ်ဦးမလဲ။ သစ်သစ်အတွက် ဝေဒနာတွေတိုးအောင် ဒေါ်တင်မေငြိမ်းက လက်ညှိုးငေါက်ငေါက်ထိုးပြီး ကျိန်ဆဲဦးမှာ လား။

အံ့မယ်လေး... ဒုက္ခပါပဲ။ သစ်သစ်ကို ကယ်တင်မယ့် လူလည်း မရှိတဲ့ ဘဝပါလား။ ဟင်း... ဟုတ်သေးပါဘူး



မေမေ ရှိသေးတာပဲ။ ဘာဖြစ်လို့များ သစ်သစ် မေမေ့ကို မေ့ နေမိပါလိမ့်။ ဟုတ်သားပဲ။ မေမေတစ်ယောက်လုံး ရှိသေးတယ်။ မေမေ... မေမေရေ... မေမေ... သစ်သစ်ဆီ လာပါဦး မေမေ ရယ်။ သစ်သစ်ကို ကူလှည့်ပါဦး။ သစ်သစ် ဘာလုပ်ရမလဲ ဟင်။ အခု သစ်သစ် မောင်မောင်တို့အိမ်ကို ပြန်နေတယ်လေ။

အင်... သစ်သစ် အိမ်ကိုမပြန်တာက ကိုရဲကို သနား လို့ပါ မေမေရယ်။ သစ်သစ်အတွက်နဲ့ သူ တစ်လျှောက်လုံး စိတ်ညစ်ခဲ့ရတယ် မဟုတ်လား။ သူ့ကို သစ်သစ် အပူတွေ မပေးချင်တော့ပါဘူး။ ဖေဖေ့ဆီကိုသွားတာလည်း တွေ့မှမတွေ့ ခဲ့တာ။ ရွှေမှုန်နဲ့ လျှောက်သွားနေရင်တော့ မပြောတတ်ဘူး။ သိပါတယ် မေမေရာ။ ဒီလောက် ပြောထားရဲ့သားနဲ့မှ နောက် တစ်ခါ သစ်သစ်နဲ့ မျက်နှာချင်းဆိုင်တွေ့ကြရင် ပွဲကြီးပွဲကောင်း ပဲပေါ့။ မေမေ့သမီးပဲ။ သစ်သစ် အဲလောက်တော့ မနေးပါဘူး။

အဲဒါကြောင့်လည်း မောင်မောင့်ဆီပဲ ပြန်သွားရတာ ပေါ့ မေမေရဲ့။ မောင်မောင်က သမီးကိုချစ်တာ မေမေလည်း သိသားပဲ။ သူ့အမေပန်းအိုးကြီးကို ရိုက်ခွဲခဲ့တဲ့အတွက် မောင် မောင်က သမီးကို ဆူမယ်တော့မထင်ပါဘူးနော်။ စိတ်လည်း ဆိုးချင်မှဆိုးမှာပါ မေမေရဲ့။ အဟင်း ဟင်း... သူ့အမေရှေ့မှာ ဟန်ဆောင်ပန်ဆောင်နဲ့ သစ်သစ်ကို ရန်တွေပြနေရင်တော့ မပြော တတ်ဘူး။

ဘာလဲ။ မေမေ ဘာပြောလိုက်တာလဲ။ သစ်သစ် မကြားရဘူး။

မောင်မောင်တို့အိမ်ရှေ့ရောက်ရင် ကားကို အိမ်ထဲတန်း

www.burmeseclassic.com

www.burmeseclassic.com



မဝင်နဲ့၊ လမ်းမှာပဲ ရပ်။ ဘာဖြစ်လို့လဲ မေမေရဲ့။ ဩော်... အဟော်... ဟော်... သဘောပေါက်ပြီ မေမေ။ သစ်သစ် သိပြီ။ ခြံထဲမှာ မောင်မောင့်ကား ရှိမရှိ အရင်ချောင်းကြည့်၊ ရှိတယ်ဆိုမှ ခြံထဲကိုဝင်။ နို့မို့ဆို ဟိုအဘွားကြီးနဲ့ အရင်တိုးနေမှာစိုးလို့။ ဟုတ်တာပေါ့ မေမေရဲ့။ မေမေ့အကြံ သိပ်ကောင်းတာပဲ။ အင်းပါ၊ သမီးလည်း အဲဒီအတိုင်းပဲ လုပ်မှာပါ။

ကဲ... ပြောရင်းဆိုရင်း မောင်မောင်တို့အိမ်ရှေ့ကိုရောက်လာပြီ မေမေ။ ကားကို အပြင်ဘက်မှာပဲ ရပ်လိုက်ပြီနော်။ ခဏနေဦး မေမေ။ သစ်သစ် ချောင်းလိုက်ဦးမယ်။ အင်း... ဒုက္ခပါပဲ။ မောင်မောင့်ကား ခြံထဲမှာ မရှိဘူး မေမေရဲ့။ ကဲ... သစ်သစ် ဘာဆက်လုပ်ရမလဲ။ ဟင်... မြို့ထဲမှာ ကားလျှောက်မောင်းနေရမယ်။ အာ... မေမေကလည်း သစ်သစ် မမောင်းချင်ပါဘူး။ ခြံရှေ့မှာပဲ ထိုင်စောင့်နေလို့ မရဘူးလား မေမေရဲ့။

ဟင်း... ဒုက္ခပါပဲ။ သစ်သစ်တော့ ခေါင်းတွေမူးလာပါပြီ။ ဗိုက်တွေလည်း အရမ်းဆာနေပြီ မေမေရဲ့။ မနက်ကတည်းက သစ်သစ် ဘာမှမစားရသေးဘူး။ ကားထဲမှာပါလာတဲ့ ရေဘူးလေးပဲ ဖွင့်သောက်နေရတာ။ ကဲ... ဘယ်လိုလုပ်မှာလဲ။ အကြံထုတ်ဦးလေ မေမေရဲ့။

အင်... ဘာလဲ၊ ဘယ်ကိုကြည့်ရမှာ... ဘာကို... ဟိုဘက်ခြံ...။ ဟိုဘက်ခြံဆိုတော့ ရွှေမှုန်တို့ခြံပေါ့ မေမေရဲ့။ သူတို့ခြံကို ဘာလို့ဝင်ကြည့်ရမှာလဲ။ ခြံတံခါးတော့ ဖွင့်ထားတာတွေ့ရတယ်။

ဘာဖြစ်တယ်။



မောင်မောင်က ရွှေမှုန်တို့ခြံထဲမှာ ရှိချင်ရှိနေမှာပေါ့ ဟုတ်လား မေမေ။ အို... မေမေကလည်း အဓိပ္ပာယ်မရှိတာ။ မောင်မောင်က ရွှေမှုန်တို့ခြံထဲ ဘာသွားလုပ်နေမှာလဲ။ သစ်သစ် ပျောက်လို့ လိုက်ရှာနေတာနေမှာပါ မေမေရဲ့။

အင်း... လာပြန်ပြီ။

ယောကျ်ားတွေက မယုံရဘူး။ ဒါပဲ မဟုတ်လား။ ကဲပါ... ကဲပါ... မေမေ ကျေနပ်အောင် သစ်သစ် ချောင်းကြည့်ပေးပါ့မယ်။ အင်း... နေဦး၊ အိမ်ထဲမှာတော့ လူရိပ်လူယောင် မတွေ့ရသေးဘူး။ ဒန်းပေါ်မှာကော အဟား... ဟားဟား... ဒန်းက ဟိုတစ်နေ့ညကတည်းက သစ်သစ် ဓားနဲ့ဖြတ်ထားလို့ သူတို့ စီးလို့ရဦးမှာ မဟုတ်သေးဘူး။ ကောင်းတယ်။ ဒန်းပေါ်မှာလည်း မရှိပါဘူး။ နေဦး။ ဒီဘက် မြက်ခင်းပေါ်မှာ လူသံတော့ကြားရတယ်။ ခဏနေဦး။ သစ်သစ် နည်းနည်းတိုးပြီး ကြည့်လိုက်ဦးမယ်။

ဟင်...

ဟုတ်တယ် မေမေ။ ဟုတ်တယ်။ မောင်မောင်... မောင်မောင် ရွှေမှုန်နဲ့ မြက်ခင်းပေါ်မှာ စကားပြောနေတယ်။ ဘာတွေပြောနေလဲဆိုတာတော့ သစ်သစ် ဘယ်ကြားရမှာလဲ။ ဩော် ခုမှတွေ့တယ်။ မောင်မောင်က သူ့ကားကို ဒီဘက်ဂိတ်ပေါက်ဘက်မှာ ရပ်ထားတာကိုး။ ကြည့်ပါဦး မေမေရယ်။ သစ်သစ်ကို လိုက်မရှာဘဲ မောင်မောင်က ရွှေမှုန်နဲ့ အေးအေးဆေးဆေး လာပလူးနေတယ်။ အရမ်း အရမ်းကို မုန်းဖို့ကောင်းတာပဲ။ သစ်သစ်ကို ကယ်ပါဦး မေမေရယ်။ သစ်သစ် ဘာလုပ်

www.burmeseclassic.com

www.burmeseclassic.com



ရမှာလဲဟင်။ ပြောပါဦး မေမေရယ်။ ဟုတ်တယ်။ မေမေပြောတာ သိပ်မှန်တယ်။

ယောကျ်ားတွေဟာ မယုံရဘူး။ သစ္စာမရှိဘူး။ သိပ်လည်းကြောက်ဖို့ကောင်းတယ်။ သစ်သစ်ကို ချစ်လှပါချည့်ရဲ့ ဆိုတဲ့ မောင်မောင်တောင် ကြည့်ပါလား။ အခု သစ်သစ်အပေါ် သစ္စာဖောက်ဖို့ ကြံနေပြီ။ ကဲ... ဘယ့်နှယ့်လုပ်မလဲ။ ဟင်... ရွှေမှုန်ဟာ မစံပယ်လိုမိန်းမမျိုး ဟုတ်လား မေမေ။ အင်း... ဟုတ်မှာပါ။ ဟုတ်မှာပါ။ ရွှေမှုန်က သိပ်ဉာဏ်များတာ။ ခုဝဲကြည့်၊ ကိုရဲကိုရော ဖေဖေ့ကိုရော မောင်မောင့်ကိုပါ သုံးယောက်လုံးကို သူ့လက်ထဲက မလွတ်နိုင်အောင် သိမ်းသွင်းထားလိုက်တာ။ တော်တော်ယုတ်မာတဲ့ မိန်းမပါလား မေမေရဲ့။ မုန်းတယ်။ မုန်းတယ်။ ရွှေမှုန်ကို သစ်သစ် အရမ်းမုန်းတယ်။

ရွှေမှုန့်ကြောင့် ကိုရဲကလည်း ကျိတ်ဆွေးနေရတာ။ ဖေဖေကလည်း ရွှေမှုန့်စက်ကွင်းထဲက မလွတ်နိုင်။ အခု မောင်မောင့်ကိုလည်း သိမ်းသွင်းနေပြန်ပြီလေ။ ရွှေမှုန်က သိပ်ကြောက်စရာ ကောင်းတယ်နော် မေမေ။ အို... မစံပယ်ထက်တောင် ကြောက်စရာကောင်းသေးတာပေါ့။ သစ်သစ်တော့ သစ်သစ်တော့ ဒုက္ခရောက်တော့မှာပဲ မေမေရယ်။

မောင်မောင် သစ်သစ်ကိုထားခဲ့ရင်၊ မချစ်တော့ဘူးဆိုရင် သစ်သစ် မေမေ့လိုပဲ အမြဲငိုနေရတော့မှာ။ သစ်သစ်ကို ကယ်ပါဦး မေမေရယ်။ သစ်သစ်ရင်ထဲမှာ အရမ်းကို ပူလောင်နေရပြီ။ ဩော်... မေမေရယ်... ဘယ်လိုပြောလိုက်တာလဲ။ ခုချိန်မှာ ဘယ်လိုလုပ်ပြီး သစ်သစ် ခေါင်းအေးအေးနေနိုင်မှာလဲ။



ဟင်... ရှင်းပစ်ရမယ် ဟုတ်လား။

သစ်သစ်က ဘယ်လို ရှင်းပစ်ရမှာလဲ။

မေမေ့တုန်းက မစံပယ်ကြောင့် ဖေဖေ့ကို အရှုံးပေးလိုက်ရတာမျိုးမဖြစ်အောင် တစ်ခါတည်း ကိစ္စအပြတ်ဖြတ်ရမယ်။ ဒါမှ ပြဿနာမြန်မြန်အေးမှာ ဟုတ်လား။

ကောင်းပြီ မေမေ။ မေမေပြောတဲ့အတိုင်း သစ်သစ်လိုက်နာမယ်။ ကဲ... ကြိုက်သလိုသာ မေမေ စီစဉ်ပေတော့။ အင်း... ဟုတ်ပြီ။ သစ်သစ် အခု ကားပေါ်ပြန်တက်နေပြီ။ ရောက်ပြီ မေမေ။ ကားပေါ်ကိုရောက်ပြီ။ အင်း... စက်နှိုးပြီ။ ရပြီ။ ရွှေမှုန်တို့အိမ်ထဲကို မောင်းဝင်ပြီး မောင်မောင်နဲ့ရွှေမှုန်တို့ ထိုင်နေတဲ့တည့်တည့်ကို ကားကို အရှိန်အပြင်းဆုံးနဲ့ မောင်းသွားရမယ်။ ဒါတော့ ဖြစ်ပါ့မလား မေမေရယ်။ နှစ်ယောက်စလုံး သေကုန်မှာတော့။ သစ်သစ်က မောင်မောင့်ကို သေစေချင်တာမှ မဟုတ်ဘဲ။ ဘာပြောလိုက်တယ် မေမေ။

အင်း... ဟုတ်တော့ ဟုတ်ပါတယ် မေမေရယ်။ ရွှေမှုန်သေပြီး မောင်မောင် ကျန်ခဲ့တော့လည်း မောင်မောင်က သစ်သစ်ကို ဖေဖေ မေမေ့ကို ဒုက္ခပေးသလို ပေးနေရင် ဒုက္ခ။

ဟုတ်ပြီ မေမေ။

သစ်သစ် သဘောတူလိုက်ပြီ။ မေမေပြောတဲ့နည်းက အကောင်းဆုံးပါပဲ။ ကဲ... သစ်သစ်တော့ စပြီ။ ခြံထဲကို ကားမောင်းဝင်လိုက်ပြီ မေမေ။ ဟော... သူတို့နှစ်ယောက်စလုံး သစ်သစ်ကား ဝင်လာတာကို အံ့အားတသင့်နဲ့ လှမ်းကြည့်နေကြတယ်။ ထိုင်ရာကတော့မထကြသေးဘူး။ အမယ်... မယ်...

www.burmeseclassic.com

www.burmeseclassic.com



မရွှေမှုန်က သစ်သစ်ကားကိုမြင်လိုက်တာနဲ့ မောင်မောင့်လက်ကို လှမ်းကိုင်လိုက်ပါလား။ ကြည့်စမ်းပါဦး၊ ကောင်မကိုက ရာရာစစနဲ့ သူ့မျှားယောက်ျားကို။

ကဲ… သင်းမင်းသစ်တဲ့ဟော့ လာပြီ။

ငါ့ကို လွှတ်အောင်ရှောင်နိုင်လို့ကတော့ နင်တို့နှစ်ယောက်လုံး သိပ်တော်ကြလို့ပဲ။ ဟင်းဟင်း… ဟင်း… မထင်ပါဘူးကွယ်။ နင်တို့နှစ်ယောက်လုံး ငါ့လက်က မလွတ်နိုင်ပါဘူး။ အဟားဟား… ဟား ဟား…။

သစ်သစ်သည် ကျယ်လောင်စွာ အော်ရယ်လိုက်ပြီး ကားကို မောင်မောင်နှင့်ရွှေမှုန်ရှိရာတည့်တည့်သို့ မျက်စိစုံမှိတ်ကာ အရှိန်ပြင်းပြင်းနှင့်ကို ဝင်တိုက်လိုက်လေသည်။ ဝုန်းဆိုသော တစ်စုံတစ်ခုကို တိုက်မိလိုက်သံကို ကျယ်လောင်စွာ ကြားလိုက်ရသည့် တစ်ခဏမှာတော့ သစ်သစ်ခန္ဓာကိုယ်တစ်ခုလုံး လေထဲသို့ လွင့်မျောသွားသည့်အလား ပေါ့ပါးသွားကာ ရင်ထဲမှာလည်း တဒင်္ဂ 'ဟာခနဲ' ခံစားလိုက်ရလေသည်။

အချိန်က မိနစ်ပိုင်းလောက်သာ ကြာလိုက်ပါသည်။ သစ်သစ်သည် လွင့်မျောသွားသော အသိတရားများကို အမြန်ဆုံး ပြန်လည်စုစည်းရင်း စိတ်ကို အတတ်နိုင်ဆုံးငြိမ်အောင်ထားပြီး ဝင်သက်ထွက်သက် ဖြည်းညှင်းစွာရှူထုတ်ရင်း ပိတ်ထားမိသော မျက်လုံးများကို အသာအယာဖွင့်ကြည့်လိုက်မိသည်။

အလို… ဘုရားရေ… ကဲ… ဘယ်နှယ်လုပ်ကြမလဲ။

မေမေ… ရေ…

အကြံဉာဏ်တွေ ထပ်ပေးဦးလေ။



သစ်သစ် ကားမောင်းတာ ညံ့လိုက်တာ။ ဟုတ်ပါရဲ့။

မောင်မောင်နဲ့ရွှေမှုန်ကို မတိုက်မိဘူး မေမေရဲ့။ ကြည့်ပါဦး။ နှစ်ယောက်သား သစ်သစ်ကို မမြင်ဖူးသယောင် မျက်လုံးပြူးကြီးတွေနဲ့ ကြည့်နေလိုက်တာ အမြင်ကတ်ဖို့တောင်ကောင်းလိုက်တာနော်။

အမယ်လေး… ရင်ဘတ်နားက စူးစူးဝါးဝါးနဲ့ နာလိုက်တာ။ ဘာတွေပါလိမ့်။ ဩော်… မှန်ကွဲစတွေပါ။ ဘယ်လိုဖြစ်ပြီး သစ်သစ်ရင်ဘတ်ကို လာထိနေပါလိမ့်။ အား… ခေါင်းကလည်း နာလိုက်တာ။ နာတာမှ အရမ်းကိုနာတာပဲ။ သစ်သစ်ဘာများဖြစ်သွားပါလိမ့်။ အရေးအကြောင်းဆို ဒုက္ခပါပဲနော်။ ဟိုနှစ်ယောက်ကို ကားနဲ့တိုက်သတ်တာ မအောင်မြင်တော့ သစ်သစ် သူတို့ကို လည်ပင်းညှစ်သတ်တာပဲ ကောင်းလိမ့်မယ်။ အင်း… သစ်သစ်ကားထဲက မြန်မြန်ထွက်မှ ဖြစ်တော့မယ်။ အာ… သစ်သစ်တစ်ကိုယ်လုံး နာကျင်နေပြီး လှုပ်လို့တောင်မရပါလား။ ဒုက္ခပါပဲ။ ရွှေမှုန်တို့ ထွက်ပြေးသွားရင် ဘယ်လိုလုပ်ရပါ့။ မေမေရေ… မေမေရေ… သစ်သစ်ကို လာထူပါဦး။ မေမေ ဘယ်ရောက်သွားပြီလဲ။ မေမေရေ… မေမေ…။

နာကျင်မှုဝေဒနာတွေကို ခံစားရင်း မေမေ့ကို အားကိုးတကြီး လိုက်လံရှာဖွေပြီး အသံကုန်အော်ဟစ်ကာ ခေါ်လိုက်သော်လည်း သစ်သစ်နှုတ်က ဘာအသံမှ ထွက်မလာတော့ပါ။ သစ်သစ်ရင်ထဲ ငိုချင်စိတ်တို့ အလုံးအရင်းနှင့် ဝင်လာစဉ်မှာပင် ရွှေမှုန်၏ ထိတ်လန့်တကြား အော်ဟစ်ငိုယိုလိုက်သံကို သစ်သစ် ပီပီသသကြီးကို ကြားလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်တာလဲ။

ဘာတွေ ဖြစ်ကုန်ကြတာလဲ။

“အံမယ်လေး… မောင်မောင်၊ လုပ်ပါဦး မောင်မောင်ရဲ့။ သစ်သစ်ကို ကြည့်ပါဦး။ သစ်သစ်… သစ်သစ် အသက်မှ ရှိသေးရဲ့လား မသိဘူး။ အံမယ်လေး… လာကြပါဦး၊ လာကြပါဦး”

လူတွေ ဝရန်းသုန်းကား ပြေးထွက်လာပြီး အော်ဟစ်စကားပြောသံတွေကြားမှာ သစ်သစ်သည် ကိုယ့်ကိုယ်ကို ဘာဖြစ်သွားလဲဆိုတာကို ကမန်းကတန်း ပြန်ကြည့်မိသည်။

သစ်သစ်၏ကားလေးသည် ရွှေမှုန်တို့ခြံ၏ အုတ်နံရံကို အရှိန်ပြင်းပြင်းနှင့် ဝင်တိုက်ထားသောကြောင့် ကားခေါင်းတစ်ခုလုံး ကြေမွသွားသလို သစ်သစ်၏ခန္ဓာကိုယ်လေးသည်လည်း ကားရှေ့မှန်ကို ဖောက်ထွက်ကာ ကားဘောနက်ပေါ်မှာ ခွေခွေကလေး လဲကျနေလေသည်။ တစ်ကိုယ်လုံးမှာလည်း သွေးတို့က နီနီရဲလို့ပါလား။

ဟင့်အင်း… ဟင့်အင်း…

သစ်သစ် မသေပါဘူး။ ရွှေမှုန်ပြောသလို သစ်သစ် မသေပါဘူး။ ဟုတ်တယ်လေ၊ မယုံရင် ဒီမှာကြည့်ပါလား။ သစ်သစ်မျက်လုံးတွေ ဖွင့်ထားတဲ့ဥစ္စာ။ ဘယ်လိုလုပ်ပြီး သေ[illegible]လဲ။ ဟင်း… လူတွေများ ခက်လိုက်ကြတာနော်။ ဒါလေးတောင် မသိကြဘူးတဲ့။



# နိဂုံး ။

“အချစ်”ဟာ “အချိန်”ကို ကုန်ဆုံးစေပြီး
“အချိန်”ဟာလည်း “အချစ်”ကို
ကုန်ဆုံးစေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၇၈ ၊

ပတ်ဝန်းကျင်တစ်ခုလုံးသည် သစ်ပင်များကို လေတိုးသံနှင့် ကြိုကြားကြိုကြား ပေါ်ထွက်လာသော ပိုးကောင်ငယ်လေးများ၏ ခပ်တိုးတိုး အော်မြည်သံမှလွဲ၍ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက်လေး ရှိနေပါသည်။

BURMESE CLASSIC .com

ရဲမြတ်သည် မျက်စိရှေ့တွင်ရှိနေသော အုတ်ဂူလေးငါးခုကို တည်တည်ငြိမ်ငြိမ် ကြည့်နေမိသည်။ ရာသီဥတု၏ဒဏ်ကြောင့် အနည်းငယ် ဟောင်းနွမ်းနေပြီဖြစ်သော အုတ်ဂူလေးခုနှင့် လတ်လတ်ဆတ်ဆတ်အုတ်ဂူတစ်ခု။ ဘိုးဘိုး၊ ဘွားဘွား၊ မေမေ၊ ကြီးကြီးနန်းနှင့် သစ်သစ်။ တစ်ချိန်တစ်ခါက လန်းဆန်းတက်ကြွနေခဲ့သော 'မေတ္တာရတနာ' မိသားစုဝင်များ ယခုအချိန်မှာတော့ တစ်နေရာမှာတည်းမှာပင် ထာဝရ လဲလျောင်းခွင့်ရသွားကြပြီ ဖြစ်သလို ဖြစ်တည်ခဲ့ကြသော ဒေါသ၊ မောဟ၊ သောကနှင့် မာနတရားတို့သည်လည်း ပျောက်ကွယ်ကုန်ကြပြီ ဖြစ်သည်။

မနေ့ကပဲ သစ်သစ်၏ အရိုးပြာအိုးလေးကို ဂူသွင်းခဲ့ပြီးပြီမို့ မောင်မောင်ရော ဖေဖေနှင့် ရွှေမှုန်ပါ ဒီနေ့မနက်ပဲ ရန်ကုန်ပြန်ဆင်းသွားကြပြီ ဖြစ်သော်လည်း ရဲမြတ်မှာတော့ လုပ်

www.burmeseclassic.com

www.burmeseclassic.com



စရာတာဝန်လေးတစ်ခု ကျန်နေသေး၍ ယခုချိန်ထိ မိုးကုတ်မြေတွင် ကျန်ရှိနေခဲ့ခြင်းဖြစ်သည်။

ရဲမြတ်သည် လက်ထဲမှာကိုင်ထားသော အပြုရောင်သေတ္တာလေးကို ညင်သာစွာပင် ဖွင့်ကြည့်လိုက်သည်။ အနည်းငယ် အရောင်လွင့်နေပြီဖြစ်သော စာလေးနှစ်စောင်။ တစ်စောင်က သစ်သစ် နေမကောင်းစဉ်က ရဲမြတ်ကိုယ်တိုင် သစ်သစ်ကို ဖတ်ပြခဲ့သော ဖေဖေရေးထားသည့်စာဖြစ်ပြီး နောက်တစ်စောင်ကတော့ မေမေ့လက်ရေးနှင့် ဖေဖေ့အတွက် ရေးထားခဲ့သော စာတစ်စောင် ဖြစ်ပါသည်။

သစ်သစ်ဆုံးတော့မှ သူ့ဘီရိုထဲတွင် ဒီသေတ္တာလေးကို တွေ့ပြီး စာများကို ရဲမြတ် ဖတ်ခဲ့ရခြင်းဖြစ်ပြီး ဘယ်အချိန်လောက်ကတည်းက မေမေ့စာ သစ်သစ်ဆီရောက်နေခဲ့မှန်း ရဲမြတ် အသေအချာတော့ မခန့်မှန်းတတ်ပါ။

ဖေဖေ့စာပါအကြောင်းအရာများအားလုံးကို ရဲမြတ် သိပြီးသားဖြစ်သော်လည်း မေမေ့စာကို ဖတ်ရသည့်အချိန်မှာတော့ ရဲမြတ်ရင်ထဲ တစ်ခါမှ မခံစားခဲ့ရဖူးသည့် ဝေဒနာတစ်ခု ဆွေးဆွေးမြေ့မြေ့ ခံစားခဲ့ရသည်။ ရဲမြတ်တောင် ခုချိန်မှာ ဒီလိုခံစားခဲ့ရလျှင် သစ်သစ်တုန်းက ဘယ်လောက်ကြေကွဲဝမ်းနည်းခဲ့မလဲ ရဲမြတ် ကိုယ်ချင်းစာမိပါသည်။ သစ်သစ်သည် နှစ်ပေါင်းများစွာ ခံစားခဲ့ရသောဝေဒနာတွေကို ဘယ်သူ့ကိုမှ ပြောမပြခဲ့ဘဲ တစ်ယောက်တည်း ကျိတ်မှိတ်ခံစားသွားခဲ့သည်မှာ အံ့သြစရာပင် ဖြစ်သည်။

အခုတော့ သစ်သစ်လည်း မရှိတော့ပြီ။ ရဲမြတ်တို့



မမြင်ရသော နေရာတစ်ခုမှာ ဘိုးဘိုး၊ ဘွားဘွား၊ မေမေ၊ ကြီးကြီးနန်းတို့နှင့်အတူ ပျော်ရွှင်လျက်ရှိကာ သူမ မနှစ်ခြိုက်ခဲ့သော လူ့လောကကြီးကို မေ့ကောင်းမေ့နေပေလိမ့်မည်။

သစ်သစ်တောင် ဖေဖေ့ကို မပေးခဲ့သော မေမေ့၏စာလေးကို ရဲမြတ်ကလည်း ဘယ်တော့မှ ဖေဖေ့လက်ထဲရောက်အောင် ကြိုးစားဖြစ်တော့မည် မဟုတ်ပါ။ အရာရာအားလုံးက ကြေကွဲ ထိခိုက်စရာတွေအပြည့်နှင့် ပြီးဆုံးသွားခဲ့ပြီ။ ဘယ်သူ့ကိုမှလည်း အစပြန်ဖော်မပေးချင်တော့ပါ။

BURMESE CLASSIC .com

မနေ့က ရဲမြတ်တို့အားလုံး ဒီနေရာလေးကိုရောက်လာတော့ ရဲမြတ်က သစ်သစ်အုတ်ဂူလေးကို ယာယီသဘောလောက်သာ ပိတ်ခိုင်းထားခဲ့ပြီး ဒီနေ့မှ သေတ္တာလေးကိုပါထည့်ကာ အပြီးပိတ်စေဖို့ ရဲမြတ် စီစဉ်ထားပါသည်။

သစ်သစ်နှင့်ရဲမြတ် နှစ်ယောက်တည်းသာ သိရှိလိုက်သည့် မေမေ့ဝေဒနာတွေနှင့်ရင်းပြီး ရေးထားခဲ့သော စာလေးကို နောက်ဆုံးအကြိမ်အဖြစ် ရဲမြတ် ဖွင့်ဖတ်လိုက်မိပြန်သည်။ မညီမညာ ရေးသားထားသော မေမေ့လက်ရေးလေးများက ရဲမြတ်၏ နှလုံးသားကို ဒုတိယအကြိမ် ဆို့နင့်သွားစေလေသည်။

*စဝ်နိုင်…*

*ခပ်တင်းတင်းမျက်နှာထားနဲ့ ညစ်စုတ်စုတ် အဝတ်အစားတွေကို ဝတ်ဆင်ပြီး နင် ငါတို့ခြံထဲ စရောက်လာတဲ့အချိန်တုန်းက နင့်ကို အထင်သေးတဲ့မျက်လုံးတွေနဲ့ ငါ ကြည့်ကောင်းကြည့်*

www.burmeseclassic.com

www.burmeseclassic.com



ခဲ့မိလိမ့်မယ်။ ဒါပေမယ့်လည်း အဲဒီအချိန်က ငါ့စိတ်ထဲမှာ နှင့်ကို ခင်မင်ရင်းနှီးချင်တဲ့စိတ်တွေ တပြိုင်တည်းဖြစ်စေခဲ့တာ အမှန်ပါ။ ဝမ်းနည်းစရာကောင်းတာက တဖြည်းဖြည်းအရွယ်ရောက်လာကြတဲ့အချိန်မှာ ဘယ်လိုမှ ဆက်စပ်ယှဉ်လို့မရနိုင်လောက်တဲ့ တွေးခေါ်ခံစားမှုတွေနဲ့ နှင်နဲ့ငါဟာ တစ်ဖက်စွန်းတွေဆီမှာ ရပ်တည်ဖြစ်ခဲ့ကြတယ်။

ငါ့ရဲ့အသုံးမကျမှုတွေ၊ မိုက်မဲပြီး ဆင်ခြင်ဉာဏ်နည်းတဲ့ အတွေးအခေါ်တွေကြောင့် ငါ့မိဘ အပါအဝင် နှင်ပါရောပြီး မျက်နှာငယ်ခဲ့ရ၊ စိတ်ဆင်းရဲခဲ့ရတာတွေကို ငါ အမြဲဝမ်းနည်းနေခဲ့မိပါတယ်။ ဒါပေမယ့် စဝ်နိုင်ရယ် ဒါတွေဟာ ခုဘဝမှာတော့ ပြန်ပြင်ဖို့ ငါ့မှာ အချိန်မရှိတော့ဘူး။ ရင်ထဲက ခံစားချက်နဲ့ဆန့်ကျင်စွာ ပြုမူပြောဆိုဆက်ဆံခဲ့မိတာတွေအတွက် ငါ အကြွေးတွေအများကြီး ဆပ်ရတော့မယ့်အချိန်ကို ရောက်လာပြီလေ။

နှင်နဲ့မစံပယ်ကို နောက်ဆုံးတွေ့တဲ့နေ့က နှင် ငါ့ကိုကြည့်လိုက်တဲ့အကြည့်တွေနဲ့ ပတ်သက်ပြီး ငါ့ဘဝမှာ တစ်ခါမှ မရှက်ဖူးတဲ့အရှက်နဲ့ သိပ်ရှက်သွားမိတယ်။ နှင့်ကိုငါ အရှုံးပေးလိုက်ပါပြီ စဝ်နိုင်ရယ်။ ပျော်စရာမကောင်းတော့တဲ့



ဘဝမှာ ငါ မနေချင်တော့ပါဘူး။ နောက်ဆုံးအနေနဲ့ ငါ့ကို အခွင့်အရေးလေးတစ်ခုတော့ ပေးပါဦး စဝ်နိုင်။ ငါ မရှိတော့တဲ့အချိန်ကျရင် သားနဲ့သမီးဟာ နှင်နဲ့ ဘာမှသွေးသား မတော်စပ်ဘူးဆိုပေမယ့် သူတို့လေးတွေမျက်နှာမငယ်ရအောင် အားကိုးစရာအဖေတစ်ယောက်လုံး ရှိနေပါသေးတယ်ဆိုတဲ့ အသိစိတ်ကလေးတွေရှိအောင် သူတို့ရဲ့အဖေနေရာမှာ နှင် တစ်သက်လုံး ရပ်တည်ပေးသွားပါလို့ ငါ အနူးအညွတ်တောင်းပန်လိုက်ပါတယ်။ ငါ့ကို လောဘကြီးလိုက်တဲ့မိန်းမလို့ ထပ်ပြီး မစွပ်စွဲလိုက်ပါနဲ့ဦး စဝ်နိုင်။ ငါ ကြားဖူးတဲ့စကားလေးတစ်ခွန်း နှင့်ကို ပြောခဲ့ပါရစေ။ 'တုံ့ပြန်မှုမရှိတဲ့အချစ်ဟာ အဖြေမရှိတဲ့အမေးပုစ္ဆာတစ်ခုနဲ့ အတူတူပဲ'တဲ့။

ငါ့ဘဝဟာ အဲဒီအဖြေမရှိတဲ့ပုစ္ဆာတစ်ခုကို လွဲမှားတဲ့အယူအဆတွေနဲ့ မရမကအဖြေထုတ်နေတာနဲ့စာရင် နောက်ဘဝဆိုတာတွေဟာ တကယ်ရှိရိုးမှန်ခဲ့ရင်တော့ ဖြစ်လာဦးမယ့် ဘဝတစ်ခုခုမှာ နှင် သိပ်ချစ်တဲ့မိန်းမတစ်ယောက် အဖြစ်နဲ့ ငါ နှင့်ကို ဆုံချင်ပါသေးတယ် စဝ်နိုင်ရယ်။

မိုက်မဲလွန်းတဲ့
သင်းမြမြ

www.burmeseclassic.com

www.burmeseclassic.com



ရဲမြတ်သည် ဝေ့ဝဲလာသောမျက်ရည်များကို ကျမလာအောင် ထိန်းရင်း သေတ္တာလေးထဲသို့ စာလေးကို ပြန်ထည့်လိုက်ပါသည်။ အဲဒီနောက် အဆင်သင့်စောင့်ဆိုင်းနေသော ဖန်းရဲ့အလုပ်သမားလေးအကူအညီနှင့် သေတ္တာဖြူလေးကို သစ်သစ်၏ အုတ်ဂူလေးထဲ အပြီးထည့်ပိတ်လိုက်ပါသည်။

ကိစ္စအားလုံး ပြီးဆုံးသွားသည့်အခါမှာတော့ ရဲမြတ်သည် အုတ်ဂူလေးတွေအားလုံးကို ကျောခိုင်းလိုက်ရင်း ရင်ထဲမှာ စကားတချို့ကိုတော့ တိတ်တဆိတ်ရေရွတ်လိုက်မိသည်။

သားတို့နဲ့ ဘာမှ သွေးသားမတော်စပ်ဘူးဆိုပေမယ့် ဖေဖေဦးစဝ်နိုင်ဟာ ဒီနေ့ဒီအချိန်ထိ သားတို့ရဲ့ဖခင်အဖြစ်နဲ့ ရပ်တည်နေတုန်းပါပဲ မေမေ။ သားတို့အပေါ်ထားခဲ့တဲ့ ဖေဖေ့ကျေးဇူးကို တုံ့ပြန်တဲ့အနေနဲ့ ... မေမေ့ရဲ့ခံစားချက်တွေကို ဖေဖေသိအောင် သားမဖြည့်ဆည်းပေးနိုင်တော့ပါဘူးမေမေ... သားရဲ့လုပ်ရပ်ကြောင့် ဖေဖေနဲ့ သူမြတ်နိုးတဲ့ မိန်းကလေးတို့ရဲ့ ဘဝအနာဂတ်ခရီး စိတ်အနှောက်အယှက် ကင်းကင်းနဲ့ ဖြတ်သန်းခွင့်ရသွားမယ်ဆိုရင် သား ကျေနပ်မိသလို မေမေလည်း ကျေနပ်နိုင်လိမ့်မယ်လို့ သား မျှော်လင့်မိပါတယ် မေမေ။

ပြီး

ချစ်မိတဲ့အခါ
ပျော်ရွှင်မှုတွေကို ဖြစ်တည်လာစေသလို
အဲဒီပျော်ရွှင်မှုတွေကလည်း
ချစ်မိတဲ့အခါမှာ



www.burmeseclassic.com